
ရှင်နောင်း
စာပေ
လုံးချင်းဝတ္ထုသစ်
လမင်းငယ်
လူရှင်းတုန်းလေးအင်ဖြေပေးပါ
ပန်းချီ သိန်းရွှေကြည်
2008

# ကျေးဇူးတင်ပါတယ်ရှင်

## "စာဖတ်ပရိသတ်များသို့ ပန်ကြားလွှာ"

သမီးရဲ့ ချစ်လှစွာသော စာဖတ်ပရိသတ်များရှင့် ဒီနေ့ဒီရက်မှစပြီး "လမင်းငယ်" ဆိုတဲ့ကလောင်တစ်ချောင်းကို မွေးဖွားလိုက်ပါပြီ . . .

ချစ်ပရိသတ်များရဲ့ရင်ငွေ့မှာ အေးမြတဲ့လမင်းလေး တစ်စင်းအဖြစ် ထာဝရခိုလှုံချင်ပါတယ် . . . ပရိသတ်များရဲ့ မေတ္တာကိုလည်း ရယူလိုပါတယ်ရှင့် . . .

ဒါကြောင့် သမီးရေးသားတဲ့ စာပေလေးတွေကို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ဖတ်ကြည့်ပြီး ဝေဖန် အကြံပေးနိုင်ကြပါတယ်ရှင့် . . .

စာဖတ်ပရိသတ်များကို ထာဝစဥ်လေးစားချစ်ခင်တဲ့

လမင်းငယ်

**ရှင်နှောင်း စာပေ**

အမှတ် (၄၅) ရွှေဘုန်းပွင့်ဘုရားလမ်း၊ ကျောက်ရေတွင်းရပ်
မြောက်ဥက္ကလာပမြို့။ ဖုန်း ၀၁ ၆၆၆၁၂၄

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက်အမှတ်
၅၀၀၉၂၆၀၆၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၀၅၂၀၈၀၈
ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)
တိုက် (၂၁)၊ အခန်း(၁၁)၊
စီးပွားကူးသန်းအိမ်ရာ၊ မြောက်ဒဂုံ။
အတွင်းနှင့်အဖုံးပုံနှိပ်
ဦးထွန်းအောင်၊ စိန်နဂါးပုံနှိပ်တိုက် (၀၃၀၃၇)
အမှတ် (၁၇၅)၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ပထမအကြိမ်
၂၀၀၈ ခုနှစ်၊ အောက်တိုဘာလထုတ်
အုပ်ရေ (၁၀၀၀)၊ တန်ဖိုး (၅၀၀) ကျပ်
ရှင်နှောင်းစာပေ
အမှတ် (၄၅)၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊
ကျောက်ရေတွင်းရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်မှ တစ်ပြည်လုံးသို့
ဖြန့်ချိ၍ ဒေါ်အေးအေးမာမှ
စီစဉ် ထုတ်ဝေပါသည်။
ရှင်နှောင်းစာပေ
Ph-01-666124

# လမင်းငယ်

လှူရှင်းတုန်းလေးအဖြေပေးပါ



ကျွန်မ လူတွေကို နားမလည်ဘူးရှင့်။
လူတွေကလည်း ကျွန်မကို နားမလည်နိုင်ဘူး။
ဒါပေမဲ့ လူတွေနဲ့ ပေါင်းသင်းကြည့်တော့
ကျွန်မ တစ်ခုသိလိုက်တယ်။
အဲဒါ ဘာလဲဆိုတော့ တချို့လူတွေဟာ
မလှပတဲ့ မိန်းကလေး။
ပိုက်ဆံမချမ်းသာတဲ့ မိန်းကလေးဆိုရင်
အရောတဝင် အပေါင်းအသင်းမလုပ်ချင်ကြဘူးဆိုတာပဲ။
မယုံမရှိနဲ့။
အဲဒါ ကျွန်မ ကိုယ်တွေ့ပဲနော်။
ဒါပေမဲ့ အဲဒါတွေအတွက် ကျွန်မ လုံးဝ ဝမ်းမနည်းဘူး။
ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ သူတို့ကိုမှ ဂရုမစိုက်တာ။
ကျွန်မဘဝ၊ ကျွန်မကမ္ဘာလေးထဲမှာပဲ ပျော်ရွှင်နေတယ်။
မမျှော်လင့်ပါဘဲ
လူတစ်ယောက် ကျွန်မကမ္ဘာထဲ
ဝင်ရောက်လာတဲ့အခါမှာတော့...

# အပိုင်း (၁)

ထိုနေ့က သူနှင့်ယုန်သည် သိပ်မထူးဆန်းလှသော ဆုံစည်းမှုနှင့် ဒဂုံတက္ကသိုလ်ကြီးထဲတွင် စတင်ဆုံစည်းခဲ့ရပါသည်။ ယုန်သည် စာအုပ်တွေ တစ်ပွေ့တစ်ပိုက်ကြီးဖြင့် စာကြည့်တိုက်မှထွက်ကာ အခန်းလွတ်တစ်ခုထဲတွင် သွားဖတ်မည်ဟု စဉ်းစားလျက် တော်ဝင်လမ်းမကြီးအတိုင်း လျှောက်လာခဲ့သည်။

ဒီနေ့ ယုန်ပျော်နေသည်။ စာကြည့်တိုက်တွင် မှာထားတာ ကြာပြီဖြစ်သော စာအုပ်များ ရလာတာမို့ပါ။ စာအုပ်ငှားသည့်ကတ်က တစ်ခုငှားလျှင် နှစ်အုပ်သာငှားလို့ရတာကြောင့် အသိတွေထံမှ အသုံးမလိုသောကတ်တွေပါ တောင်းထားရသည်။

နေပါဦး… ယုန်ငှားလာတဲ့စာအုပ်တွေထဲမှာ ဆရာမကြီးခင်နှင်းယု ရဲ့စာအုပ်ရယ်၊ ဘာသာပြန်နှစ်အုပ်ရယ်၊ အင်း…နောက်တစ်အုပ် ပါသေးတယ်။

အားလုံး လေးအုပ်ပါ။ တစ်အုပ် ဘယ်ပျောက်နေပါလိမ့်။ ယုန် လွယ်အိတ်ထဲများ ထည့်မိလား၊ လမ်းမှာများ ပြုတ်ကျကျန် ခဲ့လား၊ စာကြည့်တိုက်ထဲမှာပဲ ကျန်နေခဲ့လား။

ယုန်က စာအုပ်ဓောနှင့်မို့ ဘေးပတ်ဝန်းကျင်ကို သတိ မထားမိခဲ့ပါ။ ထိုစဉ်တွင်…

'ကျွီ… တီ တီ'

ယုန့်နောက်နားဆီမှ ကားသံတွေ ကြားသော်လည်း ရုတ် တရက် လှည့်မကြည့်ဖြစ်သေးပါ။ ပျောက်နေသည့် စာအုပ်တစ် အုပ်ကိုပဲ လွယ်အိတ်ထဲမှာ အသည်းအသန်ရှာနေမိသည်။ မတွေ့ လျှင်တော့ စာကြည့်တိုက်ထဲ တစ်ခေါက်ပြန်ရှာရဦးမည်။

'သြော်… ဒီမှာတွေ့ပြီ။ စာအုပ်နာမည်ကို မျက်မှန်ပင့်တင် ပြီး အတင်းဖတ်ကြည့်မိသည်။

ဟုတ်သားပဲ… ကဗျာစာအုပ်ဆိုတော့ သေးပြီး လွတ် အိတ်ထဲက တခြားစာအုပ်တွေကြားမှာ ညပ်နေတာပေါ့။

'ဒီမှာ… ဒီမှာ'

အနောက်ဘက်မှ ခေါ်သံကြားသော်လည်း ယုန်ဖြူလှည့်





မကြည့်ဖြစ်ပေ။ ယုန့်ကိုခေါ်တာ မဖြစ်နိုင်ဘူး။ ယုန်ဖြူဆိုတာ အပေါင်းအသင်းမှမရှိတာ။ တော်ကြာ လှည့်ကြည့်ပြီးမှ ကိုယ့်ကို ခေါ်တာမဟုတ်လျှင် အရှက်ကွဲဦးမည်။ ဒီလိုဖြစ်ဖူးတာ နှစ်ခါ လောက်ရှိပြီမို့ ဒီတစ်ခါတော့ နပ်သွားပြီ၊ လှည့်မကြည့်ဖြစ်ပေ။

'ဟော့… ဒီမှာ အင်္ကျီအဖြူရောင်၊ လုံချည်အနက်ရောင်နဲ့ အမျိုးသမီး'

မည်သည့်အမျိုးအစားမှန်းမသိသော ခပ်ကြီးကြီးကား တစ်စီးသည် ယုန့်နားတွင် လာရပ်ရင်း စကားသံထွက်ပေါ်လာ သည်။ ဒီလိုအတိအကျပြောတော့မှ ယုန်သည် ကိုယ့်ကိုယ်ကို ငုံ့ကြည့်ပြီး ယုန့်ကိုခေါ်တာဟု သတိထားလိုက်မိသည်။

အင်း… ကိုယ့်ကိုခေါ်တာဆိုတော့လည်း မရိုင်းချင်ပါ။ ယုန်သည် လက်တစ်ဖက်မှ စာအုပ်တွေ တစ်ပွေ့တစ်ပိုက်၊ တစ် ဖက်မှ လွယ်အိတ်ကြိုးကို လိမ်ကျစ်ကိုင်ပြီး ခြေစုံရပ်လိုက်သည်။ ပြီးနောက် ထိုကားဘက်သို့ လှည့်၍…

'မင်းလျှောက်နေတဲ့နေရာကိုလည်း ကြည့်စမ်းပါဦး'

'ရှင်…'

စိတ်ဆိုးနေသလို မျက်နှာနီနီနှင့်ပြောသော ထိုလူကို ယုန်ဖြူ နားမလည်သလို ငေးကြည့်လိုက်သည်။ ပြီးနောက် သူပြောသည့်အတိုင်း လမ်းမကို ငုံ့ကြည့်လိုက်သည်။ လမ်းပေါ်

မှာ လမ်းလျှောက်တာပဲ။ ယုန် ဘာမှားလို့လဲ။ ယုန်က နဂိုကတည်းက လူကြောက်သူမို့ အထစ်ထစ်အငေါ့ငေါ့ဖြင့်…

'ဟို… ဟို… လမ်းပေါ်မှာ လျှောက်နေတာလေ'

'ဪ… ဒါဆိုတော့ မင်းပြောမှလား၊ ကျွတ်…'

ထိုလူက စိတ်မရှည်သလို ပြောလိုက်သည်။ ယုန်ကြောင်အမ်းအမ်းဖြင့် သူ့ကိုငေးကြည့်ပြီး မေးလိုက်သည်။

'ဟို… ကျွန်မ… ဘာမှားနေလို့ပါလဲရှင်'

'ဪ… ဘာမှားရမှာလဲဟုတ်လား၊ မင်း လမ်းမပေါ် လမ်းလျှောက်နေတာကြာပြီ၊ နောက်က ကားဟွန်းတီးလည်း မကြား၊ အခုပြောတော့လည်း အူကြောင်ကြောင်နဲ့၊ မင်း ရူးနေတာလား၊ ဒါမှမဟုတ် သေချင်နေတာလား၊ မင်းသေချင်တာ အရေးမကြီးဘူး၊ ငါ့ကို အမှုပတ်မှာ'

'ရှင်'

ထိုသူက စိတ်တိုသလို အဆက်မပြတ်ပြောလိုက်တော့မှ ယုန် သတိထားမိကာ လမ်းမလယ်ပေါ် မရောက်တရောက်ဖြစ်နေမှန်း သိသည်။ ယုန် တကယ့်ကို မသိတာပါ။ ယုန့်အပြစ်ပါပဲလေ။

'ဟို… ယုန်… အဲ… ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ကျွန်မ တကယ်မသိလို့ပါ၊ စာအုပ်တွေထဲ အာရုံရောက်သွားလို့ပါ၊





စိတ်မရှိပါနဲ့၊ ကျွန်မ ရှင့်ကိုလည်း ကျေးဇူးတင်ပါတယ်၊ နို့မို့ဆို ကျွန်မ လမ်းမပေါ်မှာ ဘယ်အထိ ဆက်လျှောက်နေမိဦးမလဲ မသိဘူး'

ယုန်ဖြူသည် မျက်မှန်ကို ပင့်တင်ရင်း သူ့ကို တုန်တုန်ယင်ယင်ဖြင့် ပြောလိုက်သည်။ သူသာမပြောလျှင် လမ်းမပေါ်မှာ ဘယ်လောက်ကြာကြာ ဆက်လျှောက်နေဦးမလဲမသိပါ။ တော်ကြာ ကားတိုက်သွားမှဖြင့်… ယုန် ကြက်သီးထစွာ တွေးမိသည်။ တွေဝေနေသော ယုန့်ကို…

'ကဲပါ… ကဲပါ… မင်း ပလက်ဖောင်းပေါ် တက်တော့၊ နောက်တစ်ခါ လမ်းလျှောက်ရင် ဒီလိုမဖြစ်စေနဲ့ပေါ့၊ ဟုတ်ပြီလား၊ မင်းအတွက် ပြောတာပါ'

'ဟုတ်ကဲ့ပါ'

ထိုသူက စိတ်တိုနေရာမှ ယုန့်အဖြစ်ကို နားလည်သွားဟန်တူသည်။ အင်း… ဒီလိုတော့လည်း သူ့မှာ ကရုဏာတရားရှိသားပင်။ ဒါကြောင့်မို့ ယုန်ထင်မိတာ… သူ့ရဲ့မျက်ဝန်းတောက်တောက်တွေဟာ ဒီလောက်မခက်ထန်ပါဘူးလို့။

ယုန်ဖြူ သူ့ကို ဘာမျှထပ်မပြောတော့ဘဲ ပလက်ဖောင်းပေါ် တက်လိုက်သည်။ ပြီးနောက် စာအုပ်တွေကို လွယ်အိတ်ထဲထည့်ကာ ခပ်မှန်မှန်ပင် လျှောက်လာသည်။

ထိုသူက ကားကို ချက်ချင်းမောင်းမထွက်သွားသေးဘဲ ယုန့်ကို လှမ်းမေးလိုက်သည်။

'မင်း… ငါ့ကို တကယ်မသိဘူးလား'

သူ့လေသံက အပေါ်စီးဆန်ပေမယ့် တရင်းတနှီးဟန်။ ယုန်က ခေါင်းဆတ်ပြ၍…

'ဟင့်အင်း… မသိဘူးရှင့်၊ ကျွန်မအသိထဲမှာ' ရှင့်လို ပုံစံမျိုးတစ်ယောက်မှ မရှိတာ အမှန်ပဲ'

'မှားပါတယ်ဗျာ'

'မမှားပါဘူးရှင်၊ တကယ်ပြောနေတာ၊ ပြီးတော့ ကျွန်မ သိတာဆိုလို့ ဒီကျောင်းမှာ မိန်းကလေးသူငယ်ချင်းတစ်ယောက် ရယ်၊ ဆရာ၊ ဆရာမတွေရယ်ကလွဲရင် ဘယ်သူမှ မရှိဘူးရှင့်'

'ပြီးတာပဲ၊ ပြီးတာပဲ၊ ငါ့နာမည်မသိသေးရင်လည်း မှတ်ထားလိုက်၊ ချိန်ခါမိုးတဲ့ နောက် လမ်းတွေ့ရင်လည်း ခေါ်ပေါ့'

သူက စိတ်ဆိုးသလိုပြောတော့ ယုန်ဖြူ ခေါင်းဆတ်ပြလိုက်သည်။ ထို့နောက် သူ့ကားကို ပြန်မောင်းထွက်သွားသည်။ ယုန်သည် ဘာရယ်မဟုတ်ဘဲ သူ့ကားနောက်မြီးကို ငေးကြည့်နေမိသည်။

သူ့ရဲ့မျက်ဝန်းတောက်တောက်တွေဟာ ဆွဲဆောင်မှုရှိလှတာကို သတိထားမိသည်။





သူဟာ ကြည့်ကောင်း၍ လူချောလေးမှန်း အသိအမှတ်ပြုမိသည်။

အင်းလေ… ယုန်နဲ့ ဘာမှမဆိုင်ပါဘူး။ ယုန့်လို လူတော မတိုးတဲ့ မိန်းကလေးဟာ သူလိုလူငယ်လေးတစ်ယောက်ကို စိတ်ကူးယဉ်ခွင့်မရှိပါ။ ယုန်ဖြူသည် ကိုယ့်ကိုယ်ကို ပြန်ဆုံးမလိုက်သည်။

ဒါပေမဲ့… ယုန် ဝတ္ထုရေးလျှင်တော့ ဝတ္ထုထဲက ဇာတ်ကောင်က သူ့လိုပုံစံမျိုးပေါ့ဟုတွေးရင်း ပြုံးမိသည်။ မင်းသမီးကတော့ ယုန့်လို ခပ်ကြောင်ကြောင် မလှပတဲ့ကောင်မလေးမျိုး မဖြစ်နိုင်ပါ။ အင်မတန်မှ ချောမောလှပပြီး ပြည့်စုံသော ကောင်မလေးမျိုးမှ သူနဲ့လိုက်ဖက်မှာပေါ့၊ မဟုတ်ဘူးလား။

ယုန်သည် ကိုယ့်အတွေးကိုယ် သဘောကျပြီး ပတ်ဝန်းကျင်ကို သတိမထားမိဘဲ လာလမ်းအတိုင်း ပြန်လျှောက်ခဲ့သည်။ အဲ… တော်တော်လေးလျှောက်လာပြီးတော့မှ လာလမ်းအတိုင်း လျှောက်နေမိတာကို သတိထားမိတော့သည်။

ယုန်သည် အူကြောင်ကြောင်နိုင်သော ကိုယ့်အဖြစ်ကို ဘယ်သူများ သိသွားမလဲဟု ဘေးဘီဝဲယာကြည့်ပြီးမှ သွားစရာရှိတဲ့ဘက်ကို ပြန်လျှောက်လာခဲ့သည်။ ယုန်ဖြူဆိုသော မိန်းကလေးက အဲလိုမျိုး အူကြောင်ကြောင်ကောင်မလေးပါ။

* * *



ချိန်ခါမိုး ကြုံတွေ့ခဲ့ရသော ထိုကောင်မလေးကို မြင်ယောင်မိရင်း ဖြိုးဝေကို ပြန်လည်ပြောပြနေခြင်းဖြစ်သည်။ သူ့စကားဆုံးတော့ ဖြိုးဝေက ဟက်ဟက်ပက်ပက်ရယ်မောလေတော့သည်။

'ဟေ့ကောင် ဘာရယ်တာလဲကွ'

'ဩော်… ဩော်… ချိန်ခါမိုးကိုမသိတဲ့ကောင်မလေးတို့ကျောင်းမှာ ရှိနေသေးတာကိုး၊ ဘယ်သူများပါလိမ့်၊ နာမည်လေးတောင် မသိခဲ့ဘူးလား'

ဖြိုးဝေပြောတော့မှ သူသည် နာမည်တောင်မသိခဲ့ရသည့်





အဖြစ်ကို ပြန်သတိရမိသည်။ ပြီးနောက် ထိုကောင်မလေး၏ ကော်ကိုင်းမျက်မှန်အနက်အောက်မှ ပြူးကြောင်ကြောင်မျက်ဝန်းများကိုပါ ပြန်လည်သတိရမိသည်။

'အဲဒီကောင်မလေးအကြောင်း ငါ့ကို နည်းနည်းလောက် စုံစမ်းပေးပါလား၊ သူ့ပုံစံက သိသာပါတယ်ကွာ၊ အူကြောင်ကြောင်ပုံစံမျိုး၊ တစ်ကျောင်းလုံးမှာ သူ့လိုပုံစံမျိုး သူတစ်ယောက်ပဲရှိမယ်ထင်တယ်။ မျက်နှာပြောင်နဲ့ အင်္ကျီကလည်း ပုံပန်းမကျပွယောင်းယောင်းနဲ့၊ ဆံပင်ကလည်း အရှည်ပဲထင်တယ်၊ ပြီးတော့ ဒီခေတ်ကြီးမှာ ပန်းပွားလွယ်အိတ်ကြီးတစ်လုံးနဲ့လေ'

ချိန်ခါမိုးသည် ပြန်ပြောရင်း ရယ်ချင်လာပြန်သည်။

ဖြိုးဝေက သူ့ကို ရယ်ချင်ဟန်ဖြင့်ကြည့်ရင်း…

'ဘာလဲ… အဲဒီလိုကောင်မလေးမျိုးကို မင်းက စိတ်ဝင်စားသွားလို့လား၊ လုပ်မနေပါနဲ့ကွာ၊ မင်းပြောကတည်းက ရင်ခုန်ဖို့မကောင်းမှန်း ငါရိပ်မိတယ်၊ ထွင်မနေပါနဲ့ မိုးကြီးရာ၊ မင်းက ကျောင်းမှာ နဂိုကတည်းက ပေါ်ပြူလာဖြစ်ပြီးသား ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင်ကြီးပဲဥစ္စာ'

ဖြိုးဝေက သူ့စိတ်ကို နားမလည်ဟု ချိန်ခါမိုး သဘောပေါက်လိုက်သည်။

'မင်းမသိပါဘူးကွာ'

'ငါသိပါတယ်ကွာ၊ မင်းမှန်းသိလို့ တမင်ဇာတ်လမ်းရှာတာများလားကွာ'

'ဟာ… မဖြစ်နိုင်ဘူးကွ၊ ငါလည်း ပထမတော့ ငါ့ကား လာနေမှန်းသိလို့ သက်သက်စတန့်ထွင်ပြီး ဇာတ်လမ်းရှာတဲ့ ကောင်မလေးလို့ ထင်မိတယ်၊ နောက်တော့ မှန်ကြောင်မလေးက ငါ့ကို တကယ်မသိတာကွ၊ သူ့မျက်ဝန်းတွေက ငါ့ကိုမသိမှန်း သိသာတယ်၊ သူ့ဟာသူ စာအုပ်တွေနဲ့ အလုပ်ရှုပ်ပြီး လမ်းမပေါ် ရောက်လို့ရောက်နေမှန်း မသိဘူးကွ၊ ဘယ်လိုလေးလဲ မသိဘူးကွ'

'မင်းပြောတာနဲ့ ငါတောင်စိတ်ဝင်စားလာပြီ'

ဖြိုးဝေက ရယ်ကျဲကျဲဖြင့်ပြောပြီး လက်ဖက်ရည်ကို မော့သောက်ချလိုက်သည်။ ချိန့်ခါမိုးက ကောင်မလေးရဲ့မျက်ဝန်းကြည်ကြည်တွေကို မြင်ယောင်ရင်းပြောလိုက်သည်။

'ငါလည်း တော်တော်စိတ်ဆိုးသွားတာ၊ နောက်တော့မှ ကောင်မလေးရဲ့ မျက်မှန်ထောင့်တွေအောက်က ပြူးကြောင်ကြောင်မျက်ဝန်းလေးတွေကို တွေ့လိုက်ရတော့မှ ငါ့စိတ်ထဲမှာ တော်တော်သနားသွားမိတယ်'

ဖြိုးဝေက ချိန့်ခါမိုးကို ထူးဆန်းတဲ့သတ္တဝါတစ်ကောင်လို ကြည့်လိုက်သည်။ ဖြိုးဝေအကြည့်ကို သူ နားလည်ပါသည်။





ရုပ်လည်းမလှ၊ အူကြောင်ကြောင်ကောင်မလေးတစ်ယောက်ကို များ စကားထဲထည့်ပြောရလားဆိုတဲ့ အပြစ်တင်တဲ့အကြည့်မျိုးပါ။

'ခလုတ်တိုက်တယ်လို့ပဲ သဘောထားလိုက်စမ်းပါကွာ'

ဖြိုးဝေစကားကြောင့် ချိန့်ခါမိုး မဆီမဆိုင် ကောင်မလေးအစား စိတ်တိုသွားမိသည်။ ခလုတ်တိုက်တယ်ဆိုရင့်လည်း သူ့ရင်ထဲရောက်အောင်တိုက်တဲ့ ကြီးမားတဲ့ ခလုတ်တိုက်မှုပါပဲဟု ချိန့်ခါမိုး တွေးလိုက်မိတော့သည်။

'ဒါနဲ့ စောစောကတောင် သရဖူ လာမေးသွားသေးတယ် မိုးကြီး၊ ငါက တော်ကြာနေမှ မင်းရောက်မယ်ထင်တယ်၊ ဟမ်းဖုန်းကို လှမ်းဆက်ကြည့်လို့ပြောတော့ မဆက်တော့ဘူးတဲ့ ကာလပ်စ်ပြီးရင် ဒီကိုပြန်လာမယ်တဲ့၊ ဒီကပဲ စောင့်နေတဲ့'

မေသရဖူဆိုတာက သူနှင့်နောက်ဆုံးတွဲနေတဲ့ကောင်မလေးပါ။ မေသရဖူကား နာမည်နှင့်လိုက်အောင် အရာရာသရဖူဆောင်းထားသူပင်။ လှသည်၊ ချမ်းသာသည်၊ ပြီးတော့ မော်ဒယ်လုပ်သည်၊ ယောကျ်ားလေးသူငယ်ချင်း သိပ်မရှိ။ သန့်သန့်လေးပေါ့။ ဒါတွေကြောင့်လည်း သူတွဲမိတာပါ။

'မင်းတို့နှစ်ယောက်က တကယ့်ကို လိုက်ဖက်ညီတယ် မိုးကြီးရ'

ဖြိုးဝေရဲ့မှတ်ချက်ကို သူ မသိသလို လုပ်နေလိုက်သည်။

သူ့စိတ်ထဲမှာ လောလောဆယ်ရှိနေတာက မှန်ကြောင်မလေးပါ။ သူမကိုကြည့်ရတာ အပေါင်းအသင်းလည်း ရှိပုံမရ။ စာအုပ်တွေနှင့်သာ အချိန်ကုန်နေပုံရသည်။ သူက စကားကို ခပ်မာမာပြောလိုက်သောအခါ မျက်ရည်ဝဲသွားသော မျက်နှာလေး။ သူဘာဖြစ်နေတာပါလိမ့်။

'ဖြိုးဝေ… မင်း အဲဒီကောင်မလေးအကြောင်း ငါ့ကို စုံစမ်းပေးမလား၊ မှန်ကြောင်မလေးကို ငါစိတ်ဝင်စားနေပြီ'

'သရဖူကို ဘယ်လိုလုပ်မှာလဲ၊ သရဖူက မင်းကို တော်တော်ငြိနေပြီနော်၊ မင်း သရဖူကို စဉ်းစားသင့်တယ်၊ သူက မင်းကို အတည်ကြီး…'

'ငါစဉ်းစားပါတယ်ကွာ၊ ငါက အဲဒီကောင်မလေး အကြောင်း သိချင်ရုံပါ၊ ငါ့စိတ်ထဲမှာ သူ့ပုံစံလေးကို သနားသွားတယ်ကွာ၊ မင်းမစုံစမ်းပေးလည်း ငါ့ဘာသာပဲ စုံစမ်းမယ်'

ချိန်ခါမိုးက ပြောလည်းပြော၊ ကားသော့ကိုင်ပြီး မတ်တတ်ထရပ်လိုက်သည်။

'ကျွတ်… မင်းရောဂါကလည်း မသေးပါလားမိုးကြီးရာ၊ မင်းဘေးနားမှာ အချောအလှတွေ တစ်ပုံကြီးပဲ၊ အေး… မင်းဒီလောက်သိချင်ရင်လည်း ငါ ရအောင်စုံစမ်းပေးမယ်၊ မင်းတော့မစုံစမ်းနဲ့ သိကွာကျတယ်'





'မင်းကလည်း တစ်ဘက်သားကို အဲလိုမပြောပါနဲ့ကွာ၊ သူက မြန်မာစာအဆောင်ဘက်သွားတာ၊ မြန်မာစာကထင်တယ်'

'အေးပါ… အေးပါ၊ မြန်မာစာကဟုတ်လား၊ ငါ သွားစုံစမ်းပေးပါ့မယ်၊ ငါ့ဘော်ဒါတွေ အများကြီးရှိတယ်၊ ဒါဆိုကျေနပ်ကွာ'

'ကျေးဇူးပဲကွာ'

ဖြိုးဝေပခုံးကိုပုတ်ရင်း ပြောလိုက်သည်။ ဖြိုးဝေကတော့ လက်တခါခါဖြင့်…

'လက်ဖျားခါတယ် မိုးကြီးတို့ကတော့ မှန်ကြောင်မလေး အကြောင်းများ သိချင်တယ်တဲ့၊ ဘာများထွင်မြန်ပြီလဲမသိဘူး၊ ဘာလဲ ကျောင်းမှာ ဗီဒီယိုရိုက်မလို့လား မင်းသားရဲ့'

ဖြိုးဝေစကားကို သူ မတုံ့ပြန်ဘဲ ပြုံးနေလိုက်သည်။ ချိန်ခါမိုးဆိုတာက နာမည်ရခါစ ဗီဒီယိုမင်းသားလေးပါ။ နာမည်ရကာစဆိုလို့ သိပ်အထင်မကြီးနဲ့ဦး။ မေမေက ငွေထုတ်ရိုက်ပေး၊ တင်ပေးလို့ ဒီအခြေအနေထိ ရောက်လာတာပါ။ ဘာပဲပြောပြောလေ ချိန်ခါမိုးဆိုတာကတော့ ဒဂုံတက္ကသိုလ်မှာ မသိသူမရှိတဲ့ နာမည်ကြီးတစ်ယောက်ပါ။ ဒါကိုမသိတဲ့ ကောင်မလေးတစ်ယောက် ရှိနေသေးသတဲ့။

သူသည် ထိုမှန်ကြောင်ကောင်မလေးအကြောင်းတွေး

ရင်း၊ မြင်ယောင်ရင်းကို ပြုံးမိသည်။

'ဟိတ်… မိုး ဘာတွေပြုံးနေတာလဲ'

'ဩော်… မေ ထိုင်လေ၊ အတန်းပြီးပြီလား'

ချိန်ခါမိုး ရပ်နေရာမှ ပြန်ထိုင်ရင်း မေသရဖူကိုပါ ထိုင်ခိုင်းလိုက်သည်။ ဖြိုးဝေက အခုကျတော့လည်း မေသရဖူဖြစ်သွားပြန်ပြီလားဆိုတဲ့အကြည့်မျိုးနှင့် သူ့ကိုကြည့်သည်။

သူကတော့ မေသရဖူကို အရမ်းချစ်လှတာလည်း မဟုတ်ပါ။ လှလို့၊ နာမည်ကြီးလို့၊ ပြီးတော့ တွဲသွားလိုက်လျှင် သိပ်လိုက်တာပဲဟူသော မှတ်ချက်ဆွေကို သာယာမိတာကြောင့်သာ တွဲမိခြင်းဖြစ်သည်။ အပျော်တွဲတာလို့ပဲပြောပြော ဒီလိုမိန်းမလှလေးတွေ တစ်ယောက်ပြီးတစ်ယောက် ချိန်ခါမိုးဘေးမှာရှိနေခြင်းကို ဂုဏ်ယူမိပြန်သည်။ ထပ်ပြီးဆင်ခြေပေးရလျှင်တော့ လူငယ်ကိုပီပေါ့။

မေသရဖူက သူမ၏သားရေအိတ်ကို ဘေးမှာချပြီးဝင်ထိုင်လိုက်သည်။ လှပသောမေသရဖူက ကျောင်းမှာ မြန်မာအင်္ကျီတွေပဲ ဝတ်ရမည်ဆိုသော စည်းကမ်းကြောင့်သာ ဝတ်ဆင်လားပုံရသည်။ သို့သော်လည်း လှတာပါပဲ။ ဟိုတစ်ယောက်သာ ပုံမကျပန်းမကျဖြစ်နေတာ။

တွေးမိပြန်ပြီကွာ ဒီမှန့်ကြောင်မလေးအကြောင်း။





'မိုး ဘာနဲ့တွေတွေးနေတာလဲ၊ မေတို့ ဒီနေ့ ရုပ်ရှင်သွားကြည့်ရအောင်ကွာ၊ အတန်းလည်း မရှိတော့ဘူး'

'မေကလည်းကွာ၊ ကိုယ် ဒီနေ့ စိတ်သိပ်မပါလို့၊ ပြီးတော့ လူကြားထဲလည်း သိပ်မသွားချင်ဘူး၊ ကျောင်းမှာက ကိစ္စမရှိဘူးလေ၊ မေ ကိုယ့်ကို နားလည်ပေးပါကွာ'

'သိပါတယ်၊ သိပါတယ်၊ ကျောင်းမှာလည်း ကင်းမို့လို့၊ အပြင်မှာလည်း မင်းသားဆိုတော့ ကောင်မလေးတွေ ဝိုင်းနေတာပဲလေ၊ ဒါကြောင့် သရဖူတို့ပြောလိုက်ရင် အမြဲပဲငြင်းနေတာပဲ'

မေသရဖူက သူ့ကိုပြောလည်းပြော၊ မျက်စောင်းလည်းထိုးလိုက်သည်။

'ဟောဗျာ… စိတ်ကို တိုတောင်းနေတာပဲ'

'မင်းကလည်း ချော့ဦးလေ၊ ဟုတ်သားပဲ၊ တစ်ခါတလေ အပြင်သွားတာပဲကွာ၊ သွားပေါ့'

အရေးထဲ ဘေးမှာထိုင်နေသည့်ဖြိုးဝေကပါ ဝင်ကြပ်ပေးနေတာကြောင့် သူ စိတ်ရှုပ်သွားသည်။

'တွေ့လား ဖြိုးဝေ၊ နင့်သူငယ်ချင်းက မတုန်မလှုပ်နဲ့ ဘာလဲ အသစ်တွေ့နေပြန်ပြီလား၊ ဖြိုးဝေ… သူများတွေကိုတော့ ထားခဲ့လို့ရမယ်နော်၊ မေသရဖူကိုတော့ ထားခဲ့လို့မရဘူး၊ မြဲမြဲမှတ်ထား'

'ဘာတွေလဲကွာ'

မေသရဖူကပြောပြီး သူမအိတ်ကိုယူကာ ထတာကြောင့် သူ စိတ်ရှုပ်သွားသည်။ ဒီနေ့အဖို့ကတော့ မေသရဖူ၏ ပွစိပွစိ ပူစီကိုက်ခြင်းကို ခံရတော့မည်။ မေသရဖူက ရှေ့မှထွက်သွားသည်။

'လိုက်ချော့လေကွာ'

'လိုက်ချော့ရအောင်ကွာ သူနဲ့ငါနဲ့က အခုမှ အီစီကလီ တွဲတုန်းပဲရှိသေးတာ၊ ဘာမှမဟုတ်ဘူး၊ ဒါကြောင့် ငါ မိန်းမတွေ ကို စိတ်ကုန်တာ၊ တစ်ခုခုဆိုရင် စိတ်ကောက်ရတာနဲ့ ဘာနဲ့ကွာ'

ဖြိုးဝေကတော့ ဘာမှမပြော ရယ်ကျဲကျဲလုပ်နေသည်။ ဒီအဖြစ်အပျက်တွေကတော့ ချိန်ခါမိုးအတွက် ရိုးလို့နေပြီ။ ဒီ ကောင်က ဒီလိုပဲ။ ရန်ဖြစ်လိုက်၊ ပြန်ချစ်လိုက်နဲ့ပေါ့။

ပြီးနောက် မဆီမဆိုင် မှန်ကြောင်မလေးရော စိတ် ကောက်တတ်သလားဟု တွေးမိသည်။ အင်း… သူမလည်း မိန်းကလေးပဲ စိတ်ကောက်တတ်ချင်တတ်မှာပေါ့။ ဒါပေမဲ့ သူမ ပုံလေးက အူကြောင်ကြောင်ရယ်ပါ။ စိတ်ကောက်တတ်မည့်ပုံ လည်း မပေါ်ဟု ထင်နေမိပြန်သည်။

ဒီနေ့ သူမရဲ့အတွေးတွေကို ခပ်ကြောင်ကြောင်ကောင် မလေးက ဘာလို့စိုးမိုးထားပါလိမ့်။ နောက်နေ့တွေရောက်ရင်ရော ထိုကောင်မလေးကို တခြားကောင်မလေးတွေလိုပဲ မေ့သွားမှာ





လားဟု တွေးမိပြန်သည်။ သူ့စိတ်ထဲမှာ သူမလေးဟာ တစ်မျိုး လေးပါ။

'ကဲ… ငါသွားပြီ ဖြိုးဝေ၊ ငါပြောထားတဲ့ကိစ္စ မမေ့နဲ့ ဦးနော်'

'အေးပါကွာ၊ မင်းကိုယ်မင်းသာ အရင်ကြိုးစားလိုက်ဦး'

'ဘာကိုလဲ'

ဖြိုးဝေ မေသရဖူထွက်သွားတာရာကို မေးငေါ့ပြလိုက် ရင်း…

'မေသရဖူကို ချော့ဖို့ပေါ့'

'နားစမ်းပါကွာ'

ချိန်ခါမိုး စိတ်ထဲမှာ မေသရဖူကိုချော့ဖို့အတွေး လုံးဝမရှိ ပါ။ သူ့ကားဆီ သူပြန်လာခဲ့သည်။ ကားနားရောက်တော့ ကား နားမှာ အသင့်စောင့်နေသော မေသရဖူကို တွေ့လိုက်သည်။

တွေ့တယ်မဟုတ်လား။ ချိန်ခါမိုးတို့ ဘယ်လောက် အဆင်ပြေလဲ။ ကားနားမှာ မိန်းမလှလေးတစ်ယောက်က အသင့် စောင့်နေသတဲ့။ သူ့အဖြစ်ကို လှူငယ်ပီပီ သူကျေနပ်သွားပြီး ကားတံခါးကို သော့ဖွင့်ပေးလိုက်တော့သည်။

* * *

နံ့နက်မိုးလင်းလာပြီဆိုလျှင် ယုန့်အတွက် လုပ်စရာတွေက တစ်ပုံတစ်ခေါင်းပါပဲ။ အန်တီလေးသောက်ဖို့ ကော်ဖီဖျော်၊ ထမင်းကြော်၊ ဈေးသွား၊ ဟင်းချက် စသည့် အိမ်အလုပ်တွေနဲ့
၂၀ မအားလပ်နိုင်အောင်ပါပဲ။

အဲဒီလို မအားလပ်တဲ့ကြားထဲက ယုန်ဖြူဟာ ဝတ္ထုရေးဖို့ ဇာတ်လမ်းလေးတွေ စဉ်းစားလိုစဉ်းစား၊ တစ်ယောက်တည်း အသံမထွက်ဘဲ စကားပြောလိုပြောမို့ အလုပ်လုပ်တာက အမှားမှားအယွင်းယွင်းဖြစ်တတ်သည်။

ယခုလည်း...





'ဒေါက်'

ခေါင်းက ပူခနဲဖြစ်သွားတာကြောင့် ယုန့်အတွေးတွေ လွင့်ပါးကုန်သည်။ အန်တီလေးရဲ့ လက်သံပြောင်ပြောင်ကြောင့် ခေါင်းမှာထူပူပြီး ကျန်ရစ်သည်။

'နင် ငိုက်နေပြန်ပြီလား ယုန်ဖြူ၊ ကြည့်စမ်းပါဦး ဟင်းအိုးကလည်း တူးနေပြန်ပြီ၊ နင်အလုပ်လုပ်တာ ဘာဆိုဘာမှ အသုံးမကျဘူး မိဖြူ'

အန်တီလေးရဲ့ ဆူသံပွက်သံက နောက်ဖေးခန်းလေးတစ်ခုလုံး ဆူညံသွားတော့သည်။ ယုန်ဖြူက ခေါင်းကို ခပ်ဖွဖွပွတ်ရင်း အန်တီလေးနံဘေးမှာ ယို့ယို့လေး ရပ်နေမိသည်။

ယုန်ဖြူက မိဘတွေဆုံးကုန်ပြီး အဖေဘက်မှ အဒေါ်အိမ်တွင် ကပ်နေရသူမို့ သူတို့ကြည်ဖြူအောင်တော့ နေရပါသည်။ ဒါပေမဲ့ ယုန်ဖြူကလည်း ယုန်ဖြူပါ။ အခုလို မှားယွင်းမှုမျိုး မကြာခဏဖြစ်တတ်သည်။ တမင်လုပ်တာလည်း မဟုတ်ပါဘဲ အမှားတွေ မကြာခဏလုပ်မိတာမျိုးပါ။

အန်တီလေးက ဟင်းအိုး အောက်ချပြီး စားလို့ ရမရ ကြည့်နေတာကြောင့် ယုန်ဖြူသည် ကိုယ့်အပြစ်ကိုယ် ကြောက်လန့်ပြီး ထွက်ပြေးချင်စိတ်တောင် ပေါက်နေသည်။

'ဒီမှာကြည့်စမ်း ယုန်ဖြူ၊ ညည်းဟင်းကို ညည်းဘာသာ

ကျောင်းထည့်သွားတော့၊ ငါတော့ မစားနိုင်ဘူး၊ ဘယ့်နှယ်တော် လူတစ်ယောက်လုံး အနားမှာရှိပြီး ဟင်းအိုးများတူးအောင် လုပ်ရတယ်လို့၊ ကြားလား မိဖြူ ညည်းထည့်သွား'

'ဟုတ်ကဲ့ အန်တီလေး'

'ဟွန်း… ပြောလိုက်ရင်လည်း မထုံတက်ထေးနဲ့၊ ငါ စိတ်ညစ်ပါတယ်'

အန်တီလေးစကား ငြင်းပယ်ပိုင်ခွင့် မရှိသူမို့ တူးနေသော ဟင်းအိုးကြီးကို စိတ်ပျက်လက်ပျက်နှင့် ငေးကြည့်လိုက်မိသည်။ တကယ်ဆို အန်တီလေးဟာ သူမတောင်မစားနိုင်တဲ့ဟင်းကို ယုန်ဖြူ့ကို ကျောင်းထည့်ခိုင်းရက်တယ်။ အေးလေ… ယုန်ဖြူ ချက်လို့ ဒီလိုဖြစ်သွားရတာပဲ။ ယုန် စားနိုင်ရမှာပေါ့ဟု ဖြေတွေး လိုက်သည်။

ယုန်သည် အန်တီလေးချက်ခိုင်းသော ဟင်းအသစ်ကို ကောင်းမွန်အောင် ဂရုစိုက်ချက်နေရင်း ဒီနေ့တော့ ကျောင်းနောက်ကျဦးတော့မှာပဲဟု တွေးနေမိသည်။

'ယုန်ဖြူ'

'ရှင်… အန်တီလေး'

မီးဖိုခန်းဝမှ ထွက်လာသော အန်တီလေးအသံကြောင့် ယုန်ဖြူ ဆတ်ခနဲတုန်သွားပြီး အလန့်တကြား လှည့်ကြည့်မိသည်။





အန်တီလေးအသံက ခါတိုင်းထက် ပိုတင်းမာနေသည်။

'ဒီမှာ ယုန်ဖြူ၊ ညည်းကိုယ်ညည်း သိပ်ဘဝင်မြင့်မနေနဲ့နော်၊ ငါကြည့်မရတာ ကြာပြီ၊ ညည်းကျောင်းမသွားခင် အဝတ်တွေ လျှော်သွားဦး၊ ဒါမှခြောက်မှာ ကြားလား'

'ဟုတ်ကဲ့'

အန်တီလေးက ရေချိုးခန်းထဲ လက်ညှိုးထိုးပြသည်။ ယုန်ဖြူ့အတွက်က အငြင်းဝါကျဆိုတာ မရှိစေရ။ တော်ကြာ တက္ကသိုလ်ကျောင်းသူလုပ်ခွင့်ရသည့် အခွင့်အရေးလေး ဆုံးရှုံးမှာ ကြောက်လှပါသည်။

'ဟင်း… ခက်တယ်၊ အကုန်လုံး လိုက်ခိုင်းနေရတာပဲ၊ ကိုယ့်အသိစိတ်လေးနဲ့ကိုယ် မလုပ်ကြဘူး၊ ခိုင်းမှလုပ်တာ၊ ပြောမှသိတာ ကျွန်ဟဲ့'

အန်တီလေးက ရေရွတ်ပြီး အိမ်ရှေ့ထွက်သွားပြန်သည်။ ယုန်ဖြူက ဝေ့သီလာသော မျက်ရည်တွေကို ပုတ်ခတ်ရင်း စိတ်တင်းလိုက်သည်။

မေမေနဲ့ဖေဖေရယ် ယုန့်ကိုဘာလို့ လူ့လောက ကြီးထဲမှာ တစ်ယောက်တည်း ထားခဲ့ရတာလဲ။ ယုန့်ကိုပါ အပြီးခေါ်သွားလိုက်ပါတော့။

ယုန်ဖြူသည် ကွယ်လွန်သွားသော မိဘနှစ်ပါးကို

တမ်းတရင်း ရစ်ဝဲလာသော မျက်ရည်တွေကို ထိန်းနေရသည်။ အန်တီလေးဟာ ယုန့်အပေါ်မှာ မေတ္တာခေါင်းပါးလိုက်တာဟုတွေးရင်း စိတ်မကောင်းဖြစ်ရပြန်သည်။

ဘယ်လိုပဲဖြစ်ဖြစ် ယုန်ဖြူသည် အန်တီလေးကိုတော့ လွှန်ဆန်လို့မရပါ။ အန်တီလေးရဲ့ အမိုအခို၊ အထောက်အပံ့နှင့် နေရသူမဟုတ်လား။ ယုန်ရဲ့ စာရေးဆရာမ ဖြစ်ရေးဆိုသော အိပ်မက်မှာလည်း ခပ်ဝါးဝါးမျှသာ။

ယုန်ဖြူသည် ထူးပြီးလည်း စိတ်မကောင်းမဖြစ်မနေတော့ပါ။ စောစောက စကားလုံးများကို ဟိုဘက်နားမှဝင်ပြီး ဒီဘက်နားမှ ပြန်ထွက်လိုက်သည်။ ဘာပဲဖြစ်ဖြစ် အဓိကက ကိုယ့်စိတ်ကိုယ် ဖြေတတ်ဖို့ပဲမဟုတ်လား။

ယုန်ဖြူသည် ဟင်းအိုးထဲမှ ကြက်သားတွေကို နှစ်ဆင့်ချိုင့်ထဲ ပြောင်းထည့်ရင်း ဒီတစ်ခါ ဟင်းထည့်ရတာ အများဆုံးပဲဟု တွေးမိရင်း ပြုံးလိုက်သည်။

ပြီးတော့ ရေချိုးခန်းထဲဝင်ပြီး အဝတ်တွေကို ခပ်မြန်မြန်လျှော်၊ ရေကို အလျင်စလိုချိုးပြီး ပြန်ထွက်ခဲ့မိသည်။

ယုန့်ရဲ့အခန်းကျဉ်းလေးထဲရောက်တော့ ဆံပင်တွေကို ညှပ်ကြီးကြီးတစ်ခုနှင့် မနိုင်နိုင်အောင် ညှပ်ထားလိုက်သည်။ တံခေါက်ခွက်အထိ ရောက်လုနီးသော ဆံပင်တွေကို ရှင်းနေလျှင်





ပြီးမှာမဟုတ်တော့။ ထို့ကြောင့် မျက်နှာကို သနပ်ခါး ခပ်မှုန်မှုန်လိမ်း၊ အင်္ကျီလဲပြီး လွယ်အိတ်ယူလိုက်သည်။

အင်း… ဒီနေ့တော့ ကြက်သားဟင်းက နည်းနည်းခါးနေတာမို့ ကန်တင်းမှ အသုပ်တစ်ခုခုနှင့် ကြက်သားဟင်းကို ရောစားမှ ခါးတာသက်သာမည်ဟုတွေးရင်း စုထားသော ပိုက်ဆံကို အနည်းငယ်ပိုထည့်လိုက်သည်။

ပြီးနောက် အန်တီလေး နောက်ထပ်အလုပ်တစ်ခု ထပ်မခိုင်းခင် ကျန်ရှိနေသော အတန်းချိန်မီအောင် အမြန်ထွက်လာခဲ့သည်။ အဲဒါ ယုန်ဖြူဆိုသော မိန်းမငယ်လေး၏ ဘဝပင်ဖြစ်သည်။

* * *



'သူ့နာမည်က ယုန်ဖြူတဲ့၊ ပုံစံကလည်း တကယ့်ယုန်လေးလိုပဲ လောကကြီးကို ဘာမှမသိဘူး၊ လူကြောက်တယ်၊ ဘယ်သူမှ မပေါင်းရဲဘူး၊ အထူးသဖြင့် ပိုက်ဆံချမ်းသာတဲ့ သူတွေကိုပဲ'

ဖြိုးဝေက သူ့အသိ မြန်မာစာမှ တာရာဆိုသော ကောင်လေးကို တစ်ပိုင်းကျွေးပြီး ချိန်ခါမိုးနှင့် မိတ်ဆက်ပေးသည်။ အဲဒီနောက်တော့ ယုန်ဖြူလို့ ခုကလေးတင်မှသိရသော ကောင်မလေးအကြောင်းကို ပြောပြခြင်းဖြစ်သည်။

'သူက အဒေါ်အိမ်မှာ ကပ်နေရတာ၊ အဲဒီအဒေါ်ကပဲ ကျောင်းထားပေးတာလေ၊ မိဘတွေက မရှိတော့ဘူး၊ အဲဒီလို





အချက်တွေကြောင့် သူ့ဘာသာ သိမ်ငယ်ပြီး လူတွေနဲ့မပေါင်းရဲဘဲ စာအုပ်တွေနဲ့ ပေါင်းနေတာတဲ့ကွ'

'စာအုပ်နဲ့ ဘယ်လိုပေါင်းတာလဲ'

ချိန်ခါမိုးသည် မှန်ကြောင်မလေးကို ကရုဏာမိုးတွေ ရွာနေခိုက် ဖြိုးဝေက ဝင်နှောက်လိုက်တာကြောင့် တော်တော်စိတ်တိုသွားသည်။

'မင်းကလည်းကွာ အာရုံနှောက်တယ်၊ သူများရဲ့ဘဝလေးက သနားစရာကောင်းနေတာကို မင်းက ရယ်စရာလုပ်ပစ်ရလား'

'ဘဝ…ဘဝပေါ့'

'တော်စမ်းပါကွာ၊ တာရာ ဆက်ပြော၊ မင်းသိသလောက် ငါ့ကို အကုန်ပြောပြကွာ၊ ငါအကုန်သိချင်တယ်'

တာရာက မြန်မာစာမေဂျာရဲ့ အီးစီမို့ ယုန်ဖြူ့အကြောင်း တော်တော်သိထားပုံရသည်။ တာရာက ချိန်ခါမိုးကို အံ့ဩသလို ကြည့်သည်။ သူ့လိုလူတစ်ယောက်က မှန်ကြောင်မလေးလို ခပ်နုံနုံ ကောင်မလေးအကြောင်းကို စိတ်ဝင်တစားမေးနေ၍ ဖြစ်သည်။

'မင်းလိုလူတစ်ယောက်က စိတ်ဝင်စားတယ်ဆိုတော့ မင်း သူ့ကို အပျော်တော့ မကြံသင့်ပါဘူးကွာ၊ သူက ခပ်နုံနုံလေး၊ မင်းလိုကောင်လေးမျိုးနဲ့ မလိုက်ဖက်ပါဘူး'

လေးတွေက၊ ကိစ္စရှိလို့ စကားသွားပြောရင်တောင် ကြောက်လို့နေစရာမရှိဘူးကွ'

တာရာ့စကားကို ချိန်ခါမိုး ခေါင်းညိတ်၍ ထောက်ခံလိုက်သည်။ သူနှင့်စကားပြောတာတောင် အယောင်ယောင်အမှားမှားဖြစ်နေတဲ့မိန်းကလေးပါ။

'သူက ကျောက်မြောင်းထဲမှာနေတာ၊ လိပ်စာက(…)ကွ၊ ဖုန်းလည်းရှိတယ်၊ ဒါပေမဲ့ သူ့အဒေါ်အိမ်ဆိုတော့ သိတယ်မဟုတ်လား၊ သူက စာအုပ်တွေဖတ်ရတာ ဝါသနာပါတယ်၊ တစ်ချိန်မှာ နာမည်ကြီးစာရေးဆရာမ ဖြစ်ချင်တယ်တဲ့၊ အဲ့ဒါသူ့ရည်မှန်းချက်တဲ့ကွ'

'မင်းက ဘယ်လိုသိလဲ'

ရှာရှာဖွေဖွေ သိနေသော တာရာ့ကို သူမေးလိုက်မိသည်။

'ငါတို့က မြန်မာစာကျောင်းသားတွေလေကွာ၊ စာစီစာကုံးရေးတော့ ငါ သူ့စာရွက်သိမ်းရင်း ဖတ်မိတာ၊ သူက လှကသာမလှတာ၊ လက်ရေးကတော့ ဝိုင်းစက်နေတာပဲ'

'လှက မလှတာမဟုတ်ပါဘူး၊ မပြင်တတ်မဆင်တတ်လို့ပါကွာ၊ ရုပ်ကလေးက ကြည်ပြီးသန့်နေတာ ငါသတိထားမိတယ်၊ မျက်နှာကြည့်လိုက်ကတည်းက သဘောကောင်းမယ့်ရုပ်ကလေးမှန်း သိသာပါတယ်'





ချိန်ခါမိုးသည် မှန်ကြောင်မလေး၏ မျက်နှာလေးကို တစ်ခါလေးမြင်ဖူးရုံမျှဖြင့် စွဲစွဲထင်ထင်ဖြစ်နေမိသော သူ့ကိုယ်သူလည်း အံ့သြမိပါသည်။ အရမ်းကြီးချစ်လိုက်တာ မြင်မြင်ချင်းဘာညာဆိုပြီး ဖြစ်သွားပေမယ့် ကရုဏာသက်သွားမိခြင်းဖြစ်သည်။

ပြီးတော့ တက္ကသိုလ်ကျောင်းသူတစ်ယောက်ဖြစ်ပြီး ဒီလောက် အူတူတူ၊ အတတဖြစ်ရသလားဆိုပြီး အားမလိုအားမရဖြစ်တာလည်းပါသည်။

'ဟေ့ကောင် မိုးကြီး… ဘာငေးနေတာလဲ၊ ဒီမှာ တာရာက သွားတော့မယ်တဲ့'

'အေးကွာ… ကျေးဇူးပဲသူငယ်ချင်း၊ ငါ နောက်ရက်တွေမင်းတို့မြန်မာစာကိုလာလည်ရင် မောင်းမထုတ်နဲ့နော်၊ ဟဲ…ဟဲ'

'မောင်းမထုတ်ပါဘူး၊ အေး… ငါတို့မေဂျာက ကောင်မလေးကို မဟုတ်တရုတ်လုပ်ရင်တော့ ငါနဲ့အရင်တွေ့မယ်မှတ်'

'ကြောက်နေရပါလား'

သူက ပခုံးနှစ်ဖက်တွန့်ပြီးပြောကာ ရယ်မောလိုက်သည်။ သူ့ရဲ့စိတ်ထဲမှာ ယုန်ဖြူဆိုသော မှန်ကြောင်မလေးက မှတ်မှတ်ထင်ထင်ပါ။

ဖြိုးဝေက သူ့ကိုလှမ်းကြည့်ပြီး…

'ငါတော့ စိုးရိမ်သေးတယ်၊ မေသရဖူသိရင် ပြဿနာတက်တော့မှာ၊ ဟော့ကောင် မေသရဖူက မလွယ်ဘူးနော်၊ ခပ်ထက်ထက်ရယ်'

'ငါ တတ်နိုင်ပါတယ် သူငယ်ချင်းရာ၊ မင်း သိပ်စိတ်ပူမနေစမ်းပါနဲ့'

ချိန်ခါမိုးသည် ဖြိုးဝေ၏ ပခုံးကိုပုတ်ပြီး သူ့ကိုယ်သူယုံကြည်စိတ်ချစွာပြောလိုက်သည်။

* * *

သူတို့နှစ်ယောက်ရဲ့ ဒုတိယအကြိမ် ဆုံစည်းမှုကတော့ သူကိုယ်တိုင်ကပဲ စတင်ဖန်တီးခဲ့တာဖြစ်သည်။ ဘာဖြစ်မှန်းမသိ အခုရက်ပိုင်းအတွင်း အဲဒီမြန်မာစာဘက်ကို သွားချင်တာ ဖင်တကြွကြွဖြစ်နေပြီး အဲဒီဘက်ကပဲ ကားကို ခဏခဏဖြတ်မောင်းနေမိသည်။ ဒီတိုင်းသွားကြည့်ဖို့ကျတော့လည်း သူမလုပ်ချင်ပြန်။ ကိုယ့်စိတ်ထဲလည်း ဒီလောက်ကြီး ရောက်သေးတာ မဟုတ်။ ကရုဏာသက်မိတာလေးတစ်ခုတည်းနှင့် သူမအတန်းရှေ့မှာ သွားခစောင့်ချင်။

ထိုနေ့ကလည်း သူ မြန်မာစာကန်တင်းဘေးမှ ကားကို

ဖြတ်မောင်းလာစဉ် ကန်တင်းထဲသို့ ဝင်သွားသော သူမကို လှမ်းတွေ့လိုက်သည်။ သူ စိတ်ထဲမှာ ဝမ်းသာသွားသည်။

'ဟင်… ယုန်ဖြူပါလား'

သူမဟာ ထုံးစံအတိုင်း ပွယောင်းယောင်းအင်္ကျီနှင့် သိပ်အချိုးမကျ။ ဆံပင်ရှည်တွေကလည်း သူမရဲ့ ဝိသေသမို့ ဖျတ်ခနဲမြင်လိုက်တာနှင့် သူ့အလိုလိုကို မှတ်မိနေတော့တာ။

သူမကို တွေ့လိုက်တယ်ဆိုရင်ပဲ သူစကားပြောချင်စိတ်တွေက ထိန်းမရ။ သူ့ကိုတွေ့လျှင် ယုန်ဖြူ ဘယ်လိုတုံ့ပြန်မလဲ၊ သူ့ကိုရော မှတ်မိပါ့မလားဆိုတာ သိချင်တာကြောင့် ကားကို သစ်ပင်ရိပ်အောက်တွင် ထိုးရပ်ကာ ကန်တင်းဘက်သို့လျှောက်လာခဲ့သည်။ သူမ ကန်တင်းထဲဝင်ထိုင်ပြီး ထမင်းချိုင့်ဖွင့်နေပြီ။

'မယုန်ဖြူ'

'အဲ…'

ယုန်ဖြူ့မျက်နှာက ဘာကြောင့်မှန်းမသိ ရှုံ့မဲ့ကာ သူ့ကို မော့ကြည့်သည်။ သူ့ကို ဘာစကားမှလည်း ပြန်မပြော။ တစ်ခုခုကို ထွေးထုတ်လိုက်တော့မည့်ပုံစံမျိုး။

'ဟို… ကျွန်တော့်ကို မှတ်မိပါတယ်နော်'

ယုန်ဖြူက ဇွန်းကိုကိုင်ထားရာမှ သူ့ကို ခေါင်းဆတ်ပြသည်။ ဒီကောင်မလေး ဘာဖြစ်နေတာပါလိမ့်။





'ကျွန်တော် ထိုင်မယ်နော်'

ယုန်ဖြူက ဒုတိယအကြိမ် သူ့ကိုခေါင်းညိတ်ပြပြီး သ
ထိုင်နေရာခုံမှ အနောက်ဘက်သို့လှည့်ပြီး သူမရဲ့ပါးစပ်ထ
အရည်တွေကို ထွေးထုတ်လိုက်သည်။ ထိုစဉ်မှာပင် မျှော်
မထားသော ဖြစ်ရပ်တစ်ခုဖြစ်သွားလေသည်။

'ဟဲ့တော့… နင်… နင် ဘယ်လိုလုပ်လိုက်တာ

'ဟင်… မေ'

ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော မေသရ
ခြေထောက်ပေါ်သို့ ယုန်ဖြူ့ပါးစပ်မှ ထွေးထုတ်လိုက်သော
တွေ ပေကျံကုန်သည်။

ယုန်ဖြူက ပျာပျာသလဲ မေသရဖူကို တောင်းပန်
သည်။

'အဲ…ဟို…ဟို… ကျွန်မ တောင်းပန်ပါတယ်
ကျွန်မ ပြန်သုတ်ပေးပါ့မယ်၊ မမြင်လိုက်လို့ပါ'

မေသရဖူက ယုန်ဖြူ့ကို မကျေနပ်သည့်အကြ
ကြည့်ကာ သူ့ကို လှမ်းပြောသည်။

'မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ မိုးရေ… ဒီမှာ
စမ်းပါဦး၊ မိုးကိုမြင်လို့ မေက ဝင်လာတာ၊ ဒီမိန်းမ
တမင်လုပ်လိုက်တာ၊ ကြည့်စမ်းပါဦး'

ဖြတ်မောင်းလာစဉ် ကန်တင်းထဲသို့ ဝင်သွားသော သူမကို လှမ်းတွေ့လိုက်သည်။ သူ စိတ်ထဲမှာ ဝမ်းသာသွားသည်။

'ဟင်… ယုန်ဖြူပါလား'

သူမဟာ ထုံးစံအတိုင်း ပွယောင်းယောင်းအင်္ကျီနှင့် သိပ်အချိုးမကျ။ ဆံပင်ရှည်တွေကလည်း သူမရဲ့ ဝိသေသမို့ ဖျတ်ခနဲမြင်လိုက်တာနှင့် 'သူ့အလိုလိုကို မှတ်မိနေတော့တာ။

သူမကို တွေ့လိုက်တယ်ဆိုရင်ပဲ သူစကားပြောချင်စိတ်တွေက ထိန်းမရ။ သူ့ကိုတွေ့လျှင် ယုန်ဖြူ ဘယ်လိုတုံ့ပြန်မလဲ၊ သူ့ကိုရော မှတ်မိပါ့မလားဆိုတာ သိချင်တာကြောင့် ကားကို အစ်ပင်ရိပ်အောက်တွင် ထိုးရပ်ကာ ကန်တင်းဘက်သို့လျှောက်လာခဲ့သည်။ သူမ ကန်တင်းထဲဝင်ထိုင်ပြီး ထမင်းချိုင့်ဖွင့်နေပြီ။

'မယုန်ဖြူ'

'အဲ…'

ယုန်ဖြူ့မျက်နှာက ဘာကြောင့်မှန်းမသိ ရှုံ့မဲ့ကာ သူ့ကို မော့ကြည့်သည်။ သူ့ကို ဘာစကားမှလည်း ပြန်မပြော။ တစ်ခုခုကို ထွေးထုတ်လိုက်တော့မည့်ပုံစံမျိုး။

'ဟို… ကျွန်တော့်ကို မှတ်မိပါတယ်နော်'

ယုန်ဖြူက ဖွန်းကိုကိုင်ထားရာမှ သူ့ကို ခေါင်းဆတ်ပြသည်။ ဒီကောင်မလေး ဘာဖြစ်နေတာပါလိမ့်။





'ကျွန်တော် ထိုင်မယ်နော်'

ယုန်ဖြူက ဒုတိယအကြိမ် သူ့ကိုခေါင်းညိတ်ပြပြီး သူမထိုင်နေရာခုံမှ အနောက်ဘက်သို့လှည့်ပြီး သူမရဲ့ပါးစပ်ထဲမှ အရည်တွေကို ထွေးထုတ်လိုက်သည်။ ထိုစဉ်မှာပင် မျှော်လင့်မထားသော ဖြစ်ရပ်တစ်ခုဖြစ်သွားလေသည်။

'ဟဲ့တော့… နင်… နင် ဘယ်လိုလုပ်လိုက်တာလဲ'

'ဟင်… မေ'

ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော မေသရဖူ၏ ခြေထောက်ပေါ်သို့ ယုန်ဖြူ့ပါးစပ်မှ ထွေးထုတ်လိုက်သော အရာတွေ ပေကျံကုန်သည်။

ယုန်ဖြူက ပျာပျာသလဲ မေသရဖူကို တောင်းပန်ရှာပါသည်။

'အဲ…ဟို…ဟို… ကျွန်မ တောင်းပန်ပါတယ်ရှင်၊ ကျွန်မ ပြန်သုတ်ပေးပါ့မယ်၊ မမြင်လိုက်လို့ပါ'

မေသရဖူက ယုန်ဖြူ့ကို မကျေနပ်သည့်အကြည့်နှင့် ကြည့်ကာ သူ့ကို လှမ်းပြောသည်။

'မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ မိုးရေ… ဒီမှာ ကြည့်စမ်းပါဦး၊ မိုးကိုမြင်လို့ မေက ဝင်လာတာ၊ ဒီမိန်းမ မေ့ကို တမင်လုပ်လိုက်တာ၊ ကြည့်စမ်းပါဦး'

ယုန်ဖြူက ဘာမှပြန်မပြော။ မျက်လုံးလေး ကလယ် ကလယ်နှင့် အားကိုးတကြီး သူ့ကို လှမ်းကြည့်သည်။ သူမ၏ မျက်ဝန်းများက သူမ တမင်တကာလုပ်တာမဟုတ်ဘူးဆိုတာ သက်သေပြနေသည်။ ထို့ကြောင့် ယုန်ဖြူကို အကာအကွယ်ပေးရန် ဆုံးဖြတ်လိုက်သည်။

'ဩော်… မေကလည်း ယုန်ဖြူက တမင်လုပ်တာမှ မဟုတ်တာ၊ ကိုယ်လည်း မြင်သားပဲ၊ ပြီးတော့ မေ့ကိုလည်း တောင်းပန်ပြီးပြီပဲ၊ ဘာလဲ မေက မကျေနပ်သေးလို့လား'

ယုန်ဖြူက သူ့စကားကိုနားထောင်ပြီး ပိုအားနာသွားပုံဖြင့် ဗျာပျာသလဲ ဝင်ပြောသည်။

'ဟို… မမေ… ကျွန်မ တမင်လုပ်တာ မဟုတ်ပါဘူး၊ ကျွန်မ အရမ်းတောင်းပန်ပါတယ်နော်၊ ကျွန်မအကျင့်ကိုက အဲဒီလိုပဲ အရာရာနဲ့အကြောင်းကြောင်း၊ ကျွန်မ တစ်ရှူးနဲ့ ပြန်သုတ်ပေးမယ်လေ'

ယုန်ဖြူက အားနာနာနှင့် တစ်ရှူးတွေ ဆွဲထုတ်နေပြီး တကယ်သုတ်ပေးမည့်ပုံစံကြောင့် ချိန်ခါမိုး မနေသာတော့ဘဲ ဝင်ပြောရပြန်သည်။

'ယုန်ဖြူ နေနေ… ကျွန်တော် ရေးတောင်းပေးလိုက်မယ်၊ သူ့ဘာသာသူ ရေဆေးလိမ့်မယ်'





'ဒါဖြင့်လည်း မြန်မြန်တောင်းပေး မိုး၊ ဒီမှာ မေ့ခြေ ထောက်တွေ အရမ်းညစ်ပတ်နေပြီ'

မေသရဖူက ကျွန်တော့်ဘက်သို့လှည့်ပြောတော့ ယုန်ဖြူ က သူမကိုယ်တိုင် ရေသွားတောင်းရန် ထရပ်လိုက်သည်။ မိန်းကလေးချင်းအတူတူ ယုန်ဖြူကို သူ ဒီလိုလုပ်တာမမြင်ချင်။

'ယုန်ဖြူ ထိုင်နေပါ၊ ကျွန်တော် လှမ်းတောင်းပေးပါ့ မယ်'

ချိန်ခါမိုးသည် စားပွဲထိုးကို လှမ်းခေါ်ကာ ရေတစ်ခွက် တောင်းလိုက်သည်။ စားပွဲထိုးလေးကလည်း မော်ဒယ်ရုပ်ရှင် မင်းသား ချိန်ခါမိုးနှင့် ခပ်ချောချောမိန်းကလေးတစ်ယောက်၊ ခပ်ရိုးရိုး မလှသည့် ကောင်မလေးတစ်ယောက်တို့ ဘာဇာတ်လမ်း တွေဖြစ်နေသလဲဆိုတာ စပ်စုချင်နေပုံရသည်။

သူကတော့ လူတွေ၏ စူးစမ်းအကြည့်အောက်မှာ စိတ် ရှုပ်လှပြီဖြစ်သည်။ မေသရဖူက သူမရဲ့ခြေထောက်ကို ရေဆေး ပြီးသောအခါ သူ့ဘက်သို့လှည့်၍ ခပ်မာမာပြောလိုက်သည်။

'ကဲ… မိုး… မေ ပြန်မယ်၊ လိုက်ပို့ပေးပါ'

မေသရဖူ၏ပိုင်စိုးပိုင်နင်းစကားကြောင့် ချိန်ခါမိုး တွေ သွားသည်။ အခါတိုင်း မေခေါ်လျှင် ကားသော့ကို ကောက် ကိုင်ပြီး ထလိုက်တတ်ပေမယ့် ဒီနေ့တော့ မလိုက်ချင်။ ယုန်

ယုန်ဖြူက ဘာမှပြန်မပြော။ မျက်လုံးလေး ကလယ် ကလယ်နှင့် အားကိုးတကြီး သူ့ကို လှမ်းကြည့်သည်။ သူမ၏ မျက်ဝန်းများက သူမ တမင်တကာလုပ်တာမဟုတ်ဘူးဆိုတာ သက်သေပြနေသည်။ ထို့ကြောင့် ယုန်ဖြူကို အကာအကွယ်ပေးရန် ဆုံးဖြတ်လိုက်သည်။

'ဩော်… မေကလည်း ယုန်ဖြူက တမင်လုပ်တာမှ မဟုတ်တာ၊ ကိုယ်လည်း မြင်သားပဲ၊ ပြီးတော့ မေ့ကိုလည်း တောင်းပန်ပြီးပြီပဲ၊ ဘာလဲ မေက မကျေနပ်သေးလို့လား'

ယုန်ဖြူက သူ့စကားကိုနားထောင်ပြီး ပိုအားနာသွားပုံဖြင့် ဗျာပျာသလဲ ဝင်ပြောသည်။

'ဟို… မမေ… ကျွန်မ တမင်လုပ်တာ မဟုတ်ပါဘူး၊ ကျွန်မ အရမ်းတောင်းပန်ပါတယ်နော်၊ ကျွန်မအကျင့်ကိုက အဲဒီလိုပဲ အရာရာနဲ့အကြောင်းကြောင်း၊ ကျွန်မ တစ်ရှူးနဲ့ ပြန်သုတ်ပေးမယ်လေ'

ယုန်ဖြူက အားနာနာနှင့် တစ်ရှူးတွေ ဆွဲထုတ်နေပြီး တကယ်သုတ်ပေးမည့်ပုံစံကြောင့် ချိန်ခါမိုး မနေသာတော့ဘဲ ဝင်ပြောရပြန်သည်။

'ယုန်ဖြူ နေနေ… ကျွန်တော် ရေးတောင်းပေးလိုက်မယ်၊ သူ့ဘာသာသူ ရေဆေးလိမ့်မယ်'





'ဒါဖြင့်လည်း မြန်မြန်တောင်းပေး မိုး၊ ဒီမှာ မေ့ခြေထောက်တွေ အရမ်းညစ်ပတ်နေပြီ'

မေသရဖူက ကျွန်တော့်ဘက်သို့လှည့်ပြောတော့ ယုန်ဖြူက သူမကိုယ်တိုင် ရေသွားတောင်းရန် ထရပ်လိုက်သည်။ မိန်းကလေးချင်းအတူတူ ယုန်ဖြူကို သူ ဒီလိုလုပ်တာမမြင်ချင်။

'ယုန်ဖြူ ထိုင်နေပါ၊ ကျွန်တော် လှမ်းတောင်းပေးပါ့မယ်'

ချိန်ခါမိုးသည် စားပွဲထိုးကို လှမ်းခေါ်ကာ ရေတစ်ခွက်တောင်းလိုက်သည်။ စားပွဲထိုးလေးကလည်း မော်ဒယ်ရုပ်ရှင်မင်းသား ချိန်ခါမိုးနှင့် ခပ်ချောချောမိန်းကလေးတစ်ယောက်၊ ခပ်ရိုးရိုး မလှသည့် ကောင်မလေးတစ်ယောက်တို့ ဘာတွေတ်လမ်းတွေဖြစ်နေသလဲဆိုတာ စပ်စုချင်နေပုံရသည်။

သူကတော့ လူတွေ၏ စူးစမ်းအကြည့်အောက်မှာ စိတ်ရှုပ်လှပြီဖြစ်သည်။ မေသရဖူက သူမရဲ့ခြေထောက်ကို ရေဆေးပြီးသောအခါ သူ့ဘက်သို့လှည့်၍ ခပ်မာမာပြောလိုက်သည်။

'ကဲ… မိုး… မေ ပြန်မယ်၊ လိုက်ပို့ပေးပါ'

မေသရဖူ၏ပိုင်စိုးပိုင်နင်းစကားကြောင့် ချိန်ခါမိုး တွေဝေသွားသည်။ အခါတိုင်း မေခေါ်လျှင် ကားသော့ကို ကောက်ခနဲကိုင်ပြီး ထလိုက်တတ်ပေမယ့် ဒီနေ့တော့ မလိုက်ချင်။ ယုန်ဖြူ

'တာရာ မင်း ဘာစကားပြောတာလဲကွ'

တာရာ့စကားကြောင့် သူ့ဒေါသတွေက ဘယ်ကဘယ်လို ထွက်သွားမှန်းမသိ။ ငယ်ထိပ်တက်ဆောင့်သည်။

ဖြိုးဝေက ဘေးမှ သူ့လက်ကိုဆွဲပြီး ထိုင်ခိုင်းမှ သတိဝင်လာသည်။

'ဒီမှာ တာရာ၊ မင်းနဲ့ငါ အခုမှသိပေမယ့် ငါ့အကြောင်းပြောထားရဦးမယ်၊ ငါကပျော်ပျော်နေတတ်ပြီး ကားထည်လဲစီးပြီး ကောင်မလေးတွေကို ထည်လဲတွဲလည်း ဒီနေ့ဒီအချိန်အထိ ဘယ်ကောင်မလေးကိုမှ မဟုတ်တာမလုပ်ခဲ့ဘူးကွ၊ ငါ ကျိန်ပြောရဲတယ်၊ အဲဒါ ငါ့သိက္ခာပဲ၊ ငါ့သိက္ခာကို မစော်ကားနဲ့၊ ယုန်ဖြူ့ကို ဆိုတာလည်း သူ့ပုစံလေးကို သနားလို့ ငါဘာများဖြည့်ဆည်းပေးနိုင်မလဲဆိုတဲ့ စိတ်နဲ့ကွ'

'အေးပါကွာ ငါ နားလည်တယ်၊ တာရာ ဆောရီးကွာ၊ ဒီကောင်က သူ့သိက္ခာထိရင် မခံတတ်ဘူး၊ နားလည်ပေးကွာ၊ မိုးကြီး မင်းကလည်း ပြေပြေလည်လည်ပေါ့',

ဖြိုးဝေက ကြားထဲမှ တတ်နိုင်သလောက် ဝင်ထိန်းပေးတာမို့ အခြေအနေက ပြန်လည်ငြိမ်သက်သွားသည်။ တာရာကတော့ စိတ်မကြည်လင်ပုံနှင့်…

'မင်းတို့ကောင်တွေက မင်းတို့လည်း သိချင်သေးတယ်၊





ငါ့ကိုလည်း ကောင်းကောင်းမဆက်ဆံဘူး၊ ဘယ်လိုလဲကွ၊ ပြန်တာပဲကောင်းတယ်'

တာရာကပြောပြောဆိုဆို လွယ်အိတ်ယူပြီး ထထွက်သွားရန် ပြင်နေတာကြောင့် ချိန်ခါမိုးစိတ်လျှော့ပြီး သူကပဲ တောင်းပန်လိုက်သည်။

'ဆောရီးပဲ သူငယ်ချင်းရာ၊ ပြန်ထိုင်ပါဦး၊ သူ့အကြောင်းပြည့်ပြည့်စုံစုံလေး သိချင်တယ်၊ ငါ သူ့ကို တန်ဖိုးထားလွန်းလို့ ဒီလိုဖြစ်သွားရတာပါကွာ၊ ဆောရီး… ဆက်ပြောပြပါဦး၊ သူ့မှာ ဘဲဘဲတွေဘာတွေများ ရှိလားလို့'

သူက တောင်းတောင်းပန်ပန်ပြောမှ တာရာပြန်ထိုင်လိုက်သည်။ တာရာက သူ့ကို စုံစမ်းသလိုကြည့်သည်။

'မင်းဆိုလိုချင်တာက ယုန်ဖြူ့ကို မင်းက အတည်ပေါ့'

'အဲလိုလည်းမဟုတ်သေးဘူးကွ၊ သူ့ပုံစံလေးကို သနားတယ်ကွာ၊ ပြီးတော့ စိတ်ဝင်စားတယ်၊ အဲဒါကြောင့် မင်းဆီမှာ စုံစမ်းတယ်၊ ဒီလောက်ပဲကွာ၊ အတည်တို့၊ အပျော်တို့အဆင့် မရောက်သေးဘူး'

'မင်းက မင်းသားပီပီ စာတော်တော်တတ်တာပဲကွ၊ ထားပါတော့၊ ယုန်ဖြူ့အကြောင်းပဲ ဆက်ပြောရအောင်၊ သူ့မှာ ဘဲဘဲ မပြောနဲ့ ယောက်ျားလေးသူငယ်ချင်းတောင်မရှိဘူး၊ ယောကျ်ား

ကို မထားခဲ့ချင်သလို ခံစားရသည်။ ပြီးတော့ ယုန်ဖြူကို အခု သူ ကန်တင်းမှာထားခဲ့လျှင် 'ချိန်ခါမိုးတစ်ယောက် ချောတဲ့ ကောင်မလေးနောက်ပါသွားပြီ၊ အေးလေ ပါသွားမှာပေါ့၊ ဟိုတစ်ယောက်က လှမှမလှတာကိုး' ဟု ပတ်ဝန်းကျင်မှလူများ တီးတိုးပြောသံကို ပုံဖော်ကြည့်မိသည်။

အဲဒီလိုနှင့် သူ နေရစ်ခဲ့ရန် ဆုံးဖြတ်လိုက်သည်။

'မိုး… ဘာတွေးနေတာလဲ၊ သွားမယ်လေ'

'ကိုယ်မလိုက်သေးဘူး မေ၊ ကိုယ် အသိနဲ့စကားမပြောရသေးဘူး၊ သူနဲ့ စကားပြောလိုက်ဦးမယ်'

ချိန်ခါမိုး အေးဆေးစွာပြန်ပြောတော့ မေသရဖူ မျက်နှာပျက်သွားရသည်။ ယုန်ဖြူကတော့ သူ့ကို လိုက်သွားစေချင်သည့်ပုံဖြင့် လှမ်းကြည့်ပြီး…

'ဟုတ်သားပဲ လိုက်သွားလေ၊ ယုန်က ရပါတယ်၊ ထမင်းစားပြီး အတန်းပြန်မှာ'

အေးချမ်းစွာ ယုန်ဖြူက ထိုသို့ပြောလေ ယုန်ဖြူနံဘေးတွင် သူ နေချင်လေပါပဲ။ ထို့ကြောင့် အိတ်ယူပြီး ထနေသော မေသရဖူကို သူ ဥပေက္ခာပြုလိုက်သည်။ မေသရဖူကတော့ သူမနောက်ကို ချိန်ခါမိုး ကျိန်းသေထလိုက်လာမှာပဲဆိုသော အထင်နှင့် ထသွားလေပြီ။ သူကတော့ နူးညံ့ဖြူစင်သော ယုန်ဖြူ





မျက်နှာလေးကိုပဲ ငေးမောကြည့်နေမိသည်။

'ကဲ'

'ဟို'

သူ့အကြည့်ကို မှန်ကြောင်မလေးက မနေတတ်သလိုဖြစ်ပြီး မျက်မှန်ကိုင်းကို ပင့်တင်လိုက်သည်။ သူကလည်း ဘာရယ်မဟုတ်ဘဲ အူကြောင်ကြောင်ဖြစ်နေသော ထိုကောင်မလေးကို ရယ်ချင်စိတ်ဖြင့် ကြည့်နေတော့ သူမ မနေတတ်သလိုဖြစ်ကာ ရှေ့တွင်ချထားသော လက်ဖက်သုပ်ကို ခပ်စားလိုက်လေသည်။

သူမစားလိုက်သော လက်ဖက်သုပ်ထဲမှာ ငရုတ်သီးတောင့်ကြီးပါသွားတာ သူ မြင်လိုက်ပေမယ့် လှမ်းတားချိန်မရတော့။

'အား… စပ်လိုက်တာ'

ချိန်ခါမိုးသည် သူမအဖြစ်ကို ရယ်လည်းရယ်ချင်၊ သနားလည်းသနားနှင့် ရေနွေးတစ်ခွက်ကို ငှဲ့ပြီးလှမ်းပေးလိုက်သည်။

'ကဲ… ရော့… ရော့… သောက်လိုက်ဦး'

သူလှမ်းပေးသော ရေနွေးတစ်ခွက်ကို ယုန်ဖြူသည် ဟန်တောင်မဆောင်နိုင်ဘဲ ကပျာကယာသောက်လိုက်သည်။ ယုန်ဖြူ့မျက်နှာလေးနှင့် နှာခေါင်းထိပ်ကလေးတွေ ရဲရဲနီနေသည်။

'ကျေးဇူးတင်ပါတယ်ရှင်၊ ဒီမှာ ယုန် အရမ်းစပ်သွားတာ'

'ဟုတ်တာပေါ့၊ ယုန်ဖြူက ဘယ် ငရုတ်သီးစားနိုင်မလဲ၊ မုန်လာဥနီတို့၊ ကန်စွန်းရွက်တို့မှ…'

ချိန်ခါမိုးသည် စကားပြောလျှင် ယုန်က ယုန်ကနှင့် ထည့်ပြောတတ်သော မှန်ကြောင်မလေးကို နောက်ပြီးပြောလိုက်သည်။ မှန်ကြောင်မလေးကတော့ မျက်မှန်ကြည်ကြည်အောက်မှ ငရုတ်သီးကြောင့် မျက်ရည်ဝေ့သီနေသော မျက်ဝန်းများဖြင့် သူ့ကို ပြုံးပြကာ…

'ယုန်… အဲ… ကျွန်မ အဲဒီအတိုင်းပဲ အမြဲ နမော်နမဲ့နဲ့ ရှင့်'

သူက မှန်ကြောင်မလေးကို ဘာမှမပြောဘဲရယ်ကာ သူမကို ဆက်ပြီးစချင်စိတ် ပေါက်သွားသည်။

'ဟာ… ကြည့်စမ်း ယုန်ဖြူ့ချိုင့်ထဲမှာ ဟင်းတွေ အများကြီးပဲ၊ ကျွန်တော်လည်း ထမင်းမစားရသေးတာနဲ့ အတော်ပဲ၊ ကျွေးမှာလား'

သူ့စကားကြောင့် မှန်ကြောင်မလေးက သူ့ကို အားနာသံလိုနှင့် လှမ်းကြည့်သည်။

'ဟို… ဟို… ယုန့်ဟင်းက…'

'ဘာလဲ မကျွေးချင်လို့လား'

သူက ယုန်ဖြူ့ကို ဆက်စချင်တာကြောင့် မေးလိုက်မိ





သည်။ တကယ်ဆို သူက အဲလိုမျိုး သူများ ထမင်းဟင်းတွေ နှိုက်စားဖို့မပြောနှင့် မေမေ့ပန်းကန်ထဲက ယူစားဖို့တောင် ဝန်လေးတတ်သူပင်ဖြစ်သည်။

'ဟိုလေ… အဲလိုတော့ မဟုတ်ဘူး၊ ဒီဟင်းက မကောင်းပါဘူး ယုန်ချက်ထားတာ၊ စားချင်ရင် မနက်ဖြန်မှ စားပါလား၊ ကောင်းကောင်းလေးချက်လာပေးမယ်လေ၊ ဒီဟင်းက…'

ယုန်ဖြူက ဆက်မပြောဘဲ ငြိမ်နေတာကြောင့် သူက ရယ်မောရင်း…

'ကျွန်တော်ကတော့ ဒီနေ့ပဲစားချင်တာ ပိုရင်းနှီးသွားအောင်လေ'

'ဟင်းက မကောင်းဘူးရှင့်၊ တူးနေတာ'

ယုန်က မျက်နှာအပျက်ပျက်နှင့်ပြောလိုက်တော့ သူ အရမ်းသနားသွားသည်။ ဖြစ်ရလေ မိန်းကလေးရယ်၊ ဟင်းအတူးကို ကျောင်းထည့်လာရသလား။

'တူးနေရင်လည်း ဘာလို့ထည့်လာတာလဲ ယုန်ဖြူရယ်၊ ဆိုင်က ဝယ်စားပေါ့၊ မဟုတ်သေးပါဘူး'

'အန်တီလေးက ထည့်သွားဆိုလို့ပါ'

'ကဲ… ကဲ… ဒါတွေ မစားနဲ့တော့'

သူက စိတ်မြန်လက်မြန်ပင် ယုန်ဖြူ့ချိုင့်ထဲကဟင်းတွေ

သွန်ပစ်ပြီး စားပွဲထိုးကောင်လေးကို လှမ်းခေါ်လိုက်သည်။

'ကဲ… ယုန်ဖြူ ဘာစားမလဲ'

'ဟင့်အင်း ယုန်မစားချင်ဘူး၊ ဟိုလေ မမှာနဲ့'

ချိန်ခါမိုးသည် ယုန်ဖြူ့စကားကို ဆုံးအောင်နားမထောင်တော့ဘဲ ထမင်းပေါင်းနှစ်ပွဲ မှာလိုက်သည်။ စားပွဲထိုးကောင်လေး ထွက်သွားတာနှင့် ယုန်ဖြူက မျက်နှာနီနီဖြင့်…

'ဘာလို့မှာလိုက်ရတာလဲ ယုန်ဖြူ ပိုက်ဆံမလောက်ရင် ဒုက္ခပဲ'

'ကျွန်တော် ရှင်းမှာပါ ယုန်ရယ်'

'ရှင့်ကို အားနာလိုက်တာ၊ ရှင်လည်း ယုန့်ကြောင့် ပိုက်ဆံကုန်ရတယ်'

'အားနာရင် ကျွန်တော့်ကို ပြန်ခင်လေ၊ ကျွန်တော်ကတော့ ယုန်ဖြူ့ကို သိပ်ခင်နေပြီ'

သူ့စကားကြောင့် ယုန်ဖြူ မျက်လုံးလေးပြူးကြည့်သည်။

'ယုန်က မခင်ရဲပါဘူးရှင်၊ ပြီးတော့ ယုန်က လူမှုဆက်ဆံရေးလည်း သိပ်မကောင်းဘူး'

'ကျွန်တော့်အမြင်တော့ ယုန်က သိပ်ခင်စရာကောင်းတာပဲ'

ထမင်းပေါင်းရောက်လာတော့ သူက ယုန်ဖြူ့ကိုအတင်း





စားခိုင်းရသည်။ သူက စားပြီးပေမယ့် ယုန်ဖြူအနေမခက်စေရန် သူပါ စားပြရသေးသည်။

'ယုန်ဖြူ ဒီကပြီးရင် ဘယ်သွားမှာလဲ'

'အတန်းထဲပြန်ပြီး ဝတ္ထုဖတ်မယ်လေ'

'အိမ်မှာဖတ်ပေါ့၊ ကျွန်တော်နဲ့စကားပြောလေ၊ ကျွန်တော်တို့ ခင်သွားပြီလေ'

'အိမ်မှာက… အဟင်း…'

ယုန်ဖြူက ဘာမှဆက်မပြောဘဲ ရပ်သွားတာကြောင့် သူကလည်း အလိုက်တသိ ဆက်မမေးတော့။

'ကျွန်တော်တို့ ခင်သွားပြီနော်၊ နောက်နေ့ ကျွန်တော် လာလည်လို့ ကန်တင်းထိုင်ဖို့ လာခေါ်ရင် လိုက်ကျွေးရမှာနော်'

မှန်ကြောင်မလေးက တခြား ကောင်မလေးတွေလို ပဲမများဘဲ ပုတ်သင်ညိုမလေးသဖွယ် ခေါင်းညိတ်ပြသည်။ မျက်မှန်အဝိုင်းလေးက နှာခေါင်းပေါ်သို့ လျှောကျလာသည်။ မျက်မှန်နှင့်ဖုံးကွယ်ထားသော မျက်ဝန်းကြည်ကြည်လေးတွေကို သူ ငေးခနဲ ဖြစ်သွားသည်။

အဲဒီမျက်ဝန်းလေးတွေထဲတွင် ရိုးသားမှုတွေ အပြည့်ရှိသည်ဟု သူထင်သည်။

'ကျွန်တော်က ရူပဗေဒ (Physics) ကပါ'

ယုန်ဖြူက မငွေမေးဓါတော့ ကိုယ့်ဘာသာပဲ မိတ်ဆက်ရသည်။

'ဖစ်ဆစ်ဆိုတော့ ယုန်တို့ဘက်နဲ့ ဝေးတယ်နော်၊ ယုန်ကတော့ အတန်းထဲနဲ့ စာကြည့်တိုက်ပဲ သွားလေ့ရှိတာလေ၊ ကဲ… ယုန်သွားတော့မယ်နော်၊ ဒီနေ့ ယုန့်ကိုကျွေးတဲ့အတွက် ကျေးဇူးတင်ပါတယ်'

မှန်ကြောင်မလေးက သူ့ကို ယဉ်ယဉ်ကျေးကျေး နှုတ်ဆက်တော့ သူ ခေါင်းဆတ်ပြလိုက်သည်။

ကန်တင်းထဲမှာလည်း အချို့ကသူ့ကို ချိန်ခါမိုးဆိုပြီး သိနေသောပုံစံနှင့် အကဲခတ်နေကြသည်။ မှန်ကြောင်မလေးကတော့ သူ့ကို သိပုံမပေါ် ခပ်အေးအေးပင်။

ဘာပဲဖြစ်ဖြစ်ပါ မျက်မှန်လေးအောက်မှ ကြည်လင်သော မျက်ဝန်းအစုံကို သူသဘောကျမိသည်။ ပြီးတော့ ကရုဏာလည်း သက်မိသည်။

မှန်ကြောင်မလေးရေ…

တက္ကသိုလ်ကျောင်းသားတစ်ယောက်က ကျောင်းသူတစ်ယောက်ကို စိတ်ဝင်စားတယ်ဆိုတာ သိပ်ထူးဆန်းတဲ့ကိစ္စတော့ မဟုတ်ပါဘူးနော်။

* * *



ယုန်ဖြူသည် အိမ်ပြန်ရောက်ရောက်ချင်း လွယ်အိတ်ကြီးကို စားပွဲပေါ်ပစ်တင်ကာ ခုတင်ပေါ် ဝုန်းခနဲလှဲချ၍ ခေါင်းအုံးကြီးကို ဖက်ထားလိုက်သည်။ ဒီနေ့ ယုန့်ရင်ထဲတွင် ရှင်မြူးနေတာကြောင့် မျက်နှာက ပြုံးတုံ့တုံ့လေးဖြစ်နေသည်။

ထိုနေ့က ကံကောင်းစွာ အန်တီလေးတို့မိသားစု အပြင်သွားနေသဖြင့် ယုန်တစ်ယောက်တည်း ဖြစ်နေသည်။ ယုန်သည် ခေါင်းအုံးကြီးကို အားရပါးရဖက်ကာ စိတ်ကူးတွေယဉ်ကြည့်မိသည်။ စိတ်ကူးယဉ်ခြင်းဟာ ယုန့်ဘဝအတွက် အကျေနပ်ဆုံးအချိန် ဖြစ်သည်။

နေ့လယ်ခင်းက ကျောင်းမှာကြုံတွေ့ရသော အဖြစ်အပျက်က ယခုအချိန်အထိ ယုန့်ကို ရင်ခုန်စေပါသည်။ ချောမော ခံ့ညားသော လူငယ်လေး၏ မျက်ဝန်းနက်များက ယုန့်ကို ခုချိန်ထိ ဖမ်းစားထားသည်။

သူသည် အင်မတန်မှ သပ်ရပ်သန့်ရှင်း၍ စမတ်ကျသော ကောင်လေးတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် ယုန့်လို အူကြောင်ကြောင်ကောင်မလေးနှင့် ဘယ်လိုမှမလိုက်ဖက်လှပါ။

အို… မိယုန်ဖြူရယ်၊ နင် ဘာတွေလျှောက်တွေးနေတာလဲ၊ ဒီလိုကောင်လေးမျိုးက နင့်ကို စိတ်ဝင်စားပါ့မလား။ စိတ်ဝင်စားလည်း ခဏပဲပေါ့၊ ဘယ်လိုအူကြောင်ကြောင်ကောင်မလေးလဲဆိုပြီးတော့ပေါ့။ နင်ကသာ စိတ်ကူးတွေ စွတ်ယဉ်နေတာကိုး။

အင်းလေ…စိတ်ကူးယဉ်ခွင့်ရတာကိုက ယုန်ဖြူ့အတွက် ကျေနပ်စရာပါ။ တစ်ခါတစ်ခါ မဖြစ်နိုင်သောအရာများကို စိတ်ကူးယဉ်ကြည့်ခြင်းက ယုန်ဖြူ့အတွက် လှပတဲ့ စိတ်ကူးယဉ်ကမ္ဘာလေးပါ။ ဘာပဲဖြစ်ဖြစ် ထိုပုဂ္ဂိုလ်လေးကို ခေါင်းထဲက အမြန်ဆုံးထုတ်လိုက်တာ ကောင်းပါတယ်လေ။

သူလိုကောင်လေးမျိုးနဲ့ ဟို မေသရဖူဆိုသော ခပ်ချောချောကောင်မလေးနှင့်မှ လိုက်ဖက်တာပါ။ ဟိုအမျိုးသမီးလေးက ပိုက်ဆံရှိမယ့်ပုံ၊ ရုပ်ချောမယ့်ပုံ ပေါ်ပါသည်။ ယုန်ဖြူနှင့် အဲဒီ





မေသရဖူနှင့် ယှဉ်လိုက်လျှင် အကွာကြီးကွာခြားလှပါသည်။

တော်ပါပြီ။ ချိန်ခါမိုးဆိုသော နာမည်ခပ်ဆန်းဆန်းနှင့်ကောင်လေးကို ယုန်ဖြူ့ခေါင်းထဲမှ အမြန်ထုတ်ပစ်လိုက်တာပဲ အကောင်းဆုံးပါ။

ကောင်လေးရေ… ကျေးဇူးပြုပြီး ယုန့်ကို အရှုးမလုပ်ပါနဲ့။ ယုန့်ဘာသာ စာအုပ်တွေနဲ့ အေးအေးနေပါရစေကွယ်။ ယုန် ရင်တွေ မခုန်ချင်တော့လို့ပါ။

'ဒုန်း… ဒုန်း'

ထိုစဉ်မှာပင် အိမ်ရှေ့မှ တံခါးထုသံခပ်ပြင်းပြင်းကြောင့် စိတ်ကူးတွေ တစ်ပိုင်းတစ်စ ရပ်တန့်သွားသည်။

'လာပြီ…လာပြီ'

အိပ်ခန်းထဲမှ အပြေးတစ်ပိုင်းထွက်ကာ တံခါးကို သွားဖွင့်ရသည်။ တံခါးဖွင့်ပြီးတာနှင့် အန်တီလေးက ယုန့်ကို ဆီးဆူပါသည်။

'အပြင်မှာ အလုပ်အဆင်မပြေလို့ စိတ်ညစ်ရတာကတစ်မျိုး၊ အိမ်ရောက်တော့ တံခါးကြီးပိတ်ထားလို့ အသက်ထွက်မတတ် တံခါးခေါက်ရတာကတစ်မျိုးနဲ့ ငါ စိတ်ညစ်တယ်၊ ဒီတစ်ခါလည်း မမခင်တို့ ကူညီလိုက်လို့၊ မမခင်သာ မကူညီရင် ငါလည်း ဒုက္ခရောက်မှာပဲ'

အပြင်က အဆင်မပြေဖြစ်ပြီးပြန်လာသော အန်တီလေး

အတွက် ယုန်ဖြူ သံပရာရည်တစ်ခွက် ဖျော်ပေးလိုက်ပါသည်။ အန်တီလေးစကားထဲတွင်ပါသော အန်တီခင်ဆိုတာ အန်တီလေး ခဏခဏပြောရ၍ လူမမြင်ဖူးပေမယ့် ယုန်ဖြူ ရင်းနှီးနေပါပြီ။

'အဲဒီ အန်တီခင်က အန်တီလေးကို အရမ်းကူညီတာပဲနော်'

'ကူညီဆို ငါတို့က ငယ်သူငယ်ချင်းတွေလေ၊ ညည်း ဦးလေးဆုံးပြီးကတည်းက ငါ ကလေးနှစ်ယောက်နဲ့ ရုန်းကန်နေ တာကိုသိလို့ တတ်နိုင်သလောက် ကူညီနေတာပေါ့အေ'

အန်တီလေးအမျိုးသားဆုံးတာ ငါးနှစ်ရှိပါပြီ။ သည်လို အခြေမပျက် ဆက်ဆံနေနိုင်တာဟာ အန်တီခင်ဆိုသည့် အမျိုး သမီးကြီး၏ ကျေးဇူးမှန်း ယုန်ဖြူ သိပါသည်။

စိန်ပွဲစား၊ ကျောက်ပွဲစားလုပ်နေသော အန်တီလေး၏ အလုပ်မှာလည်း အဆင်ပြေလျှင် မြိုးမြိုးမြက်မြက်ရတတ်သလို အဆင်မပြေလျှင်လည်း ကျပ်တည်းနေတတ်သည်။

ယုန်ဖြူသည် ပစ်ပန်းစွာ အသက်ကို ရှူရှိုက်လိုက်သည်။ နောက်ဘဝဆိုတာ ရှိခဲ့ရင် အခုငွေကြေးအတွက် ပူပန်နေရတာမျိုး မရှိပါစေနဲ့ဟု ဆုတောင်းလိုက်မိတော့သည်။ ယုန်ဖြူ၏ ဦးနှောက် ထဲမှာ အိမ်အတွက် စိတ်ပူပန်ပေးရ တာနှင့်ပင် ချိန်ခါမိုးဆိုသည့် အရိပ်ကလေးမှာ အလိုလိုလွှင့်ပါး ပျောက်ကွယ်သွားရတော့သည်။

* * *



'အင်း... မာမှီသားက သိပ်ဆုတောင်းကောင်းတာပဲ၊ မာမှီသားရိုက်သမျှအခွေတွေ အကုန်လုံးပေါက်နေတာပဲ၊ အင်း... မာမှီသားက ဗီဒီယိုမင်းသားဆိုတော့ သားဘေးနားမှာ ကောင်မ လေးတွေ ဝိုင်းနေမှာပဲ၊ ဒီထဲက ခေါင်းခေါက်ပြီးရွေးရုံပေါ့၊ ဒါပေမဲ့ မာမှီသား အောင်မြင်ကျော်ကြားမှုကြောင့် အချစ်စစ်ဆိုတာ တော့ ရှာရခက်မယ်ထင်တယ်'

မာမှီစကားကို သူနားထောင်ပြီး သူ့မျက်ဝန်းထဲမှာ ဖျတ် ခနဲပေါ်လာတာက ယုန်ဖြူဆိုသော မှန်ကြောင်မလေးရဲ့ ပုံရိပ်ပဲ ဖြစ်ပါသည်။ သူမလေးကတော့ ဘာမှသိပုံမပေါ်ပါ။

'အချစ်စစ်ဆိုလို့ မာမှီကိုပြောရဦးမယ်၊ ကျောင်းမှာ

ကောင်မလေးတစ်ယောက်ကို သားတွေ့တယ်'

သူက သူနှင့်လောလောဆယ် တွဲနေသည့် ကောင်မလေးတွေအကြောင်းကို မာမိကို ကြုံကြိုက်လျှင်ပြောပြလေ့ရှိသူမို့ မာမိအတွက်က မဆန်းတော့။ မာမီက သူ ကောင်မလေးတွေ အများကြီးတွဲတာကို ဘာမှမပြောပေမယ့် သူများတကာသားသမီးကို နစ်နစ်နာနာမဖြစ်စေဖို့တော့ အမြဲဆုံးမလေ့ရှိပါသည်။ သူကလည်း မာမိစကားကို နားထောင်သည်။

'ကဲ… ပြောပါဦး။ ကောင်မလေးတစ်ယောက် ကျောင်းမှာရှိတာများ အဆန်းလုပ်လို့၊ ဟွန်း…'

'ကျွန်တော့်စကားလည်း ဆုံးအောင်နားထောင်ပါဦး မာမီရဲ့၊ အဲဒီကောင်မလေးပုံစံက တကယ့်ကို ရယ်စရာလေး၊ ပုံစံလေးကိုက အဘွားကြီးအတိုင်းပဲ၊ သားဖြင့် စတွေ့တုန်းက သူ့ပုံကို ကြည့်ပြီး သဘောတောင် အူကြောင်ကြောင်ဖြစ်သွားတာ၊ ပြီးတော့ ရယ်လည်း အရမ်းရယ်ချင်သွားတာ'

'အင်း… မာမိသားတော့ ဇာတ်လမ်းအသစ်စပြန်ပြီထင်ပါရဲ့၊ ဘာငှ သားရဲ့ အခုလက်ရှိတွဲနေတဲ့ကောင်မလေးတွေကို ရိုးသွားပြန်ပြီလား'

မာမီက သူ့အကျင့်ကို သိနေပုံဖြင့် ခပ်တည်တည်မေးလိုက်သည်။





'မဟုတ်ဘူး မာမီရဲ့၊ သူ့ပုံစံလေးကို သားက သနားလို့ပါ၊ ပုံစံလေးက ကုပ်ကုပ်ကလေး၊ တကယ့်ကို လူတောမတိုးရဲတဲ့ပုံစံလေးပါ၊ စာကြမ်းပိုးလေး၊ ဝတ္ထုတွေအရမ်းဖတ်ပြီး စာရေးဆရာမ ဖြစ်ချင်နေတဲ့သူတဲ့ မာမီရေ'

မာမီက သူ့စကားကို နားထောင်ပြီး…

'စာရေးဆရာမလေးကို သားကသွားပြီး ဇာတ်လမ်းလုပ်ချင်နေတာပေါ့လေ'

သူက မှန်ကြောင်မလေး၏ ပုံစံကို မြင်ယောင်ပြီး မာမိစကားကို ရယ်နေမိသည်။ အဲသည့် မျက်မှန်အောက်မှ မျက်ဝန်းလေးတွေက ရိုးသား လှတာကို သူ နှစ်သက်ပါသည်။ ပြီးတော့ သူ့ကိုလည်း တက်သစ်စမင်းသားလေး ချိန်ခါမိုးမှန်း သိပုံမပေါ်ပါ။

သူ့အတွက်တော့ ယုန်ဖြူက ရှားပါးပစ္စည်းလေးပါ။ သူမလို ရိုးသားကြည်လင်တဲ့ မျက်ဝန်းပိုင်ရှင်ကို မတွေ့ဖူးပါ။ သူတွေ့ဖူးတာက လှံပသော ဆေးရောင်စုံမျက်ဝန်းများသာဖြစ်ပြီး သူ့ကို အဲဒီအလှတွေဖြင့် ဖြားယောင်းရန်ကြိုးစားနေကြသူတွေ မဟုတ်လား။

'ဇာတ်လမ်းလုပ်တာတော့ မဟုတ်ပါဘူး မာမီရယ်'

'ဘာလဲ ငါ့သားက ကောင်မလေးကို တော်တော်ကျနေပြီလား'

မာမီက သူ့ကို ပါးနပ်စွာ မေးလိုက်တော့…

'မဟုတ်သေးပါဘူး မာမီရယ်၊ သူ့ကိုချစ်လား၊ မချစ်ဘူးလား ကိုယ့်ကိုယ်ကို မသေချာသေးပါဘူး၊ အခုမှ စိတ်ဝင်စားတဲ့အဆင့်ပဲ ရှိပါသေးတယ်'

'ထားပါတော့လေ၊ ဘာပဲဖြစ်ဖြစ်ပါ မာမီက သူများမအေတွေလို တိုထွာပြီး မတားမြစ်ပါဘူး၊ သားရဲ့လက်တွဲဖော်က ချမ်းသာတာ၊ ဆင်းရဲတာထက် အကျင့်စာရိတ္တကောင်းရင်ပြီးတာပါပဲ'

'အမလေး မာမီရယ်၊ မုန့်ဆီကြော်က ဘယ်နေ့မှန်းတောင် မသိသေးဘူး'

ချိန်ခါမိုးသည် ကလေးတစ်ယောက်လိုပင် မာမို့ပေါင်ပေါ် ခေါင်းအုံးပြီးပြောလိုက်သည်။ မာမီနှင့်သူက ဒီတိုင်းပင် သူငယ်ချင်းပေါင်း ပေါင်းကြသည်။ ဒယ်ဒီနှင့် ကွာရှင်းပြီး ဒယ်ဒီနိုင်ငံခြားထွက်သွားကတည်းက မာမို့ရင်ငွေ့နှင့် ကြီးခဲ့ရတာဖြစ်သည်။ ဒယ်ဒီက သူငယ်စဉ်ကတည်းက ထွက်သွားတာမို့ ဒယ်ဒီ့အကြောင်း သိပ်မသိ။ ဒယ်ဒီ့အချစ်ကို မရခဲ့ပေမယ့် မာမီက ပြည့်စုံအောင် သူ့ကို ထားပါသည်။ အလိုလည်းလိုက်ပါသည်။ သို့သော် စည်းလွတ်ဝါးလွတ်တော့ မဟုတ်ချေ။ သူကလည်း မာမီမကြိုက်သောအလုပ်ကို မလုပ်မိအောင် ရှောင်သည်။





မာမီက သူ့ဆံပင်တွေကို သပ်ပေးရင်း…

'နေပါဦး… အဲဒီကောင်မလေးက ငါ့သားကို ဗီဒီယိုမင်းသားမှန်း မသိဘူးလား'

'ဟား… ဟား… ဝေးပါသေးတယ် မာမီရာ၊ နောက်တစ်ကြိမ်ပြန်ဆုံတော့ သားနာမည်ကိုတောင် မနည်းစဉ်းစားနေရတဲ့ပုံဗျ၊ ပထမဆုံးအကြိမ် တွေ့တုန်းက သားလည်း ဇာတ်လမ်းလုပ်တယ်ထင်လို့ မင်း ငါ့ကို တကယ်မသိဘူးလားလို့၊ ကောင်မလေးက ဘာပြန်ဖြေတယ်မှတ်လဲ၊ ကျွန်မ အသိထဲမှာ ရှင့်လိုပုံစံမျိုးမရှိတာအမှန်ပဲတဲ့၊ တကယ့်အူကြောင်ကျားလေး'

ချိန်ခါမိုးသည် မာမို့ကို သူမနှင့် စတွေ့တုန်းကအကြောင်းလေးတွေ ပြန်ပြောပြမိသည်။ အင်း… ဒီမှန်ကြောင်မလေးနဲ့ သူနဲ့ ချစ်သူတွေဖြစ်သွားကြရင်ရော ဒီလိုအူကြောင်ကျားပုံစံလေးနှင့် သူ အမြဲရယ်နေရမှာလား။

'ဟာ… ငါ့သား ကောင်မလေးအကြောင်းတွေးရင်းနဲ့ ပြုံးနေပြန်ပြီ။ ကဲ…ကဲ… သားရေ ဒီလောက်လည်း ညွှန်းမနေပါနဲ့၊ မာမီတောင် စိတ်ဝင်စားလာပြီ၊ အိမ်ကိုတစ်ခါလောက်ခေါ်ခဲ့ပါကွယ်'

'အင်းပါ မာမီရဲ့၊ ဒါပေမဲ့ သားနဲ့သူက အသိမိတ်ဆွေအဆင့်မှာ ရှိသေးတယ်'

'ဟော… အရင်တုန်းက လက်သွက်ခြေသွက်နဲ့ မာမို့သား

က အခုကျတော့ ကြိုက်တာတောင် ဖွင့်မပြောရဲသေးပါလား'

'မာမီကလည်း ဒီတစ်ခါ သားက ဟောဒီရင်ဘတ်ထဲက တကယ်ချစ်မချစ် ကိုယ့်ကိုယ်ကို သေချာချင်နေတာ၊ သူ့လိုပုံစံလေးကို အပျော်လည်းမထားရက်ပါဘူးဗျာ'

သူက မာမီ့ကို ရင်ဘတ်ပုတ်ပြပြီးပြောလိုက်တော့ မာမီက ဘာပြောတယ်မှတ်လဲ။ ဆက်ကြိုးစားပေါ့တဲ့။ ဟဲ… ဟဲ… ဘယ်လောက်ကောင်းလိုက်တဲ့ အမေလဲ။

ကဲ… မှန်ကြောင်မလေးရေ၊ မင်းကို ငါ တကယ်ချစ်မချစ်ဆိုတာ သေချာသွားတဲ့နေ့ကျရင် မင်းဆီကို ကိုယ်အရောက်လာခဲ့ပါ့မယ်ကွာ။ ရင်ထဲကအချစ်ကို ကိုယ်သေချာချင်တယ်ကွာ၊ မင်းလိုမိန်းကလေးကို အပျော်မချစ်ချင်လို့ပါ။ ပြီးတော့ ထားလည်း မထားခဲ့ချင်ဘူးလေ။ ကိုယ့်ကြောင့် မင်း စိတ်မဆင်းရဲစေချင်လို့ပါကွာ။ ကိုယ့်ကြောင့် မင်းကို ပျော်ပျော်စေချင်တယ်ကွယ်။

သူသည် ယခင်က အရာအားလုံးကို ပျော်ပျော်နေ၊ ခပ်ပေါ့ပေါ့လေး သဘောထားခဲ့ပေမယ့် ယုန်ဖြူနှင့်ပတ်သက်လို့တော့ သူ လေးနက်ချင်သည်။ သေချာချင်သည်။ ဒါက ယုန်ဖြူ့အပေါ်ထားသည့် သဘောထားပါ။

* * *





သူ ယုန်ဖြူ့ကိုချစ်တာ အသေအချာပါပဲဟု သူ့ကိုယ်သူ အသေအချာသိသွားသည့်နေ့ကတော့ မကြာမီရက်များအတွင်း ရောက်ရှိလာခဲ့သည်။ သူ ကားမောင်းရင်း မြန်မာစာဆောင်သို့ဟု ဆိုင်းဘုတ်ကိုတွေ့တာနှင့် ကားဘရိတ်ကို ဝုန်းခနဲဆောင့်နင်းလိုက်သည်။ နံဘေးမှာထိုင်လျက် သီချင်းနားထောင်နေသော ဖြိုးဝေတောင် လန့်သွားသည်။

'ဟေ့ကောင် မိုးကြီး၊ ဘာဖြစ်တာလဲကွာ၊ ငါ့ဖြင့်လန့်သွားတာပဲ၊ လူတိုက်မိပြီတောင် ထင်တာ'

'မဟုတ်ဘူးကွ၊ ဟိုမှာလေ'

သူက ဆိုင်းဘုတ်ကို ညွှန်ပြတော့ ဖြိုးဝေက လှမ်းကြည့်ပြီး…

'အဲဒါ ဘာဖြစ်လဲ'

'ငါ အဲဒီဆိုင်းဘုတ်ကိုကြည့်ပြီး တစ်စုံတစ်ခုကို သတိရလာလို့၊ ဟဲ… ဟဲ… စိတ်ထဲမှာလည်း သူ့ကိုတွေ့ချင်လာတယ်လေကွာ'

'ဘာလဲ မြန်မာစာက ကွင်းကိုလား၊ သူကဖြင့် သိပ်မချောဘဲနဲ့'

'မြန်မာစာဘက်သွားတိုင်း ကွင်းဆီကို သွားတာလား ဖြိုးဝေရာ၊ ငါက ယုန်ဖြူ့ဆီသွားမလို့ပါ၊ သူ့ကိုမတွေ့ရတာ တစ်ပတ်လောက် ရှိနေပြီလေ၊ သူ ဘာလုပ်နေမလဲ ငါသိချင်တယ်'

'ကျွတ်… ဒီအကြောင်းကျားမလေးကိုများကွာ၊ ငါပဲ မှားပါတယ်၊ မင်း ဆေးစားမှားနေလား'

ဖြိုးဝေက သူ့နဖူးသူရိုက်ပြီးပြောသည်။ ချိန်ခါမိုးသည် ဖြိုးဝေကို စိတ်မရှည်သလိုကြည့်ရင်း…

'မင်း လိုက်မှာလား၊ မလိုက်ဘူးလား၊ မလိုက်ရင် မင်းကို ငါ ဒီမှာပဲ ချထားပေးခဲ့မယ်'

'လိုက်မှာပါ၊ မင်းရဲ့ အကြောင်းကျားဇာတ်လမ်း ဘယ်





အထိဆက်ဦးမလဲ စောင့်ကြည့်လိုက်ဦးမယ်'

ဟုတ်တယ် ယုန်ဖြူရေ…

မင်းရဲ့အကြောင်းကြောင်ပုံစံလေးကို ငါမြင်ချင်တယ်။ လူတောမတိုးဝံ့တဲ့ ပုံစံလေးကို လူတောတိုးအောင် ငါ လုပ်ပေးချင်တယ်ကောင်မလေးရယ်။ မင်းရဲ့ Hero ဖြစ်ခွင့်ရမလား။

သူတို့ အတန်းရှေ့ရောက်တော့ အတန်းထဲတွင် ယုန်ဖြူကမရှိ။ အတန်းထဲမှ ကောင်မလေးတွေမေးကြည့်တော့ မသိဘူးတဲ့။ အဲဒီလောက်တောင် အပေါင်းအသင်းနည်းရလား ယုန်ဖြူရယ်။ ကရုဏာသက်ပြီးရင်း သက်နေမိသည်။

နောက်ဆုံး တာရာ့ကိုရှာပြီးမေးတော့ တာရာက စာကြည့်တိုက်ဘက် သွားတာနေမှာပေါ့ဟု မှတ်ချက်ပေးသည်။

သူ ယုန်ဖြူ့ကို ပိုပြီးကရုဏာသက်မိသည်။ သူမလေးဟာ အမြဲတမ်း ဒီလိုပဲ တစ်ယောက်တည်းပဲပေါ့။

'ဖြိုးဝေ… ငါတို့ စာကြည့်တိုက်ဘက်သွားရအောင်'

ဖြိုးဝေကိုထပ်ပြီးခေါ်တော့ ဒီတစ်ခါ ဖြိုးဝေမလိုက်တော့။

'သွား… သွား မင်းတစ်ယောက်တည်းပဲ၊ ငါ ကန်တင်းမှာ တာရာနဲ့ စကားပြောရင်း ကျန်ခဲ့မယ်'

ဟု လှမ်းပြောလိုက်သည်။ သူကတော့ ယုန်ဖြူ့ကို တွေ့ချင်ဇောနှင့် စာကြည့်တိုက်ဘက်သို့ ထွက်လာခဲ့သည်။

'ရောဂါပြင်းထန်နေပြီဟေ့၊ ရောဂါ… ရောဂါ'

ဖြိုးဝေရဲ့ လှမ်းအော်သံက သူ့နောက်ပါးတွင် ကပ်ပါလာခဲ့သည်။

စာကြည့်တိုက်ထဲရောက်တော့ ယုန်ဖြူ့ကို အလောတကြီး ရှာမိသည်။ ဒီတော့မှ ယုန်ဖြူ့ကို သိပ်တွေ့ချင်နေမှန်းကိုယ့်ကိုယ်ကို သတိထားမိသည်။ တွေ့မယ့်တွေ့တော့ ထောင့်ဘက်မှ စားပွဲတစ်လုံးတွင် လွယ်အိတ်ကို တင်ထားကာ သူမက လွယ်အိတ်ပေါ် မှောက်လျက် လက်က စာအုပ်တစ်အုပ်ကိုကိုင်လျက်သား အိပ်ပျော်နေလေသည်။

မျက်မှန်က ဘေးမှာချွတ်ထားလျက်။

ကြည့်… ဘယ်လိုကောင်မလေးပါလိမ့်။

မည်းနက်တောက်ပြောင်နေသော ဆံနွယ်ရှည်တွေကို ကလစ်ကြီးကြီးနှင့် ညှပ်ထားသည်။ အိပ်နေသောမျက်နှာလေးက တစောင်းအနေအထားမို့ မျက်နှာလေးကို မြင်နေရသည်။ ခုခေတ်ကောင်မလေးတွေလို မရိတ်သင်ဘဲထားသည့် ထူထဲသည့်မျက်ခုံးနက်နက်တွေ၊ မျက်လုံးဝိုင်းဝိုင်းလေးကို ဝန်းရံထားသည့် မျက်တောင်ကော့ညွတ်ညွတ်အနားခတ်တွေ၊ ပြီးတော့ နှာတံလုံးလုံးလေး၊ နီရဲဖူးဥနေသည့် နှုတ်ခမ်းလှလှလေးနှစ်လွှာ။

သူ မှန်ကြောင်မလေးကို ခပ်ကြာကြာငေးမောကြည့်နေ





မိရင်းမှ သူ့ရင်ဘတ်ထဲမှ နှလုံးသားအစုံက ပြင်းပြင်းထန်ထန်တုန်ခါလာတာကို သတိပြုမိသည်။ သူ ဒါမျိုးမဖြစ်ဖူးပါ။

အိပ်ပျော်နေပုံကလည်း ကလေးငယ်တစ်ယောက်လိုပါ။ သူမကို ငေးကြည့်ရင်းမှ သူ့စိတ်တွေက ကတုန်ကယင်။ နှိုးလိုက်ရန် စဉ်းစားမိပေမယ့် သူမ အိပ်ရေးပျက်သွားမှာလည်း စိုးရိမ်သည်။

အိပ်ပျော်နေသော မှန်ကြောင်မလေးကို တခြားတစ်ယောက်တွေ့သွားမှာလည်း စိုးသည်။ ထို့ကြောင့် ခုံတစ်ခုံဆွဲပြီး သူမနံဘေးတွင် ဝင်ထိုင်နေလိုက်သည်။ သူ စာအုပ်တစ်အုပ်ဖွင့်ဖတ်နေပေမယ့် စာအုပ်ထဲ စိတ်မရောက်။ ယုန်ဖြူ့ကို မကြာခဏခိုးကြည့်မိသည်။

အဲဒီလိုကြည့်ရင်းနှင့်ပင် သူ့နှလုံးသားမှ သူမပုံရိပ်က တဖြည်းဖြည်း စွဲထင်နစ်ဝင်လာခဲ့ပြီ။ ခဏကြာတော့ သူမ မျက်တောင်လေးတွေ တဖျတ်ဖျတ် လှုပ်ခါလာခဲ့သည်။ ဒီတော့မှ ချိန်ခါမိုး ကပျာကယာမျက်နှာလွှဲ၍ စာအုပ်ကို ဖတ်နေလိုက်သည်။

ယုန်ဖြူက အိပ်ရာနိုးလာတော့ ဘေးဘီဝဲယာကို မလုံမလဲပုံစံဖြင့် ကြည့်သည်။ ပြီးနောက် သူမနံဘေးတွင် ထိုင်နေသော သူ့ကိုမြင်တွေ့သွားသည်။

'ဟင်… ရှင်'

'နိုးပြီလား ယုန်ဖြူ'

'အဟင်း… ယုန် အိပ်ပျော်သွားတယ် ကိုချိန်ခါမိုး'

ယုန်ဖြူပုံစံလေးက ရှက်ကိုးရှက်ကန်းနှင့်ရယ်ပြီး ဟန်ဆောင်မှုမပါဘဲ ဝန်ခံလေသည်။ ပြီးဖော့ ဖြေရှင်းသလိုနှင့် သူ့ကိုပြောသည်။ သူ့ကို မလုံမလဲ ထပ်ပြောသည်။

'ဟီး… ဟုတ်တယ်၊ စာအုပ်ဖတ်ရင်းကနေ ဘယ်လိုအိပ်ပျော်သွားမှန်းမသိပါဘူး၊ ကိုချိန်ခါမိုးရောက်နေတာ ကြာပြီလား'

သူက ယုန်ဖြူ့ကို ငေးကြည့်မိသည်။

တခြားမိန်းကလေးတွေဆို တစ်ခုခုဟန်ဆောင်ကာ အိပ်မငိုက်ပါဘူး ဘာညာ လျှောက်ပြောနေဦးမည်။ မှန်ကြောင်မလေးကတော့ ရိုးသားစွာဝန်ခံတတ်သည်။ သူ့အကြည့်တွေက စူးရဲသွားသည်ထင်ပါရဲ့။ မှန်ကြောင်မလေးက မျက်လွှာလေးချသွားသည်။

'ဆိုပါတော့… ဟော့… ပြန်အိပ်မသွားနဲ့ဦးနော်၊ ဒီနေ့ကျွန်တော် အကြွေးလာတောင်းတာ၊ ယုန်ဖြူက ပြန်ကျွေးမယ်ဆိုလို့၊ ကျွန်တော်က အအေးပဲသောက်မှာပါ'

'အအေးလောက်တော့ ယုန် တတ်နိုင်ပါတယ် ကိုချိန်ခါမိုးရယ်၊ ယုန် ရှင့်ကို အအေးတိုက်ချင်ပါတယ်၊ ဒါပေမဲ့ ရှင်တို့သိပ္ပံဘက်က လူသိပ်များလို့ ယုန်ကလည်း တစ်ယောက်တည်းဆိုတော့ မလာရဲလို့ပါ၊ ခုတော့ အတော်ပဲပေါ့'





ယုန်ဖြူက ခပ်အေးအေးလေးပြောလိုက်တော့ သူကျေနပ်ပြီးရင်း ကျေနပ်လို့သာတည်း။ သူ့မထံမှ ရိုးသားမှုလေးတွေကို သူ သဘောကျလို့နေပါပြီ။

'ဒါဖြင့် ကန်တင်းသွားရအောင်လေ ယုန်ဖြူ၊ ပေး ပေး ကျွန်တော့်ကို ယုန်ဖြူ့စာအုပ်တွေ ကူသယ်ပေးမယ်'

'ရပါတယ် ကိုချိန်ခါမိုးရယ်၊ ယုန် သယ်နေကျပါ'

'ဟော့… ကျွန်တော့်ကို သူငယ်ချင်းတွေခေါ်သလို မိုးလို့ပဲခေါ်ပါ'

ယုန်ဖြူက ခေါင်းဆတ်ပြလိုက်သည်။ သူနှင့်ယုန်ဖြူ့ကြားတွင် ပြောစရာစကား မရှိတော့သလို ခေတ္တတိတ်ဆိတ်သွားသည်။ ခဏကြာတော့ လမ်းလျှောက်နေရင်းမှ သူမထံမှ အသံခပ်တိုးတိုး ထွက်ပေါ်လာသည်။

'ဒီမှာ ကိုချိန်… ဟို… ကိုမိုး'

'ပြောလေ ယုန်ဖြူ၊ ဘာဖြစ်လို့လဲ'

'ဖြည်းဖြည်းလျှောက်ပါရှင့်၊ ယုန် ရှင့်ခြေလှမ်းတွေကို မမီဘူး၊ ယုန်က ဖြည်းဖြည်းအေးအေးသမား'

'ဟုတ်သားပဲ၊ ဆောရီးပဲ ယုန်ဖြူရယ်'

ချိန်ခါမိုးသည် သွက်နေသာ သူ့ခြေထောက်တွေကို သူ သတိထားရင်း ယုန်နှင့်ယှဉ်တွဲကာ လျှောက်လာခဲ့သည်။ ယုန်ဖြူ့

လက်ထဲမှ စာအုပ်တွေရော၊ ထမင်းချိုင့်နှင့်ပါ ရှုပ်နေတာကြောင့် သူ ယုန်ဖြူ့လက်ထဲမှ ထမင်းချိုင့်ကို အတင်းဆွဲယူလိုက်သည်။ သူ့အဖို့တော့ ဒါဟာ ပထမဆုံးအကြိမ်ပါ။

ကန်တင်းထဲရောက်တော့ အအေးမှာပြီး ယုန်ဖြူက ထမင်းချိုင့်လေးဖွင့်ကာ ထမင်းစားသည်။ သူက စချင်ပေမယ့် မစနော့ဘဲ၊ သူမ အနေခက်မှာစိုးလို့ပါ။ ယုန်ဖြူက ထမင်းစားပြီး သူ့ကိုမကြည့်ဘဲ စကားစပြောသည်။

‘အို… ဒီမှာ ရှင့်ကို ယုန်ပြောစရာရှိတယ်’

‘ဘာများလဲ ယုန်ဖြူရဲ့’

သူက ယုန်ဖြူ့ကို ခပ်ငေးငေးလေးကြည့်ပြီး ပြောလိုက်သည်။ သူ ဒီမိန်းကလေးကို ချစ်နေပါပြီ။ ချစ်တယ်ဆိုတာထက် မြတ်နိုးတာဆိုလျှင် ပိုမှန်မလားပဲ။

‘ဟိုလေ… ဒီလိုပါ၊ နောက်ဆို ယုန်က ကျောင်းမှန်မှန် တက်နိုင်တော့မှာ မဟုတ်ဘူး၊ အခု ဝတ္ထုရှည် စရေးကြည့်နေပြီလေ၊ အဲဒါ ရှင် ယုန့်ဆီလာလည်ရင် မတွေ့မှာစိုးလို့ ကြိုပြောထားတာပါ’

သူ့ကိုမလာစေချင်၍ မှန်ကြောင်မလေး ထိုစကားပြောလိုက်မှန်း သူ ရိပ်မိပါသည်။ ယုန်ဖြူ့ရဲ့မျက်ဝန်းတွေက သူ့ကို လိမ်ညာ၍မရချေ။





‘ဘာလဲ ယုန်ဖြူက ကျွန်တော့်ကို မလာစေချင်ဘူးလား၊ မလာစေချင်ရင်လည်း ပွင့်ပွင့်လင်းလင်းပြောပေါ့ ယုန်ဖြူရယ်၊ သွယ်ဝိုက်ပြီး ပြောနေစရာမလိုပါဘူး’

ချိန်ခါမိုးသည် တစ်ကြိမ်တစ်ခါမှ မိန်းကလေးတစ်ယောက်၏ ငြင်းပယ်မှုကို မခံရဖူး၍ ဆတ်ဆတ်ခါနာကျင်သွားရသည်။ ဒေါသလည်းဖြစ်သွားသည်။

‘ဟို… ဟို… အဲလိုမဟုတ်ပါဘူးရှင်၊ ယုန်က… ယုန်က…’

ယုန်ဖြူက အထစ်ထစ်အငေါ့ငေါ့ဖြင့် သူ့ကို ဆက်မပြောတော့ဘဲ ခေါင်းကိုအောက်ငုံ့ထားလိုက်သည်။

‘ပြောလေ… ယုန်ဖြူရဲ့’

‘ယုန်က ရုပ်မှမလှတာ ရုပ်ဆိုးမပဲ၊ အဲဒီတော့ ယုန်နဲ့တွဲသွားရင် ရှင် သိက္ခာကျမှာပေါ့’

မှန်ကြောင်မလေးက သူ့ကို မဝံ့မရဲကြည့်ရင်း ပြောရှာသည်။ သူမရဲ့ မျက်မှန်အောက်မှ မျက်ဝန်းထဲမှာ မျက်ရည်ကြည်တွေ ဝေသီလို့နေသည်။ ထိုမျက်ရည်ကြည်တွေကြောင့် စောစောက သူ့ရဲ့ဒေါသတွေ အလိုလိုပျောက်ကွယ်သွားလေတော့သည်။ ဒေါသတွေအစား အကြင်နာ၊ မေတ္တာတွေ ဝင်ရောက်လာသည်။

ယုန်လေးရယ် ငါ မင်းရဲ့မျက်ရည်တွေကို မမြင်ချင်ဘူး။

မငိုပါနဲ့ ကောင်မလေးရယ်။

'ယုန်ဖြူ… ကျွန်တော်က ရုပ်လှမှ ခင်တာမဟုတ်တာ၊ ယုန်က ဘာမှ စိတ်မကောင်းမဖြစ်ပါနဲ့၊ ယုန်ဖြူတစ်ယောက်ကည်း အထီးကျန်နေတာ မမြင့်ချင်ဘူး၊ ယုန့်ကို သနားလိုက်တာ၊ ယုန်သာ ခွင့်ပြုမယ်ဆိုရင် ယုန့်ဘေးနားမှာ သူငယ်ချင်းအဖြစ် နေခွင့်ရချင်တယ်၊ မျက်ရည်တော့ မကျလိုက်ပါနဲ့ ယုန်ရယ်'

'ဟင့်အင်း… ကိုမိုး၊ ယုန် ယောကျ်ားတစ်ယောက်ရဲ့ သနားတာကို မလိုအပ်ပါဘူး၊ ယုန့်ကို မသနားပါနဲ့၊ ယုန့်မှာရှိတဲ့ အဲဒီမာနလေးတစ်ခုကိုတော့ ရှင်သန်ခွင့်ပေးပါရှင်'

ယုန်ဖြူသည် သူ့ရှေ့မှ လွယ်အိတ်လေးကို ကောက်ယူပြီး ကန်တင်းထဲမှ ပြေးထွက်သွားလေပြီ။ ယုန်ဖြူ သူ့ကြောင့် စိတ်ထိခိုက်သွားပြီ။ စိတ်ချပါ ယုန်ရယ်။ ကျွန်တော့်ကြောင့် ထပ်ပြီး ယုန် စိတ်မဆင်းရဲစေရပါဘူး။

သူ့ပါးစပ်မှ ဘာကြောင့် ယုန့်ကိုသနားသည်ဟူသော စကားလုံးများ ပြောထွက်သွားရတာပါလိမ့်ဟုတွေးရင်း သူ့ကိုယ်သူ ကျိန်ဆဲလိုက်မိတော့သည်။ ဘာပဲဖြစ်ဖြစ် ယုန်ဖြူဟာ သူ့ဘဝအတွက် မှတ်မှတ်ရရ ထူးခြားသော မိန်းကလေးပါ။ ဘယ်လိုပဲဖြစ်ပါစေ ယုန်ဖြူ့နှလုံးသားထဲကို သူ အရောက်သွားမည်ဟူသော ဆုံးဖြတ်ချက်တို့က ခိုင်ခိုင်မာမာ။





ချိန်ခါမိုးဆိုသော သူသည် သူလိုချင်တာ၊ သူဖြစ်ချင်တာကို ရအောင်၊ ဖြစ်အောင် လုပ်လေ့ရှိသူမို့ ယုန်ဖြူ့ကိုလည်း တစ်နေ့ သူပိုင်ဆိုင်ရမည်။ ပြီးတော့ သူမထံတွင်ရှိနေသော အားငယ်စိတ်၊ သိမ်ငယ်စိတ်တို့ကိုလည်း သူကိုယ်တိုင် ဖျောက်ဖျက်ပေးရမည်ဟုတွေးလျက် ကျေနပ်နေမိတော့သည်။

* * *



'ယုန်ဖြူရှိပါလား၊ သူ ကျောင်းမတက်လို့'

ယုန်သည် ဖုန်းထဲမှ သူ့အသံကြောင့် ရင်မှာ ဆတ်ခနဲ တုန်ယင်သွားပြီး သူ့ကို ငြင်းဆန်ရမည်ဟု ကိုယ့်ကိုယ်ကို သတိပေးလိုက်သည်။ သူ ယုန့်ကို ချစ်နေသည်ကို ကိုယ့်ကိုယ်ကို အထင်မကြီးရဲပါ။ ဒါပေမဲ့ သူနဲ့ ယုန်ဟာ ခင်မင်ဖို့တောင် မထိုက်တန်တဲ့ ကွာခြားမှုပါ။ ထို့ကြောင့် ယုန် သူ့ကို ရှောင်သင့်သည်။

ယုန့်လို ရုပ်ဆိုးမနှင့်သူနှင့် ခင်မင်မှုတောင် မဖြစ်သင့်ပါ။ ထို့ကြောင့်…

'ဟို… ဟို မရှိပါဘူးရှင်'

'ယုန်ဖြူ မဟုတ်လား၊ ကျွန်တော့်ကိုဘာလို့ ညာရတာလဲ





ယုန်ဖြူရယ်၊ ကျွန်တော်နဲ့ စကားတောင် မပြောချင်တော့ဘူးလား'

'ရှင်'

ယုန်ဖြူ သူ့ကို လိမ်လို့မရပါ။ ယုန် ဖုန်းကိုင်တာ သူသိသွားလောက်ပြီပေါ့။ သူကပဲ အင်မတန်ပါးနပ်တာလား၊ ယုန်ကပဲ တဆိတ်နုံအလွန်းနေတာလားမသိတော့။ သူ့ကိုတော့ ဘယ်လိုမှ လိမ်ညာ၍မရပါ။

ဒီနေ့ အန်တီလေး အိမ်မှာမရှိ၍ ယုန် ဖုန်းကိုင်တာနှင့် တိုးသွားခြင်းဖြစ်သည်။ အန်တီလေး အိမ်မှာရှိနေလျှင် ယုန် ဖုန်းမကိုင်ရဲပါ။ ယခုလည်း ဖုန်းကို ကိုင်သာကိုင်ထားရတာ အန်တီလေး ဘယ်အချိန်ပြန်ရောက်လာမလဲ တထိတ်ထိတ်နှင့်ပါ။

'ယုန်… ဖုန်းမချလိုက်နဲ့နော်၊ ယုန်ဖြူ… ကျွန်တော် ယုန်တို့လမ်းထိပ်ရောက်နေပြီ၊ အိမ်ထဲအထိ ဝင်လာမှာ၊ မလုပ်ရဲဘူးမထင်နဲ့'

သူ့စကားကြောင့် ယုန် လန့်သွားသည်။

'ကျေးဇူးပြုပြီး ကျွန်တော့်စကားကို နားထောင်ပေးပါ ယုန်ဖြူရယ်၊ ကျွန်တော့်ကြောင့် ယုန်ဖြူကျောင်းမတက်ဘဲတော့ မနေပါနဲ့၊ ယုန် စာတွေ နောက်ကျနေမှာပေါ့၊ ယုန့်ဆီမလာနဲ့ဆို ကျွန်တော် မလာပါဘူးဗျာ၊ ကျွန်တော့်ကို ယုန်ခင်ရင် ကျေနပ်ပါပြီ'

သူ၏ နူးညံ့ညင်သာသောအသံကြောင့် ယုန်ဖြူမှာ ကြည်နူးကျေနပ်နေမိသည်။ ယုန့်ကို ဒီလိုဂရုစိုက်မယ့်လူမှ မရှိတာနော်။

'ယုန်ဖြူ ကျွန်တော့်ကို တစ်ခုခုပြောဦးလေ'

'ဟို…'

ယုန်ဖြူ တစ်ခုခုပြောရန် အားတင်းလိုက်စဉ်မှာပင် အိမ်ရှေ့မှ တံခါးခေါက်သံ ထွက်ပေါ်လာသည်။ ရုတ်တရက် ယုန့်မှာ ကြောက်လန့်ပြီး တုန်သွားသည်။

'ဒါပဲနော်'

ဖုန်းကို ကမန်းကတန်းချ၍ အိမ်တံခါး ပြေးဖွင့်လိုက်သည်။ အန်တီလေး ဈေးကပြန်လာတာဖြစ်သည်။ ယုန်ဖြူသည် အလိုက်တသိ ဈေးခြင်းဆွဲ၍ အိမ်ထဲဝင်ခဲ့သည်။ ထိုစဉ်မှာပင် ဖုန်းခေါ်သံ ထပ်မံကြားရသည်။

'တူ… တူ… တူ'

တယ်လီဖုန်းသံက ဆူညံစွာထွက်ပေါ်လာသည်။ ယုန်ဖြူ သွားကိုင်ချင်ပေမယ့် မကိုင်ရဲပါ။ အန်တီလေးရှိနေ၍ဖြစ်သည်။ အန်တီလေးက ဖုန်းသွားကိုင်သည်။ ဘုရား… ဘုရား သူ့ဖုန်း မဟုတ်ပါစေနဲ့။ ယုန်ဖြူ ငိုချင်စွာ ဆုတောင်းလိုက်သည်။ သို့သော် ဆုတောင်းမပြည့်ခဲ့ပါ။ တစ်ဖက်မှ ဘာပြောနေလဲမသိ။ အန်တီလေးမျက်နှာ ပိုပြီးတင်းမာခက်ထန်လာသည်။ ယုန်ဖြူ အန်တီ





လေး၏စကားကို အသာနားစွင့်နေမိသည်။

'အေး… ဒါ ယုန်ဖြူရဲ့ဖုန်းမဟုတ်ဘူးဟေ့၊ မင်းတို့ အားအားယားယားဆက်ချင်ရင် ဒီကိုလာမဆက်နဲ့၊ ဒီမှာ ဘယ်သူမှ မအားဘူး'

အန်တီလေးက မာထန်စွာပြောပြီး ဖုန်းကိုခွပ်ခနဲ ချပစ်လိုက်သည်။ ပြီးနောက် ယုန်ဖြူဘက်သို့လှည့်ကာ…

'အလကား အလုပ်မရှိအကိုင်မရှိ ဆန်ကုန်မြေလေးတွေ၊ အိမ်က ဟာမကလည်း ကျောင်းကဇာတ်လမ်းတွေ အိမ်အထိ သယ်လာတယ်၊ ပုံစံက ရိုးမလိုလိုနဲ့ စာရေးဆရာမယောင်ယောင် ဘာယောင်ယောင်နဲ့၊ ဇာတ်လမ်းကို ရှုပ်တယ်၊ သွား… သွား… ကြမ်းတိုက်စမ်း၊ ကိုယ့်ဘဝကိုယ် ဘာမှနားမလည်ဘူး'

အန်တီလေးကို ယုန်ဖြူ တစ်ခုခုပြန်ပြောချင်ပေမယ့် ဘာမှပြောမထွက်ရဲပါ။ ယုန်ဖြူရရှိနေသော ကျောင်းတက်နေရသည့် တစ်ခုတည်းသောအခွင့်အရေးလေး ဆုံးရှုံးသွားမှာကို စိုးရိမ်မိသည်။ သို့သော် စိတ်ထဲမှာတော့ သူ့ကို အားနာခြင်းတွေ ကြီးစိုးလို့နေသည်။

'ဟဲ့… သွားလေ၊ ကြမ်းသွားတိုက်၊ ပေကပ်ကပ်နဲ့ပါလား'

ယုန်ဖြူသည် အန်တီလေးရှေ့မှ ခေါင်းငုံ့ပြီး ကုပ်ကုပ်ကလေးထွက်လာခဲ့သည်။

ဟူး… ယုန်ဖြူ့ဘဝရဲ့ လွတ်မြောက်ခွင့်က ဘယ်နေ့များပါလိမ့်။ အဲဒီနေ့အတွက် အင်အားတွေ မွေးရတာ ပင်ပန်းလွန်းလှပါပြီ။ သို့သော် အဲဒီလွတ်မြောက်ခွင့်ကလေးက ယုန်ဖြူ၏ တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်သည်။ ထိုမျှော်လင့်ချက်ကလေးကြောင့်သာ ယုန် ဆက်လက်ရှင်သန်နေရခြင်းဖြစ်သည်။

ဒီနေ့တော့ ကျောင်းသွားမည်ဟု ယုန်ဖြူတွေးထားသည်။ ကျောင်းမတက်တာ တစ်ပတ်ရှိပြီမဟုတ်လား။ အန်တီလေးနှင့် အတူ အိမ်မှုကိစ္စတွေ ဝိုင်းလုပ်ပေးရင်း နာရီကြည့်တော့ ကိုးနာရီထိုးနေပြီ။

အင်း… ပထမဆုံးကလပ်စ်တော့ လွတ်ပြီထင်ပါရဲ့ဟူသောအတွေးဖြင့် ဘတ်စ်ကားဂိတ်သို့ ခပ်သွက်သွက်ကလေး လျှောက်လာမိသည်။ ကားကလည်း အရှေ့ထဲမှ မလာသေးပေ။

'လာ… လာ… ယုန်ဖြူ ကားပေါ်တက်လေ'

ယုန်ဖြူရပ်နေသည့်ဘေးသို့ သူ့ရဲ့ကားကြီး ထိုးရပ်ပြီး ခေါ်လိုက်သူက ချိန်ခါမိုး ဖြစ်သည်။ သူက ကားတံခါးကို အဆင်သင့်ဖွင့်ပေးတော့ ယုန် ခေါင်းခါပြလိုက်သည်။

'တက်ပါကွာ၊ ကားတွေ လာနေတယ်၊ ဒီနားမှာ ကားရပ်လို့မရဘူး၊ ဟော်ကြာ ယာဉ်ထိန်းရဲ လာဖမ်းနေဦးမယ်၊ တက်… တက်'





'ဟင့်အင်း ကိုမိုး၊ ယုန် မလိုက်ပါရစေနဲ့၊ ကိုယ့်ဘာသာ သွားပါနော်၊ ဟိုမှာ ယုန်စီးရမယ့်ကားလာနေပြီ၊ သွားပြီနော်'

ယုန်ဖြူသည် လူများတိုးဝှေ့နေသော ဘတ်စ်ကားဆီသို့ အပြေးတစ်ပိုင်းသွားလိုက်သည်။ ပြီးတော့ ယုန်လည်းသူများတွေလိုပင် ကားထဲသို့ အတင်းတိုးကြိတ်တက်လိုက်သည်။ ဒါဟာ ယုန်ဖြူရဲ့ နေ့စဉ်နေ့တိုင်းသွားလာနေမြဲဖြစ်သည့်အတွက် ဘာမှ တိုးပြီး စိတ်မရှုပ်ရပါ။ သူတော့ ဘယ်လိုဖြစ်ကျန်နေရစ်လဲ ယုန် မသိပေ။

ကျောင်းရောက်လို့ ရုံးရှေ့မှတ်တိုင်ဆင်းဆင်းချင်း မှတ်တိုင်နှင့် ခပ်လှမ်းလှမ်းတွင် ကားကိုမှီပြီး ရပ်နေသော ချိန်ခါမိုးကို တွေ့လိုက်ရသည်။

ယုန်ဖြူသည် သူ့ကို အားလည်းနာ၊ စိတ်လည်းရှုပ်တာကြောင့် ဘာလုပ်ရမှန်းမသိဖြစ်နေသည်။ သူကတော့ အေးဆေးစွာ စီးကရက်ဖွာရှိုက်ပြီး ယုန့်ဆီသို့ လျှောက်လာသည်။ ယုန်သည် ထုံးစံအတိုင်း သူ့မျက်ဝန်းတွေကို ရင်မဆိုင်ရဲတာကြောင့် လွယ်အိတ်ကြိုးကို ခပ်တင်းတင်းဆုပ်ကိုင်လျက် ခေါင်းငုံ့ပြီးခြေစုံရပ်နေမိသည်။

'ယုန်ဖြူ'

'ဟို… လေ… ယုန် တောင်းပန်ပါတယ်ကိုမိုးရယ်'

သူက ဘာမှမပြော။ ယုန့်ကို စိုက်ကြည့်ပြီး ခဏကြာမှ-

'ခေါင်းကိုမော့ပြီးပြောပါ ယုန်ဖြူရယ်၊ ယုန်ဖြူ့ပုံစံက အမြဲဒီလိုပဲ မငုံ့မရဲနဲ့၊ တောင်းပန်တယ်ဆိုတာ အပြစ်ရှိမှ တောင်းပန်ရတာ၊ ယုန့်မှာ ဘာအပြစ်ရှိလို့လဲ၊ ကျွန်တော်ခေါ်တာကို ယုန်ဖြူက ငြင်းပယ်ခွင့်ရှိတယ်လေ'

သူ့အသံက လှိုက်လှိုက်လှဲလှဲ။ ယုန့်ရင်ထဲသို့ နွေးထွေးစွာ ဝင်ရောက်လာသည်။ ယုန်က သူစိတ်ဆိုးသွားပြီ ထင်နေတာ။ သူဟာ သိပ်သဘောထားကြီးတဲ့ ကောင်လေးပဲ။

'မဟုတ်ဘူးလေ၊ မနက်တုန်းကကိစ္စကြောင့်ပါ၊ မနက်တုန်းက ယုန့်ဆီဖုန်းဆက်တော့ အန်တီလေးက ရှင့်ကိုဘာတွေပြောလိုက်လဲမသိဘူး၊ ယုန် အရမ်းအားနာပါတယ်၊ ပြီးတော့ တောင်းပန်ပါတယ်'

'ဪ… အဲဒါလား၊ အဲဒါ ယုန်ဖြူပြောတာမှ မဟုတ်တာပဲ၊ ယုန့်အန်တီလေးပြောတာလေ၊ ယုန့်မှာ ဘာအပြစ်မှမရှိဘူး၊ ဖုန်းဆက်မိတဲ့ ကျွန်တော့်အပြစ်ပါ ယုန်ရယ်'

သူ့စကားကြောင့် ယုန် ခေါင်းညိတ်ပြလိုက်မိသည်။

'ဟို… စောစောက ယုန် ရိုင်းသလိုဖြစ်သွားတယ်နော်၊ အားနာလိုက်တာ'

'ဘာမှမဖြစ်ပါဘူး ယုန်ဖြူရယ်၊ ကျွန်တော်က အတင်းခေါ်မိတာကိုး၊ ကျွန်တော်က ယုန် အဲဒီလို ငြင်းလိုက်တာကိုပဲ သဘောကျနေမိတာ'

'ရှင်'

'ဆောရီး ယုန်ဖြူရယ်၊ ယုန့်ရဲ့စိတ်ဓာတ်လေးကို သဘောကျတယ်လို့ ဆိုလိုတာပါ၊ ယုန်ဖြူနဲ့ ကျွန်တော် သူငယ်ချင်းဖြစ်ချင်တယ်ဗျာ၊ ယုန် ဘာလို့ ကျွန်တော့်ကို ရှောင်နေတာလဲ'

သူက ယုန်ဖြူ့မျက်နှာကို တမေ့တမောကြည့်ပြီး ပြောလိုက်တော့ ယုန့်ရင်တွေ တလှပ်လှပ်ခုန်ရပါသည်။ သို့သော် သူနှင့်ယုန် မတန်ဘူးလို့ စိတ်ထဲမှ ကိုယ့်ကိုယ်ကို သတိပေးရင်း ငြင်းပယ်ရန် စကားလုံးရှာလိုက်သည်။

'ယုန်က ခင်ဖို့မကောင်းပါဘူး၊ လူမှုရေးလည်း မသိတတ်ဘူး၊ ယုန့်ကို မခင်ပါနဲ့လားရှင်၊ ယုန်က ကိုမိုးနဲ့ ခင်မင်ရလောက်အောင် မတန်ပါဘူးရှင်'

ယုန်ဖြူသည် ခပ်တိမ်တိမ်ငြင်းဆန်လိုက်တော့ သူက လက်မခံလိုသည့်ပုံစံဖြင့်…

'လူချင်းအတူတူ ခင်မင်ဖို့ မတူဘူး၊ မတန်ဘူးဆိုတာ မရှိပါဘူးယုန်ဖြူရယ်၊ ကျွန်တော်ကတော့ ဘာပဲဖြစ်ဖြစ် ယုန်ဖြူ့ကို အခင်ဆုံးသူငယ်ချင်းအဖြစ် သတ်မှတ်လိုက်ပြီ'

'ခက်ပါလား ကိုချိန်ခါမိုးရယ်'

'မခက်ပါဘူး၊ ယုန်ဖြူ ကျွန်တော့်ကို ပြန်ခင်လိုက် လွယ်လွယ်လေးပဲ'

ယုန်ဖြူသည် အတင်းကြီးခင်ခိုင်းနေသောသူ့ကို ဘာမှမပြောဘဲ သူ့ရှေ့မှ ထွက်ခဲ့သည်။ သို့သော် သူက ယုန့်နောက်မှ တကောက်ကောက်လိုက်လာသည်။ ဘာကြောင့်မှန်းမသိ လူတွေကလည်း ယုန်နှင့်သူ့ကို အထူးအဆန်းသဖွယ် ကွက်ကြည့်ကွက်ကြည့် အကြည့်ခံနေရတာ ယုန်ရှက်လှပြီဖြစ်သည်။

ယုန်က လမ်းလျှောက်နေရာမှ ရပ်လျက်…

'ယုန့်နောက်ကို မလိုက်ပါနဲ့တော့လား ကိုချိန့်ခါမိုးရယ်၊ ယုန့်ဘာသာ နေပါရစေတော့'

'ယုန်ဖြူက ကျွန်တော့်ကို ခင်တယ်လို့ပြောလိုက်လေ၊ ခင်ဖို့လေးတောင် တွန့်တိုနေရလား ကလေးမရယ်၊ ယုန့်မျက်နှာမှာ ကျွန်တော့်ကို ခင်မင်တဲ့အရိပ်အယောင်တွေ ထင်ဟပ်နေပါပြီ၊ မလိမ်ပါနဲ့တော့ကွယ်'

ယုန်ဖြူသည် နဂိုကတည်းက မာနကြီးသူလည်းမဟုတ်။ ပြီးတော့ ယုန့်ကို ခင်မင်ချင်ပါတယ်ဟု ဒီလောက်ပြောနေတာကြောင့် စိတ်ကို လျှော့လိုက်သည်။ ခင်မင်တာလေးနှင့် ဘာမှလည်း ဖြစ်မသွားဟုတွေးလျက် သူ့ကို သူငယ်ချင်းအဖြစ် လက်ခံဖို့ ဆုံးဖြတ်လိုက်ပါသည်။





'ကောင်းပြီလေ… ယုန် ရှင့်ကို ခင်ပါတယ်၊ ကဲ… ကျေနပ်ပြီလား'

'ခင်တယ်ဆိုတာ သူငယ်ချင်းဖြစ်တယ်ဆိုတာကိုပြောတာနော် ယုန်ဖြူ၊ သူငယ်ချင်းဆိုတာ တစ်ယောက်အခက်အခဲရှိရင် တစ်ယောက် ဖြေရှင်းပေးရတယ်၊ ပြီးရင် တစ်ယောက်အကူအညီပေးရင် တစ်ယောက်က လက်ခံရတယ်၊ ဒါမှ သူငယ်ချင်းကောင်းပီသတာ၊ ကျွန်တော် ယုန်ဖြူ့ဆီလာလည်ရင်လည်း ကျွန်တော့်ကို ဧည့်ခံရမယ်၊ စကားပြောရမယ်နော်'

သူက လူလည်ကျစွာ ယုန့်ကို အပိုင်ချည်ပြီးတုပ်ပြီးပြောတာကြောင့် ယုန် ခေါင်းညိတ်လိုက်ရသည်။ စကားတတ်သောသူနှင့်လည်း ယုန် ယှဉ်ပြိုင်မပြောနိုင်ပါ။

'ယုန် အတန်းရှိရင်တော့ ထွက်မတွေ့ဘူးနော်'

'ကျွန်တော် ဒီလောက်တော့လည်း နားလည်ပါတယ်၊ ကဲ ကျွန်တော်တို့ သူငယ်ချင်းတွေဖြစ်သွားပြီနော်၊ ကတိပေး'

'ပေးပါတယ်ရှင်'

ထိုနေ့မှစ၍ ယုန်ဖြူဆိုသော ခပ်နုံနုံကောင်မလေးနှင့် ချိန့်ခါမိုးဆိုသော ပျို့တိုင်းကြိုက်တဲ့နှင်းဆီခိုင် ကောင်လေးတို့သည် သူငယ်ချင်းများ အဖြစ်သို့ ကူးပြောင်းခဲ့ကြသည်။

* * *



ချိန်ခါမိုးသည် မှန်ကြောင်မလေးနှင့် သူငယ်ချင်းဖြစ်သွားသော်အခါ သူမကို ပိုပြီးတွယ်တာလာမိသည်။ သူမရဲ့ အခြားမိန်းကလေးတွေနှင့်မတူသော အကျင့်စရိုက်များကို ပိုမိုမြင်တွေ့လာခဲ့သည်။ ပြီးတော့ သူမရဲ့ အားငယ်နေသော စိတ်ကလေးတွေကိုလည်း ပျောက်စေချင်သည်။ လူတောတိုးစေချင်သည်။

သူမလေး ဘေးနားမှ သူ လိုအပ်သမျှတွေ ဖြည့်ဆည်းပေးချင်သည်။ သူမရှေ့မှ ကာကွယ်ပေးချင်မိသည်။ ဒါ သူ့ရဲ့ဘယ်သူနှင့်မှမတူသော စေတနာ၊ ဂရုဏာတွေပင်ဖြစ်သည်။

ယုန်ဖြူရဲ့ အန်တီလေးနှင့် အဆင်မပြေဖြစ်၍ ငိုမဲ့မဲ့မျက်နှာလေးနှင့် ကျောင်းသို့လာတိုင်း ချော့မော့ရသူမှာ ချိန်ခါမိုး





သာဖြစ်သည်။ နေရင်းထိုင်ရင်း ယုန်ဖြူ၏အန်တီလေးကို မမြင်ဖူးပါဘဲ အမြင်ကပ်မိသည်။ ယုန့်ကို ဘာကြောင့်ဒီလောက်စိတ်ဆင်းရဲအောင် လုပ်သလဲဟု တွေးမိသည်။

သူကလည်း နံနက်မိုးလင်းတာနှင့် ကျူတိုရီရယ်တွေ၊ ပရယ်တီကယ်တွေ မရှိသောနေ့ဆို ယုန်ဖြူတို့မြန်မာစာဘက်သို့ ရောက်နေပြီဖြစ်သည်။

ဒီနေ့လည်း မျက်နှာသိပ်မကောင်းသော ယုန်ဖြူ့ကိုကြည့်ရင်း စကားစမိသည်။

'ယုန် ဘာဖြစ်လာလဲလို့ ကျွန်တော် မမေးချင်တော့ပါဘူး၊ ယုန့်ကို ကျွန်တော် ခဏခဏပြောတယ် မဟုတ်လား၊ ဒီလောက်စိတ်ဆင်းရဲနေတာ အဆောင်ပြောင်းနေပါဆိုတော့လည်း မပြောင်းနေဘူး၊ ယုန်က ကျွန်တော့်စကားမှ နားမထောင်တာကိုး'

'ယုန်… ယောက်ျားတစ်ယောက်ရဲ့ အကူအညီကို မလိုချင်လို့ပါ ကိုမိုးရယ်၊ ယုန် ကျောင်းပြီးလို့ အလုပ်ရတဲ့အထိတော့ ဒီလိုပဲ နေရဦးမှာပေါ့'

'ယုန်ကကွာ အမြဲဒီစကားပဲပြောနေတယ်၊ ယုန် ကျွန်တော့်ကို အရမ်းသူစိမ်းဆန်တယ်၊ ကျွန်တော် မုန့်စားဖို့၊ အပြင်သွားဖို့ခေါ်ရင်လည်း ငါးခါခေါ်မှ တစ်ခါလောက်ပဲလိုက်တာ၊ ဒါလားသူငယ်ချင်း၊ ယုန် ကျွန်တော့်ကို တကယ်မခင်ပါဘူးဗျာ'

သူက စိတ်တိုပြီး ယုန်ဖြူ့ကို ခပ်မာမာပြောပြီး တစ်ဖက်လှည့်ထိုင်နေလိုက်သည်။ ဒီလိုကျတော့လည်း ယုန်ဖြူက မနေနိုင်ပြန်ပါ။

'ဒီဘက်လှည့်ပါဦး ကိုမိုးရယ်၊ ယုန်ပြောပြီးပါရောလား၊ ယုန် မလိုက်ချင်တာက ကိုမိုးကျွေးသလို ပြန်မကျွေးနိုင်လို့၊ ကိုယ့်ကိုယ်ကို အားငယ်လို့ပါ ကိုမိုးရယ်၊ ဒါကြောင့် မလိုက်တာပါ၊ ယုန့်ကို စိတ်မဆိုးပါနဲ့နော်၊ ယုန်လေ… ကိုမိုးစိတ်ဆိုးရင် မနေတတ်တော့ဘူးသိလား၊ ယုန့်မှာ သူငယ်ချင်းဆိုလို့ ကိုမိုးတစ်ယောက်တည်းပဲ ရှိတာပါ၊ ယုန့်အပေါ်ကောင်းတာလည်း ကိုမိုးတစ်ယောက်တည်းပါ'

ယုန်ဖြူရဲ့လေသံပျော့ပျော့လေးက ချိန်ခါမိုးရင်ကို များစွာထိခိုက်စေပါသည်။ ပြီးတော့ သူငယ်ချင်းဆိုသောစကားကြောင့် သူ့စိတ်ထဲတွင် အနည်းငယ်အောင့်သီးအောင့်သက်ခံစားရသည်။ ထို့ကြောင့် ယောကျ်ားတန်မဲ့ စိတ်ကောက်တာလည်းမဟုတ်ပါဘဲ ယုန်ဖြူ့ကို လှည့်မကြည့်မိသေးပါ။

'ကိုမိုး… ယုန့်ကိုစိတ်တိုနေသေးတယ်ဆိုရင် ယုန် ငိုလိုက်တော့မှာနော်'

ယုန်ဖြူ၏ ငိုသံပါသောအသံက သူ့စိတ်ကို ပျော့ပျောင်းစေပါသည်။ ထို့ကြောင့် ယုန်ဖြူ့ကို ခပ်မြန်မြန်လှည့်ကြည့်လိုက်သည်။ ယုန်ဖြူကတော့ မျက်ရည်တွေ စီးကျလို့နေပြီ။





'ဟော့… ယုန်ဖြူ… မငိုနဲ့လေ၊ ယုန် မျက်ရည်ကျတာ ကျွန်တော်မမြင်ချင်ဘူး၊ ယုန်ဟာလေ အရမ်းမျက်ရည်လွယ်တာပဲ၊ ရော့… သုတ်လိုက် မျက်ရည်တွေကို'

ချိန်ခါမိုးသည် တစ်ရှူးပေပါတစ်ရွက်ကိုထုတ်ပြီးပေးလိုက်သည်။

ယုန်ဖြူက မျက်မှန်ကိုပင့်တင်ပြီး မျက်ရည်သုတ်လိုက်သည်။

'ယုန်ဖြူ အဲဒီမျက်မှန်ကြီး ကျွန်တော့်ကို ခဏပေးထား'

သူက ယုန်ဖြူ့လက်ထဲမှ မျက်မှန်ကို ဆွဲယူလိုက်သည်။

'ကြည့်စမ်း…. ယုန်ဖြူ့မျက်လုံးကြည်ကြည်လေးတွေ ဘယ်လောက်လှသလဲ၊ ဒီမျက်မှန်ကြီးက ဖျက်နေတာ'

'ကိုမိုး ယုန့်မျက်မှန်ကို လွှင့်မပစ်လိုက်နဲ့နော်၊ အဲဒါ ယုန့်ဖေဖေ ဝယ်ပေးထားတာ'

'အေးပါ'

သူက ယုန်ဖြူ့မျက်မှန်လေးကို ပြန်မပေးဘဲ ကိုင်ထားကာ ယုန်ဖြူ့ကိုကြည့်ရင်း အကြံတစ်ခုရသွားသည်။

'ကဲ… ယုန် ဒီနေ့တော့ ကျွန်တော်ခေါ်တဲ့ဆီ လိုက်ရမှာ

နော်၊ မငြင်းရဘူး၊ ယုန် ငြင်းပေါင်းများနေပြီ၊ ကဲ… တက်၊ ကားပေါ်ကို'

သူ့ရဲ့စကားအဆုံးမှာတော့ ယုန်ဖြူ မငြင်းနိုင်တော့ဘဲ ကားပေါ်တက်ရရှာသည်။ ယုန်ဖြူရဲ့ ပုံတုံးကြီးကို ပြောင်းပစ်မည် ဟူသောအကြံနှင့်ပါ။ ဘာမှမသိသော ယုန်ဖြူကမူ မျက်လုံးလေး ကလယ်ကလယ်နှင့်။

'ကိုမိုး ဘယ်သွားမလို့လဲ'

'ရှူး'

သူက ယုန်ဖြူကို တိုးတိုးနေရန် ပြောလိုက်သည်။ ဒီနေ့ ယုန်ဖြူ အတန်းမရှိတာ သူသိသည်။

'အတန်းမရှိလို့ ယုန် အိမ်စောစောပြန်မလို့၊ အခု ယုန့်ကို ဘယ်ခေါ်သွားမလို့လဲ'

ချိန်ခါမိုး ယုန်ဖြူ့ကို ဘာမျှပြောမနေတော့ဘဲ ကားကို မြို့ထဲဘက်သို့ ဦးတည်မောင်းလိုက်သည်။ ကားကို ဗိုလ်ချုပ်ဈေးသို့ မောင်းနေခြင်းဖြစ်သည်။

မှန်ကြောင်မလေးကတော့ ဘာမှ မသိ။ ကားပေါ်မှာ ဟိုကြည့်သည်ကြည့်ဖြင့် ပါလာသည်။

သူက ကားပတ်ကင်မှာ ရပ်လိုက်တော့ တစ်ဖက်မှ ကားရပ်နေသော မျှော်လင့်မထားသူနှင့် တွေ့လေသည်။





'မေသရဖူ'

'သြော်… မိုးတစ်ယောက် ပျောက်နေပါတယ်မှတ်တာ၊ လက်စသတ်တော့ ယုန်ဖြူလေးရဲ့ ကိုယ်ရံတော်လုပ်နေတာကိုး ဟင်း… ဟင်း…'

မေသရဖူက ခပ်ပြုံးပြုံးမျက်နှာဖြင့် သူ့ကားရပ်ထားရာ နံဘေးသို့ လျှောက်လာသည်။

'ဘယ်လိုလဲ မိုးရဲ့၊ မေတို့ဘက်ကိုတောင် လာမလည် တော့ဘူးလား၊ ဘာလဲ သိပ္ပံဘက်က ကြောင်မလေးတွေ တွဲသွား တာ ရိုးသွားလို့ မြန်မာစာဘက် ခြေဦးလှည့်နေတာလား'

မေသရဖူ၏ ခနဲ့တဲ့တဲ့စကားတွေကြောင့် ချိန်ခါမိုး မျက်နှာပျက်သွားသည်။ ပြီးတော့ မလုံမလဲဖြင့် ယုန်ဖြူ့ကို လှမ်း ကြည့်လိုက်လေသည်။ ယုန်ဖြူကတော့ အာရုံတွေ သူ့အပေါ်တွင် ရှိပုံမရ။ ကားဘေးနားမှ ဆိုင်ခန်းများတွင် ချိတ်ဆွဲထားသော ဒန်မီရှပ်တွေ၊ အိတ်တွေကိုသာ လိုက်ငေးနေလေသည်။

ယုန်ဖြူရဲ့ ဖြူစင်မှုသည် မေသရဖူနှင့်နှိုင်းယှဉ်တော့မှ ပင် ပို၍ထင်ထင်ရှားရှားမြင်လာတော့သည်။ ယုန်ဖြူကသူ့အင်္ကျီစ ကို လှမ်းဆွဲ၍…

'ကိုမိုး ဒါ ဘယ်နေရာလဲ'

ယုန်ဖြူက ကလေးတစ်ယောက်ပမာ သူ့ကို လှမ်းမေး

သည်။ ဒါကို ကြားဖြစ်အောင်ကြားသွားသော မေသရဖူက…

'အဟင်း… ဟင်း… ယုန်ဖြူက ဗိုလ်ချုပ်ဈေးတောင် မသိဘူးကိုး၊ ကျွတ်… ကျွတ်… ဒါများ မိုးရယ်၊ ချိန်ခါမိုး ဒီလောက်နုံမှန်း တို့အခုမှပဲ သိတော့တယ်၊ ကဲ… သွားပြီ မိုး၊ ဪ… ဒါနဲ့ ယုန်ဖြူ ချိန်ခါမိုးကို လျှော့မတွက်နဲ့နော်၊ သူက မိန်းကလေးတွေကို ကြာရင် ရီးသွားရော'

မေသရဖူက ခပ်ကြောကြောပြောရင်း လှည့်ထွက်သွားသည်။ ယုန်ဖြူ သူ့ကို စိတ်ဆိုးသွားမလားဟုတွေးပြီး လှမ်းကြည့်လိုက်ပေမယ့် ယုန်ဖြူက ဘာမှနားမလည်သည့်ပုံစံမျိုးလေးမို့ ပို၍သနားမိပါသည်။

ယုန်ဖြူက ဘာမှသိဟန်မတူ။ မျက်လုံးပြူးလေးဖြင့် များပြားလှသော လူတွေကို လိုက်ကြည့်နေလေသည်။

'ယုန်ဖြူက ဒီဈေး တစ်ခါမှမရောက်ဖူးဘူးလား'

'ဟုတ်တယ် ကိုမိုးရဲ့၊ ဒါပထမဆုံးအကြိမ်ပဲ၊ အိမ်မှာ တော့ အန်တီလေးစကားထဲ ခဏခဏထည့်ပြောနေလို့ ကြားဖူး ပါတယ်'

နောက်တစ်ခါ ခေတ်မီရှော့ပင်းစင်တာကြီးတွေ၊ ကစား ကွင်းတွေကို ယုန်ဖြူ့ကို ခေါ်သွားဦးမည်ဟု ချိန်ခါမိုး တိတ်တိတ် ကျိတ်ဆုံးဖြတ်လိုက်သည်။ သနားဖို့ကောင်းသည့် မိန်းကလေး။





အိမ်ထဲပဲ အောင်းနေပြီး ဘယ်မှရောက်ဖူးဟန်မတူပါ။

'ကဲ…ကဲ… လာ ဒါဆိုရင်တစ်ဈေးလုံး ကျွန်တော်တို့ လျှောက်ကြည့်ကြမယ်၊ သဘောတူလား'

ယုန်ဖြူက ခေါင်းညိတ်ပြသည်။ ရီးသားသော ယုန်ဖြူ့ကို သူက ထပ်မံ၍လူလည်ကျလိုက်သည်။

'ယုန် ဒီဈေးထဲမှာ လူတွေအများကြီးပဲတွေ့တယ်မဟုတ် လား၊ တော်ကြာ ယုန်နဲ့ကျွန်တော် လူကွဲသွားရင် ယုန်မပြန်တတ် ဘဲနေမယ်၊ ဒီတော့ ယုန် ကျွန်တော့်လက်ကိုကိုင်ထားပါ'

'အာ… ကိုမိုး မကောင်းဘူးထင်တယ်၊ တော်ကြာ လူတွေက ယုန်တို့ကို တစ်မျိုးထင်သွားဦးမယ်'

'အဲဒါတော့ စိတ်ချ၊ ဒီဈေးထဲမှာ ယုန်ဖြူနဲ့ကျွန်တော့်ကို သိတဲ့လူ မရှိဘူး၊ ပြီးတော့ ကျောင်းထဲမှာမှ မဟုတ်တာ၊ ယုန်နဲ့ ကျွန်တော်နဲ့က သူငယ်ချင်း၊ ကိုယ့်သူငယ်ချင်းလက်ကိုကိုင်တာ ဘာဖြစ်လဲ၊ ကိုယ်ရိုးသားရင် ပြီးတာပဲပေါ့၊ ပေး ယုန့်လက်ကို၊ ပြောရတာ အာပေါက်လိုက်တာ ယုန်ဖြူရယ်'

ယုန်ဖြူက သူ့ကိုတွေတွေလေး ငေးကြည့်နေပြီးမှ ကမ်း ပေးသောသူ့လက်ကို လှမ်းကိုင်လိုက်သည်။ ယုန်ဖြူ့လက်ကလေး မှာ အေးစက်နေတာကို သူသတိထားမိပါသည်။

ယုန်ဖြူရဲ့လက်ဖဝါးအေးအေးလေးက သူ့ရင်ကို နွေးထွေး

စွာ ခုန်စေပါသည်။ ထိုအရာသည် အချစ်တစ်ခုများလား။ သူသည် အချစ်ဆိုသောအရာကို အတည်ပြုရန် လိုအပ်နေပါပြီ။

ယုန်ဖြူနှင့်သူ တစ်ဈေးလုံးပတ်ကြည့်ပြီး သင့်တော်သော အဝတ်အစားတချို့ ဝယ်လိုက်သည်။ သူပိုက်ဆံရှင်းနေတာကို ယုန်ဖြူက ငေးကြည့်ပြီး…

'ကိုမိုး အဲဒါ ဘယ်သူ့အတွက်လဲ'

သူက ဘေးနားတွင် ရပ်နေသော ငနဲမလေးကိုကြည့်ပြီး နောက်ချင်လာတာကြောင့်…

'ဟာ… ဒီလိုအဝတ်အစားတွေ ဝယ်ပေးတယ်ဆိုတာ ကျွန်တော့်ရည်းစားအတွက်ပေါ့ ယုန်ရယ်'

'ကိုမိုးရည်းစား'

ယုန်ဖြူက သံယောင်လိုက်မေးပြီး အသံထပ်မထွက်လာတော့ဘဲ ငြိမ်သွားသည်။ ယုန့်မျက်နှာလေး ပျက်နေသည်။

'ဟော့… အဲဒါက ဘာဖြစ်သွားရပြန်တာလဲ'

'အင်းနော်၊ ကိုမိုးဆီမှာလည်း ရည်းစားရှိမှာပါပဲ'

ယုန်ဖြူက သူမဘာသာ တိုးတိုးရေရွတ်ပြီး ငြိမ်သက်နေတော့ သူ အစလွန်သွားတာ သိလိုက်သည်။ အပြန်လမ်းတစ်လျှောက် ယုန်ဖြူက တိတ်ဆိတ်စွာ စကားမပြောဘဲ လိုက်လာသည်။





သူက ကားပေါ်မတက်သေးဘဲ အလှပြင်ဆိုင်တစ်ဆိုင်သို့ ဦးတည်လိုက်သည်။

ယုန်ဖြူကတော့ ဘာမှထပ်မမေးတော့။ အလှပြင်ဆိုင်ထဲရောက်တော့ ဆိုင်မှအစ်မကြီးကို ယုန်ဖြူ့ကို မေးငေါ့ပြပြီး…

'အစ်မ… ဒီမိန်းကလေးကို ခေတ်နဲ့အညီပြင်ပေးပါ၊ ဆံပင်တွေကိုတော့ ကြည့်ကောင်းသလိုလုပ်ပါ၊ ပြီးရင် သူ့ကို မိတ်ကပ်လိမ်းနည်းတွေဘာတွေပါ သင်ပေးလိုက်ပါ အစ်မရယ်၊ ပြီးတော့ ဒီအဝတ်အစားတွေကိုပါ တစ်ခါတည်း လဲပေးပါ'

အစ်မကြီးလက် အပ်လိုက်တော့ ယုန်ဖြူက သူ့ကို ဖြူးကြောင်ကြောင်ကြည့်၍ အလန့်တကြားမေးသည်။

'ကိုမိုး ယုန့်ကို ဘာလုပ်မလို့လဲ'

'ဘာမှမလုပ်ပါဘူး ယုန်ရယ်၊ ဒီအစ်မ ပြင်ပေးတာသာ ခံလိုက်ပါနော်'

ယုန်ဖြူ ပြင်တာဆင်တာကို အပြင်မှာ ထိုင်စောင့်ရင်း တစ်နာရီကျော်ကျော်ကြာသွားသည်။ မဂ္ဂဇင်းတွေလည်း ဖတ်ရတာကုန်ပြီ။ ယုန်ဖြူ ဘယ်လိုပုံစံလေးနှင့်များ ထွက်လာမလဲဟု ရင်တထိတ်ထိတ်ခုန်နေလေသည်။

ခဏအကြာ ယုန်ဖြူ့ကိုပြင်ပေးသောအစ်မကြီး ထွက်လာသည်။

'စောင့်ရတာ ကြာသွားပြီလား၊ ပြီးပါပြီ၊ ကဲ… ညီမလေးရေ၊ ထွက်လာပြလိုက်ပါဦး'

သူ့မှာ ယုန်ဖြူ့ကို မြင်ချင်လှပါပြီ။ ယုန်ဖြူ သူ့ရှေ့ရောက်လာမှာကို ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေမိသည်။ လက်သည်းတွေ ပုံဖော်ထားသော လက်လှလှလေးတစ်ဖက် အရင်ပေါ်ထွက်လာသည်။ ပြီးတော့ သူဝယ်ပေးထားသော ဒေါက်ဖိနပ်မှာ ခြေထောက်လှလှလေးတစ်ဖက်၊ စကတ်အရှည် ရယ်ဒီမိတ်အင်္ကျီလှလှလေးနှင့် ဆံပင်ဖြောင့်စင်းရှည်ရှည်များ၊ ရှက်ဝဲဝဲမျက်နှာလေးပေါ်မှ မိတ်ကပ်ဖုံ့ဖုံ့ပျော့ပျော့လေး ပြင်ထားသောအပြင်အဆင်များ။

'ဟာ…'

လှပလွန်းသော ယုန်ဖြူ့ကို သူ မျက်တောင်မခတ်ဘဲ ငေးမောနေမိသည်။ ယုန်ဖြူက နံဘေးတွင် ငြိမ်ငြိမ်လေး ထိုင်နေသည်။

'လှလိုက်တာ ယုန်ရယ်'

သူ့ပါးစပ်က ငြိမ်သက်မနေနိုင်တော့ဘဲ နှုတ်မှပင် ဖွင့်ဟချီးမွမ်းမိသည်အထိပင်။ ယုန်ဖြူ့ကို လှမှန်းသိပေမယ့် ဒီလောက်ကြီးလှပလာလိမ့်မည်ဟု မထင်။ ဒီလိုပုံစံလေးကိုသာ စောစောက ကဲ့ရဲ့ချင်သော မျက်ဝန်းများဖြင့်ကြည့်နေသည့် မေသရဖူသာ





မြင်သွားလျှင် ထိုင်ငိုသွားမည် ထင်ပါရဲ့။

အလှပြင်ဆိုင်မှာပင် နေ့တိုင်းသုံးဖို့ မိတ်ကပ်တစ်ဆက်လည်း ဝယ်ပေးလိုက်သည်။ ယုန်ဖြူက သူဝယ်ပေးသော ပစ္စည်းများကို ငေးကြည့်ရင်း…

'ဟင်… ယုန့်ကို ဒါတွေ မပေးပါနဲ့၊ ယုန့်ကြောင့် ကိုမိုး ပိုက်ဆံတွေ အများကြီးကုန်နေပြီ'

'ကုန်ပါစေ၊ ဟောဒီယုန်ဖြူလေးလှတာမြင်ရရင် ကျေနပ်ပြီ'

'ဒါနဲ့ ဒီအဝတ်အစားတွေက ကိုမိုးရည်းစားအတွက်ဆို'

ယုန်ဖြူက နားမလည်သလိုမေးတော့ သူ ယုန်ဖြူ့ကို ဖွင့်ပြောမိမတတ်ဖြစ်သွားသည်။ သို့သော် မပြောဖြစ်အောင် သူ ထိန်းလိုက်သည်။ ဒါတွေ ဝယ်ပေးတာ၊ ဆင်ပေးတာ ဒီစကားပြောချင်လို့ဟု အထင်မခံနိုင်ချေ။ သူ အချစ်ကို တန်ဖိုးထားနေမိသည်။

'အေး… ဟုတ်တယ်ဟေ့၊ အိပ်မက်ထဲရောက်မှပဲ ပေးတော့မယ်၊ ငတုံးမလေး'

သူက ယုန်ဖြူ့ခေါင်းကို ခပ်ဖွဖွလေးထုပြီး ပြောလိုက်မိသည်။ ပြီးနောက် သူနှင့်ယုန်ဖြူ တိတ်ဆိတ်သော ကော်ဖီဆိုင်လေးတွင်ထိုင်ပြီးမှ ယုန်ဖြူကို ပြန်လိုက်ပို့ခဲ့သည်။

ယုန်ဖြူက ပြန်ခါနီးတော့ သူမ ပြင်ဆင်ထားတာတွေ

ကို သူမအန်တီလေး ဆူမှာစိုး၍ အမြန်ဖျက်ပစ်နေတာကို သူတွေ့လိုက်ရသည်။

အလှပြင်ထားတာတွေကို ဖျက်နေသော ယုန်ဖြူကို ငေးကြည့်ရင်း သူ စိတ်မကောင်းစွာ ခံစားရသည်။ ဖြစ်နိုင်လျှင် ယုန်ဖြူကို သူ ဒီ့ထက်မက လုပ်ပေးချင်လှပါသည်။ သို့သော် ယုန်ဖြူ သူ့ကြောင့်အထင်သေးခံရမည့်အလုပ်မျိုးကျတော့လည်း မလုပ်ဝံ့ပါ။ ဆင်ခြင်နေရမည်။

တစ်နေ့ထက်တစ်နေ့ ယုန်ဖြူ့အပေါ် သူချစ်သည့်အချစ်တွေက ပိုမိုနိုင်မာလေးနက်လာခဲ့ပြီလေ။

* * *

# အပိုင်း (၂)

ယုန်ဖြူသည် အဝတ်အစားတွေထဲမှ အကောင်းဆုံးအဝတ်အစားကို ရွေးချယ်ဝတ်ဆင်လိုက်သည်။ ပြီးနောက် လိမ်းနေကျသနပ်ခါးကို စွန့်လွှတ်ကာ ကိုမိုးဝယ်ပေးထားသောမိတ်ကပ်သေတ္တာကို ဖွင့်၍ လိမ်းလိုက်သည်။ ဆံပင်တို့ကလည်း ဖြောင့်စင်းလှပနေပြီ။ တစ်ဝက်စည်းလေးပဲ စည်းနှောင်လိုက်သည်။

ယုန့်ဘာသာ လှပနေသည်ဟုထင်ရသော မျက်နှာလေးကို မှန်ထဲတွင် တစ်ချက်ကြည့်ပြီး မနေ့က ကိုမိုးပြောသောစကားများကို ကြားယောင်ပြီး ပြုံးလိုက်မိသည်။

'ယုန်လေး မနက်စောစောလာနော်၊ စောင့်နေကျသစ်ပင်ကြီးအောက်မှာ စောင့်နေမယ်၊ ယုန့်ကို အရေးကြီးတာ ပြောစရာရှိလို့' ဟူ၍ပင်ဖြစ်သည်။

ကျန့်တဲ့နေရာတော့ ယုန်ဖြူဟာ နည်းနည်းတုံးချင်တုံးလိမ့်မည်။ သို့သော် မနေ့က ကိုမိုးပြောလိုက်သော စကားအရ မွေးရာပါမိန်းကလေးတို့အသိကြောင့် တစ်စုံတစ်ရာကို ခန့်မှန်းမိနေပါသည်။

ကိုမိုးနှင့်ယုန် သူငယ်ချင်းဖြစ်သောနေ့ရက်တွေ များပြားလာခဲ့သည်နှင့်အမျှ ယုန်ဖြူသည် ကိုမိုးကို အင်မတန်မှ တွယ်တာအားကိုးနေမိပြီဖြစ်ကြောင်း ကိုယ့်ကိုယ်ကို သိပါသည်။ ယုန်သည် ပထမတော့ စိတ်ထဲမှာ မိမိနှင့် သူ မတူမတန်ဘူးဆိုသော အတွေးနှင့် ရှောင်ဖယ်နေမိပါသော်လည်း ကိုမိုးက ပိုမိုတိုးကပ်ဂရုစိုက်ပြတော့ ယုန်လည်း မနေနိုင်တော့ပါ။ တစ်ခါမှ ဂရုအစိုက်မခံရသော ယုန့်အဖို့ ကိုမိုး၏ ဂရုစိုက်မှုတွေက အိပ်မက်ပမာပါ။

ထို့နောက် စားပွဲခုံပေါ်တွင် တင်ထားသော မျက်မှန်လေးကို ယူတပ်လိုက်သည်။ ဒီမျက်မှန်လေးကိုတော့ ယုန်ဖြူ အင်မတန်မှ တန်ဖိုးထားမိပါသည်။ ယုန့်ဖေဖေရှိစဉ်က ဝယ်ပေးခဲ့သော တစ်ခုတည်းသော အမွေလည်းဖြစ်သည်။ ထို့ကြောင့် မျက်မှန်လေးကို တရိုတသေ ကိုင်တွယ်မိသည်။





အားလုံးပြင်ဆင်ပြီးသောအခါ မီးဖိုချောင်ထဲဝင်၍ ထမင်းချိုင့်ထည့်သည်။ အန်တီလေးက ယုန့်အပြင်အဆင်များကိုကြည့်ပြီး...

'မိယုန်ဖြူ၊ ငါ နင့်ကို အခုတစ်လော သိပ်ကြည့်မရဘူးနော်၊ ဘယ်က ရလာမှန်းမသိတဲ့ အဝတ်အစားတွေဝတ်၊ အလှတွေပြင်နဲ့ ကိုယ့်ကိုယ်ကို ဘာများမှတ်နေလို့လဲ၊ ငါ ရှုပ်ရှုပ်ယှက်ယှက်အသံတွေ မကြားချင်ဘူးနော်'

'အန်တီလေးကလည်း ယုန် မရှုပ်ပါဘူး၊ ဒါ ယုန့်သူငယ်ချင်းက ဝယ်ပေးလိုက်တာပါ၊ အလကားရတာမဟုတ်ပါဘူး၊ မုန့်ဖိုးထဲက နည်းနည်းချင်းပြန်ပေးရတာပါ၊ အန်တီလေးမသိဘဲ ရမ်းမပြောပါနဲ့'

ယုန်ဖြူသည် ခါတိုင်းဆိုလျှင် အန်တီလေးပြောသမျှကို ငြိမ်ခံနေမည်ဖြစ်သော်လည်း ယခုတော့ပြန်ပြောရဲနေပြီဖြစ်သည်။ အဲဒါကလည်း ကိုမိုးရဲ့အားပေးစကားတွေကြောင့်ပါ။

'ကိုယ်မှန်တယ်ထင်ရင် ပြန်ပြော၊ ငြိမ်မနေနဲ့၊ ငြိမ်ခံနေရင် ပိုနှိမ်လိမ့်မယ် ကြားလား'

ဟု ဆရာကြီးလေသံနှင့် ပြောလေ့ရှိသော ကိုမိုးကို မြင်ယောင်လာမိသည်။

'ဒီနေ့ရော ကျောင်းအစောကြီး ဘာသွားလုပ်မှာလဲ၊ နင့်

တူတွေ၊ တူမတွေကို ကျောင်းမပို့ပေးတော့ဘူးလား'

အန်တီလေးက ဆောင့်ဆောင့်အောင့်အောင့်ဖြင့် မေးသည်။ အဲဒီအန်တီလေးဟာ နိုင်းစရာတွေ တစ်ခုပြီးတစ်ခု ပေါ်လာနိုင်တယ်ဟု တွေးလိုက်မိသည်။

'ယုန်ဖြူ အိမ်မှာလုပ်စရာရှိတာတွေအားလုံး လုပ်ပြီးပါပြီ၊ ဒီနေ့ ကျောင်းမှာ ဆရာကန်တော့ပွဲရှိလို့ပါ၊ ကလေးတွေကို ယုန်ကျောင်းသွားရင် ဝင်ပို့ပေးခဲ့ပါ့မယ်'

ယုန်ဖြူသည် မိမိဘက်မှ အလွန်မရှိအောင်လို့တော့ အတတ်နိုင်ဆုံး လုပ်ကိုင်ပေးတာပါပဲ။ ဒါမှမကျေနပ်လျှင်လည်း ယုန် မတတ်နိုင်တော့ပါ။ ကိုမိုးသိလျှင်တော့ ကောင်မလေး လိမ်တတ်နေပြီဟု စမည်ထင်ပါရဲ့။

ကိုမိုးရယ်… ယုန့်ကို လွမ်းမိုးထားပါကလား။ မိုးဆိုတဲ့ နာမည်အတိုင်း ကိုမိုးနဲ့ စသိကတည်းက အခုအချိန်အထိ ယုန့်ကို လွှမ်းမိုးထားနိုင်တာပါပဲလေ။ ယုန်ကလည်း ကျေကျေနပ်နပ်ကြီး ကို လွှမ်းမိုးခံချင်သူပါ။

အန်တီလေးရဲ့ ကလေးနှစ်ယောက်ကို ကျောင်းပို့ပြီး ယုန့် ခြေလှမ်းများ ပိုမိုသွက်လက်နေသလိုပင်။ ခါတိုင်း စောင့်နေကျ ဘတ်စ်ကားကလည်း ဒီနေ့မှ ပိုပြီးကြာနေသယောင်ပါ။

ကျောင်းထဲရောက်ခါနီးလေ ယုန်ဖြူ့စိတ်တွေ ပိုလှုပ်ရှား





လေလေပါ။ ယုန်သည် လွယ်အိတ်ကိုင်းလေးကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း အဆောင်ထဲသို့ ခပ်သွက်သွက်ဝင်လာခဲ့သည်။ စာသင်ခန်းထဲ လှမ်းကြည့်လိုက်တော့ အတန်းထဲတွင် ဆရာဝင်နေပြီ။ အခါတိုင်းဆို စာမှစာဖြစ်တတ်သော ယုန်ဖြူသည် စာသင်ခန်းများကို ကျော်ဖြတ်သွားလျက် ချိန်ခါမိုးနှင့် ချိန်းထားရာ သစ်ပင်ကြီးအောက်သို့ ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။

ရှစ်နာရီခွဲ ချိန်းထားပေမယ့် အန်တီလေးကြောင့် ကိုးနာရီထိုးနေပါပြီ။ ထို့ကြောင့် ခြေလှမ်းကို ပို၍သွက်လိုက်သည်။

ကိုမိုးရဲ့ကြီးမားလှတဲ့ကားကြီးကို ခဖ့်လှမ်းလှမ်းတွင် လှမ်းမြင်လိုက်ရတော့ ကိုမိုးရောက်နေပြီဆိုသော အသိနှင့် ယုန့်ရဲ့ နှလုံးသားလေးက တဖျတ်ဖျတ်ခုန်သွားသည်။

သစ်ပင်အောက်တွင် ကိုမိုးနှင့် မတ်တတ်ရပ်၍ ရယ်ရယ်မောမောစကားပြောနေသော အမျိုးသမီးတစ်ယောက်ကို လှမ်းတွေ့လိုက်ရသည်။ ကိုမိုးက ယုန်ဖြူလာနေသည့်ဘက်ကို ကျောခိုင်းရပ်နေသည်။ အမျိုးသမီးကတော့ ခပ်စောင်းစောင်းအနေအထားပါ။ ယုန့်ကိုတော့ မြင်ဟန်မတူ။

သူတို့ ရယ်ရယ်မောမောဖြင့် ဘာတွေပြောနေကြလဲဆိုတာ သိချင်စောဖြင့် ယုန့်ကိုမမြင်စေရန် သစ်ပင်ကြီးအနောက်ဘက်သို့ တိုးကပ်သွားရသည်။ သစ်ပင်ကြီးကြောင့် သူတို့ ယုန့်ကို

မမြင်ရ။ ယုန်ကလည်း သူတို့ကို မမြင်ရပါ။ စကားသံသဲ့သဲ့ကို တော့ ကြားနေရပါသည်။

'မိုးတို့အဖြစ်ကလည်း ဆန်းတယ်နော်'

'ဟုတ်တယ် မေရဲ့၊ တကယ်တော့ အချစ်စစ်ဆိုတာ ဆန်းကြယ်ပါတယ် မေရယ်၊ ကျွန်တော့်ရင်တွေ သိပ်ခုန်သွားတာ'

မေဆိုပါလား။ မေဆိုတာ ယုန်ဖြူတို့ တစ်ခါ၊ နှစ်ခါ ဆုံဖူးသည့် မေသရဖူဆိုသော မိန်းမလှလေးကို ယုန်မြင်ယောင်မိသည်။ မေသရဖူနှင့် ကိုမိုးတို့ တွဲဖူးတာကို ယုန်သိပေမယ့် ကိုမိုးစိတ်အနှောင့်အယှက်ဖြစ်မှာစိုး၍ ယုန် မသိချင်ယောင်ဆောင် နေခဲ့သည်။ ယခု မေသရဖူနှင့်ကိုမိုးတို့ ဘယ်လိုများ ပတ်သက် ပြီး ဒီနေရာကို ရောက်နေပါလိမ့်။

ထိုစဉ်မှာပင် ကိုမိုးအသံကို ကြားရသည်။

'မေရော ဘယ်လိုထင်လဲ၊ ကျွန်တော်ကတော့ တကယ့် ကို ရင်ထဲက နှစ်နှစ်ကာကာ ချစ်သွား၊ မြတ်နိုးမိသွားတာပါဗျာ'

ဘုရားရေ… ဒါ… ဒါ ကိုမိုး… မေသရဖူကို ရည်းစား စကားပြောလိုက်တာပေါ့။ နောက်ဆက်တွဲစကားများကို ယုန် ထပ်မကြားရဲတော့။ ယုန်ဖြူအလန့်တကြား နားကိုပိတ်လိုက် သည်။ မျက်ရည်တို့ကလည်း အတားအဆီးမဲ့စွာ ပိုးပိုးပေါက် ပေါက် ကျလာခဲ့သည်။ ယုန့်ကြောင့် အနှောင့်အယှက်မဖြစ်စေရ။





ကြည့်စမ်းပါဦး။ ယုန့်အထင်တွေ မှားသွားပြီပေါ့။ ယုန် ကိုယ့်ကိုယ်ကို အရမ်းအထင်ကြီးမိသွားတာပေါ့။ ယုန်မှားသွားတာ ပေါ့။ သူ ယုန့်ကိုချစ်နေတယ်လို့ထင်မိတာ ယုန့်ရဲ့ရူးသွပ်စွာ မျှော်လင့်ခဲ့မှုပေါ့၊ ယုန့်ကို ကိုမိုးခေါ်တာ မေသရဖူနှင့်မိတ်ဆက် ပေးမလို့ ထင်ပါရဲ့။

အေးလေ… ယုန်က မတန်မရာမျှော်လင့်မိတာကိုး။

ယုန်သည် ကိုယ့်ကိုယ်ကို ဘယ်လိုမှမထိန်းချုပ်နိုင်တော့ ဘဲ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ပြေးထွက်ခဲ့သည်။ မျက်ရည် တို့က အဆက်မပြတ်ကျဆင်းနေ၍ မှုန်ဝါးဝါးမြင်ကွင်းကို ယုန် ဘာမှမမြင်ရတော့။ လက်တစ်ဖက်ကလည်း မျက်မှန်ကိုချွတ်၍ ကိုင်ထားသေးသည်။

'ကျွီ'

'အမေ့'

ကျယ်လောင်တဲ့ ကားဘရိတ်အုပ်သံနှင့်အတူ ယုန်ဖြူ့ရဲ့ လက်တစ်ဖက်မှ ကိုင်ထားသော မျက်မှန်လေး၏ ကျကွဲသံတို့က မရှေးမနှောင်း ထွက်ပေါ်လာခဲ့သည်။

ယုန်ဖြူသည် ယခုမှ ကြောက်လန့်တကြား ကားကြီး ရော၊ ပတ်ဝန်းကျင်ကိုပါ မော့ကြည့်မိသည်။ ကားကြီးက ယုန်နှင့် တကယ့်ကို နီးနီးလေးပင်။

ဘုရား… ဘုရား ကံကောင်းလို့ ယုန်သေတော့မလို့ပါလား။

အို… ယုန့်ရဲ့မျက်မှန်လေး၊ ယုန့်ဖေဖေဝယ်ပေးထားတဲ့ မျက်မှန်လေး ကျကွဲသွားရှာပြီကိုး။

ယုန်သည် ထိုခဏအတွင်း ဝမ်းနည်းကြေကွဲစွာ၊ နှမြောတသစွာ ထိုမျက်မှန်အကျိုးလေးကို ငေးကြည့်ရင်း မျက်ရည်တို့က ထပ်မံ၍ စီးကျလာသည်။ ယုန် ဒီနေ့ တော်တော်ကံဆိုးတဲ့ နေ့တစ်နေ့ပါပဲ။

'မိန်းကလေး'

ခေါ်သံကြောင့် ယုန့်မျက်ရည်တွေ အလျှင်စလိုသုတ်၍ မော့ကြည့်လိုက်မိသည်။

'ဘာဖြစ်သွားသေးလဲ'

ထိုပုဂ္ဂိုလ်ကြီးရဲ့ မျက်ဝန်းထဲမှာ ယုန့်ကို ကရုဏာသက်မှုတွေ အပြည့်အသိပ်မြင်နေရသည်။

'ယုန် ဘာမှမဖြစ်ပါဘူးရှင်၊ ယုန့်မျက်မှန်လေး ကွဲသွားလို့ မျက်ရည်ကျမိတာပါ၊ စိတ်မရှိပါနဲ့၊ ယုန့်အမှားပါ၊ ယုန် အတင်းပြေးထွက်လာလို့ ဒီလိုဖြစ်ရတာပါ'

ယုန်က ခေါင်းငုံ့ပြီး မျက်မှန်အကွဲအစတွေကို လိုက်ကောက်ရင်းမှ ပြောလိုက်သည်။ ယုန်က ဖေဖေဝယ်ပေးထား





သော မျက်မှန်လေးမို့ ကောင်းကောင်းဆိုးဆိုး အမှတ်တရအနေနှင့် သိမ်းဆည်းထားရန် လိုက်ကောက်နေခြင်းသာဖြစ်သည်။

'တော်သေးတာပေါ့၊ ကားကဘာရိတ်ကောင်းလို့၊ ဒို့ပြင်ဆို မလွယ်ဘူး၊ ကဲ… ကဲ… မိန်းကလေး အန်ကယ်ဘာအကူအညီပေးရမလဲ၊ ဒီမျက်မှန်အကွဲတွေလည်း ကောက်မနေပါနဲ့တော့၊ အန်ကယ့်ကြောင့်ဖြစ်ရတာ အန်ကယ်ပဲ အသစ်ပြန်ဝယ်ပေးပါ့မယ်'

ထိုပုဂ္ဂိုလ်ကြီးက အမြင်မတော်၍ပဲလား၊ ယုန့်ကို ကရုဏာသက်သွား၍ပဲလားမသိ ထိုသို့ပြောလိုက်သည်။ ထို့ကြောင့် ယုန် မြန်မြန်ဖြေရှင်းရသည်။

'ဟို… ဘာကြောင့်မှ မဟုတ်ပါဘူးရှင်၊ ဒီမျက်မှန်လေးက ငွေကြေးအားဖြင့် ဘာတန်ဖိုးမရှိပေမယ့် ယုန့်ဖေဖေဝယ်ပေးထားတဲ့မျက်မှန်လေးမို့ ကောက်နေရတာပါ'

'ဪ… ကဲပါ မိန်းကလေးရယ်၊ လူတွေလည်း ဝိုင်းကြည့်နေကြပြီ၊ မင်း ဘယ်မှာနေလဲ ကျုပ်လိုက်ပို့ပေးမယ်'

ယုန်ဖြူသည် မျက်မှန်အကွဲအစများကို လက်ကိုင်ပုဝါတစ်ထည်ဖြင့် ထုပ်လိုက်သည်။ ပထမတော့ ငြင်းဆန်ရန် ဆုံးဖြတ်လိုက်သည်။ သို့သော် လူတွေက ဝိုင်းအုံကြည့်နေတာတစ်ကြောင်း၊ ထိုပုဂ္ဂိုလ်ကြီးကို အားနာတာတစ်ကြောင်း၊ ပြီးတော့

မျက်မှန်မပါ၍ ခပ်ဝါးဝါးသာမြင်ရသော မြင်ကွင်းကတစ်ကြောင်း၊ ပြီးတော့ ယုန်ကိုယ်တိုင် ကိုယ့်ကိုယ်ကို မသယ်ချင်တော့လောက်အောင် ခေါင်းတွေမူးနောက်ရီဝေနေတာကတစ်ကြောင်းမို့ ထိုပုဂ္ဂိုလ်ကြီး ဖွင့်ပေးသော ကားပေါ်သို့ စိတ်တင်း၍ တက်လိုက်သည်။

ကားပေါ်ရောက်တော့ ထိုပုဂ္ဂိုလ်ကြီးက ယုန့်ကို အားပေးရှာပါသည်။

'ဘာမှမကြောက်နဲ့နော် မိန်းကလေး၊ အန်ကယ်က ဒီကျောင်းမှာ အန်ကယ့်သားကို လာရှာတာ၊ သမီးကိုလည်း သားအရွယ်ဆိုတော့ သမီးလေးလိုပဲ သဘောထားမယ်၊ ဘာဘာညာညာ စိတ်ထဲမတွေးနဲ့'

ထိုအန်ကယ်ကြီးက ယုန့်ရဲ့စိုးရွံ့မှုတွေကို နားလည်စွာ အားပေးပါသည်။

'ကဲ… သမီး… အန်ကယ် မျက်မှန်ဆိုင် တစ်ဆိုင်ကို အရင်မောင်းလိုက်မယ်နော်၊ သမီးကိုကြည့်ရတာ မျက်မှန်မပါရင် အဆင်မပြေဘူးထင်တယ်၊ အန်ကယ် အစားပြန်ဝယ်ပေးပါ့မယ်'

'ရပါတယ် အန်ကယ်၊ ယုန့်ကိုအိမ်ပဲ ပြန်ပို့ပေးပါ၊ အိမ်မှာ မျက်မှန်တစ်လက် ရှိပါသေးတယ်'

'မဟုတ်သေးဘူးလေ သမီးရဲ့၊ သမီးအဖေ ဝယ်ပေးထား





တဲ့မျက်မှန်ကို အန်ကယ်က ခွဲမိတော့ စိတ်မကောင်းဘူး၊ အန်ကယ် အစားပြန်ဝယ်ပေးချင်လို့ပါ၊ အန်ကယ့်ကို သမီးရဲ့အဖေလိုပဲ သဘောထားပါ'

အားပါးတရပြောလိုက်သော ထိုအန်ကယ်ကြီး၏စကားကြောင့် ယုန် ငြိမ်သက်သွားမိသည်။ ယုန့်မှာ ငြင်းဆန်ရန် အင်အားမရှိတော့ပါ။ ယုန့်မှာ စိတ်ရော၊ လူရော ပျော့ခွေပင်ပန်းနေပါပြီ။

ထိုအန်ကယ်ကြီးပြောသလို ယုန့်ဖေဖေဟုပဲ သဘောထားလိုက်တာပေါ့လေ။

ယုန်ဖြူသည် စောစောကမှ ကြုံတွေ့ရသော အဖြစ်အပျက်တွေကြောင့် လူက နွမ်းနယ်နေတာမို့ မျက်စိအသာမှိတ် ငြိမ်သက်တိတ်ဆိတ်စွာ လိုက်ပါခဲ့ပါသည်။

ဒီအန်ကယ်ကြီးသာ ယုန့်ဖေဖေဖြစ်လိုက်ပါတော့ဟု ကယောင်ချောက်ချား တွေးလိုက်မိသေးပါသည်။ ယုန်ဖြူသည် ရှုပ်ယှက်ခတ်နေသော အတွေးတို့ဖြင့် ကိုယ်နှင့်တစ်ခါမှမသိသော အန်ကယ်ကြီးတစ်ယောက်၏ ကားပေါ်သို့ ယုံကြည်စိတ်ချစွာ လိုက်ပါလာပါတော့သည်။

* * *

ဒီနေ့တော့ ယုန် ကံမကောင်းတဲ့နေ့ဖြစ်ပါသည်။ ယုန့်ရင်မှာ အရမ်းဝမ်းနည်းကြေကွဲနေရပါသည်။

ဖေဖေ ဝယ်ပေးထားသော မျက်မှန်ကလေး ကျိုးပဲ့သွားသလို ယုန့်ရဲ့နှလုံးသားအစုံမှာလည်း ကျိုးပဲ့ပျက်စီးသွားခဲ့ပါသည်။ ယုန့်နှလုံးသားလေးက အချစ်ဆိုတာကို ခံစားနားလည်လာချိန်မှ ယုန့်ရဲ့နှလုံးသားအလိုဆန္ဒတွေ ပျက်စီးကြေမွသွားခဲ့လေပြီ။

ယုန့်အတွက်တော့ အချစ်ဆိုတာ ပူလောင်နာကျင်ခြင်းပဲဖြစ်သည်။ အခင်းလေး ယုန်ကလည်း မတန်မရာကို သွားမှန်းမိတာကိုး။ တကယ်ဆို ယုန်ဖြူလိုမိန်းမမျိုးကို သနားတာကလွဲ၍ ဘယ်သူ





က စိတ်ဝင်စားပါ့မလဲလေ။ ယုန်ဖြူနှင့်မေသရဖူ ယှဉ်လိုက်လျှင် တကယ့်ကို အစစအရာရာ ကွာခြားနေသည် မဟုတ်ပါလား။

ယုန်ဖြူသည် အားငယ်ဝမ်းနည်းစွာ စားပွဲပေါ်တွင်မှောက်၍ မျက်ရည်တွေ စီးကျနေမိသည်။

'ဟော့… ဒီလောက်လည်း ငိုမနေနဲ့၊ ဦးဝေမင်းက နင့်ကို မျက်မှန်အသစ်လုပ်ပေးပြီးပြီမဟုတ်လား၊ ငိုမနေနဲ့၊ ကျက်သရေမရှိဘူး၊ မိဖြူ တိတ်စမ်း'

အန်တီလေးက ယုန့်အခန်းဝမှ ခပ်မာမာလှမ်းပြောတာကြောင့် ယုန်သည် မျက်ရည်တွေ ကမန်းကတန်းသုတ်မိသည်။ မျက်ရည်တောင် လွတ်လွတ်လပ်လပ်ကျခွင့်မရှိတဲ့ ဘဝပါလား။ ယုန်ဖြူသည် မိမိဘဝကို နာကြည်းသွားသည်။ အန်တီလေးရယ် တကယ်တော့ မျက်မှန်တစ်လက်တင် မကပါဘူး၊ ယုန်ဖြူ့ရဲ့နှလုံးသားတစ်ခုလုံး လူမသိသူမသိ ကျိုးပဲ့သွားခဲ့တာပါ။

'ကဲ… မိယုန်ဖြူ အိပ်စရာရှိတာ အိပ်တော့၊ မနက်ကျရင် စောစောထရဦးမယ်မဟုတ်လား'

ယုန်ဖြူသည် အရုပ်တစ်ရုပ်ပမာ ခုတင်ပေါ်သွားအိပ်တော့ အန်တီလေးက မီးပိတ်ပြီး အခန်းတံခါးစေ့ကာ ပြန်ထွက်သွားလေသည်။ အန်တီလေးပြန်ထွက်သွားတော့မှ ယုန်ဖြူ အသက်ရှူချောင်သည်။ အိပ်လို့လည်းမရ၊ မျက်ရည်လည်းမကျတော့ဘဲ

ထုံပေပေခံစားချက်များနှင့် လူက နွမ်းနယ်နေလေသည်။ ပြီးတော့ နေ့လယ်ခင်းက အဖြစ်အပျက်များကို ပြန်တွေးမိသည်။ ယုန်ဖြူကို ဟိုအန်ကယ်ကြီးက မျက်မှန်ဆိုင်မှာ မျက်ကပ်မှန် အကောင်းစားလုပ်ပေးပြီးနောက် အိမ်တိုင်ရာရောက်ပါ ပြန်ပို့ပေးသည်။ ယုန်က ကားပေါ်မှဆင်းပြီး ထိုအန်ကယ်ကြီးကိုနှုတ်ဆက်လိုက်သည်။

'ကျေးဇူးပါပဲ အန်ကယ်ရယ်၊ ယုန့်ကို မျက်ကပ်မှန်လည်း လုပ်ပေး၊ အိမ်အထိလည်း လိုက်ပို့ပေးရတယ်၊ အားနာလိုက်တာ'

'ရပါတယ် သမီးရယ်'

'ဟဲ့ ယုန်ဖြူ၊ ညည်းသည်ပါလား၊ အိမ်ထဲခေါ်လေ'

ယုန်ဖြူတို့နေတာက အောက်ဆုံးထပ်မို့ အန်တီလေးက အိမ်အပေါက်ဝမှ လှမ်းမြင်ပြီး အိမ်ပေါ်သို့ တက်ရန် လှမ်းခေါ်သည်။

'ဟို… အန်ကယ် သမီးတို့အန်တီလေးက ခေါ်နေတယ်၊ မိတ်ဖြစ်ဆွေဖြစ် အိမ်ထဲကြွပါလားရှင်'

ယုန်ဖြူသည် အန်တီလေးကို ကြောက်ကြောက်ဖြင့် အိမ်ထဲ ခေါ်လိုက်သည်။ ထိုအခါ အန်ကယ်ကြီးမှာ မနေသာတော့ဘဲ ကားတံခါးပိတ်၍ အိမ်ထဲဝင်ရလေသည်။

'လာပါ အန်ကယ်၊ ထိုင်ပါဦးရှင်'

ထိုစဉ်မှာပင် အန်တီလေးက နောက်ဖေးမှ လင်ပန်းတစ်ခု





ကိုင်ပြီး ဧည့်ခန်းထဲသို့ ဝင်လာသည်။ ဧည့်ခန်းတွင် ထိုင်နေသော အန်ကယ်ကြီးက အန်တီလေးကို တွေ့သောအခါ…

'ဟင်… မင်း… မင်း နွဲ့ရီမဟုတ်လား၊ နွဲ့ရီမဟုတ်လား'

'ရှင်… ရှင် ကိုဝေမင်းပါနော်၊ ကိုဝေမင်းရယ် မတွေ့တာတောင် ကြာပြီ၊ ရှင် မြန်မာပြည် ပြန်ရောက်နေတာလား၊ ဒါနဲ့ ကျွန်မတူမနဲ့ ဘယ်လိုတွေ့လာတာလဲ'

တိုက်ဆိုင်စွာပင် ထိုအန်ကယ်ကြီးနှင့် အန်တီလေးတို့က အသိမိတ်ဆွေတွေဖြစ်နေကြသည်။ ယုန်ဖြူက ထိုအန်ကယ်ကြီးနှင့်တွေ့လာပုံကို အန်တီလေးအား ရှင်းပြလိုက်သည်။

'ဒီလိုပါ အန်တီလေး ယုန်နဲ့အန်ကယ့်ကားနဲ့ တိုက်မိမလို ဖြစ်ပြီး ယုန့်မျက်မှန်ကျိုးသွားတာနဲ့ အန်ကယ်က မျက်မှန်ပြန်လုပ်ပေးပြီး ယုန့်ကို အိမ်ပြန်ပို့ပေးတာပါ၊ အန်တီလေးနဲ့ အန်ကယ်တို့က အသိတွေလား'

အန်တီလေးက ယုန့်မေးခွန်းကို မဖြေပါ။ ယုန့်ကိုပဲ အပြစ်တင်ပါသည်။

'အမလေး… ယုန်ဖြူရယ်၊ ဖြစ်လိုက်ရင် ဒီလိုချည်းပဲ၊ ရုပ်တီးရုပ်ပျာနဲ့၊ ကိုဝေမင်းရယ် အဲဒါသာကြည့်တော့၊ ဒါ ကျွန်မတူမလေ၊ ကျွန်မအောက်က ထွေးရီရဲ့သမီးပေါ့'

'ဒါနဲ့ ထွေးရီကရော'

အန်ကယ်ဦးဝေမင်းက မေမေ့ကိုပါ သိနေဟန်ဖြင့် မေးသည်။

'ထွေးရီတို့ လင်မယားနှစ်ယောက်စလုံးက ဒီကောင်မလေးငယ်ငယ်ကတည်းက ဆုံးသွားတာပေါ့၊ အဲဒါ ကျွန်မကပဲ ဒီကောင်မလေးကို စောင့်ရှောက်ထားရတာပါ'

အန်တီလေးက သူမကိုယ်သူမ ကယ်တင်ရှင်ကြီးဟန်ဖြင့် ပြောနေလေသည်။ ယုန်ကတော့ မိဘနှစ်ပါးအကြောင်း ကြားရလျှင် ဝမ်းနည်းကြေကွဲရစမြဲမို့ ဝေ့သီလာသော မျက်ရည်တို့ကို ပွတ်ရင်း…

'အန်တီလေး… ယုန်ဖြူ အဝတ်အစားသွားလဲလိုက်ဦးမယ်၊ အန်ကယ် ခဏနော်'

ဟု ခွင့်တောင်းပြီး ထလာလျှင် ဦးဝေမင်း၏အသံက ယုန့်နောက်ပါးတွင် ပါလာသည်။

'သြော်… ကြားရတာ စိတ်မကောင်းလိုက်တာကွာ၊ အခုရော နှံ့ရီတို့ အဆင်ပြေရဲ့လား'

အန်တီလေးနှင့် အန်ကယ်ဦးဝေမင်းတို့က တစ်ဦးအကြောင်းတစ်ဦးမေးရင်း ကျန်ခဲ့သည်။ သူတို့ကို ကြည့်ရတာ ငယ် သူငယ်ချင်းတွေ ထင်ပါရဲ့။ ယုန် အဝတ်အစားမြန်မြန်လဲပြီး အခန်းပြင်သို့ ထွက်လာကာ မီးဖိုခန်းတွင် လုပ်စရာရှိတာများ





လုပ်ရန်ပြင်လိုက်သည်။ အပြင်တော့ ထပ်မထွက်တော့ပါဘူး၊ အန်တီလေး ညှော်ခံနေတာပဲလေဟု တွေးလိုက်သည်။

ထိုစဉ်မှာပင် အန်တီလေးအသံ ကြားရသည်။

'ယုန်ဖြူ လာဦး၊ ဒီမှာ ကိုဝေမင်းက မေးစရာရှိလို့တဲ့'

'ဟုတ်ကဲ့'

ယုန်ဖြူက ရိုကျိုးစွာ အန်တီလေးနံဘေး ဝင်ထိုင်လိုက်သည်။ အန်တီလေးကပဲ အရင်စပြောသည်။

'ဟောဒီ ဦးဝေမင်းက အန်တီလေး ခဏခဏပြောဖူးတဲ့ မမခင်ရဲ့ခင်ပွန်းဟောင်းပေါ့၊ အန်တီလေးရယ်၊ မမခင်ရယ်၊ ကိုဝေမင်းရယ်က ငယ်သူငယ်ချင်းတွေ၊ နောက်ပိုင်း မမခင်နဲ့ ကိုဝေမင်း လက်ထပ်ပြီး သားတစ်ယောက်မွေးတယ်၊ နောက် စိတ်သဘောထားချင်း မတိုက်ဆိုင်လို့ အဲဒီသားလေး နှစ်နှစ်သားကတည်းက ကိုဝေမင်းက နိုင်ငံခြားထွက်သွားတာ အခုမှပြန်ရောက်တာ တစ်ပတ်ပဲ ရှိသေးတယ်'

'ဟုတ်ကဲ့'

အန်တီလေးပြောသမျှတွေ ဟုတ်ကဲ့လုပ်နေရပေမယ့် ယုန်စိတ်ကျဉ်းကျပ်မိသည်။ အန်တီလေးက စကားဆက်သည်။

'အခု ကိုဝေမင်းရဲ့သားက ဒဂုံတက္ကသိုလ်မှာ တက်နေတယ်တဲ့၊ အဲဒါ ယုန်ဖြူကို စုံစမ်းခိုင်းမလို့တဲ့'

ဒီတော့မှ အန်ကယ်ကြီး ကျောင်းထဲဘာလာလုပ်တာလဲ သိရသည်။ ထိုစဉ် အန်ကယ်ဦးဝေမင်းက ယုန့်ကို လှမ်းမေးသည်။

'သမီးက ဘယ်မေဂျာကလဲ'

'မြန်မာစာကပါ၊ အန်ကယ့်သားကရော ဘယ်မေဂျာလဲ'

ယုန်ကလည်း ထိုအန်ကယ်ကြီးကို မြင်မြင်ချင်း ခင်မင်သွားတာကြောင့် စုံစမ်းပေးရန် ဆုံးဖြတ်လိုက်သည်။ အန်ကယ်ကြီးက ခေါင်းခါလျက်…

'အန်ကယ်လည်း သေချာမသိသေးပါဘူး သမီးရယ်၊ ခုမှ စုံစမ်းတုန်းပါ၊ အန်ကယ်က ပြန်ရောက်တာလည်း မကြာသေးတော့လေ၊ နောက်မှ ဖြည်းဖြည်းစုံစမ်းရတော့မှာပေါ့'

ယုန်ဖြူက ခေါင်းညိတ်ပြလိုက်သည်။

'အေးကွယ်… သမီး လိုအပ်တဲ့အကူအညီလည်း အန်ကယ့်ဆီက အားမနာတမ်း တောင်းနိုင်တယ်နော်၊ အန်ကယ် လိုအပ်တဲ့အကူအညီလည်း သမီးဆီ တောင်းရမှာပဲ၊ ကဲ… ခွဲ့ရီရေ ချိန်းထားတာလေးရှိလို့ ပြန်လိုက်ဦးမယ်၊ အခု အိမ်လည်းသိပြီဆို တော့ နောက်မှ အေးအေးဆေးဆေးပြောတာပေါ့'

'ကောင်းပါပြီ ကိုဝေမင်း၊ ကျွန်မလည်း မမခင်ဂကို တီး ခေါက်ကြည့်လိုက်ဦးမယ်'

'ကျေးဇူးပါပဲ ခွဲ့ရီရေ၊ ကဲ… သမီး၊ အန်ကယ်ပြန်မယ်'





'ဟုတ်ကဲ့ အန်ကယ်'

အန်ကယ်ဦးဝေမင်း ပြန်သွားတော့ ယုန်ဖြူစိတ်မောစွာ ကျန်ရစ်ခဲ့သည်။ အန်တီလေးကတော့ ဦးဝေမင်းအကြောင်း ဆက် ပြောပြလေသည်။

'ကိုဝေမင်းကို ငါက သူ့သားနဲ့ တွေ့စေချင်ပါတယ်၊ သူ့သား နှစ်နှစ်ကတည်းက ခုချိန်ထိ မတွေ့ရသေးဘူး၊ မမခင်က လည်း သူ့သားကို သိပ်ချစ်တာ၊ ပြီးတော့ မာနကလည်းကြီးတယ်၊ သူ့သားကို ကိုဝေမင်းအကြောင်း တစ်ခွန်းမှ ပြောထားမှာမဟုတ် ဘူး၊ ပြီးတော့ ပေးလည်းတွေ့မှာမဟုတ်ဘူး၊ ဒါပေမဲ့ ငါကတော့ ငါ့ရဲ့ကျေးဇူးရှင်မိသားစုလေး ပြန်ပေါင်းစည်းစေချင်တာပါ'

အန်တီလေးရဲ့ စကားသံကို ပြန်ကြားယောင်နေမိသည်။

ယုန်ဖြူကတော့ အမှတ်တရများစွာဖြစ်ခဲ့သော ဒီနေ့ကို မေ့လို့ရမည်မထင်ပါ။ ကိုမိုးကို မေ့နိုင်ရန်ကြိုးစားမိသော်လည်း မရ။ ကိုမိုးရဲ့ ပုံရိပ်က ယုန့်နှလုံးသားရဲ့ အနက်ရှိုင်းဆုံးမှာ စွဲထင်လို့ နေပါပြီ။ တကယ်တော့လည်း စင်ဒရဲလားလေးဟာ မင်းသား လေးနဲ့တွေ့ပြီး ချစ်ခင်တယ်ဆိုတာ ပုံပြင်တွေထဲမှာ ရှိတာပါ။ ယုန်ဖြူ့ရဲ့ လက်တွေ့ဘဝမှာတော့ စိတ်ကူးယဉ်တာတွေ ရပ်တန့် သင့်ပါပြီ ယုန်ဖြူရယ်။ ယုန် ကိုယ့်ကိုယ်ကို ဆုံးမလိုက်သည်။

'အို… တော်ပါပြီ၊ အိပ်တာပဲကောင်းတယ်'

အိပ်မက်ထဲမှာ ကိုယ်ဖြစ်ချင်တာဖြစ်ခွင့်ရတယ်၊ စိတ်ကူးထဲမှာ ကိုယ်ကြိုက်သလို စိတ်ကူးယဉ်လို့ရတော့လေ။ ယုန်ဖြူက တော့ အဲဒီစိတ်ကူးယဉ်အိပ်မက်ကမ္ဘာလေးကို ကြိုက်နှစ်သက် နေပါပြီ။ ဘာပဲဖြစ်ဖြစ်ပါ ယုန့်နှလုံးသားကို ခံနိုင်ရည်ရှိအောင် ကြိုးစားရပါဦးမည်။

* * *

ထိုနေ့က ချိန်ခါမိုးသည်လည်း…

ချိန်ခါမိုးသည် သူကိုယ်သူ ယုန်ဖြူကိုချစ်ခင်မြတ်နိုးမိသဖြင့် တစ်သက်လုံးအတွက် ရည်ရွယ်ထားသည်ဟု သေချာသောအခါ ယုန်ဖြူကို ဖွင့်ပြောရန် ဆုံးဖြတ်လိုက်သည်။

သူ့ဘဝမှာ ရည်းစားများစွာ ထားဖူးသလို ရည်းစားစကားလည်း များစွာပြောဖူးပါသည်။ သို့သော် ဒီတစ်ခါ ယုန်ဖြူကို ပြောမည့်စကားတွေလောက် လေးနက်လှိုက်လှဲတာ တစ်ခါမှမရှိဟု သူထင်ပါသည်။ ဒါတွေဟာ ယုန်ဖြူအပေါ် သူထားမိသည့် အချစ်စစ်ကြောင့်ပါ။

ထိုနေ့ကလည်း မှန်ကြောင်မလေးကို ဆုံနေကျနေရာမှာ ချိန်းထားမိသည်။ ရှစ်နာရီခွဲ ချိန်းထားပေမယ့် သူက စိတ်လှုပ်ရှားစွာ ရှစ်နာရီလောက်ကတည်းက ရောက်နေသည်။ သူ့နှလုံးသားက အချစ်စိတ်ကြောင့် တဖျတ်ဖျတ်တုန်ခါနေသည်။

စိတ်လှုပ်ရှားမှုကို ဖြေဖျောက်နိုင်ရန် စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ်သောက်ရင်း သူ့ကို ကိုမိုးဟု အားကိုးတကြီးခေါ်မည့်အသံလေးကို နားစွင့်နေမိသည်။

သို့သော် ထိုအချိန်၌ မမျှော်လင့်ဘဲ ရောက်လာသူက…

'မိုး… အတန်းမတက်ဘဲ ဒီမှာ ဘာလုပ်နေတာလဲ'

'ဩော်…မေ'

မေသရဖူက ထုံးစံအတိုင်း ကြွရွလှပနေသည်။ မေသရဖူရဲ့အလှနှင့် ယုန်ဖြူ့ရဲ့အလှဟာ တစ်မျိုးစီကွာခြားပါသည်။ မေသရဖူက ပူလောင်ပြင်းပြသည့်အလှမျိုး၊ ယုန်ဖြူ့ရဲ့အလှကတော့ မြင်လိုက်တာနှင့် အေးချမ်းကြည်လင်သွားသည့် အလှမျိုးဖြစ်ပါသည်။ ပြီးတော့ ယုန်ရဲ့ ရိုးသားသည့်မျက်ဝန်းနက်နက်လေးတွေကိုလည်း သူ ချစ်ပါသည်။ ဒီမျက်ဝန်းလေးတွေက ရိုးသားဖြူစင်လှသည်။

'ဘယ်သူ့ကို စောင့်နေတာလဲ မိုး'

'ယုန်ဖြူ့ကိုပါ'





'ဩော်… ဟိုမှန်ကြောင်မလေးကိုလား'

လေကြောရှည်နေသော မေသရဖူကို သူ စိတ်မရှည်ချင်တော့ပေ။ ပြီးတော့ ဒီနေ့ မေသရဖူနှင့် အစီစကလီဇာတ်လမ်းကို အပြတ်ဖြတ်သင့်ပြီဟု တွေးမိသည်။ ထို့ကြောင့်…

'ဟုတ်တယ် မေ၊ ကျွန်တော် ယုန်ဖြူ့ကိုချစ်တယ်၊ ရည်းစားစကားပြောမလို့လေ၊ အဲဒါ စောင့်နေတာ'

သူ့စကားကြောင့် မေသရဖူ့မျက်နှာလှလှလေး ကွက်ခနဲ ပျက်သွားသည်။ သို့သော် မေသရဖူက ဟန်ဆောင်ခြင်းအတတ်ပညာကို ကောင်းစွာတတ်မြောက်ပါသည်။ ချက်ချင်း သူ့ကို ပြုံးရယ်လျက်…

'ဒါဖြင့်လည်း မေ ကူစောင့်ပေးမယ်လေ မိုးရဲ့၊ ကောင်မလေးလာတော့ မေက အလိုက်တသိသွားမှာပါ၊ မေ တစ်ယောက်တည်းပျင်းလို့၊ အတန်းလည်း မရှိဘူးလေ'

သူက မေသရဖူ့ကို ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။ ခဏမျှ တိတ်ဆိတ်နေပြီးနောက် မေသရဖူက စကားစလာပြန်သည်။

'မိုးတို့အဖြစ်ကလည်း ဆန်းတယ်နော်'

'ဟုတ်တယ် မေရဲ့၊ အချစ်စစ်ဆိုတာ ဆန်းကြယ်ပါတယ်၊ ကျွန်တော့်ရင်တွေ သိပ်ခုန်သွားတာ'

သူ မှန်ကြောင်မလေး၏ ပုံစံလေးကို မြင်ယောင်ရင်း ရယ်မောကာ ပြောလိုက်သည်။ သူလိုလူက အဲဒီမှန်ကြောင်မလေးကို စူးစူးနင့်နင့် ချစ်သွားလိမ့်မည်လို့ ဘယ်သူက ထင်ပါ့မလဲနော်။

'မေရော ဘယ်လိုထင်လဲ၊ ကျွန်တော်ကတော့ တကယ့်ကို ရင်ထဲက နှစ်နှစ်ကာကာချစ်မြတ်နိုးသွားမိတာပါဗျာ'

သူက ရင်ထဲမှစကားတွေကို မေသရဖူကို ရင်ဖွင့်နေမိသည်။ မှန်ကြောင်မလေးကိုချစ်တဲ့အကြောင်းတွေ ပြောရမည်ဆိုလျှင် သူ မမောနိုင်မပန်းနိုင်ပါ။

ဤသို့ဖြင့် သူနှင့် မေသရဖူတို့ စကားလက်ဆုံကျနေရင်းမှ အချိန်တချို့ ကုန်လွန်သွားခဲ့သည်။ သို့သော် သူ့ရဲ့ ယုန်ဖြူလေးကတော့ ရောက်မလာသေး။ ခဏကြာတော့ မေသရဖူက စောင့်ရတာ ပျင်းလာဟန်ဖြင့်…

'ကဲ… မိုးရေ… မေလည်း ပြန်လိုက်ဦးမယ်၊ စကားပြောလို့လည်း ကောင်းပါရဲ့၊ မိုး ကံကောင်းပါစေလို့ ဆုတောင်းပေးတယ်နော်'

'ဩော်… အင်း ဟုတ်တာပဲ၊ ဘာလိုလိုနဲ့ ဆယ်နာရီတောင် ခွဲသွားပြီ၊ ကူစောင့်ပေးတဲ့အတွက် မေ့ကို ကျေးဇူးတင်ပါတယ်ဗျာ'





'အင်းပါ… အဖြေရပြီးရင် မေတို့ကို တစ်ပွဲလိုက်ကျွေးရမယ်နော်၊ ကဲ… သွားပြီ မိုးရေ'

ကားပေါ်တက်ရင်း နှုတ်ဆက်နေသော မေသရဖူကို သူ ခေါင်းညိတ်ပြလိုက်သည်။ သူနှင့် အီစီကလီဖြစ်ခဲ့ဖူးသော မေသရဖူကို သူ ဒီလိုအလွယ်တကူ ခွာထုတ်လို့ရမည်ဟု နည်းနည်းလေးမှ မထင်ခဲ့။ ယခုတော့ မေသရဖူက နားလည်စွာပင် နောက်ဆုတ်ပေးသွားတာမို့ သူ့စိုးရိမ်မှုတွေ ပျောက်ပျက်ကုန်ပြီဖြစ်သည်။ သို့သော် ယုန်ဖြူရောက်လာပြီး အထင်လွဲသွားတာကိုတော့ သူ မသိလိုက်ပါချေ။ ဩော်… ယုန်လေးရယ်… လူတွေသိတုန်ပြီကွာ။

မေသရဖူကို သူနှင့်ယုန်ဖြူအကြောင်းပြောပြလိုက်ရ၍ အတော်ရင်ပေါ့သွားသည်။ ဟိုကောင်ဖြိုးဝေကိုတော့ ပြောလို့မရပေ။ ပြောတာနှင့်ပင် မင်းနဲ့မတန်ပါဘူး ဘာညာနှင့် ဖျက်လေ့ရှိတာကြောင့် သူစိတ်တိုရသည်။

ယုန်ဖြူ ဘာလို့မလာသေးတာပါလိမ့်။

ယုန်လေးရယ် ကျွန်တော် မင်းကို တကယ့်ကိုလေးလေးနက်နက်မြတ်နိုးချစ်ခင်မိသွားတာပါ ကိုယ့်ရဲ့မှန်ကြောင်မလေးရယ်။

'ဟော့ကောင်'

'ဟာ… ဖြိုးဝေ'

သူသည် အတွေးတို့နှင့် နစ်မျောနေခိုက် ဖြိုးဝေက ဘေးမှတွန်းလိုက်တာကြောင့် သူယိုင်နဲ့သွားသည်။

'မင်း… ဒီလောက်တောင်ပဲ အတွေးလွန်နေရသလား၊ ငါ မေနဲ့တွေ့ပြီးပြီ၊ မင်း ဒီမှာ မုန့်ကြောင်မလေးကို လာစောင့်နေတာဆို၊ နာရီကိုလည်း တစ်ချက်လောက်ပြန်ကြည့်ဦး၊ ဆယ့်နှစ်နာရီထိုးတော့မယ်'

'အေးလေ… အဲဒါဘာဖြစ်လဲ'

'ဘာဖြစ်ရမှာလဲ၊ မင်းရဲ့အဓိပ္ပာယ်မရှိတဲ့စောင့်ဆိုင်းခြင်းကို ရပ်တန်းကရပ်ပြီး ငါနဲ့အတူလိုက်ခဲ့ဖို့ပဲ ကိုယ့်လူ'

ဖြိုးဝေက စီးကရက်မီးခိုးတွေကို မှုတ်ထုတ်လိုက်သည်။ ကျောင်းထဲမှာ သူနှင့်ဖြိုးဝေက အတွဲညီလှသည်။ ရည်းစားများတာရော၊ ငွေသုံးကြမ်းတာရော၊ ဆရာကြီးလုပ်တတ်သည့် အကျင့်တွေရောပေါ့။

သို့သော် သူ ယုန်ဖြူကို စွဲလမ်းချစ်ခင်မိတော့မှ ဖြိုးဝေနှင့် သိပ်မတွဲဖြစ်တော့ပေ။

ကောင်မလေးရယ်…. မင်း ဘာလို့မလာတာလဲ။ မင်း အန်တီလေးက ထွက်ခွင့်မပေးလို့များလား။

'ဟိတ်ကောင် မိုးကြီး'





ဖြိုးဝေက သူ့အတွေးများကို ဒုတိယအကြိမ် ဖျက်ဆီးလိုက်သည်။

သူက စိတ်ရှုပ်ရှုပ်နှင့်…

'မလိုက်ဘူးကွာ၊ ယုန်ဖြူမလာမချင်း ငါ ဒီကနေ ဘယ်မှမသွားဘူးလို့ ဆုံးဖြတ်ထားတယ်'

'ဟာ… မင်း အရူးပဲ၊ ဒီနေ့ ချိုတို့နဲ့ ကေတီဗွီဆိုဖို့ ချိန်းထားတယ်လေ၊ မင်းနဲ့ ဟိုတစ်ခါ အီတဲ့ကောင်မလေးလည်း ပါမှာ၊ ဘာကြောင့်တာလဲ၊ ဦးနှောက်သုံးစမ်းပါ၊ ဒီအချိန်လောက်ဆို လာမှာလည်းမဟုတ်ပါဘူး'

ဖြိုးဝေက နားထင်ကို လက်ညှိုးဖြင့်လှည့်ပြရင်း ပြောသည်။

'ဘာမှမကြောင်ပါဘူးကွ၊ ငါ့မှာ ရှိသမျှအတွဲတွေကို အကုန်ဖြတ်ပြီးပြီ၊ ငါ့ရဲ့နှလုံးသားတစ်ခုကို ယုန်ဖြူ့ဆီမှာပဲ မြှုပ်နှံထားလိုက်ပြီ၊ လာကြွပ်မနေနဲ့တော့'

'အေးလေ ဒါဆိုလည်း သဘောပဲ၊ ငါကတော့ လစ်ပြီ၊ မင်းကတော့ ကိုယ့်ဒုက္ခကိုယ် ဆက်ခံပေါ့၊ ဟဲ… ဟဲ…'

ဖြိုးဝေက သူ့ကို ခပ်လှောင်လှောင်ပြောလိုက်သည်။ အရင်ကဆိုလျှင် သူ ဖြိုးဝေခေါ်တာနှင့် ကောက်ခနဲထလိုက်သွားမှာဖြစ်သော်လည်း ယခု ယုန်ဖြူနှင့်ပတ်သက်၍တော့ ဒီလိုမလုပ်

နိုင်ပါ။ ယခု သူနှင့်ဖြိုးဝေ တကွဲတပြားဖြစ်သွားပြီပေါ့။ သို့သော် သူ ဂရုမစိုက်ပါ။

တခြားမိန်းကလေးတွေဆို ဒီလိုအချိန်ပေးပြီးထိုင်စောင့်ဖို့မပြောနဲ့ စကားပြောအဆင်မပြေလျှင်တောင် ထပြန်တတ်သူဖြစ်သည်။ ထို့ကြောင့် ချိန်ခါမိုးသည် ကောင်မလေးတွေကြားတွင် နာမည်ကြီးတတ်သူဖြစ်သည်။ ကိုယ်ကိုယ်တိုင်ကလည်း ငယ်ငယ်ရွယ်ရွယ်နှင့် နာမည်ကြီးစပြုနေသော မင်းသားမဟုတ်ပါလား။ ထို့ကြောင့် မာနကြီးမိသည်။

ဒီနေ့တော့ သူဟာ ထိုဝိသေသအားလုံးနှင့် ပြောင်းပြန်ဖြစ်နေတော့သည်။ ဘာပဲဖြစ်ဖြစ် သူ အမှန်တကယ်ချစ်မြတ်နိုးသောမိန်းကလေးတစ်ယောက်ကို ထိုင်စောင့်ရတဲ့အတွက်တော့ နောင်တမရမိပေ။

ယုန်လေးရယ်··· မင်းမှာ ဘာပြဿနာတွေ ကြုံနေပြန်ပြီလဲ။ ထိုနေ့က တစ်နေကုန်သည်အထိ ယုန်ဖြူ သူ့ထံ တစ်ခါမျှ မလာခဲ့ပါ။ သူသည် စိတ်ဓာတ်ကျစွာ ညနေခင်းရောက်တော့မှ ထိုနေရာမှ ထပြန်ခဲ့သည်။

ယုန်လေးရယ်။

အိမ်ပြန်ရောက်တော့ မာမီက သူ့မျက်နှာ ပျက်နေတာကို သတိထားမိပုံဖြင့်···





'ဟဲ့··· သား မျက်နှာကြီးကလည်း မရွှင်မပျနဲ့ ဘာဖြစ်လာတာလဲ၊ မာမီ့ကိုပြောပါဦး'

'ဘာမှမဖြစ်ပါဘူးဗျာ'

သူက ခြေပစ်လက်ပစ် ဆိုဖာပေါ် ထိုင်ချလိုက်သည်။ မာမီက သူ့ခေါင်းကို ခပ်ဖွဖွလေးစမ်းပြီး···

'မဟုတ်သေးပါဘူး သားရယ်၊ ကဲ··· မာမီဘာလုပ်ပေးရမလဲ'

'သူသိပ်ရက်စက်တယ် မာမီရာ'

'ဘယ်သူလဲ··· သား့ကောင်မလေးလား၊ မာမီ့ကို ရှင်းရှင်းပြောစမ်းပါကွာ'

'ဒီလို မာမီရဲ့'

သူ့မာမီကို ရင်ဖွင့်လိုက်တော့မှ စိတ်သက်သာရာ ရသွားသလို ခံစားရသည်။ မာမီက သူ့စကားဆုံးတော့ ရယ်မောချေသည်။

'သားလုပ်ပုံက ဟုတ်မှမဟုတ်တာ၊ ကောင်မလေး မလာတာတောင် နည်းသေးတယ်'

'ဗျာ'

'ဟုတ်တယ်သား၊ ဘယ်မိန်းကလေးမဆို ကိုယ့်ကို ရည်းစားစကားပြောဖို့ ချိန်းမှန်းသိရင် လာချင်မှလာမှာပေါ့၊ ပြီး

တော့ သားက အပိုင်တွက်ထားတာကိုး၊ မိန်းကလေးတစ်ယောက်ကို အဲသလို အပိုင်တွက်လို့မရဘူး'

'ဒါပေမဲ့ သားက ချိန်ခါမိုးလေ မာမီရဲ့'

မာမို့မျက်နှာက တည်သွားသည်။

'သားရဲ့ဒယ်ဒီလည်း မာမို့ကို ဒီစကားမျိုးပြောဖူးတယ်၊ နောက် ဒါမျိုးစကားကို မိန်းကလေးတွေ ရှေ့မှာမပြောဖြစ်အောင် သတိထားပါ၊ ဒီစကားမျိုးတွေဟာ မိန်းမတွေရဲ့မာနကို ချိုးတာနဲ့ အတူတူပဲ၊ သားရဲ့ဒယ်ဒီနဲ့ မာမီကွဲတာလည်း အဲဒါတွေကြောင့်'

မာမီက မပြောစဖူး မာမို့အကြောင်းတွေပါ ထည့်ပြောသည်။ မာမီက ဒယ်ဒီနှင့်ပတ်သက်၍ တော်တော်ခံစားရမှန်း သိသာရိပ်မိလိုက်သည်။ ဒယ်ဒီ့အကြောင်း သူမေးမည်စဉ်းစားလိုက်တိုင်း မာမို့ကို သနား၍ မမေးဖြစ်တော့။ မာမီကတော့ ဆက်ပြန်သည်။

'သား အဲဒီကောင်မလေးကို တကယ်ချစ်သလား၊ မာမို့ကို မှန်မှန်ပြောစမ်းပါ'

'ဟုတ်ပါတယ် မာမီ၊ သား သူ့ကို မြတ်မြတ်နိုးနိုးချစ်မိတာပါ'

'ဒါနဲ့များ သားရယ်၊ ဘာကြောင့်မာနထားနေရတာလဲ၊ သားဘာသာ မင်းသားမကလို့ ဘာကြီးပဲဖြစ်ဖြစ် အချစ်မှာ မာန





ထားရင် သားမှားလိမ့်မယ်၊ သားပဲခံစားရလိမ့်မယ်၊ သားတကယ်ချစ်တဲ့ မိန်းကလေးကို ဒူးထောက်သင့်ရင် ဒူးထောက်ရမှာပဲလေ'

မာမီပြောတာတွေ ဟုတ်သလိုလိုပဲ။ သူနှင့် ယုန်တို့ ပတ်သက်မှုတွင်လည်း သူက ယုန်ဖြူ့ကို အစစအရာရာဆရာ လုပ်နေခဲ့သည် မဟုတ်ပါလား။

ချိန်ခါမိုးသည် မာမို့ကိုကြည့်ပြီး အကြံဉာဏ်တောင်း လိုက်သည်။

'ဒါဖြင့် သားဘာလုပ်သင့်လဲ မာမီ'

'ပထမဆုံး သားလုပ်ရမှာက သားရဲ့မာနတွေကိုချပြီး သားကောင်မလေးနဲ့ အဆက်အသွယ်မပြတ်စေဖို့ပဲ၊ သားကောင်မလေးကို ဂရုစိုက်ပြလိုက်ပေါ့ သားရယ်၊ မိန်းကလေးဆိုတာ ဂရုစိုက် ယုယခံချင်သူတွေပါပဲ၊ ဒါကို ယောကျ်ားလေးတွေက နားလည်ရမယ်'

မာမီ တိုးတိုးလျှလျှစကားသံအဆုံးတွင် မာမီသည် တွေတွေဝေဝေဖြင့် အသံတိတ်သွားသည်။ အင်း… မာမီတော့ ဒယ်ဒီ့ကို သတိရသွားပြီထင်ပါရဲ့လေ။ ဘာမဟုတ်သည့် ကိစ္စလေးတွေနှင့် ဒယ်ဒီနှင့်မာမီ ကွဲကွာနေပုံရလေသည်။ သူကတော့ မာမို့ကို ဒယ်ဒီ့အကြောင်း မမေးရက်ပါ။

သူနှင့်ယုန်ဖြူလေးရော ဒီလိုနှင့် ဝေးကွာရတော့မှာလား

ဟင်။ မဖြစ်နိုင်ဘူး။ သူသည် ဆုံးဖြတ်ချက်ကို ပြတ်သားစွာချပြီး ဟမ်းဖုန်းဖွင့်လိုက်သည်။

မာမီကတော့ သူ့ပုံစံကိုကြည့်ပြီး သဘောကျဟန်ဖြင့် ပြုံးနေလေသည်။

'ယုန်ဖြူရှိပါသလား ခင်ဗျာ'

သူက ယဉ်ကျေးစွာမေးလိုက်သော်လည်း တစ်ဖက်မှ အသံက တင်းမာစွာ ထွက်ပေါ်လာသည်။

'မရှိဘူးဟေ့၊ မရှိဘူး'

တစ်ဖက်မှအသံကြောင့် သူ သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

'ခဏလေးပါ အန်တီ၊ သူ မနေ့က ဘာဖြစ်လို့ကျောင်းမတက်တာလဲ သိချင်လို့ပါ'

သူ့စကားမဆုံးလိုက် တစ်ဖက်မှ ဖုန်းချသွားလေသည်။ သူသက်ပြင်း ခပ်ဖွဖွချလိုက်သည်။

ယုန်ဖြူလေးရယ်...

မာမီက သူ့ကို အားပေးပြုံး ပြုံးပြလိုက်သည်။

'စိတ်ဓာတ်မကျပါနဲ့ သားရယ်၊ ကြိုးစားပေါ့'

သူက မာမီ့ကို ခေါင်းတစ်ချက်ညိတ်ပြပြီး အခန်းထဲဝင်ခဲ့သည်။ ရင်ထဲမှာတော့ သိပ်မကောင်း။





မင်းကြောင့် ကောင်မလေးရယ်၊ ကျွန်တော့်ရင်ထဲမှာ သိပ်ခံစားနေရပါပြီ။ ကျွန်တော် ယုန့်ကိုသိပ်ချစ်ပါတယ်ခင်ဗျာ။ အရှုံးလည်းပေးပါတယ်။

ယုန်ဖြူ့အတွက် ကျွန်တော့်မာနတွေ စွန့်လွှတ်မှာပါ။ ယုန်ဖြူ ကျွန်တော့်ကိုပြန်ပေးရမှာ တစ်ခုတည်းပါ။ အဲဒါက ယုန်ဖြူ့ရဲ့အချစ်တွေပါ။

ကျွန်တော် မျှော်လင့်နေပါရစေ။

* * *



ယုန်ဖြူသည် နှလုံးသားရဲ့ မကြင်နာမှုကြောင့် ကျောင်းကို လေး၊ ငါးရက်မတက်ဘဲနေလိုက်ပြီး နောက်တစ်ပတ် ပထမဆုံးကျောင်းပြန်တက်သည့်နေ့မှာပင် သူနှင့်တွေ့လေသည်။ သူ့ကိုတွေ့ပေမယ့် မမြင်ချင်ယောင်ဆောင်လိုက်သည်။

'ယုန်ဖြူ'

သူ့ခေါ်သံကို ကြားရသောအခါ ယုန်သည် လမ်းကိုပို၍ခပ်သွက်သွက်လျှောက်လိုက်သည်။

'နောက်က ကျားလိုက်နေတာတော့ မဟုတ်ပါဘူးနော်၊ ကဲပါ.. ကားပေါ်တက်ပါ ယုန်လေးရယ်၊ ကျွန်တော် ယုန်ဖြူနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်'





ယုန်ဖြူက ဘာမှပြန်မပြောဘဲ အတန်းရှိရာသို့ ခပ်သွက်သွက်သွားနေလိုက်သည်။ သူ ကားကို ဘီးလိမ့်ရုံလိမ့်ပြီး ယုန်နှင့်ယှဉ်လိုက်လာသည်။

'ယုန်လေး··· လာပါ'

ယုန်သည် တုန်ယင်နေသော ကိုယ့်နှလုံးသားကို ကိုယ်ပြန်ထိန်းလျက်···

'ဟင့်အင်း···'

သူက စိတ်မရှည်သလို ယုန့်ရဲ့ရှေ့မှာ ကားကိုပိတ်ရပ်ပြီး ကားပေါ်မှ ဆင်းလာသည်။

'လာပါကွာ၊ ကျွန်တော် ယုန့်ကိုပြောစရာ အများကြီးပဲ၊ ကျွန်တော့်ကို သူငယ်ချင်းလို့ သတ်မှတ်သေးရင်၊ ခင်တယ်ဆိုရင် ကားပေါ်တက်ပါကွာ'

'ဟင့်အင်း··· ယုန်··· ယုန်သွားပါရစေ'

ယုန်၏အသံက တုန်တုန်ယင်ယင်နှင့်ထွက်ပေါ်လာသည်။

'လာပါကွာ၊ ကျွန်တော်က ယုန့်ကို ဘာမှမလုပ်ပါဘူး၊ ကျွန်တော် ယုန့်ကို ဒီနားကစောင့်နေတာ တစ်ပတ်တောင်ရှိပြီ ယုန်၊ ကျွန်တော့်ကိုသနားတဲ့အနေနဲ့ တစ်ခါတော့လိုက်ခဲ့ပါကွာနော်'

သူ့ရဲ့တောင်းတောင်းပန်ပန်နှင့် ပြောသောစကားကြောင့် ယုန့်ရဲ့ နူးညံ့သောစိတ်ကလေးမှာ ယိုင်နဲ့ကုန်သည်။ သူ တတွတ်

တွတ်ပြောနေတာကြောင့် ယုန် စိတ်တွေ ကြာရှည်ထိန်းမထားနိုင်တော့ဘဲ ဖွင့်ထားသောကားပေါ် တက်လိုက်မိပါတော့သည်။ ပတ်ဝန်းကျင်မှ လူများကလည်း အရမ်းကြည့်နေသည်မဟုတ်လား။ သူက ယုန့်အတန်းဘက်သို့ မမောင်းဘဲ လာရာလမ်းအတိုင်း ကျောင်းအပြင်သို့ ပြန်ထွက်သည်။

'ဟို… ဘယ်သွားမလို့လဲ'

'စိတ်ချပါ၊ ယုန် အလိုမတူဘဲ ကျွန်တော်ခိုးမပြေးပါဘူး'

သူက ခပ်တင်းတင်းပြောလိုက်တော့ ယုန်ဖြူဘာမှ ထပ်မပြောတော့ဘဲ ငြိမ်ငြိမ်လေး ပါးစပ်ပိတ်နေလိုက်သည်။ သူက ကားကို ကျင်လည်စွာမောင်းပြီး ဆိုင်တစ်ဆိုင်ရှေ့တွင်ရပ်ကာ ယုန့်ကားတံခါးကို လာဖွင့်ပေးသည်။

'လာလေ'

သူက ရှေ့မှ ဆိုင်ထဲဝင်သွားတော့ ယုန်ကနောက်မှ ခပ်ကုပ်ကုပ်လိုက်လာခဲ့သည်။

'ကဲ… ဘာစားမလဲ'

'မသိဘူး၊ ကိုမိုးပဲ မှာလိုက်ပါ'

'ကော်ဖီကြိုက်တယ် မဟုတ်လား'

သူက မီနူးကြည့်ကာ ကော်ဖီနှစ်ခွက်မှာလိုက်သည်။ ဆိုင်က တိတ်တိတ်ဆိတ်ဆိတ်နှင့် ချစ်စဖွယ်ပင်။ ယုန်ကတော့





တစ်ခါမှ မရောက်ဖူးသော ဆိုင်လေးကို ဖြူးတူးကြောင်တောင်နှင့် လျှောက်ကြည့်နေမိသည်။

သူက ယုန်ဖြူ့ပုံစံလေးကို သဘောကျကာဖြင့် ခပ်တိုးတိုး ရယ်မောပြီး…

'တစ်ခါမှ မရောက်ဖူးဘူးလား'

မီးရောင်ခပ်မှိန်မှိန်လေးအောက်မှာ သီချင်းသံခပ်တိုးတိုးလေး ထွက်ပေါ်နေသည်မှာ ကဗျာဆန်လှပါသည်။ များသောအားဖြင့် ထိုဆိုင်ကလေးမျိုးမှာ အတွဲလေးတွေ ထိုင်ကြသောဆိုင်ကလေးဖြစ်သည်။ ယုန်လည်း စိတ်တွေ နူးညံ့ရီဝေစွာခံစားရသည်။ သူ့ကို စိတ်နာတာတွေ ပျောက်လုမတတ်။

သူသည် ဆိုင်ကလေးကို ဘာရယ်မဟုတ်ပါဘဲ လျှောက်ကြည့်နေပြီးမှ သူက ယုန့်ကို စူးစူးစိုက်စိုက်ကြည့်နေတာကို သတိထားမိသောအခါ ရှက်ရွံ့ရင်ခုန်စွာ ခေါင်းငုံ့လိုက်မိသည်။

ထိုစဉ်မှာပင် စားပွဲထိုးကောင်လေးက ကော်ဖီနှစ်ခွက်၊ နို့ခွက်၊ သကြားခွက်တို့ကို လာချပေးသည်။ သူက ယုန့်ရှေ့မှ ကော်ဖီခွက်ကိုကိုင်ပြီး ကော်ဖီနှစ်ခွက်လုံးကို စနစ်တကျဖျော်လိုက်သည်။ တစ်ခွက်ကို ယုန့်ရှေ့သို့ ချပေးလိုက်သည်။

'သောက်နော်'

ယုန်က အိမ်မှာသောက်နေကျအတိုင်း တစ်ခွက်လုံးကို

အားလုံးကို အားပါးတရ မော့ချလိုက်ပြီးအလုပ် သူက…

'ဟော့… ဟော့… အကုန်မသောက်လိုက်နဲ့၊ ဒါက ရိုးရိုး ကော်ဖီ မဟုတ်ဘူး၊ နည်းနည်းပြင်းတယ်၊ ဖြည်းဖြည်းချင်း ဇိမ်ခံပြီး သောက်ရတာ'

ယုန်သည် သူပြောတော့မှ ရုတ်ရက်နှင့် ကော်ဖီခွက်ကို ပြန်ချလိုက်သည်။

'ယုန်လေးက သိပ်ရိုးတာနော်၊ ကျွန်တော်တို့လည်း ကျောင်းထဲမှာပဲ အချိန်တွေကုန်နေတာနဲ့ ဒီလိုဆိုင်လေးတွေကို ခေါ်လာဖို့ မေ့နေတာကွာ၊ ကျွန်တော့်ကိုယ်ကိုလည်း အံ့သြတယ်၊ ယုန်လေးနဲ့တွေ့ရင် အားလုံးကို မေ့နေတာပဲ'

သူက ယုန်လေးကို စူးစူးနစ်နစ်ကြည့်ပြီး ပြောလိုက်သည်။ ဒီတော့ ယုန်လေးက မနေတတ်စွာ…

'ကဲ… ကဲ… ရှင်ဘာပြောစရာရှိလို့လဲ၊ မြန်မြန်ပြောပါ၊ ယုန်အတန်းတက်စရာ ရှိသေးတယ်'

'ကျွန်တော်သိပါတယ်၊ ဆယ့်တစ်ခွဲမှ မဟုတ်လား၊ ကျွန်တော် အမီပြန်ပို့ပေးပါ့မယ်ကွာ၊ ကျွန်တော် ယုန်ဖြူကို ချိန်းထားတဲ့နေ့ကလေ ဘာဖြစ်လို့မလာတာလဲ၊ ကျွန်တော် အဲဒီ သစ်ပင်အောက်မှာ တစ်နေကုန်ထိုင်စောင့်နေတယ်၊ ယုန်ဖြူ ဘာလို့မလာတာလဲ၊ အိမ်ကထွက်လို့မရလို့လား'





ယုန်ဖြူသည် သူ့ကို ဘာမှမပြောဘဲ ခေါင်းလေးငုံ့နေလိုက်သည်။ စိတ်ထဲမှာတော့ ယုန် လာပါတယ်ရှင်ရယ်၊ ရှင်မှ မသိတာကိုးဟု ပြောလိုက်မိသည်။

'မပြောချင်လည်း ရပါတယ် ကောင်မလေးရဲ့၊ ဒါပေမဲ့ ကျွန်တော် ပြောချင်တာလေးတော့ ပြောပါရစေ၊ ကျွန်တော် ယုန့်ကို သိပ်ချစ်တယ်၊ သိပ်မြတ်နိုးတယ်၊ ဒီ့ထက်လေးနက်တဲ့ စကားလုံးတွေရှိရင်လည်း ကျွန်တော် ပြောချင်ပါတယ်၊ ကျွန်တော့် အချစ်ကို ယုံကြည်ပေးပါ ယုန်လေးရယ်၊ ကျွန်တော် ရည်းစား များခဲ့ပေမယ့် ယုန့်ကိုတော့ တကယ်ချစ်တာပါ'

သူသည် စားပွဲပေါ်တွင်တင်ထားသော ယုန်၏လက်ကို သူ့လက်နွေးနွေးဖြင့် ခပ်ဖွဖွဆုပ်ကိုင်ရင်း ပြောလိုက်လေသည်။ ယုန့်ရဲ့ရင်အစုံဟာ ပေါက်ကွဲထွက်တော့မည့်အလား ဆူညံစွာ ခုန်နေပြန်သည်။

'ဟင့်အင်း…'

ယုန်ဖြူ ငြင်းလိုက်စမ်းပါ။ သူ နင့်ကို အရူးလုပ်နေတာ။ လွန်ခဲ့တဲ့တစ်ရက်ကလည်း နင့်ရှေ့တင် ကောင်မလေးတစ်ယောက်ကို ရည်းစားစကားပြောလိုက်တာ နင်တွေ့ရဲ့သားနဲ့ နင် ဘာအရူးထနေတာလဲ။ သူ့ကို မယုံနဲ့။ သူ့အပြောတွေမှာ နင် မျောမသွားစမ်းပါနဲ့ ယုန်ဖြူရယ်။

ယုန်ဖြူသည် ကိုယ့်ကိုယ်ကို အမိန့်ပေးလိုက်ပြီး ယုန်၏ လက်ကိုကိုင်ထားသော သူ့လက်ထဲမှ ဆောင့်ရုန်းလိုက်သည်။ သူသက်ပြင်းတစ်ချက်ရှိုက်ပြီး လက်ကို အသာလွှတ်ပေးလိုက်သည်။

'ယုန်ဖြူ ကျွန်တော့်ကို တကယ်မချစ်နိုင်ဘူးလားဟင်'

'ယုန့်ကို ပြန်ပို့ပေးပါတော့ရှင်'

'မဟုတ်သေးပါဘူး ယုန်လေးရယ်၊ ကိုယ့်ကို တစ်ခုခု ပြောပါဦး'

ယုန့်ရင်ထဲမှာ ပြောချင်တာတွေမှ အများကြီးပါပဲရှင်ရယ်။ ယုန် ရှင့်ကို ဘယ်လောက်အားကိုးတွယ်တာနေမိလဲဆိုတာ ရှင်မသိဘူးနော်။ ဘာပဲဖြစ်ဖြစ်ပါ ယုန့်စိတ်ကို ယုန်နိုင်အောင် ထိန်းရပါမည်။

'ယုန့်မှာ ဘာမှပြောစရာ မရှိပါဘူးရှင်'

သူက စိတ်လျှော့လိုက်ဟန်ဖြင့်…

'အေး… အခု ကျွန်တော်ပြောလိုက်တာတွေ ယုန် သေချာစဉ်းစားထားပေါ့၊ ကျွန်တော်ကတော့ ချစ်နေတဲ့သူဆိုတော့ အဖြေအတင်းတောင်းနေမှာပါပဲ၊ ကျွန်တော့်မှာ မျှော်လင့်ခွင့်လေး ရှိနေလို့ ယုန့်ကို ကျေးဇူးတင်ပါတယ်'

သူက နူးညံ့စွာ ယုန့်ကိုကြည့်ပြီး ပြောသည်။ အကယ်၍





များ ဟိုတစ်နေ့က သူနှင့်မေသရဖူကို ယုန်သာ မမြင်ခဲ့ဘူးဆိုလျှင် သူ့ပုံစံလေးကြောင့် ယခုတောင် အဖြေပေးမိမလား မသိပါ။ တကယ်တော့ ယုန့်ရဲ့မသိစိတ်ထဲမှာ သူ လွှမ်းမိုးထားတာ ကြာလှပါပြီ။

ယုန်သည် ချောမောခံ့ညားသောသူ့ကိုသာ ငေးကြည့်နေမိသည်။

သူက စားပွဲထိုးလေးကိုခေါ်ကာ ပိုက်ဆံရှင်းနေသည်။

'ကဲ… သွားစို့'

ယုန်သည် နာခံတတ်သော ကျောင်းသူလေးပမာ သူ့နောက်မှ လိုက်ခဲ့ရပြန်သည်။ ယုန် သတိထားမိသလောက် သူသည် အရာရာကို ဦးဆောင်တတ်သည်။ သူက ယုန့်ကို မြန်မာစာဆောင်ဘက်မှာ ချပေးပြီးနောက်…

'ကဲ… ယုန်လေး၊ ကျွန်တော် သွားတော့မယ်၊ အတန်းထဲထိ လိုက်မပို့တော့ဘူး၊ တော်ကြာ ယုန်နဲ့ကျွန်တော့်ကို တစ်မျိုးတွေထင်ကုန်ပြီး ယုန့်သိက္ခာတွေ ကျသွားမှာစိုးလို့ပါ၊ ကျွန်တော် ပြောထားတာကို ယုန် သေသေချာချာ စဉ်းစားပေးနော်'

ယုန်သည် သူ့ကို ဘာမှပြန်မပြောဘဲ ကားပေါ်မှဆင်းကာ အတန်းဘက်သို့ လျှောက်လာခဲ့သည်။ ထိုနေ့က ယုန် စာထဲတွင် ကောင်းကောင်းစိတ်မဝင်စားတာ ကိုယ့်ကိုယ်ကို သတိထားမိ

ပါသည်။ အဘယ်ကြောင့်ဆိုသော် သူပြောလိုက်သည့်စကားတွေကို ထပ်တလဲလဲ ကြားယောင်နေသည် မဟုတ်ပါလား။

'မိုးကြီး… မင်းကို မေ လိုက်ရှာနေတယ်'

သူ ကန့်တင်းထဲဝင်လျှင်ဝင်ချင်း ဖြိုးဝေက ဆီးပြောလိုက်သည်။

သူက ရယ်မောလိုက်ရင်း…

'အဲဒါ ငါက ဘာလုပ်ရမှာလဲ'

ဖြိုးဝေက သူ့ကောင်မလေးဖြစ်ဟန်တူသော ကောင်မလေးချောချောလေးကို လှမ်းဖက်လိုက်သည်။

'ဒါ ငါ့ရဲ့ကောင်မလေး၊ နောက်ဆုံးအချစ်ပေါ့၊ ဟဲ…ဟဲ'

'ဖြိုးဝေရာ အချင်းချင်းကြွားမနေစမ်းပါနဲ့'

'မကြွားပါဘူး၊ မင်းရော ငါ့လောက်အစွမ်းအစရှိလို့လား'

'တော်စမ်းပါကွာ၊ မင်းအကြောင်းမသိရင်ခက်မယ်၊ ငါက ယုန်ဖြူကလွဲရင် ဘယ်သူ့မှ စိတ်မဝင်စားဘူး'

'မင်းကတော့ ရောဂါပဲ၊ ဒါနဲ့ မင်းရော မှန်ကြောင်မလေးနဲ့တွေ့ပြီးပြီလား'

သူက ခေါင်းညိတ်ပြရင်း…

'တွေ့ပြီးပါပြီကွာ'

'အဖြေရော ရပြီးပြီလား'





သူက ခေါင်းခါပြတော့ ဖြိုးဝေက ဟက်ဟက်ပက်ပက်ရယ်သည်။

'ဩော်… မိုးကြီး… မိုးကြီး ဘာမဟုတ်တဲ့ မှန်ကြောင်မလေးကိုမှ ဒူးထောက်ရတော့တယ်'

သူက ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။ ယုန်ဖြူ၏ ရိုးသားသော မျက်ဝန်းလေးများကိုမြင်ယောင်မိသည်။ တစ်ခါတစ်ခါ ခပ်တုံးတုံး၊ တစ်ခါတစ်ခါ မာန်ခပ်ကြီးကြီး၊ တစ်ခါတစ်ခါ ဂျစ်ကန်ကန်ပုံစံလေးများကို ပိုင်ဆိုင်ထားသော ကောင်မလေးလည်းဖြစ်သည်။ အဲဒီပုံစံလေးတွေကိုပဲ သူ့ရင်ထဲမှာ အသည်းစွဲချစ်မြတ်နိုးနေမိခြင်းဖြစ်သည်။ သူ့ဘဝမှာ ဘယ်မိန်းကလေးကိုမှ အဲဒီလောက်ကြီး မချစ်ခဲ့ဖူးပါ။ အချစ်စစ်ဆိုတာ ဒါပဲလား။

'ဟိတ်…'

'ဩော်… မေ'

သူအတွေးလွန်နေသောကြောင့် သူ့ရှေ့သို့ မေရောက်လာတာကိုတောင် မသိပါ။ မေသရဖူကတော့ အမြဲလှပနေတာပဲ။

'မိုးကို မနက်ကတောင် ရှာသေးတယ်၊ ဘယ်သွားနေတာလဲ၊ မေ့ကို ယူဇနပလာဇာလိုက်ပို့ပါလား၊ ဝယ်စရာလေး ရှိနေလို့'

မေသရဖူက ရောက်ရောက်ချင်းပင် ပြောတော့သည်။

'ဆောရီးပဲ မေရယ်၊ ကျွန်တော် မအားဘူး'

အားလုံးကို အားပါးတရ မော့ချလိုက်ပြီးအလုပ် သူက…

'ဟော့… ဟော့… အကုန်မသောက်လိုက်နဲ့၊ ဒါက ရိုးရိုး ကော်ဖီ မဟုတ်ဘူး၊ နည်းနည်းပြင်းတယ်၊ ဖြည်းဖြည်းချင်း ဖိမ်ခံပြီး သောက်ရတာ'

ယုန်သည် သူပြောတော့မှ ရက်ရက်နှင့် ကော်ဖီခွက်ကို ပြန်ချလိုက်သည်။

'ယုန်လေးက သိပ်ရိုးတာနော်၊ ကျွန်တော်တို့လည်း ကျောင်းထဲမှာပဲ အချိန်တွေကုန်နေတာနဲ့ ဒီလိုဆိုင်လေးတွေကို ခေါ်လာဖို့ မေ့နေတာကွာ၊ ကျွန်တော့်ကိုယ်ကိုလည်း အံ့သြတယ်၊ ယုန်လေးနဲ့တွေ့ရင် အားလုံးကို မေ့နေတာပဲ'

သူက ယုန်လေးကို စူးစူးနစ်နစ်ကြည့်ပြီး ပြောလိုက်သည်။ ဒီတော့ ယုန်လေးက မနေတတ်စွာ…

'ကဲ… ကဲ… ရှင်ဘာပြောစရာရှိလို့လဲ၊ မြန်မြန်ပြောပါ၊ ယုန်အတန်းတက်စရာ ရှိသေးတယ်'

'ကျွန်တော်သိပါတယ်၊ ဆယ့်တစ်ခွဲမှ မဟုတ်လား၊ ကျွန်တော် အမီပြန်ပို့ပေးပါ့မယ်ကွာ၊ ကျွန်တော် ယုန်ဖြူကို ချိန်းထားတဲ့နေ့ကလေ ဘာဖြစ်လို့မလာတာလဲ၊ ကျွန်တော် အဲဒီ သစ်ပင်အောက်မှာ တစ်နေကုန်ထိုင်စောင့်နေတယ်၊ ယုန်ဖြူ ဘာလို့မလာတာလဲ၊ အိမ်ကထွက်လို့မရလို့လား'





ယုန်ဖြူသည် သူ့ကို ဘာမှမပြောဘဲ ခေါင်းလေးငုံ့နေလိုက်သည်။ စိတ်ထဲမှာတော့ ယုန် လာပါတယ်ရှင်ရယ်၊ ရှင်မှ မသိတာကိုးဟု ပြောလိုက်မိသည်။

'မပြောချင်လည်း ရပါတယ် ကောင်မလေးရဲ့၊ ဒါပေမဲ့ ကျွန်တော် ပြောချင်တာလေးတော့ ပြောပါရစေ၊ ကျွန်တော် ယုန့်ကို သိပ်ချစ်တယ်၊ သိပ်မြတ်နိုးတယ်၊ ဒီ့ထက်လေးနက်တဲ့ စကားလုံးတွေရှိရင်လည်း ကျွန်တော် ပြောချင်ပါတယ်၊ ကျွန်တော့် အချစ်ကို ယုံကြည်ပေးပါ ယုန်လေးရယ်၊ ကျွန်တော် ရည်းစား များခဲ့ပေမယ့် ယုန့်ကိုတော့ တကယ်ချစ်တာပါ'

သူသည် စားပွဲပေါ်တွင်တင်ထားသော ယုန်၏လက်ကို သူ့လက်နွေးနွေးဖြင့် ခပ်ဖွဖွဆုပ်ကိုင်ရင်း ပြောလိုက်လေသည်။ ယုန့်ရဲ့ရင်အစုံဟာ ပေါက်ကွဲထွက်တော့မည့်အလား ဆူညံစွာ ခုန်နေပြန်သည်။

'ဟင့်အင်း…'

ယုန်ဖြူ ငြင်းလိုက်စမ်းပါ။ သူ နင့်ကို အရူးလုပ်နေတာ။ လွန်ခဲ့တဲ့တစ်ရက်ကလည်း နင့်ရှေ့တင် ကောင်မလေးတစ်ယောက်ကို ရည်းစားစကားပြောလိုက်တာ နင်တွေ့ရဲ့သားနဲ့ နင် ဘာအရူးထနေတာလဲ။ သူ့ကို မယုံနဲ့။ သူ့အပြောတွေမှာ နင် မျောမသွားစမ်းပါနဲ့ ယုန်ဖြူရယ်။

ယုန်ဖြူသည် ကိုယ့်ကိုယ်ကို အမိန့်ပေးလိုက်ပြီး ယုန်၏ လက်ကိုကိုင်ထားသော သူ့လက်ထဲမှ ဆောင့်ရုန်းလိုက်သည်။ သူသက်ပြင်းတစ်ချက်ရှိုက်ပြီး လက်ကို အသာလွှတ်ပေးလိုက်သည်။

'ယုန်ဖြူ ကျွန်တော့်ကို တကယ်မချစ်နိုင်ဘူးလားဟင်'

'ယုန့်ကို ပြန်ပို့ပေးပါတော့ရှင်'

'မဟုတ်သေးပါဘူး ယုန်လေးရယ်၊ ကိုယ့်ကို တစ်ခုခု ပြောပါဦး'

ယုန့်ရင်ထဲမှာ ပြောချင်တာတွေမှ အများကြီးပါပဲရှင် ရယ်။ ယုန် ရှင့်ကို ဘယ်လောက်အားကိုးတွယ်တာနေမိလဲဆိုတာ ရှင်မသိဘူးနော်။ ဘာပဲဖြစ်ဖြစ်ပါ ယုန့်စိတ်ကို ယုန်နိုင်အောင် ထိန်းရပါမည်။

'ယုန့်မှာ ဘာမှပြောစရာ မရှိပါဘူးရှင်'

သူက စိတ်လျှော့လိုက်ဟန်ဖြင့်…

'အေး… အခု ကျွန်တော်ပြောလိုက်တာတွေ ယုန် သေချာစဉ်းစားထားပေါ့၊ ကျွန်တော်ကတော့ ချစ်နေတဲ့သူဆိုတော့ အမြဲအတင်းတောင်းနေမှာပါပဲ၊ ကျွန်တော့်မှာ မျှော်လင့်ခွင့်လေး ရှိနေလို့ ယုန့်ကို ကျေးဇူးတင်ပါတယ်'

သူက နူးညံ့စွာ ယုန့်ကိုကြည့်ပြီး ပြောသည်။ အကယ်၍





များ ဟိုတစ်နေ့က သူနှင့်မေသရဖူကို ယုန်သာ မမြင်ခဲ့ဘူးဆိုလျှင် သူ့ပုံစံလေးကြောင့် ယခုတောင် အဖြေပေးမိမလား မသိပါ။ တကယ်တော့ ယုန့်ရဲ့မသိစိတ်ထဲမှာ သူ လွှမ်းမိုးထားတာ ကြာလှ ပါပြီ။

ယုန်သည် ချောမောခန့်ညားသောသူ့ကိုသာ ငေးကြည့်နေ မိသည်။

သူက စားပွဲထိုးလေးကိုခေါ်ကာ ပိုက်ဆံရှင်းနေသည်။

'ကဲ… သွားစို့'

ယုန်သည် နာခံတတ်သော ကျောင်းသူလေးပမာ သူ့နောက်မှ လိုက်ခဲ့ရပြန်သည်။ ယုန် သတိထားမိသလောက် သူသည် အရာရာကို ဦးဆောင်တတ်သည်။ သူက ယုန့်ကို မြန်မာစာဆောင်ဘက်မှာ ချပေးပြီးနောက်…

'ကဲ… ယုန်လေး၊ ကျွန်တော် သွားတော့မယ်၊ အတန်းထဲထိ လိုက်မပို့တော့ဘူး၊ တော်ကြာ ယုန်နဲ့ကျွန်တော့်ကို တစ်မျိုးတွေထင်ကုန်ပြီး ယုန့်သိက္ခာတွေ ကျသွားမှာစိုးလို့ပါ၊ ကျွန်တော် ပြောထားတာကို ယုန် သေသေချာချာ စဉ်းစားပေးနော်'

ယုန်သည် သူ့ကို ဘာမှပြန်မပြောဘဲ ကားပေါ်မှဆင်းကာ အတန်းဘက်သို့ လျှောက်လာခဲ့သည်။ ထိုနေ့က ယုန် စာထဲတွင် ကောင်းကောင်းစိတ်မဝင်စားတာ ကိုယ့်ကိုယ်ကို သတိထားမိ

သူနှင့် မေသရဖူ စကားပြောနေတာကို ဖြိုးဝေက လှမ်းကြည့်ပြီးတော့ စကားဖြတ်ပြောသည်။

'လုပ်မနေနဲ့ ဟော့ကောင်၊ မေ ဒီကောင့်ကို ရအောင်ခေါ်သွား၊ ဒီကောင် အားတယ်၊ ဘယ်မှသွားစရာမရှိလို့ ငေါင်နေတာ၊ ပါအောင်ခေါ်သွား'

'ဟိတ်ကောင် ဖြိုးဝေ'

ဖြိုးဝေကို သူက လှမ်းဟန့်လိုက်ပေမယ့် ဒီကောင်က ဂရုမစိုက်ဟန်ဖြင့် ဆက်ပြောနေလေသည်။

'အခုတစ်လော ဒီကောင်က အချစ်ရောဂါထနေလို့ ဘာမှမလုပ်ချင်မကိုင်ချင် ဖြစ်နေရတယ်၊ ဟဲ… ဟဲ'

'မေလည်း သိပါတယ် ဖြိုးဝေရယ်၊ ဒါပေမဲ့ မေ့ကား ဒီနေ့မအားလို့ မိုးကို အကူအညီတောင်းရတာပါ၊ ဒီတစ်နေ့တည်းပါပဲ'

မေသရဖူက တောင်းတောင်းပန်ပန်ဖြင့် ပြောတော့ သူငယ်ချင်းသံယောဇဉ်ကြောင့် သူ မငြင်းသင့်ဟု ထင်သည်။ အရမ်းကြီး ငြင်းဆန်လိုက်ရင်လည်း သူက မာနကြီးသလိုဖြစ်နေမှာပေါ့။ သူက ဘားသော့ကိုင်လိုက်သည်။

'ကောင်းပြီလေ၊ ဒီတစ်နေ့ပဲနော်'

'အင်း… ဒီတစ်ခါနောက်ဆုံးပါပဲ မိုးရယ်၊ စိတ်ချပါ၊ မိုးကို မုန့်လည်းကျွေးပါ့မယ်'





'လိုက်သွား… လိုက်သွား မိုးကြီး၊ မင်းမရှိတော့ ငါတို့ချစ်သူနှစ်ယောက် လွတ်လွတ်လပ်လပ်စားလို့သောက်လို့ရတာပေါ့ကွာ၊ ဟဲ… ဟဲ'

ဖြိုးဝေကပါ ဝင်ပြောနေတာကြောင့် သူ ဖြိုးဝေကို အသံမထွက်ဘဲ ပါးစပ်လှုပ်ရုံသာဆဲပြီး မေသရဖူနောက် လိုက်သွားခဲ့သည်။ ဒီလိုလိုက်ပို့တာလေးက သူ့ စိတ်ရှင်းလျှင် ပြီးတာပဲဟု တွေးထားခဲ့မိသည်။

* * *

ပါသည်။ အဘယ်ကြောင့်ဆိုသော် သူပြောလိုက်သည့်စကားတွေကို ထပ်တလဲလဲ ကြားယောင်နေသည် မဟုတ်ပါလား။

'မိုးကြီး... မင်းကို မေ လိုက်ရှာနေတယ်'

သူ ကန့်တင်းထဲဝင်လျှင်ဝင်ချင်း ဖြိုးဝေက ဆီးပြောလိုက်သည်။

သူက ရယ်မောလိုက်ရင်း...

'အဲဒါ ငါက ဘာလုပ်ရမှာလဲ'

ဖြိုးဝေက သူ့ကောင်မလေးဖြစ်ဟန်တူသော ကောင်မလေးချောချောလေးကို လှမ်းဖက်လိုက်သည်။

'ဒါ ငါ့ရဲ့ကောင်မလေး၊ နောက်ဆုံးအချစ်ပေါ့၊ ဟဲ...ဟဲ'

'ဖြိုးဝေရာ အချင်းချင်းကြွားမနေစမ်းပါနဲ့'

'မကြွားပါဘူး၊ မင်းရော ငါ့လောက်အစွမ်းအစရှိလို့လား'

'တော်စမ်းပါကွာ၊ မင်းအကြောင်းမသိရင်ခက်မယ်၊ ငါက ယုန်ဖြူကလွဲရင် ဘယ်သူ့မှ စိတ်မဝင်စားဘူး'

'မင်းကတော့ ရောဂါပဲ၊ ဒါနဲ့ မင်းရော မှန်ကြောင်မလေးနဲ့တွေ့ပြီးပြီလား'

သူက ခေါင်းညိတ်ပြရင်း...

'တွေ့ပြီးပါပြီကွာ'

'အဖြေရော ရပြီးပြီလား'





သူက ခေါင်းခါပြတော့ ဖြိုးဝေက ဟက်ဟက်ပက်ပက်ရယ်သည်။

'ဩော်... မိုးကြီး... မိုးကြီး ဘာမဟုတ်တဲ့ မှန်ကြောင်မလေးကိုမှ ဒူးထောက်ရတော့တယ်'

သူက ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။ ယုန်ဖြူ၏ ရိုးသားသော မျက်ဝန်းလေးများကိုမြင်ယောင်မိသည်။ တစ်ခါတစ်ခါ ခပ်တုံးတုံး၊ တစ်ခါတစ်ခါ မာနခပ်ကြီးကြီး၊ တစ်ခါတစ်ခါ ဂျစ်ကန်ကန်ပုံစံလေးများကို ပိုင်ဆိုင်ထားသော ကောင်မလေးလည်းဖြစ်သည်။ အဲဒီပုံစံလေးတွေကိုပဲ သူ့ရင်ထဲမှာ အသည်းစွဲချစ်မြတ်နိုးနေမိခြင်းဖြစ်သည်။ သူ့ဘဝမှာ ဘယ်မိန်းကလေးကိုမှ အဲဒီလောက်ကြီး မချစ်ခဲ့ဖူးပါ။ အချစ်စစ်ဆိုတာ ဒါပဲလား။

'ဟိတ်...'

'ဩော်... မေ'

သူအတွေးလွန်နေသောကြောင့် သူ့ရှေ့သို့ မေရောက်လာတာကိုတောင် မသိပါ။ မေသရဖူကတော့ အမြဲလှပနေတာပဲ။

'မိုးကို မနက်ကတောင် ရှာသေးတယ်၊ ဘယ်သွားနေတာလဲ၊ မေ့ကို ယုဇနပလာဇာလိုက်ပို့ပါလား၊ ဝယ်စရာလေး ရှိနေလို့'

မေသရဖူက ရောက်ရောက်ချင်းပင် ပြောတော့သည်။

'ဆောရီးပဲ မေရယ်၊ ကျွန်တော် မအားဘူး'



'ဟုတ်ပါတယ် ယုန်ဖြူရဲ့ ငါတို့က စေတနာနဲ့ပြောတာ၊ အဲဒီ ချိန်ခါမိုးဆိုတာ တက်သစ်စ ရုပ်ရှင်မင်းသားပေါ့၊ သူတို့ မေဂျာမှာလည်း ကင်း၊ အရမ်းလည်း ပေါ်ပြူလာဖြစ်တာ၊ ရည်းစားကလည်း အနည်းဆုံး သုံးလေးယောက်ထားတာ၊ မင်းက ရိုးရိုးအေးအေးလေးမို့ ငါတို့က စိတ်ပူလို့ စေတနာနဲ့ပြောတာပါဟာ'

ယုန်ဖြူသည် မိမိကိုစကားပြောနေသော ကောင်မလေးတစ်သိုက်ကို မော့ကြည့်လိုက်လေသည်။ အပေါင်းအသင်းရှားပါးလှသော ယုန်ဖြူသည် မိမိကိုယ်စကားလာပြောသော ကောင်မလေးတွေကို ဝမ်းသာအားရ ခင်လိုက်မိသည်။





သို့သော် ယုန်ကြားနေရသည့်စကားများကတော့ ခါးလှပါသည်။ အံ့လည်းသြမိပါသည်။ သူက မင်းသားတဲ့။

'ဒီ... ဒီလိုပါ ယုန်နဲ့သူက ဘာမှမဟုတ်ပါဘူး၊ ရိုးရိုးသားသားခင်တာပါ'

'အင်းပါ တို့အုပ်စုကလည်း ဘာသဘောနဲ့မှ ပြောတာမဟုတ်ဘူးနော်၊ ယုန်ဖြူ့ကို ခင်လို့ပါ'

ယုန်ဖြူက ဖဝေဖဝါဖြင့် ခေါင်းညိတ်လိုက်သည်။ သူတို့ပုံစံတွေကလည်း ယုန်ဖြူ့ကို သနားလို့လာပြောနေကြသည့် ပုံစံလေးတွေပါပဲ။ ဒီနေ့မှ ယုန်ဖြူလည်း ကိုမိုးအကြောင်း သေချာသိရသည်။ သူဟာ မင်းသားတစ်ယောက်ဆိုတာလည်း ယုန်ဖြူမသိ၊ သူကလည်းမပြောပြ။ ယခု သူများတွေပြောပြမှ သိရတဲ့အဖြစ်ပါ။

'အေးလေ... ကိုမိုးဟာ ယုန့်ကို အပျော်ရည်းစားဆိုလည်း ယုန်ကျေနပ်ရမှာပဲလေ။ ဘာကြောင့်မှန်းမသိ ဟိုတစ်ရက်က သူ ယုန့်ကိုပြောသောစကားတွေကို ယုန် ဖွတ်မိုတ်ယုံကြည်ချင်ပါသည်။ သူက ယုန့်ကို ချစ်သတဲ့။ ထိုအကြောင်း စဉ်းစားလိုက်တိုင်း ယုန့်နှလုံးသား ပိုမိုခုန်ရပြန်သည်။

'ယုန်ဖြူ...'

'ဩော်... အင်း ပြောလေ'

ခပ်ချောချော ရွှေရွှေဆိုသည့် ကောင်မလေးက လှမ်းခေါ်

လိုက်တာကြောင့် ယုန့်အတွေးတွေ ရပ်ဆိုင်းသွားသည်။

'ယုန်ဖြူက ဘယ်မှာနေတာလဲ၊ ကျောက်မြောင်းမှာနေတာပါ'

'ဩော်… တို့က ယုဇနပလာဇာနားမှာနေတာဆိုတော့ နီးတာပဲ၊ အပြန်လမ်းကြုံတယ် လိုက်ခဲ့ပါလား'

'ရပါတယ် ရွှေရွှေရဲ့၊ ယုန်က ဘတ်စ်ကားစီးနေကျပါ'

'အို… မရပါဘူး၊ ရွှေ့ကိုခင်ရင် လိုက်ခဲ့ရမယ်'

ရွှေရွှေ့ပုံစံက မရမချင်း အတင်းခေါ်နေမည့်ပုံမို့ ယုန်လည်း ဆက်ငြင်းမနေတော့ဘဲ ကားပေါ်သို့ တက်လိုက်သည်။

'ဒီလိုကျတော့လည်း ယုန်က ခင်ဖို့ကောင်းသားပဲ၊ ကဲ… ကဲ… သူငယ်ချင်းတို့ ပြန်ပြီနော်'

ရွှေရွှေက သွက်လက်စွာ သူငယ်ချင်းတွေကို နှုတ်ဆက်လိုက်သည်။ ယုန်ကတော့ ရွှေရွှေ့ရဲ့ သွက်လက်သော ပုံစံလေးတွေကို ငေးမောကြည့်နေမိသည်။ ပြီးတော့ ရွှေရွှေက ကားကိုကျင်လည်စွာမောင်းထွက်ရင်း စကားကိုလည်း ပေါက်ပေါက်ဖောက်သလိုပြောလာခဲ့သည်။ ယုန်က နားထောင်သမားပါ။

မီးပွိုင့်တစ်ခုအရောက်မှာ ရွှေရွှေ့ကားလေး မီးနီမိနေသည်။ ထိုစဉ်မှာပင် ရွှေရွှေ့ကားလေးဘေးမှာပင် ကားတစ်စီးက ယှဉ်ရပ်လာသည်။





ယုန်ကတော့ ပတ်ဝန်းကျင်ကို စိတ်မဝင်စားသူမို့ အမှုမဲ့အမှတ်မဲ့ပင်။

သို့သော် ရွှေရွှေက ဘေးကားကို ငေးကြည့်ရင်း…

'ဟယ်… အဲဒါ ချိန့်ခါမိုးကားတော့'

ရွှေရွှေ့ပါးစပ်မှ လွှတ်ခနဲထွက်လာသောအသံကြောင့် ယုန်လည်း တစ်ချက်လှမ်းကြည့်မိလိုက်သည်။

အို… သူဆိုပါလား။ တိုက်ဆိုင်လိုက်တာ။ သူတစ်ယောက်တည်းမဟုတ်ဘူး။ သူ့ဘေးမှာ ဟိုအမျိုးသမီး မေသရဖူ။

သူနှင့်အဲဒီအမျိုးသမီးလေးသည် ဘာတွေသဘောကျနေလဲမသိပါ။ ပြုံးပျော်ကြည်နူးနေကြသည်။ ဘေးပတ်ဝန်းကိုလည်း ဂရုမထားပါ။ မီးပွိုင့်မိနေသော ထိုခဏလေးသည် ဆယ်ကမ္ဘာမျှကြာသည်ဟု ထင်မိသည်။ ထိုမြင်ကွင်းကို မမြင်ချင်ပါဘဲ မြင်တွေ့နေရသောအခါ ယုန့်ရင်မှာ နင့်နင့်နဲနဲခံစားနေရသည်။

ယုန့်ကို မနေ့ကပင် အရမ်းချစ်သည်ဟုပြောခဲ့သော လူငယ်လေးသည် ယခု ကောင်မလေးတစ်ယောက်နှင့်ပျော်ရွှင်နေပါလား။ ယုန်သည် ဝမ်းနည်းအားငယ်စွာ ခေါင်းကိုငုံ့လျက် ကျလုဆဲဆဲမျက်ရည်တို့ကို မကျစေရန် ထိန်းနေရသည်။

ရွှေရွှေကလည်း ဘာမှထပ်မပြောနေတော့ဘဲ ဆိတ်ဆိတ်နေလိုက်သည်။ ယုန့်ကိုလည်း အိမ်ရှေ့အထိလိုက်ပို့ပေးသည်။

'ယုန့်ကို အိမ်အထိလိုက်ပို့ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ် ရွှေရွှေရယ်'

ယုန်က မျက်ရည်ဝဲဝဲဖြင့်ပြောတော့ ရွှေရွှေက ခေါင်းဆတ်ပြသည်။

'ရတယ် သူငယ်ချင်း၊ ဘာမှအားမငယ်နဲ့နော်၊ သွားပြီ'

ရွှေရွှေက အားပေးသလိုပြော၍ ကားမောင်းထွက်သွားလေသည်။

'ဟော… ဒီနေ့ပြန်လာတာ စောသားပဲ'

'ဟုတ်ကဲ့ သူငယ်ချင်းတစ်ယောက် လိုက်ပို့လို့ပါ'

ယုန့်ရဲ့ဆန္ဒအရဆိုလျှင် အိပ်ခန်းထဲပြေးဝင်ပြီး အားပါးတရငိုမိမည်ဖြစ်သော်လည်း အန်တီလေးရှေ့မှာမို့ မလှုပ်ရဲပေ။

'ကဲ… ကဲ… သွား အင်္ကျီမြန်မြန်လဲ၊ အလုပ်တွေက တန်းစီနေတာပဲ'

ယုန်ဖြူ အိပ်ခန်းထဲသို့ ခပ်သွက်သွက်ဝင်လာခဲ့သည်။ ခုတင်ပေါ် စိတ်မောလူမော ထိုင်နေမိသည်။

ယုန်ဖြူသည် ထုံပေပေခံစားချက်တို့နှင့်အတူ မျက်ရည်တို့က ထွက်မလာပေ။ ယုန် လွတ်မြောက်ချင်တယ်။ ယုန်ဒီဘဝကြီးက လွတ်မြောက်ချင်တယ်။ ယုန့်ကို လွတ်မြောက်ခွင့်ပေးကြပါ။

'ယုန်ဖြူ'





အန်တီလေး၏ စူးစူးဝါးဝါးခေါ်သံကြောင့် ယုန်ဖြူ အင်္ကျီကို အမြန်လဲလှယ်လိုက်သည်။ ထိုအချိန်မှစ၍ ညအိပ်ချိန်အထိ အလုပ်တွေ အဆက်မပြတ်လုပ်ရတော့သည်။

ညအိပ်ရာဝင်တော့လည်း မြင်ယောင်မိတာ သူ့မျက်နှာပါ။ သူကတော့ ယုန့်ကို အပျင်းပြေကစားစရာတစ်ခုလိုပင် သတ်မှတ်မှာပေါ့။ သူ့နံဘေးမှာ မိန်းမလှလေး ရှိနေပြီပဲလေ။

သူ့ကိုချစ်မိသွားတဲ့ယုန့်နှလုံးသားကိုက မှားယွင်းခဲ့တာပါ။ ယုန်က မတန်မရာ သွားမှန်းမိတာကိုး။ အချိန်တန်တော့လည်း ရွှေရွှေချင်း ဆုံပတာပါပဲလေ။

ယုန်ဖြူသည် စိတ်ကူးယဉ်မှုများ အမှန်တကယ်ဖြစ်လာခဲ့လျှင်ဟူသော မျှော်လင့်ချက်ကလေးဖြင့် ဆက်လက်ရှင်သန်နေရသည်။ ထိုမျှော်လင့်ချက်များ ဆက်လက်ပြည့်စုံ၍ ယုန့်တွင် ခွန်အားများစွာ လိုပါသည်။ ထို့ကြောင့် ဝမ်းနည်းနာကျင်မှုများက ယုန့်အတွက် ခွန်အားများဖြစ်ပါရစေတော့ကွယ်။ ယုန်ဖြူသည် ကျောင်းမသွားဖြစ်ချေ။ ကျောင်းသွားလျှင် သူနှင့်ဆုံရမည်။ သူနှင့် ဆုံလျှင် ယုန်ပဲ နာကျင်ကြေကွဲရမှာမဟုတ်လား။

'သမီး ကျောင်းမသွားဘူးလား'

ယုန် ကြမ်းတိုက်နေစဉ် အိမ်သို့ မမျှော်လင့်သောဧည့်သည်ရောက်လာသည်။ ထိုသူကား အန်ကယ်ဝေမင်းဖြစ်သည်။

'ဟော… အန်ကယ် အိမ်ထဲကြွပါ၊ သမီး အန်တီလေးကို သွားခေါ်ပေးပါ့မယ်၊ ခဏနော်'

ယုန်ဖြူက အိမ်ခန်းထဲသို့ဝင်၍ အန်တီလေးကိုခေါ်လိုက်သည်။

'အန်တီလေး… အန်ကယ်ဦးဝေမင်းရောက်နေတယ်'

'အေး… အေး… လာခဲ့မယ်'

အလှပြင်နေသော အန်တီလေးက နှုတ်ခမ်းနီကို အပြီးသတ်ဆိုးရင်းပြောလိုက်သည်။

'ကိုဝေမင်း…ဒီနေ့တော့ အချိန်ရတယ်မဟုတ်လား၊ မြန်မာထမင်းဟင်းနဲ့ ဧည့်ခံရမယ်'

'ရပါတယ် နွဲ့ရီရယ်'

အန်တီလေးစကားကြောင့် ယုန်ဖြူ နောက်ဖေးတွင် ထမင်းပွဲပြင်လိုက်သည်။ အန်ကယ်ဦးဝေမင်းက အန်တီလေးကို အမြဲကူညီနေသော အန်တီခင်၏အမျိုးသားဖြစ်တာကြောင့် ဂရုစိုက်ရသည်။ အန်တီခင်နှင့် ကွာရှင်းထားလည်း ကိုယ်ကဧည့်ဝတ်ကျေရပါမည်။ အားလုံးအသင့်ပြင်ပြီးနောက် ဧည့်ခန်းသို့ထွက်ခဲ့သည်။

'အန်တီလေး ထမင်းပွဲပြင်ပြီးပါပြီ'

'အေး… အေး… ကိုဝေမင်း စားလို့ရပါပြီ'

အန်ကယ်ဦးဝေမင်းက မြန်မာထမင်းဟင်းမစားရတာကြာပြီမို့ အတော်ခံတွင်းတွေ့နေသည့်ပုံမင်။





'ကိုဝေမင်း စားရတော ကောင်းရဲ့လား'

'ဟုတ်ကဲ့ အတိုင်းထက်အလွန်ပါပဲ နွဲ့ရီ၊ သမီးချက်တာ ထင်တယ်'

ယုန့်ကိုရှေ့ထားပြီး အန်ကယ်က ချီးမွမ်းနေတာကြောင့် ယုန် မနေတတ်တော့ချေ။

'ဩော်… ဒါနဲ့ နွဲ့ရီကို ကျွန်တော် အကူအညီတောင်းထားတဲ့ကိစ္စရော'

'ဟုတ်ကဲ့ ကျွန်မ စုံစမ်းနေပါတယ် ကိုဝေမင်း၊ အခုဟာက မမခင်မသိဘဲနဲ့ တွေ့ရမှာဆိုတော့ ကျွန်မလည်း အဲဒီကလေးနဲ့ဖုန်းပြောနိုင်အောင် ကြိုးစားနေရတာလေ၊ ပြီးတော့ ယုန်ဖြူကလည်း ထုံထုံအအဆိုတော့ ကျောင်းမှာစုံစမ်းခိုင်းဖို့ခက်နေတယ်၊ နာမည်ကလည်း မသိတော့ ခက်နေတာပေါ့ရှင်၊ နာမည်လေးသိရင်တော့ စုံစမ်းဖို့လွယ်ပါတယ်'

'အေးဗျာ၊ ကျွန်တော်ကလည်း အဲဒီအချိန်တုန်းက မာနတွေကြီး၊ အတ္တတွေကြီးခဲ့တာကိုး၊ ခုတော့ အသက်တွေလည်းကြီးပါပြီလေ၊ ခင်ခင်လေးနဲ့ပြိုင်ပြီး မာနမထားချင်တော့ပါဘူး၊ ခင့်ကိုလည်း တောင်းပန်ချင်တယ်၊ ပြီးတော့ သားကိုလည်း တွေ့ချင်တယ်၊ ဒါပေမဲ့ ခင်လေးစိတ်ကို နွဲ့ရီလည်း သိသားပဲ'

အန်ကယ်ဦးဝေမင်းက စကားပြောတာ မောသွားဟန်ဖြင့်

ခေတ္တရပ်နေသည်။ ထို့ကြောင့် ယုန်ဖြူက အချိုပွဲပန်းကန်ချပေးရင်း…

'အချိုပွဲသုံးဆောင်လိုက်ပါဦး'

'အေးကွယ်… သမီးလေးလည်း ထိုင်လေ'

ယုန်ဖြူသည် အန်တီလေးကို မဝံ့မရဲကြည့်ရင်း ဝင်ထိုင်လိုက်သည်။

ဦးဝေမင်းက ယုန်ဖြူ့ကိုကြည့်ရင်း…

'သမီး အသက်ဘယ်လောက်ရှိပြီလဲ'

'နှစ်ဆယ်ထဲမှာပါ အန်ကယ်၊ နောက်ဆုံးနှစ်ပါ'

'ဒါဆို သားနဲ့သမီး ရွယ်တူလောက်ရှိမယ်၊ သားကလည်း ခုလောက်ဆို နောက်ဆုံးနှစ်ရောက်လောက်ရောပေါ့'

'ကဲပါ… ကိုဝေမင်းရယ်၊ ရှင့်သားနဲ့ဒီလောက်တောင်တွေ့ချင်နေရင် ကျွန်မ မဖြစ်ဖြစ်အောင် စီစဉ်ပေးပါ့မယ်'

'ကျေးဇူးပါပဲ နွဲ့ရီ'

အန်ကယ်ဦးဝေမင်းက အန်တီလေးကို ပြုံးလျက်ပြောလိုက်သည်။

'မလိုပါဘူး၊ ကိုယ့်အချင်းချင်းတွေပဲ'

'ကျေးဇူးပါပဲ နွဲ့ရီရယ်၊ ပြန်လိုက်ဦးမယ်၊ သမီး အန်ကယ်ပြန်မယ်နော်'





'ဟုတ်ကဲ့ပါ'

အန်ကယ်ဦးဝေမင်းပြန်သွားတော့ ယုန်က အန်တီလေးကို နားမလည်သလိုမေးလိုက်သည်။

'အန်တီလေး… အန်ကယ်ဦးဝေမင်းက ဘာလို့အန်တီခင်နဲ့ သွားမတွေ့တာလဲ'

'နင်ကလည်း တုံးလိုက်တာလွန်ရော၊ ပြောနေတာ မကြားဘူးလား၊ သူတို့နှစ်ယောက်က မဆနတွေ ပြိုင်နေကြတာလေ၊ ကွာရှင်းမယ့်ကိစ္စလည်း ကိုဝေမင်းက အရင်စပြောတာ၊ အဲဒီတော့ ခင်လေးဆီသွားရင် မခင်လေးက လက်မခံမှာစိုးလို့တဲ့၊ ဒါကြောင့် သူ့သားကို အရင်တွေ့ပြီး စည်းရုံးပြီးမှ အမေနဲ့ပေါင်းမယ့်သဘောပေါ့ဟယ်'

အန်တီလေးကြည့်ရတာ ဒီဇာတ်လမ်းထဲမှာ မဖြစ်မနေဝင်ပါတော့မယ့်ပုံ ပေါက်နေသည်။

အေးလေ သူများမိသားစုလေး ပြန်ပေါင်းဖို့ကူညီတာ ကုသိုလ်ရပါတယ်ဟု ယုန်တွေးမိသည်။

အန်တီလေးက သူ့သားကိုမတွေ့တောင် မတွေ့ဖူးဘူးလား'

'အေးပေါ့၊ မတွေ့ဖူးလို့ ခက်နေတာပေါ့၊ ငါနဲ့မခင်လေးနဲ့ ပြန်ဆုံတာကလည်း မကြာသေးဘူးလေ၊ ပြီးတော့ ငါက အလုပ်ကိစ္စရှိရင် သူ့ရဲ့ရတနာဆိုင်ကို သွားတာများတော့ တစ်ခါမှ

သူ့သားနဲ့မဆုံဖူးဘူးပေါ့၊ ပြီးတော့ မခင်လေးက ဆိုင်မှာ အလုပ်သိပ်များတာလေ'

'ဩော်'

ယုန်ဖြူသည် အန်တီလေးစကားကိုနားထောင်ပြီး ပန်းကန်ခွက်ယောက်တွေ သိမ်းဆည်းလိုက်သည်။ အလုပ်လုပ်နေတာပဲကောင်းပါတယ်။ အလုပ်လုပ်နေရလျှင် သူ့ကိုခေတ္တမေ့ထားနိုင်သည်မဟုတ်ပါလား။

* * *



'ဟုတ်တယ် သား၊ မာမီ အဲဒီတုန်းက ဒယ်ဒီ့ကို အရမ်းစိတ်နာခဲ့တယ်၊ သားပဲ စဉ်းစားကြည့်လေ၊ အဲဒီတုန်းက မာမီ့ကို သူက အရင်စပြီးကွာရှင်းခွင့်တောင်းတာ၊ သူနဲ့ကွဲတော့ မာမီ့မိဘတွေက ပြန်ခေါ်လို့ မာမီတို့ ဒီလိုအခြေအနေနဲ့ နေနိုင်တာပေါ့ကွယ်'

ဒေါ်သနဲ့ပြောချလိုက်သော မာမီ့ကိုကြည့်ရင်း ချိန်ခါမိုးသက်ပြင်းမသိမသာချမိသည်။ သူသိတတ်စအရွယ်တွင် မာမီနှင့်ဒယ်ဒီ ကွာရှင်းပြီးနေပြီဖြစ်သည်။ သူ ဒယ်ဒီ့အကြောင်းမေးလိုက်

တိုင်း မာမီမဖြေခဲ့။ ယခု ဒယ်ဒီ့အကြောင်းပြောတာ ဒုတိယ အကြိမ်မြောက်ဖြစ်သည်။

သူလည်း အဘိုးအဘွားလက်ပေါ်မှာ ကြီးပြင်းလာရသည်။ အဲဒီတုန်းက သူငယ်သေး၍လည်းမသိ သိပ်မခံစားမိချေ။ ပြီးတော့ တစ်ဦးတည်းသောမြေးဖြစ်သော သူ့ကို ဘိုးဘိုးနှင့်ဘွားဘွားက သိပ်အလိုလိုက်၍ ခေါင်းထဲမထည့်မိ။ တစ်ခါတစ်ခါ ဒယ်ဒီ့ကိုသတိရ၍ မေးမိသောအခါ နိုင်ငံခြားမှာဟု ပြောရုံမှအပ ဘာမှမသိခဲ့ရပါ။ ဒီနေ့မှာ မာမီ စိတ်လိုလက်ရ ဒယ်ဒီနှင့်ကွဲရခြင်း အကြောင်းကို သူ့ကိုပြောပြနေသည်။

'အခုရော ဒယ်ဒီ့ကို စိတ်နာနေသေးလား မာမီရယ်'

မာမီ့စိတ်ကို သိချင်၍ သူမဝံ့မရဲ မေးလိုက်မိသည်။ ဒီတော့ မာမီက စကားဆက်သည်။

'သူက နိုင်ငံခြားကို သိပ်အထင်ကြီးတာ သားရဲ့၊ မာမီက မသွားပါနဲ့ အတန်တန်တားတဲ့ကြားက နိုင်ငံခြားကို ထွက်သွားတယ်လေ၊ မာမီလည်း အဲဒီတုန်းက ငယ်စိတ်နဲ့ဆိုတော့ အရမ်းစိတ်နာခဲ့တယ်၊ အခုတော့လည်း အသက်တွေ ကြီးလှပါပြီ၊ မာမီလည်း စိတ်လျှော့လိုက်ပါပြီ'

'အင်း… မာမီပြောမှ သားလည်း ဒယ်ဒီနဲ့ တစ်ခါလောက် တွေ့ချင်လာပြီ'





'ကံမကုန်ရင်တော့ ပြန်တွေ့ရမှာပေါ့ သားရယ်'

မာမီပြောတော့ သူလည်း တစ်ခါမှမတွေ့ဖူးသည့် ဒယ်ဒီ့ကို ပြန်တွေ့ချင်လာသည်။ ဒယ်ဒီက ဘယ်လိုပုံစံမျိုးလဲ သူ စိတ်ကူးထဲမှာ ပုံဖော်ကြည့်မိသည်။ ဘွားဘွားက တစ်ခါပြောတော့ သူနှင့်ဒယ်ဒီက အရမ်းတူတယ်တဲ့။

'ဒယ်ဒီ့ကိုတွေ့ချင်တယ်၊ သား ဘယ်လိုလုပ်ရမလဲ မာမီ၊ မာမီ့မှာ ဒယ်ဒီ့ဓာတ်ပုံမရှိဘူးလား'

'မသိပါဘူး သားရယ်၊ သားဒယ်ဒီက သားကို သတိတရနဲ့ လာတွေ့တဲ့နေ့တော့ တွေ့ရမှာပေါ့ကွယ်'

ဟု မာမီက ခပ်လေးလေးပြောလိုက်သည်။ မာမီ့ပုံစံကလည်း အခုမှပင် ဒယ်ဒီ့ကို ပြန်တွေ့ချင်နေပုံရသည်။ ကံကြမ္မာက ဖန်တီးပေးလျှင်တော့ သူတို့မိသားစုလေး ပြန်ဆုံစည်းကြတာပေါ့ဟု တွေးမိသည်။

'ကဲ… ကဲ… ငါ့သား ဘာမှလျှောက်တွေးမနေနဲ့တော့၊ သူ့ ရင်ထဲမှာ မာမီတို့သားအမိရှိနေသေးရင် ပြန်လာမှာပေါ့ကွယ်၊ မာမီတို့သားအမိ သူမရှိဘဲနေလာတာ ဘယ်လောက်ကြာပြီလဲ၊ အရင်ကလိုပဲ ပျော်ပျော်ပါးပါးပေါ့ ငါ့သားရယ်၊ ငါ့သားလိုသမျှ မာမီဖြည့်ဆည်းပေးတာပဲ'

မာမီက သူ့ဆံပင်ကို ခပ်ဖွဖွပွတ်ပြီးနှစ်သိမ့်လိုက်သည်။

သူက ခေါင်းညိတ်ပြလိုက်သည်။

'အခု သားရဲ့နောက်ဆုံးထွက်တဲ့ VCD ကိုပေးပါဦး၊ အခုမှပဲ ကြည့်ရတော့မယ်၊ ပြီးရင် ဝေဖန်ရဦးမယ်'

'ခဏလေး မာမီ၊ သားရှာပေးမယ်'

သူက မာမီကြည့်ဖို့ သူပါဝင်သရုပ်ဆောင်ထားသော VCD ကိုရှာပေးလိုက်သည်။

'သေချာကြည့် မာမီ၊ အဲဒီထဲမှာ သားတို့ကျောင်းက မေသရဖူဆိုတဲ့ကောင်မလေးလည်း ပါတယ်၊ အသစ်ကလေးလေ'

'အင်းပေါ့ သားရယ်၊ ကောင်မလေးတွေနဲ့တွဲရင် ကြည့်တွဲပေါ့'

'စိတ်ချပါ မာမီ၊ သားကသာ ခေတ်ရှေ့ပြေးနေတာ၊ သားရဲ့ ပုံတုံးမှန်ကြောင်မလေးကလွဲရင် ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး၊ တခြားကောင်မလေးတွေက အပျော်ပါ၊ အခုတော့ အားလုံးဖြတ်ထားလိုက်ပြီ၊ ဒါနဲ့ မှန်ကြောင်မလေးက ရယ်ရတယ် မာမီရဲ့၊ သူက အခုထိ သားကို မင်းသားမှန်းမသိသေးဘူးလေ'

'အင်းပါ သားကိုတကယ်လည်းချစ်တယ်၊ အကျင့်စာရိတ္တလည်း ကောင်းတယ်ဆိုရင်တော့ မာမီမကန့်ကွက်ပါဘူး'

မာမီက ထိုမျှသာပြောပြီး အခွေကြည့်နေတာကြောင့် သူ ဘာမှဆက်မပြောတော့ဘဲ အိပ်ခန်းထဲ ဝင်လာခဲ့သည်။





ကဲ… မှန်ကြောင်မလေးရေ မာမီကတောင် လက်ခံနေပြီ မင်း ငါ့ကို မချစ်နိုင်ဘူးလားကွာ။

အူကြောင်ကြောင်ကောင်မလေးရေ ငါ မင်းကို သိပ်ချစ်တယ်ကွာ။ အဲဒီ အူကြောင်ကြောင်ပုံစံလေးနဲ့ မျက်ဝန်းလေးကိုပေါ့။ အင်း… ယုန်ဖြူလေးဆီ ဖုန်းဆက်ဦးမှ လွမ်းလှပြီကွာ။

ချိန်ခါမိုးသည် သူ့ဟမ်းဖုန်းကို ဖွင့်လိုက်သည်။ ဘယ်လိုပြောရင်ကောင်းမလဲ ကြိုတင်စဉ်းစားထားရသည်။ သူမရဲ့အန်တီလေးဆို မလွယ်ဘူးလေ။

'ဟဲလို'

တစ်ဖက်မှ ဖုန်းကိုင်သူမှာ သူထင်ထားသလိုပင် သူမရဲ့ အန်တီလေးဖြစ်နေသည်။ သူက အသံကို တမင်ခပ်အေးအေး လုပ်လိုက်ရင်း…

'မယုန်ဖြူ ရှိပါသလား၊ ကျွန်တော်သူ့ဆရာပါ၊ ဒီနေ့ ကျူတိုရီယယ်လာမဖြေလို့ပါ'

'ဟုတ်ကဲ့ ကျွန်မခေါ်ပေးပါ့မယ်'

သူ့ရဲ့လိမ်ညာမှုကို တစ်ဖက်မှ ခံလိုက်ရတာမို့ သူ ကျိတ်ပြုံးလိုက်သည်။ ထိုစဉ်မှာပင် တစ်ဖက်မှ ထူးသံခပ်တိုးတိုး ထွက်ပေါ်လာသည်။ အသံကအစ ချစ်စရာကောင်းနေပါလား မိန်းကလေးရယ်၊ ကိုယ်တော့ သိပ်ချစ်နေပြီကွာ။

'ယုန်လေးလား…'

'ဟင်… ရှင်… ရှင်'

'ဟုတ်တယ်… ကျွန်တော်ပါ၊ ယုန်လေး ဘာလို့မနေ့က ကျောင်းမလာတာလဲ၊ ကျွန်တော် အဖြေတောင်းမှာစိုးလို့လား၊ အဲဒီလိုမလုပ်ပါဘူး၊ ယုန်လေးကိုယ်တိုင်က ကြည်ဖြူစွာပေးတဲ့ အဖြေကိုပဲ လိုချင်တာပါ မိန်းကလေးရယ်'

တစ်ဖက်မှ အသံတိတ်ဆိတ်နေသည်။

'ယုန်လေး… ကျွန်တော့်ကို စကားပြောဦးလေ'

တစ်ဖက်မှ အသံထွက်မလာတာကြောင့် သူ ထပ်ခေါ်လိုက်သည်။

'ယုန်… ယုန်ဖြူ'

'ရှင်… ရှင် ယုန့်ကို ထပ်ပြီးဒုက္ခမပေးပါနဲ့တော့၊ ယုန် တောင်းပန်ပါတယ်ရှင်'

ရှိုက်သံသဲ့သဲ့နှင့်အတူပြောပြီး ဖုန်းချသွားတော့သည်။

ယုန်ဖြူရယ် ဘာတွေစိတ်ရှုပ်စရာရှိလို့လဲကွာ။ ဘာတွေ ဖြစ်နေတာလဲ။ ကျွန်တော် နားမလည်နိုင်တော့ဘူး။

သူသည် စိတ်ရှုပ်ထွေးစွာ တယ်လီဖုန်းထပ်ခေါ်တော့လည်း မရတော့ချေ။ သူ ဘာလုပ်ရမလဲ။ ရင်ထဲမှာ ပူလောင်ပြင်းရှစွာခံစားရသည်။ ယုန်ဖြူလေးရယ်… မင်းရဲ့အမုန်းတွေကို





ကျွန်တော် ကြောက်ပါတယ်။ ကျေးဇူးပြုပြီး ကျွန်တော့်ကို အမုန်းတွေ မပေးပါနဲ့ဗျာ။ မခံစားနိုင်တော့ဘူး။

သူသည် ဘာလုပ်ရမှန်းမသိ ဆောက်တည်ရာမရဖြစ်နေမိသည်။ နောက်ဆုံးတော့ သူ့ ရင်ဖွင့်ရန် ဖြိုးဝေကို သတိရလိုက်သည်။ ကားသော့ကိုင်ပြီး ထွက်လာတော့ မာမီကသူ့ကိုလှမ်းကြည့်တာကြောင့်…

'ဖြိုးဝေဆီ ခဏ မာမီ၊ သား ပျင်းလို့'

မာမီက ခေါင်းဆတ်ပြတာကြောင့် သူ ဖြိုးဝေနေထိုင်ရာ မြို့ထဲတိုက်ခန်းသို့ မောင်းထွက်ခဲ့သည်။

'အဲဒါပါပဲ ဖြိုးဝေရာ၊ သူဘာလို့ ငါ့ကို ဒီလောက်တောင် ခါးခါးသီးသီးဖြစ်နေရတာလဲ စဉ်းစားမရဘူး'

ဖြိုးဝေကို သူ ရင်ဖွင့်မိသည်။ သူ့ရင်ဘတ်တစ်ခုလုံး အရမ်းခံစားနေရတာ မဟုတ်လား။

'လိုချင်တာကို အမြဲရယူတတ်တဲ့လူတစ်ယောက်ဟာ တစ်ခါလောက်လေး မရဘူးဆိုတာနဲ့ နာကျင်လို့မဆုံးတော့ပါဘူး ကွာ'

ဖြိုးဝေသည် မိုးကြီးကို ငေးကြည့်နေမိသည်။ ဒီကောင့်ပုံစံက တကယ်ပင်ဆွေးမြည့်ကြေကွဲစွာ ခံစားနေရပုံပင်။ ဒီလို တော့လည်း မိုးကြီးကိုကြည့်ပြီး သနားမိသွားသည်။

'အေးကွာ မိုးကြီး၊ ငါ ဘာကူညီပေးရမလဲ ပြော၊ ငါလည်း အစက မင်း ဒီမှန်ကြောင်မလေးကို အပျော်ထင်ပြီး နောက်နေမိတာ၊ အခု မင်းတကယ်ခံစားနေရတာတွေ့တော့ ငါ တကယ်စိတ်မကောင်းပါဘူးကွာ'

'ရပါတယ်ကွာ၊ ငါ့ထိုက်နဲ့ ငါ့ကံပေါ့၊ သူငယ်ချင်း ငါ သူ့ကို သိပ်ချစ်တယ်ကွာ'

မိုးကြီးက ပုလင်းထဲမှ အရည်တွေ ထပ်ထည့်ရင်း အာလေးလျှာလေးနှင့်ပြောနေသည်။ ဤကောင်ကြီးနှင့် ဖြိုးဝေ အကြိမ်ပေါင်းများစွာ သောက်စားဖူးပါသည်။ သို့သော် ဒီကောင် ဒီလောက်အထိ ရုပ်ပျက်ဆင်းပျက် တစ်ခါမှ မတွေ့ဖူးချေ။

ထို့ကြောင့် ဖြိုးဝေသည် ဒီဇာတ်လမ်းထဲတွင် ဝင်ပါတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။

'ကဲ… မိုးကြီး မင်း မူးနေပြီ၊ ငါ့အိမ်မှာပဲ အိပ်လိုက်တော့၊ မနက်ဖြန် ငါ ယုန်ဖြူ့ဆီ သွားမေးပေးမယ်၊ မင်းမှာ ဘာအမှားတွေရှိလဲဆိုတာကိုပေါ့'

'မင်းတကယ်ပြောနေတာလား'

'ဟာ… ငါက ဘာလို့လိမ်ရမှာလဲ၊ ကဲ… ကဲ… သွား၊ မင်းအမေဆီ ဖုန်းဆက်ဦး၊ ငါ့အိမ်မှာ အိပ်မယ်ဆိုတာ၊ မင်းအရမ်းမူးနေတာလည်း မသိစေနဲ့ဦး၊ တော်ကြာစိတ်ပူနေဦးမယ်'





မိုးကြီးကို သတိပေးလိုက်တော့ ဒီကောင် ဟမ်းဖုန်းဖွင့်ပြီး သူ့အမေဆီ ဆက်နေသည်။ ပြီးနောက် မိုးကြီးရဲ့ခန္ဓာကိုယ်ကြီးကို ဖြိုးဝေ အခန်းထဲသို့ တွဲခေါ်လာရသည်။

ဖြိုးဝေက နယ်မှကျောင်းလာတက်တာဖြစ်၍ မြို့ထဲမှာ တိုက်ခန်းတစ်ခန်း၊ ကားတစ်စီးနှင့်နေတာဖြစ်သည်။ ထို့ကြောင့် ဖြိုးဝေအိမ်မှာ ဘယ်သူမှမရှိချေ။

ဖြိုးဝေက မိုးကြီးကို အိပ်ခန်းထဲပို့ပြီး မိုးကြီးအကြောင်း ဆက်တွေးနေပါသည်။

ဒီကောင်ကြီးကတော့ ယုန်ဖြူဆိုတဲ့ကောင်မလေးကို အရူးအမူးဖြစ်နေသည်။ ယုန်ဖြူဆိုသည့် မှန်ကြောင်မလေးက ဘယ်လောက်တောင်များ အစွမ်းထက်နေပါသနည်း။ မိုးကြီးနှင့် တွဲလာသည့် ကာလတစ်လျှောက်လုံး မိုးကြီးစွဲစွဲလမ်းလမ်းဖြစ်ဖူးသည့် မိန်းကလေးကား ယုန်ဖြူတစ်ယောက်တည်းဖြစ်လေသည်။ ဘာပဲဖြစ်ဖြစ် ဖြိုးဝေ အချစ်ဆုံးသူငယ်ချင်း မိုးကြီးကိုတော့ ပစ်မထားနိုင်ပါ။

မနက်ဖြန် ယုန်ဖြူ့ကို သွားတွေ့ရပါမည်။ မိုးကြီးရဲ့ ရောဂါလည်း ပြင်းထန်နေပြီမဟုတ်လား။

'မယုန်ဖြူ'

စာသင်ချိန်ပြီး၍ ထမင်းသွားစားရန် ကန်တင်းဘက်သို့

ရွှေရွှေနှင့်အတူ လျှောက်လာရာမှ ယုန်ဖြူနှာမည်ခေါ်သံကြား၍ လှည့်ကြည့်လိုက်သည်။ လူတစ်ယောက်…

ယုန် တစ်ခါမှမသိသော လူတစ်ယောက် ယုန့်ကို လှမ်းခေါ်ခြင်းဖြစ်သည်။ အတန်းထဲကများလားဟု ဇဝေဇဝါတွေးရင်း…

'ဟို… ယုန့်ကို ခေါ်တာလား'

'ဟုတ်ပါတယ်၊ ယုန်ဖြူတို့ ထမင်းသွားစားမလို့လား၊ ကျွန်တော် ကန်တင်းကို လိုက်ခဲ့မယ်၊ အဲဒီကျမှ အေးအေးဆေးဆေးပြောကြတာပေါ့'

ယုန်ဖြူသည် မိမိမသိသော သူစိမ်းတစ်ယောက်နှင့် ကန်တင်းတွင် တွဲထိုင်ရမည့်အရေး တွန့်ဆုတ်နေမိသည်။ ပြီးတော့ ဘေးမှပါလာသော ရွှေရွှေကလည်း စူးစမ်းနေပြန်သည်။

'ပြောစရာရှိရင် ဒီမှာပဲပြောလို့ မရဘူးလား'

'အင်း… ရတော့ရပါတယ်၊ ပြောရမှာက နည်းနည်းရှည်လို့ မတ်တတ်ကြီးဖြစ်နေမယ်၊ ကန်တင်းမှာပဲ ပိုအဆင်ပြေမယ်ထင်တယ်၊ ကျွန်တော် အရေးကြီးတဲ့ကိစ္စ ရှိလို့ပါ'

ထိုသူ့ပုံက တောင်းတောင်းပန်ပန်မို့ ယုန်ဖြူဆက်မငြင်းတော့ပါ။

'ကောင်းပြီလေ၊ သွားကြတာပေါ့ရှင်'





'ယုန်နဲ့ သိလို့လား'

နံဘေးတွင်ပါလာသော ရွှေရွှေက ယုန်ဖြူ့ကို တိုးတိုးကပ်မေးတော့ ယုန်ဖြူ့မှာ အဖြေမရှိပါ။ ထိုသူက ယုန်ဖြူတို့နောက်မှ လိုက်လာသည်။ ဘာကိစ္စများ ပြောစရာရှိလို့ပါလိမ့်။ ပုံစံကတော့ လူရည်သန့်ပါပဲ။

ယုန်ဖြူက ယောကျ်ားဆိုရင် အလွန်ကြောက်ရွံ့နေမိပြီဖြစ်သည်။ ဒီလူ့ပုံစံကလည်း ကိုမိုးပုံစံလိုပဲ။

တော်ပါပြီ၊ ရှည်ရှည်ဝေးဝေးတွေ တွေးမနေတော့ပါဘူး။ ကန်တင်းရောက်ရင် သိရမှာပဲလေ။ ကန်တင်းရောက်တော့ ယုန်ကပဲ စပြောလိုက်တယ်။

'ဟုတ်ကဲ့ ပြောပါ၊ ဘာလဲမသိဘူး'

'ကျွန်တော်က မိုးကြီးသူငယ်ချင်း… အဲ… ချိန်ခါမိုးသူငယ်ချင်းဖြိုးဝေပါ၊ ကျွန်တော်လာတာလည်း ဒီကောင့်ကိစ္စပါပဲ'

'ရှင်…'

ယုန်ဖြူမှာ ထိုကဲ့သို့ ပတ်သက်လိမ့်မည်မထင်၍ အံ့သြသွားမိသည်။

'ဟုတ်ပါတယ် ယုန်ဖြူ၊ ညက မိုးကြီး အရက်တွေမူးပြီး အရမ်းကို ခံစားနေရပါတယ်၊ ပြီးတော့ သူ ယုန်ဖြူ့ကို တကယ်ချစ်တယ်ဆိုတာ ကျွန်တော်အသိဆုံးပါ'

'ရှင်… ယုန့်ကို ဘာကိစ္စ သူ့အကြောင်းတွေ လာပြောနေတာလဲ၊ ယုန်နဲ့သူ ဘာမှမပတ်သက်ပါဘူးရှင်၊ ရိုးရိုးသူငယ်ချင်းတွေပါ'

ယုန်ဖြူ အခုရှုပ်မှနောင်ရှင်း ခပ်ပြတ်ပြတ်ပြောလိုက်သည်။ ပြောသာပြောလိုက်ရသည် သူ့အကြောင်းတွေလည်း ယုန်သိချင်နေသည်။

'မဟုတ်ဘူးလေ ယုန်ဖြူ၊ ခင်ဗျားတို့ဇာတ်လမ်းကို ကျွန်တော် အစအဆုံးသိထားပါတယ်၊ ခင်ဗျား မိုးကြီးကို မကျေနပ်တာရှိရင် ကျွန်တော့်ကိုပြောပါ၊ ကျွန်တော် ကူညီဖြေရှင်းပေးပါ့မယ်'

ယုန်ဖြူက သူငယ်ချင်းကောင်းပီသလှသော ကိုဖြိုးဝေဆိုသောသူကိုကြည့်ပြီး မိမိစိတ်ကို တင်းလိုက်သည်။

တော်ပါပြီ သူတို့သူငယ်ချင်းတွေ တစ်ကျိတ်တည်း၊ တစ်ဘဏ်တည်းဖြစ်မှာ။ ယုန့်ကို လှည့်စားနေတာပဲ ဖြစ်မှာပါ။

'ဒီမှာကိုဖြိုးဝေ၊ ယုန်ဖြူ အေးအေးပဲနေပါရစေတော့၊ ယုန်နဲ့သူ ဘာမှမပတ်သက်ပါဘူး၊ သူနဲ့ တကယ်သက်ဆိုင်သူက မေသရဖူဆိုတဲ့ မိန်းမလှလေးပါပဲ၊ ပြီးတော့ ယုန်နဲ့သူနဲ့ မတန်ပါဘူးရှင်'

'ဘယ့်နှယ်ပြောလိုက်တာလဲ ယုန်ဖြူရယ်၊ လူလူချင်း





မတူဘူးမတန်ဘူးဆိုတာ မရှိပါဘူး'

ယုန်ဖြူ နောက်မှအသံကြား၍ လှည့်ကြည့်မိတော့ မထင်မှတ်ဘဲရောက်လာသူက မေသရဖူဖြစ်သည်။

'ဟင်'

'မေ… နင် ဘယ်တုန်းက ရောက်လာတာလဲ'

ယုန့်ရှေ့တွင် ထိုင်နေသော ဖြိုးဝေကလည်း မေသရဖူကို သိပုံရသဖြင့် လှမ်းခေါ်လိုက်သည်။ မေသရဖူက ခုံတစ်လုံးကို ဆွဲ၍ ထိုင်လိုက်သည်။

'မေ့ကို ထိုင်ခွင့်ပြုပါနော် ယုန်ဖြူ၊ ယုန်ဖြူအထင်လွဲနေတဲ့ကိစ္စအတွက် မေရှင်းပြဖို့လာခဲ့တာပါ'

'ဟင့်အင်း၊ ယုန်ဖြူ ဘာမှအထင်မလွဲပါဘူး မေသရဖူ၊ ယုန်ဖြူနဲ့ ကိုမိုးကလည်း ဘာမှမဆိုင်ပါဘူး၊ ခင်မိရုံလေးပါ'

ယုန်ဖြူက ငြင်းဆန်ရန်ကြိုးစားပေမယ့် မအောင်မြင်ချေ။ မေသရဖူက ယုန့်ကိုပြုံးပြရင်း…

'ယုန်က မဆိုင်ပေမယ့် မိုးက ဆိုင်ချင်နေတယ်လေ ယုန်ဖြူရယ်၊ သူ ယုန့်အတွက်နဲ့ တကယ်ခံစားနေရလို့ သူငယ်ချင်းတွေဖြစ်တဲ့ တို့တစ်တွေက ကြည့်မနေနိုင်လို့ ဒီကိုရောက်လာတာပါ'

ယုန်ဖြူက ကိုယ်နှင့် ဘာမှမဖြစ်သေးသည့် လူတစ်

ယောက်အတွက် ယခုလို တကူးတကကြီးလာရှင်းပေးနေသည့် လူများကို အံ့လည်းသြ၊ စိတ်လည်း ရှုပ်မိပါသည်။ ယုန်နှင့်အတူ ပါလာသော ရွှေရွှေကတော့ ဘာတွေလဲဆိုပြီး ပွဲကြည့်ပရိသတ် လုပ်နေပုံပင်။

ယုန့်မှာ ဘာပြောလို့ဘာပြောရမှန်းတောင် မသိတော့ချေ။

မေသရဖူက အရင်စပြောသည်။

'မေ့စကားကို ကျေးဇူးပြုပြီး နားထောင်ပေးပါ၊ မေနဲ့ မိုးကို ယုန်ဖြူအထင်လွဲနေတယ်ဆိုတာ မေသိတယ် ယုန်ဖြူရယ်၊ တကယ်တော့ ဒီအဖြစ်အပျက်မှာ မိုး…အဲ… ချိန်ခါမိုးမှာ အပြစ် မရှိပါဘူး၊ အပြစ်ရှိသူ မေပါ'

'မေ နင်ဘာတွေပြောနေတာလဲ'

ဖြိုးဝေက ကြားထဲက ဝင်ပြောပေမယ့် မေသရဖူက လက်ကာပြလိုက်သည်။

'ဖြိုးဝေ နင် ဘာမှမပြောနဲ့၊ ဒီအဖြစ်အပျက်တွေ အားလုံးရဲ့တရားခံက မေပါ၊ ဒါကြောင့် မေပဲ ရှင်းပြပါရစေနော်၊ ချိန်ခါမိုးနဲ့ ယုန်ဖြူနဲ့ချိန်းထားတဲ့နေ့က မေက တမင် ချိန်ခါမိုးနား မှာနေခဲ့တာပါ၊ ယုန်ဖြူလာတာကိုလည်း မေ မြင်ပါတယ်၊ အဲဒီ နေ့က မိုး ပြောနေတဲ့စကားတွေကလည်း ယုန်ဖြူနဲ့ မိုးတို့ရဲ့ အကြောင်းတွေပါ၊ ဒါပေမဲ့ မေက သူ့ကို အဆုံးရှုံးမခံချင်တဲ့စိတ်နဲ့





အဲဒီတုန်းက ယုန်ဖြူရောက်လာတာကိုလည်း မသိချင်ယောင် ဆောင်နေခဲ့တာပါ၊ အဲဒါ မေ့အပြစ်ပါ'

သူ့အပြစ်ကို လာဝန်ခံနေသော မေသရဖူကို ယုန်ဖြူ နားမလည်စွာ ကြည့်နေမိသည်။ မေသရဖူက အအေးသောက်ပြီး နောက် စကားဆက်ပြောသည်။

'နောက်ပြီး ဟိုတစ်နေ့က ချိန့်ခါမိုးကို မေက အတင်း ယုဇနပလာဇာကို လိုက်ပို့ခိုင်းလို့ သူလိုက်ပို့တာပါ၊ တကယ်တော့ မိုးက လိုက်မပို့ချင်ပါဘူး၊ မိုးက ယုန်ဖြူ့ကို တွေ့ပြီးတဲ့နောက်ပိုင်း ကတည်းက သူ့အပျော်တွဲတဲ့ မိန်းကလေးတွေအားလုံးကို ဖြတ် ထားတာပါ၊ သူက ယုန်ဖြူ့ကို တကယ်ချစ်ရှာတာပါ၊ မေကသာ သူ့ကို လက်လွှတ်မခံနိုင်လို့ ယုန်ဖြူအထင်လွဲကုန်တာပါ၊ ဒီစကား တွေကို ယုန်ဖြူ ယုံပေးပါ၊ ဒါဟာ မေ့ရဲ့နှလုံးသားကိုရင်းပြီး သီကုံးကုန် စကားပါပဲ'

မေသရဖူစကားဆုံးသွားတော့ ဖြိုးဝေကဝင်ပြောလိုက်သည်။

'ဟုတ်ပါတယ် ယုန်ဖြူ၊ သူက ယုန်ဖြူ့ကို တကယ်ချစ် ရှာတာပါ၊ ဒါပေမဲ့ မေသရဖူနဲ့သူ့ကို ယုန်ဖြူ အထင်လွဲနေမှန်း သူ သိတောင်မသိရှာဘူး၊ ကျွန်တော်လည်း အခုမှ မေပြောလို့ သိရတာပါ'

'ဟုတ်ပါတယ် ယုန်ဖြူ၊ မေက သူ့ကို သိပ်ချစ်ပါတယ်၊

ဒါပေမဲ့ သူ အခုအရမ်းခံစားနေရတာကို မကြည့်ရက်လို့ မေလာပြီး ယုန်ဖြူ့ကို ရှင်းပြတာပါ၊ ဘာပဲဖြစ်ဖြစ် ယုန်ဖြူ စိတ်မဆိုးပါနဲ့တော့နော်'

ယုန်ဖြူသည် ကိုယ်နှင့်လည်း ဘာမှမဆိုင်သေးပါဘဲ သူ့သူငယ်ချင်းတွေက အတင်းလာရှင်းပြနေတာကြောင့် ဘာပြောရမှန်းလည်းမသိ၊ မျက်နှာလည်း မထားတတ်တော့ချေ။

ဖြိုးဝေက အဖြူအမည်း သဲသဲကွဲကွဲသိချင်ပုံဖြင့်…

'ယုန်ဖြူ ကျွန်တော်တို့သူငယ်ချင်းကို မရက်စက်ပါနဲ့ဗျာ'

'ဟို… ယုန်ဖြူဘာပြောရမှန်းတောင် မသိတော့ပါဘူး၊ ယုန်ဖြူ စဉ်းစားပါဦးမယ်၊ ဖြည်းဖြည်းပေါ့'

ယုန်ဖြူသည် ရုတ်တရက် ဆုံးဖြတ်ချက်မချနိုင်သဖြင့် ခပ်လေးလေးပြောလိုက်သည်။

'ယုန်ဖြူက စဉ်းစားနေ၊ ဟိုကောင်က အရက်သမားဖြစ်တော့မယ်၊ မနေ့ကလည်း မူးရူးလို့၊ ဒီကောင် မိန်းမတစ်ယောက်အတွက် ပထမဆုံး မူးတာပဲ'

ဖြိုးဝေစကားကြောင့် ယုန် ရင်ထိတ်သွားသည်။ သူ့ကိုတော့ အရက်သမားမဖြစ်စေချင်ပေ။

'အရက်မသောက်အောင်တော့ ကိုဖြိုးဝေတို့ကပဲ ဝင်ထိန်းပေးပေါ့ရှင်၊ ယုန်လည်း အခုမှပဲ ဒီအကြောင်းတွေ သိရတာ'





'ဒါဖြင့် ညကျရင် မိုးကြီးကို ဖုန်းဆက်ခိုင်းလိုက်ရမလား'

ဖြိုးဝေက အားတက်သရောပြောတော့…

'အင်းလေ… ညဆယ်နာရီလောက် ဆက်ခိုင်းလိုက်ပေါ့၊ အဲဒီတော့မှ အန်တီလေးက အိပ်တာ'

'ဒါဖြင့် ကျေးဇူးပဲဗျာ၊ ကျွန်တော်တို့ ပြန်လိုက်ဦးမယ်၊ ဟိုကောင်ကြီးသိရင် သိပ်ဝမ်းသာမှာပဲ'

ဖြိုးဝေက ဝမ်းသာစွာ ပြောလိုက်သည်။ ထို့နောက် မေသရဖူဘက်သို့ ဖြိုးဝေက လှည့်ကြည့်ပြီး…

'မေ နှင် ငါနဲ့လိုက်မှာလား'

'အေးလေ သွားကြမယ်၊ ကဲ… ယုန်ဖြူ မေတို့သွားမယ်'

ယုန်ဖြူ ခေါင်းညိတ်ပြလိုက်သည်။ မေသရဖူတို့က အတင်းပိုက်ဆံရှင်း၍ ထသွားလေတော့သည်။ ယုန်ဖြူ့မှာ သူတို့အတင်းလာရှင်းပြသောကိစ္စကြီးကို ယုံရခက်ခက်ဖြစ်နေသည်။ ဒါပေမဲ့ ယုန်ဖြူ့စိတ်ထဲမှာ တစ်ခုပဲရှိသည်။ အဲဒါက ကိုမိုးကို အရက်သမားတော့မဖြစ်စေချင်။ အထူးသဖြင့် ယုန့်ကြောင့်ပေါ့လေ။

ညဆယ်နာရီတိတိမှာ တယ်လီဖုန်းသံပျော့ပျော့က စတင်မြည်လာပါသည်။

'တူ… တူ'

ယုန်ဖြူသည် အန်တီလေးနိုးသွားမည်စိုးတာနှင့် တယ်လီဖုန်းကို အလျင်စလိုကောက်ကိုင်လိုက်သည်။ တစ်ခန်းလုံး မီးတွေက မှောင်မည်းနေပေမယ့် ယုန် သူနှင့်စကားပြောချင်၍ အမှောင်ထဲတွင် ထိုင်စောင့်နေခြင်းဖြစ်သည်။

'ယုန်လေးလား'

'အင်း… ပြောလေ'

'ကိုယ့်ကို ဘယ်တော့အဖြေပေးမှာလဲ ယုန်လေးရာ၊ အခု သံသယတွေ ရှင်းပြီလား၊ ကိုယ့်မှာတော့ အလူးအလဲပဲ'

တစ်ဖက်မှ သူ့အသံက လှိုက်လှဲလေးနက်နေသည်ဟု ယုန်ထင်ပါသည်။ သူက ထုံးစံအတိုင်း ဆိုင်းမဆင့်ဗုံမဆင့်ဘဲ ပြောချလိုက်သည်။

'တော်ပါ ကိုမိုးရယ်'

'မတော်ဘူးကွာ၊ ခင်ဗျားလေးတစ်ယောက်တည်း အရူးတွေတိုနေတာမဟုတ်လား'

'မဟုတ်ပါဘူး ကိုမိုးရယ်၊ ကဲ… ပြောစရာရှိတာ မြန်မြန်ပြော၊ တော်ကြာ အန်တီလေး နိုးလာဦးမယ်'

ယုန်ဖြူက စိုးရိမ်စွာပြောလိုက်သည်။

'ကိုယ်နဲ့ ဖုန်းမပြောရမှာစိုးလို့လား၊ ဟဲ… ဟဲ… အခု





ယုန်လေး စိတ်ဆိုးပြေရင် ကိုယ့်ကိုအဖြေပေးတော့ကွာ၊ ကိုယ် ယုန်လေးရဲ့ချစ်သူ ဖြစ်ချင်လှပြီ၊ ဘယ်လိုလဲ ဖြစ်ခွင့်ပေးမှာလား၊ ကိုယ်တော့ ရေလဲည်ယိုင်နေပြီ၊ ချစ်လို့'

ယုန်ဖြူက ခဏငြိမ်သက်စဉ်းစားလိုက်သည်။ မရှက်တမ်း ဝန်ခံရလျှင်တော့ ခုချက်ချင်း သူ့ကို အဖြေပေးလိုက်ချင်ပါသည်။ သို့သော် ကိုမိုးနှင့်မျက်နှာချင်းဆိုင်၍ 'ကို့ကို သိပ်ချစ်တာပဲ' ဟု ပြောချင်မိသည်။ ထို့ကြောင့်…

'စဉ်းစားနေတုန်းပဲ'

'မရဘူးကွာ၊ ကိုယ့်ကို ထပ်မနှိပ်စက်နဲ့တော၊ ယုန်လေး ကိုယ့်ကို အဖြေပေးမယ့်နေ့ကိုပြောကွာ'

'ဘာလဲ မစောင့်နိုင်တော့ဘူးလား၊ ရတယ်နော်'

'မဟုတ်ဘူးကွ၊ ကဲ… ကဲ… ကိုယ်ပဲပြောမယ်၊ ဒီနေ့ သောကြာနေ့ဆိုတော့ စနေ၊ တနင်္ဂနွေ နှစ်ရက်ပိတ်တယ်၊ တနင်္လာနေ့ ကျောင်းတက်တော့ ကိုယ့်ကိုအဖြေပေးပေါ့ ဟုတ်ပြီလား၊ ကတိပေး'

သူက ယုန့်ကို ကလေးတစ်ယောက်သဖွယ် ပူဆာနေတော့ ယုန် ရယ်ချင်နေမိသည်။ ထိုစဉ် အန်တီလေးက အိပ်ခန်းထဲမှ ထွက်လာ၍ ယုန့်ခန္ဓာကိုယ်လည်း ဆတ်ခနဲတုန်သွားကာ ချိန်ခါမိုးကို အမြန်ပြောလိုက်သည်။

'ကိုမိုး ဒီကြားထဲ ဖုန်းထပ်မဆက်နဲ့တော့နော်၊ တနင်္လာ နေ့ကျမှတွေ့မယ်၊ ဖုန်းချလိုက်တော့မယ်နော်'

ဟု အလျင်စလိုပြောကာ ဖုန်းချလိုက်သည်။ အန်တီလေး က အခန်းမီးကို ဖွင့်လိုက်ရင်း...

'မိယုန်ဖြူ ဖုန်းခိုးပြောနေတယ်ပေါ့၊ ကြည့်စမ်း၊ ကြည့် စမ်း ဒီကောင်မလေး ငါမပြောလိုက်ချင်ဘူး၊ ဒါကြောင့် တစ်လ တစ်လ ဖုန်းဘီလ်တွေ အရမ်းတက်နေတာကိုး'

အန်တီလေးက ယုန်ဖြူကို ပြောလည်းပြော၊ ငယ်ထိပ် ကို ထုပုနေအောင်လည်း ခေါက်ပစ်တာကြောင့် စောစောက ရင်ခုန်နေတာတွေတောင် ပျောက်ချင်ချင်ပါ။

ယုန်ဖြူ အန်တီလေးဆူတာကို တဝကြီးခံပြီးမှ အိပ်ခန်း ထဲ ဝင်ခွင့်ရသည်။ ယုန်ဖြူ အရမ်းပျော်နေပါသည်။ အိပ်ရာပေါ် မှောက်ခုံ မှောက်ကာ တိတ်တိတ်ကလေး ကျိတ်ရယ်သည်။

နောက်သုံးရက်...

အို... ယုန်ဖြူ ရင်ခုန်လိုက်တာကွယ်။

သူက ယုန့်ကို တကယ်ချစ်တယ်တဲ့။

အို... ယုန်ဖြူ နောက်သုံးရက်ကြာလို့ အဖြေပေးလိုက် လျှင် ယုန်ဖြူဟို့ ချစ်သူတွေဖြစ်ကြတော့မည်ပေါ့။ ဒီတစ်ခါ ယုန်ဖြူရဲ့စိတ်ကူးအိပ်မက်ကလေးက လှပလာတော့မည်။





သူနှင့်ယုန်ဖြူ ချစ်သူတွေဖြစ်လျှင် ယုန်က သူ့ကို 'ကို' ဟု ခပ်တိုးတိုးခေါ်ကာ သူ့လက်မောင်းကို ခပ်ဖွဖွဆုပ်ကိုင်ပြီး မှီနွဲ့ထားမည်။ ပြီးတော့ သူ့ကို ယုန်ဖြူ တိတ်တိတ်ကလေး ကျိတ်ချစ်နေတဲ့အကြောင်းပြောပြမည်။

ကိုရယ်...

ယုန်ဖြူသည် နောက်သုံးရက်အကြာတွင် ချစ်သူတွေဖြစ် မည့် ကောင်လေးအကြောင်းတွေးရင်းအိပ်ပျော်သွားသည်။ သို့ သော် ထိုမျှလောက်သော ရက်ပိုင်းအတွင်း ပြောင်းလဲနိုင်သော ကံကြမ္မာတစ်ခုကို မမြင်နိုင်ခဲ့ပါ။

* * *



တနင်္ဂနွေနေ့···

ထိုနေ့က တိုက်ဆိုင်မှုတစ်ခုကြောင့် သူတို့ ကံဆိုးခဲ့ကြပါသည်။ ပြဿနာများ၏အစမှာ သူ့ကြောင့်ပင်ဖြစ်သည်။ ထိုနေ့က ချိန်ခါမိုးသည် မာမီချက်ထားသော ညစာဟင်းများကိုကြည့်ရင်း···

'မာမီ သား ဒီဟင်းတွေ မစားချင်ဘူးဗျာ၊ တစ်ခါတလေ အပြောင်းအလဲတွေဖြစ်အောင် အပြင်မှာ Dinner(ညစာ)သွားစားရအောင်ဗျာ၊ ဆိုင်ကောင်းကောင်းမှာပေါ့၊ မာမီနဲ့အတူ အပြင်ထွက်မစားရတာကြာပြီ'





သူ့ရဲ့အဖော်ဆွယ်မှုကြောင့် မာမီနှင့်သူ ကားတစ်စီးနဲ့ ထွက်လာပြီး နာမည်ကြီးဟိုတယ်တစ်ခုမှာ ညစာစားဖြစ်ကြသည်။ သူ ဟင်းပွဲတွေ မှာထားစဉ် ခဏစောင့်နေကြသည်။ ထိုစဉ် ဆိုင်ထဲသို့လှမ်းဝင်လာသော လူများထဲမှ တစ်စုံတစ်ယောက်ကို တွေ့လိုက်၍ ချိန်ခါမိုးရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

ယုန်ဖြူ ရိုးရိုးရှင်းရှင်းလေးနှင့် လှပနေသော ယုန်ဖြူ့ကို တွေ့လိုက်ရ၍ အရမ်းဝမ်းသာသွားသည်။ ယုန်ဖြူ့ရဲ့ရှေ့မှာ အန်ကယ်ကြီးတစ်ယောက်နှင့် အန်တီကြီးတစ်ယောက်ပါပါသည်။ ယုန်ဖြူက သူ့ကို မြင်ဟန်မတူ။ သူတို့ထိုင်နေသော စားပွဲက အနည်းငယ် မှောင်ရိပ်ကျလေသည်။

သူတို့နှင့် ခပ်လှမ်းလှမ်းစားပွဲတွင် ဝင်ထိုင်သည်။ အန်ကယ်ကြီးက သူ့တို့စားပွဲကို ကျောခိုင်းလျက်၊ ယုန်ဖြူက အန်ကယ်ကြီးဘေးမှာ၊ ဒီဘက်ဘေးမှ အန်တီကြီးက ဝင်ထိုင်သည်။

ထိုခဏအတွင်း ချိန်ခါမိုးသည် အကြံတစ်ခုရသွားသည်။ အဲဒါ မာမီအား ယုန်ဖြူ့ကို ပြလိုက်ခြင်းဖြစ်သည်။ ဟမ်းဖုန်းနှင့် အလုပ်ရှုပ်နေသော မာမီ့ကိုခေါ်လိုက်သည်။

'မာမီ့ကို သား တစ်ခါပြောဖူးခဲ့တဲ့ သားအရမ်းချစ်တယ် ဆိုတဲ့ ကောင်မလေးကိုပြချင်တယ်၊ အခု ဒီဆိုင်ထဲမှာ ရောက်နေတယ် မာမီရဲ့'

'ဘယ်မှာလဲ သား'

'မာမီ ဟိုဘက်အရှေ့ဘက်ဘေးစားပွဲဝိုင်းကို လှမ်းကြည့်လိုက်၊ သား ကောင်မလေးပါတယ်၊ အစိမ်းရောင်ဖျော့ဖျော့ဝမ်းဆက်ကလေး ဝတ်ထားတာ၊ ဒီဘက်က သူ့အန်တီထင်တယ်၊ သားတို့ဘက်ကို ကျောခိုင်းထားတာကတော့ သူ့အန်တီအမျိုးသားထင်ပါရဲ့'

မာမ့်ကို သူက ဝမ်းသာအားရပြလိုက်သည်။ မာမီက သူ့ကို မတိုတောင်းသောအမေမို့လည်း ပြရဲခြင်းဖြစ်သည်။ အရင်ကလည်း ဒီလိုပဲ မိန်းကလေးသူငယ်ချင်းတွေကို ခေါ်ပြီးမိတ်ဆက်ပေးနေကျမို့ မာမ့်အတွက် ဆန်းမည်ဟု သူမထင်ပါ။

သို့သော် သူညွှန်ပြသောနေရာကို မာမီက သာမန်ကာလျှံကာ လှမ်းကြည့်လိုက်သည်။ နောက်မှ မာမ့်မျက်နှာ တဖြည်းဖြည်းတင်းမာခက်ထန်လာသည်။ သူ အလန့်တကြား မာမ့်ကို ခေါ်လိုက်သည်။

'မာမီ ဘာဖြစ်…'

'လာ… ပြန်ကြစို့ သား'

'ဘာဖြစ်တာလဲ မာမီရယ်'

'မင်းပါးစပ်ကို ပိတ်ထားစမ်း ချိန်ခါမိုး'

ဒီလောက်တင်းမာခက်ထန်နေသော အသံမျိုးနှင့် သူ့ကို





တစ်ခါမျှ မပြောဖူးပါ။ ပြီးတော့ ပျက်ယွင်းနေသော မာမ့်မျက်နှာကြောင့် သူ ငြိမ်နေလိုက်သည်။ သို့သော် မာမ့်ကို နားမလည်နိုင်ပေ။ ယုန့်အကြောင်းတစ်ခါပြောတုန်းက ကြည်ကြည်သာသာပါ။

'ပြန်မယ်'

'ဟင်းတွေ မှာထားတယ်လေ'

ဟင်းတွေရောက်အောင်မစောင့်တော့ဘဲ ကျသင့်ငွေရှင်းပြီး မာမီထွက်သွားသည်။ မာမီ အရှုမ်းတင်းမာနေတာကြောင့် သူဘာမှမပြောရဲဘဲ မာမ့်နောက်မှ ခပ်ကုပ်ကုပ်လေးလိုက်ခဲ့သည်။

မာမီ ဘာဖြစ်တာပါလိမ့်။ သူ နားမလည်နိုင်။ ဟင်း…။

အိမ်ပြန်ရောက်တော့လည်း မာမီ ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ပြီး သက်ပြင်းတချချနှင့်ပါ။ မာမ့်ပုံစံက ပေါက်ကွဲခါနီး မီးတောင်တစ်လုံးလိုပင်။

မာမ့်ပုံစံကြောင့် သူဘာမှမမေးရဲဘဲ ငြိမ်နေလိုက်သည်။ ခဏအကြာ မာမီသက်ပြင်း ဟင်းခနဲချ၍ ဆိုဖာပေါ် ဝင်ထိုင်လိုက်သည်။

'ဒီမှာသား…မင်း အဲဒီ့ယုန်ဖြူဆိုတဲ့ကောင်မလေးကို မေ့ပစ်လိုက်တော့'

'ဟင်… မာမီ ဘာဖြစ်လို့လဲ၊ ကျွန်တော့်ကို သူ့အဖြေပေးတော့မလို့ ချိန်းထားတာဗျ၊ အဲဒီလိုတော့ မလုပ်ပါနဲ့'

မာမီက သူ့စကားကိုကြားသောအခါ မျက်နှာမဲ့သွားကာ ငြိမ်သက်သွားသည်။ နှုတ်ခမ်းကို တင်းတင်းစေ့ထားရာမှ မာမီက ဆက်ပြောသည်။

'မင်း မနက်ဖြန်ကျောင်းလည်း သွားစရာမလိုဘူး'

'ဗျာ'

သူနားမလည်နိုင်စွာ မာမ့်ကိုကြည့်လိုက်သည်။

'မာမီ··· ကျွန်တော်···'

မာမ့်ကို သူတစ်ခုခုပြောရန် ပြင်လိုက်စဉ်မှာပင် မာမီက လက်ကာပြပြီး စကားဖြတ်ပြောလိုက်သည်။

'တော်စမ်း ချိန့်ခါမိုး၊ အဲဒီကောင်မလေးအကြောင်း မင်း ဘယ်လောက်သိသလဲ၊ သူတို့နဲ့ ပါလာတဲ့သူက ဘယ်သူလဲ မင်းသိလား၊ အေး··· အဲဒါ မင်း သိပ်တွေ့ချင်လှပါတယ်ဆိုတဲ့ မင်းရဲ့ဒယ်ဒီ ဦးဝေမင်းပဲ၊ ငါ ဒီအကြောင်းကို စုံစမ်းရဦးမယ်၊ ဟင်း··· ခင်ခင်လေးကို ဒါမျိုးကြောလို့မရဘူး'

'ဗျာ··· မာမီ'

သူသည် ထိုအခြေအနေကြီးကို မယုံကြည်နိုင်သလိုဖြစ်နေသည်။ နိုင်ငံခြားရောက်နေသည်ဟူ သူသိထားသော ဒယ်ဒီဟာ ဘယ်လိုကြောင့် ယုန်ဖြူတို့အနီးအနားမှာ ရောက်နေပါသနည်း။ သူ စဉ်းစားမရ။





'မာမီ အမြင်များ မှားသလား၊ မာမီပြောတော့ နိုင်ငံခြားမှာဆို'

'ငါနဲ့ပေါင်းခဲ့ဖူးတဲ့ ယောကျ်ားတစ်ယောက်ကို အမြင်မှားရအောင် ငါ့မျက်လုံးမကန်းသေးဘူး'

မာမ့်လေသံက ဒေါသကြောင့် ပို၍ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ရုတ်တရက် သူ့ခေါင်းထဲသို့ဖြေရှင်းချက်တစ်ခု ဝင်လာတာကြောင့် ပြောလိုက်သည်။

'မာမီ သူတို့မိတ်ဆွေတွေ ဘာတွေများလား'

'တော်စမ်း သား၊ ငါ မပြောချင်ဘူး၊ အဒေါ်က အဖေ့ကို ကြံ၊ သားကို တူမကကြံနဲ့ ဟုတ်နေတာပဲ၊ နွဲ့ရီ···နွဲ့ရီ ငါ့ကျေးဇူးတောင် မထောက်ဘူး၊ ဒီမှာ သား၊ မာမီက ဒီကိစ္စတွေကို အဓိပ္ပာယ်မဲ့ စွပ်စွဲနေတာမဟုတ်ဘူး၊ သားမသိသေးတဲ့ မာမီတို့ရဲ့ လူကြီးတွေရဲ့ နောက်ကြောင်းက ရှိသေးတယ်၊ ဒါတွေကိုသိရင် သား အံ့ဩတော့မှာမဟုတ်ပါဘူး'

မာမ့်စကားအဆုံးမှာ မာမ့်မျက်နှာက အတိတ်ကို လွမ်းမောသွားဟန်နှင့်ပါ။ ထို့နောက်မှာတော့ မာမီ၊ ဒယ်ဒီနှင့် ယုန်ဖြူ၏အန်တီလေးတို့၏ နောက်ကြောင်းရာဇဝင်များကို သိခွင့်ရခဲ့ပါသည်။ မာမီ အတိတ်ကအကြောင်းများကို စတင်ပြောလေတော့သည်။

* * *



## အတိတ်၏နေ့စွဲများ

'ခင်လေးရယ်… အဲဒီတစ်ယောက်က အရမ်းသန့်တာပဲ၊ ကိုယ်ဖြင့်လေ သူ့ကိုစတွေ့တွေ့ချင်း ရင်ကိုခုန်သွားတာပဲ၊ သိလား'

ခင်လေးသည် နွဲ့ရီပြောသော ထိုလူကို လှမ်းကြည့်မိရာ ထိုလူနှင့် ခင်လေး မျက်လုံးချင်း အမှတ်မထင် ဆုံသွားသည်။ ထိုသူက နွဲ့ရီပြောလည်း ပြောစရာပင်။ အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် အရမ်းကို ကြည့်ကောင်းနေပါသည်။

ခင်ခင်လေးနှင့် နွဲ့ရီတို့က ဟိုးငယ်စဉ်ကတည်းက အတူကြီးပြင်းလာကြသော သူငယ်ချင်းများဖြစ်သည်။ အိမ်ချင်းက





လည်း တပ်လျက်ပင်။ ယခု တက္ကသိုလ်လည်း အတူတက်ကြခြင်းဖြစ်သည်။

သူတို့နှစ်ယောက်စလုံး ဒုတိယနှစ်ရောက်နေပြီ။

'ဟဲ့… ငါတို့အတန်းမှာတော့ တစ်ခါမှ မတွေ့ဖူးသေးဘူး၊ ဘယ်မေဂျာကလဲ မသိဘူး'

ထိုစဉ်မှာပင် ထိုသူက ခင်လေးတို့ဆီသို့ လျှောက်လာသည်။ ခင်လေးတို့ ရှေ့ခုံတွင် ဝင်ထိုင်ပြီး အနောက်ဘက်သို့ လှည့်ကာ ခပ်တည်တည်ပင် မိတ်ဖွဲ့လေသည်။ သူက ရဲတင်းလှသူပင်တည်း။

'ကျွန်တော် ဝေမင်းပါ၊ ဒီနှစ်မှ တောင်ကြီးက ပြောင်းလာတာ၊ သူငယ်ချင်းမရှိလို့ ဒီကနှစ်ယောက်ကို လာမိတ်ဖွဲ့တာပါ'

အဲဒီလို စတင်မိတ်ဖွဲ့တော့လည်း ခင်လေးတို့က ပြန်မိတ်ဆက်ရပါသည်။ တက္ကသိုလ်ကျောင်းသူ ကျောင်းသားများဟာ ခင်မင်လွယ်ကြပါသည်။

ခင်လေးတို့ကလည်း မာနမကြီးတတ်သူတွေ မဟုတ်ပါလား။

'ကျွန်မက ခင်ခင်လေးပါ၊ သူက နွဲ့ရီပါ၊ သူငယ်ချင်းတွေလေ၊ အခု ကိုဝေမင်းကို ကျွန်မတို့ကလည်း ခင်ပါတယ်၊

လိုအပ်တဲ့ အကူအညီရှိရင်လည်း ပြောပေါ့ရှင်'

နွဲ့ရီကတော့ ဘာစကားမှမပြောဘဲ ငြိမ်သက်နေသည်။ သွက်လက်သောခင်လေးကသာ ဦးဆောင်၍ ပြောရသည်။ နောက်ပိုင်းတွင် ခင်လေးရယ်၊ နွဲ့ရီရယ်၊ ကိုဝေမင်းရယ်ဟာ အဖွဲ့ကျသွားပြီး ခွဲမရအောင် သူငယ်ချင်းတွေ ဖြစ်သွားကြသည်။ နွဲ့ရီကတော့ ကိုဝေမင်းကွယ်ရာတွင် ခင်လေးကို အမြဲရင်ဖွင့်သည်။

ကိုဝေမင်းကို သူမ ချစ်နေသည်ဆိုသည့်အကြောင်းကိုလည်း အမြဲပြောသည်။ ကိုဝေမင်းကတော့ ခန့်မှန်းရခက်အောင်ပင် သူမတို့ နှစ်ယောက်စလုံးကို သူငယ်ချင်းအရင်းတွေလို ဆက်ဆံသည်။ ဘယ်သူ့ကိုမှ ပိုပုံမရ။

သို့သော် နွဲ့ရီကတော့ သူမလိုရာဆွဲ၍…

'ကိုဝေမင်းလည်း ငါ့လိုပဲ ငါ့ကို ကျိတ်ချစ်နေတာလား မသိပါဘူး ခင်လေးရယ်၊ သူ့မျက်ဝန်းတွေကို ငါ အဲလိုပဲထင်တယ်'

ခင်လေးကတော့ နားထောင်သမားပါ။ ကိုဝေမင်းကို သူငယ်ချင်းတစ်ယောက်အဖြစ် မပိုမလို ဆက်ဆံခဲ့ပါသည်။ ဤသို့ဖြင့် သူတို့သုံးယောက် သူငယ်ချင်းအဖြစ် ဆက်ဆံရေးကို နိဂုံးချုပ်စေမည့် အကြောင်းတစ်ရပ်နောက်ဆုံးနှစ်တွင် ပေါ်ပေါက်လာခဲ့သည်။

'နွဲ့ရီရေ… နင့်ကို ငါပြောစရာရှိလို့ ဒီဘက်ကူးလာတာ၊





ငါ့ကို အိမ်က အိမ်ထောင်ချပေးတော့မလို့တဲ့'

'ဟုတ်လို့လား၊ ခင်ကတော့ နောက်ပြန်ပြီ'

'ဪ… တကယ်ပါဆို'

နွဲ့ရီကတော့ ခင်လေးနောက်ပြောင်နေသည်ဟုပဲ ထင်ပုံရသည်။

'လာလေ ခင်လေးရဲ့၊ ထမင်းစားစားပွဲခုံမှာပဲထိုင်လိုက်၊ နွဲ့ဒယ်ဒီအတွက် ဆန်ပြုတ်ပြုတ်နေတာ၊ ထွေးရီက ကျောင်းသွားတယ်လေ'

'အန်ကယ်က ဘာရောဂါလဲ'

'မသိပါဘူးကွာ၊ အခုတစ်လော ဒယ်ဒီက ကျန်းမာရေးမကောင်းဘူးလေ၊ လာ…၊ လာ… နွဲ့အိပ်ခန်းထဲ သွားရအောင်'

နွဲ့ရီက ခင်လေးကို အိပ်ခန်းထဲသို့ ခေါ်လာခဲ့သည်။ နွဲ့ရီတို့အိပ်ခန်းက သွားနေကျမို့ ခင်လေးအတွက်မဆန်းတော့။ အခန်းထဲရောက်တာနှင့် နွဲ့ရီက…

'ခင်လေးရေ ကိုဝေမင်း ကျောင်းပျက်တာ နှစ်ရက်တောင်ရှိပြီတော်၊ အဲဒါကြောင့် ဒီနေ့ သူ့အတွက် နွဲ့ရီ စာကူးပေးမလို့၊ ခင်လေးပါ ကူးပေးပါလား၊ အားမှပါ၊ စာမေးပွဲနီးပြီမဟုတ်လား'

ကိုဝေမင်းအတွက် စိတ်ပူနေသော နွဲ့ရီကိုကြည့်ပြီး ခင်

လေး ရယ်မောလိုက်သည်။

'ကိုဝေမင်းကလည်း နွဲ့ကို ဘာလို့ဖွင့်မပြောသေးတာလဲ မသိပါဘူး၊ နောက်ဆုံးနှစ်တောင် ရောက်နေပြီ'

ကိုဝေမင်းကို သိပ်စိတ်ဝင်စားနေသည့် နွဲ့ရီကို ခင်လေး သနားမိသည်။ ထို့ကြောင့် ကိုဝေမင်းနှင့် နွဲ့ရီတို့ကို မြန်မြန်ချစ်သူ ဖြစ်သွားစေချင်တာ ခင်လေးရဲ့ စေတနာပါ။

'ဒါနဲ့ ခင်လေးစေ့စပ်မယ်ဆိုတာ တကယ်ပဲလား'

'ဪ… တကယ်ပေါ့ နွဲ့ရယ်၊ ဟိုဘက်က လာတောင်းတာတဲ့၊ အသိလည်းဖြစ်နေလို့ မာမီတို့က လက်ခံလိုက်တာ၊ ကျောင်းပြီးရင် လက်ထပ်မယ်တဲ့၊ အခုတော့ စေ့စပ်ပွဲလုပ်ပါရစေတဲ့၊ ခင့်မှာလည်း ချစ်သူမရှိတော့ မာမီတို့သဘောအတိုင်းပဲလို့ပြောလိုက်တယ်'

'ဒါဖြင့် ခင်လေးက သမီးလိမ္မာလေးပေါ့၊ ခင် မိဘစကား နားထောင်တာ မမှားပါဘူးကွာ'

နွဲ့ရီက တွေတွေလေး ပြောလိုက်သည်။

'ဒါနဲ့ ခင်နဲ့စေ့စပ်မယ့်သူနဲ့ရော တွေ့ပြီးပြီလား'

'မတွေ့ရသေးပါဘူး နွဲ့ရယ်၊ စေ့စပ်တဲ့နေ့မှပဲ တွေ့ရမှာပဲ၊ ကျောင်းကလို့တော့ပြောတာပဲ၊ ငါလည်း သိပ်စိတ်မဝင်စားပါဘူး၊ ဒါပေမဲ့ မာမီကတော့ ပြောတာပဲ'



'ဘာတဲ့လဲ'

'သမီး သဘောကျမှာပါတဲ့၊ စေ့စပ်ပွဲနေ့ကျရင် တွေ့ရမှာပဲလေ၊ ငါကတော့ ဆက်မနေတော့ပါဘူး၊ ကိုယ့်ဘက်က အရမ်းသိချင်နေတာမျိုးလည်းမဖြစ်ချင်ဘူး၊ ငါကတော့ ဆက်မနေချင်တော့ပါဘူး'

ခင်ခင်လေးကတော့ လူကြီးတွေ စီစဉ်တဲ့ကိစ္စမို့ သိပ်စိတ်မပါပါ။

'ခင့်အဖြစ်ကလည်း တစ်မျိုးနော်၊ နာမည်တောင် မသိရဘဲ စေ့စပ်ရဦးမယ်'

'အေးလေ… ဘာဖြစ်လဲ၊ ဒါပေမဲ့ မတတ်နိုင်ဘူး၊ ကိုယ်က အဖြစ်မရှိတော့လည်း မိဘပေးစားတဲ့သူပဲ ယူရမှာပေါ့'

ခင့်စကားကြောင့် နွဲ့ရီက ခပ်တိုးတိုးရယ်မောပြီး ခင်လေးကို မေးခွန်းတစ်ခု ထုတ်လိုက်ပါသည်။

'ခင့်အဖြစ်ကလည်း အချိန်တန်တော့ မိဘပေးစားတဲ့သူကို ယူရတယ်လို့၊ ဒီအရွယ်အထိ ရင်ခုန်ရတဲ့သူလေးဘာလေး မရှိဘူးလား၊ ရှိရင်လည်း အကောင်းသားနော်၊ ခင်တကယ်ပဲ စိတ်ဝင်စားနေတဲ့သူ မရှိဘူးလား'

ထိုစကားကြောင့် ခင်လေးသည် မိမိနှင့်မကြာခဏ

မျက်ဝန်းချင်းဆုံ၍ ရင်ခုန်ခဲ့ရသော လူတစ်ယောက်ကို ဖျတ်ခနဲ သတိရမိပါသည်။

'ရှိတော့ရှိတာပေါ့ နွဲ့ရယ်၊ ဒါပေမဲ့ ခဏပါ၊ အခုတော့ ခင် သူ့ကိုမေ့လိုက်ပါပြီ၊ ဒါနဲ့ နွဲ့ရီတို့ ဇာတ်လမ်းကရော မတိုး တက်သေးဘူးလား'

ထိုအချိန်အထိ ခင်လေးမှာ နွဲ့ရီနှင့်ကိုဝေမင်းကို အဆင် ပြေစေချင်ပါသည်။

'နွဲ့လည်းစိတ်ညစ်ပါတယ် ခင်လေးရယ်၊ သူလည်း ကိုယ့် ကို ဘယ်တော့မှဖွင့်ပြောမလဲ မသိဘူး၊ ခုပဲနောက်ဆုံးနှစ်ရောက် နေပြီ'

နွဲ့ရီကို ခင်လေး ကရုဏာသက်စွာ ငေးကြည့်နေမိသည်။ နွဲ့ရီက သူမ ခံစားနေရတာတွေကို ဖွင့်လည်းပြော၍မရသဖြင့် မျိုသိပ်ထားရဟန်တူသည်။

နွဲ့ရီက အလုပ်လုပ်ရင်းဆက်ပြောသည်။

'တို့မိန်းကလေးတွေရဲ့ ဘဝကလည်း အခက်သားပဲ၊ ဣန္ဒြေတွေ၊ သိက္ခာတွေ၊ စောင့်ဆည်းမှုတွေနဲ့ ပြီးတော့ ယောကျ်ား တွေရဲ့စိတ်ကလည်း ခန့်မှန်းရခက်သား၊ သူတို့ရင်ထဲမှာ ဘာတွေ ရှိတယ်ဆိုတာ လှမ်းပြီးမမြင်နိုင်ဘူးနော်'

ခင်လေးက နွဲ့ရီ ရင်ဖွင့်သမျှကို နားထောင်ပြီးနောက်-





'ကဲ… နွဲ့ရီ ကိုယ်ပြန်ဦးမယ်ကွာ၊ အိမ်မှာလုပ်စရာရှိသေး တယ်'

ခင်လေးက နှုတ်ဆက်ပြီး ပြန်မည်အလုပ် နွဲ့ရီက ခင်လေးကိုလှမ်းခေါ်သည်မို့ ပြောလေဟု မေးဆတ်ပြလိုက်သည်။

'မနက်ဖြန် နွဲ့ရီ ကျောင်းမတက်တော့ဘူး၊ ဒယ်ဒီ့ကို ဆေးခန်းပြရဦးမှာ'

ကျောင်းသွားတိုင်း ခင်လေးက ကားနှင့်နွဲ့ရီကို ဝင်ခေါ် နေကျပါ။ မလိုက်ဖြစ်ကြောင်း ခင်လေးကို ပြောလိုက်ခြင်းဖြစ် သည်။

နောက်တစ်နေ့ ခင်လေးတစ်ယောက်တည်းပင် ကျောင်း သွားလိုက်သည်။

'နွဲ့ရီရော… မပါဘူးလား'

'မပါဘူး ကိုဝေမင်း၊ နွဲ့ဒယ်ဒီ ဆေးခန်းပြရတယ်လေ၊ ဒါကြောင့် ခင်လေးတစ်ယောက်တည်း လာရတာ'

'ဒီလိုလား'

အတန်းထဲမှာ လူတွေပြည့်နေသည်မို့ ခင်လေးက ကိုဝေ မင်းနားတွင် ဝင်ထိုင်လိုက်သည်။ ကိုဝေမင်းကလည်း တစ်ဖက် သို့ ရွှေ့ပေးလိုက်ရင်း ခင့်ကိုကြည့်ကာ…

'ဒါနဲ့ ခင့်မှာ သတင်းထူးလေးဘာလေး မပါဘူးလား'

'ဘာကိုလဲ ကိုဝေမင်းရဲ့'

ခင်လေးက ကိုဝေမင်းကို နားမလည်သလိုမေးလိုက်သည်။ ကိုဝေမင်းကတော့ ထိုနေ့တစ်နေ့လုံး ဘာတွေအူမြူးနေသည်မသိ၊ တပြုံးပြုံးနှင့်ပါ။ ကိုဝေမင်း အခါတိုင်းထက် ဒီနေ့ပိုရွှင်မြူးနေသလိုပဲ။

ခင်လေးသည် ကိုဝေမင်းကို ခိုးကြည့်ရင်း သိပ်ကြည့်လို့ကောင်းသောသူဟု မှတ်ချက်ချလိုက်ပါသည်။

ဒါကြောင့်လည်း နွဲ့ရီသဘောကျခြင်းဖြစ်ပေလိမ့်မည်။

အို… ဘာတွေ တွေးနေပါလိမ့်။ ခင်လေးက စေ့စပ်ရတော့မှာပဲလေ။ ကျန်ခဲ့သည့် ကိုဝေမင်းနဲ့နွဲ့ဟာ တစ်နေ့မဟုတ်တစ်နေ့ နီးစပ်သွားမှာပဲဟုတွေးကာ ပြုံးရွှင်နေသော ကိုဝေမင်းမျက်နှာကို မေ့နိုင်အောင် ကြိုးစားလိုက်သည်။ တကယ်တော့ ခင်လေးရဲ့ မသိစိတ်မှာ ကိုဝေမင်းက နေရာယူထားပြီဖြစ်သည်။

ထိုနောက်ပိုင်း ခင်လေးသည် စေ့စပ်ပွဲအတွက် ပြင်ဆင်ရတော့သည်။ ကာယကံရှင် ခင်လေးက စေ့စေပ်ပွဲအတွက် မတက်ကြွသော်လည်း တက်ကြွနေသူက နွဲ့ရီဖြစ်သည်။

'ခင်ရေ… စေ့စပ်ပွဲကျရင်ဝတ်ဖို့ ချုပ်ပြီးပြီလား၊ ဘာအေအပ်ထားလဲ၊ နွဲ့ကတော့ ခင်လေးစေ့စပ်ပွဲမှာဝတ်ဖို့ အင်္ကျီတောင်ရပြီ၊ သိလား'



နွဲ့ရီက ခင်လေးကို သူမချုပ်ထားသည့် အင်္ကျီအဝတ်အစားများကိုပြသည်။

ခင်လေး ငြိမ်သက်နေတာကို နွဲ့ရီက အားမလို အားမရပုံစံဖြင့်…

'အင်း… ခင်လေးကလည်း အေးတိအေးစက်နဲ့ပါလား'

'မဟုတ်ပါဘူး နွဲ့ရယ်၊ အားလုံး မေမေကစီစဉ်ပေးလို့ပါ'

'ဪ… ခင်လေးတို့ကျပြန်တော့လည်း ကံကောင်းလိုက်တာ'

ခင်လေးကို နွဲ့ရီက အားကျသလိုပြောသည်။ ခင်လေး နွဲ့ကို နှစ်သိမ့်လိုက်သည်။

ဤသို့ဖြင့် စေ့စပ်ပွဲနေ့သို့ရောက်သောအခါ ခင်လေးသည် သိပ်ပြီးစိတ်မလှုပ်ရှားမိပါ။ ကိုယ်နှင့်တစ်ခါမှ မတွေ့ဖူးသောတစ်ယောက်နှင့် စေ့စပ်ရမည့်အဖြစ်သည် ခင်လေးအတွက် ပင်ပန်းလွန်းလှပါသည်။

နွဲ့ကတော့ ဝီရိယကောင်းစွာ ထိုနေ့ မနက်အစောကြီးကတည်းက ရောက်နေသည်။

'ခင်လေးတော့ မသိဘူး၊ နွဲ့ဖြင့် ခင်လေးအစား စိတ်လှုပ်ရှားတယ်၊ ခင်လေးရော ဘယ်လိုနေလဲ'

'မသိပါဘူး နွဲ့ရီရယ်၊ ကိုယ်နဲ့တစ်ခါမှမတွေ့ဖူးတဲ့လူနဲ့

စေ့စပ်ရမယ်ဆိုတော့ စိတ်ပင်ပန်းနေမိတာတော့ အမှန်ပဲ'

'ကဲပါ… ခင်လေးရယ်၊ ပျော်ပျော်နေပါ'

ခင်လေးနှင့်နွဲ့ရီ စကားပြောနေခိုက် အောက်ထပ်မှ ခင်လေးမေမေ၏ လှမ်းခေါ်သံကို ကြားလိုက်ရသည်။

'သမီးခင်လေး… ဒီမှာ ဧည့်သည်တွေစုံနေပြီ၊ နွဲ့ရီရော့ ဆင်းလာကြတော့လေ'

'လာ ခင်လေး၊ အန်တီခေါ်နေပြီ မြန်မြန်သွားစို့'

ထိုအချိန်အထိ ခင်လေးရော၊ နွဲ့ရီရော ကံကြမ္မာကိုမမြင်ရသေးပေ။ ခင်လေးကခေါင်းငုံ့ထား၍ စေ့စပ်မည့်သူကို မမြင်ရပါ။

'ဟင်…'

နွဲ့ရီ အာမေဋိတ်အသံနှင့်အတူ ခင်လေးကိုတွဲထားသည့် လက်အစုံများ လွှတ်ထွက်သွားသည်။ ငြိမ်သက်စွာရပ်နေသော နွဲ့ရီကြောင့် ခင်လေး ဧည့်ခန်းထဲသို့ လှမ်းကြည့်လိုက်သည်။

'ဟင်… ကိုဝေမင်း'

ခင်လေးလည်း အခုမှကြုံတွေ့ရသော အပြောင်းအလဲကြီးကို မယုံနိုင်လောက်အောင်ဖြစ်သွားမိပါသည်။ ကံကြမ္မာကြောင့်ပဲလား၊ ကိုဝေမင်း၏ စီမံမှုကြောင့်ပဲလား ခင်လေးမသိ။ ခင်လေးနှင့် စေ့စပ်ရမည့်သူက ကိုဝေမင်းတဲ့။

* * *





'အဲဒီနောက်ပိုင်း မာမီနဲ့ ဦးဝေမင်းဆိုတဲ့ မင်းဒယ်ဒီ မိဘတွေစီစဉ်တဲ့အတိုင်း ယူကြတယ်၊ အဲဒါကို နွဲ့ရီက အထင်လွဲတယ်၊ မာမီနဲ့ ကိုဝေမင်းတို့ပေါင်းပြီး သူ့ကို အရူးလုပ်ပါတယ်လို့ပေါ့၊ နောက်ပိုင်း နွဲ့ရီဒယ်ဒီဆုံးပြီး နွဲ့ရီတို့အိမ်ရောင်းပြီး ပြောင်းသွားကြတယ်၊ အဲဒီကတည်းက မာမီနဲ့ အဆက်အသွယ်ပြတ်သွားကြတာ၊ လွန်ခဲ့တဲ့တစ်နှစ်ကမှ ပြန်ဆုံပြီး မာမီက ရှင်းပြလိုက်တော့ နွဲ့ရီက သဘောပေါက်သလိုလိုနဲ့ မာမီတို့ အရင်ကလို ခင်ခင်မင်မင်နဲ့ ပြန်ဆက်ဆံတယ်၊ နွဲ့ရီကလည်း သူ့အလုပ်ကိစ္စ

တွေ မလုပ်တတ်တော့ မာမီကပဲ အကူအညီပေးရတယ်၊ အခု တော့…'

မာမီ့အသံက စိုးတိမ်သွားသည်။ ပြီးမှ…

'အဲဒီနဲ့ ရီဆို ဟိုတစ်နေ့က မင်းဒယ်ဒီနဲ့ ညစာစားနေတဲ့ အမျိုးသမီးပဲ'

ဒါဆို ယုန်ဖြူလေးရဲ့ အန်တီလေးဟာ မာမီသူငယ်ချင်းနဲ့ ရီပဲပေါ့။

ဒါဆို သူ ဘာဆက်လုပ်သင့်သလဲ။ အခြေအနေက မပြေးသော်လည်း ကန်ရာရှိပါ။ သူ့ဦးနှောက်ထဲ၌ ထူပူလာသည်။

ကိုယ်သိပ်တွေချင်နေသော ဖခင်ကို ဒီလိုပုံစံမျိုးနှင့် တွေ့ရမည်ဟု ဘယ်နည်းနှင့်မျှ ထင်မထားမိပေ။ ဒယ်ဒီရယ်… သူ့အတွက် လမ်းပျောက်နေသလို ခံစားရသည်။ နှလုံးသားနှင့် ဦးနှောက်တို့ လွန်ဆွဲနေကြသည်။

တနင်္လာနေ့… ယုန်ဖြူနှင့် ချိန်းထားသော တနင်္လာနေ့ကို ဘာဆက်လုပ်ရမလဲ။ တနင်္လာနေ့သည် လျင်မြန်စွာ သူ့ထံသို့…

* * *



# အပိုင်း (၃)

ယုန်ဖြူသည် ထိုနေ့နံနက်ခင်းလေးမှာ ရင်ခုန်ကြည်နူးစွာ၊ သာယာလှပစွာ နိုးထလာခဲ့သည်။

တနင်္လာနေ့…

ဒီနေ့ သူနှင့်ယုန်ဖြူ ချိန်းထားတာ သုံးရက်တိတိပြည့်သောနေ့ပင်ဖြစ်သည်။

ယုန့်မှာ မိုးလင်းကတည်းက စိတ်လှုပ်ရှားလွန်း၍ ဘာမှ လုပ်လို့မရ။ တခြားမိန်းကလေးတွေအတွက်တော့ သူ့ချစ်သူကို အဖြေပေးခြင်းဟာ ဘာမှမထူးဆန်းပေမယ့် ယုန့်အတွက်တော့ ကိုမိုးဟာ ဘုရားပေးတဲ့ဆုလာဘ်တစ်ခုပါပဲ။

ပျော်ရွှင်စရာတွေ တိတ်ဆိတ်နေတဲ့ ယုန့်ဘဝလေးမှာ ကိုမိုးဟာ တန်ဖိုးမဖြတ်နိုင်တဲ့အရာပဲလေ။ ယုန်နှင့်သူ ဒီတစ်ခါတော့ ဘယ်လိုအကြောင်းအရာမျိုးနှင့်မှ ထပ်မလွဲနိုင်ပါဟု တွေးမိသည်။

ယုန်တို့ဆုံနေကျ သစ်ပင်ကြီးအောက်သို့ရောက်တော့ နံနက်ရှစ်နာရီခွဲဖြစ်သည်။ သူနှင့် ကိုးနာရီချိန်းထားပေမယ့် ယုန်စိတ်လှုပ်ရှားပြီး အစောကြီးရောက်နေခြင်းဖြစ်သည်။

သစ်ပင်အောက်ရှိ ခုံတန်းလေးတွင် ယုန်ဝင်ထိုင်လိုက်သည်။ ထိုစဉ် ယုန့်အတန်းထဲမှ သူငယ်ချင်း ယုန့်ကိုလှမ်းတွေ့၍ ဝင်လာသည်။

'ဟိတ်… ယုန်ဖြူ၊ တစ်ယောက်တည်းလား'

ရွှေရွှေက ယုန့်ကိုလှမ်းမေးရင်း ဒီဘက်သို့ လျှောက်လာသည်။

'ဘယ်သူ့ကို စောင့်နေတာလဲ၊ အတန်းမတက်ဘူးလား'

ရွှေရွှေက ထပ်စပ်စုနေပြန်သည်။ ယုန်က…

'တက်မှာပေါ့'ဟု ပြန်ဖြေရင်း ယုန်တို့ထိုင်နေရာဘက်သို့ လျှောက်လာသော မုန့်ရောင်းသည့်ကုလားကိုလှမ်းကြည့်လိုက်သည်။

'အစ်မက မယုန်ဖြူဆိုတာလား'





'ဟုတ်ပါတယ်၊ ဘာကိစ္စရှိလို့လဲ'

ယုန်က နားမလည်သလိုမေးလိုက်တော့ ကုလားလေးက စာအိတ်ဖြူဖြူလေးတစ်အိတ်ကို ထုတ်လေသည်။

'အစ်ကိုတစ်ယောက်က ဒီစာပေးခိုင်းလို့ပါ၊ ကိုချိန်ခါမိုးကပေးခိုင်းလိုက်တယ်လို့ ပြောပေးပါတဲ့'

'ဩော်… အင်း… ကျေးဇူးပဲနော်'

ကုလားလေးလှမ်းပေးသော စာအိတ်ဖြူကို လှမ်းယူလိုက်သည်။ ကုလားလေးကတော့ ထွက်သွားပြီ။ ယုန်ဖြူက စာအိတ်လေးကို အလျင်စလိုဖောက်လိုက်သည်နှင့် ဘေးတွင်ရပ်နေသော ရွှေရွှေက စူးစမ်းသလိုကြည့်နေသည်။

ဘာတွေဖြစ်ရပြန်ပြီလဲ ကိုမိုးရယ်။

စာက တစ်ကြောင်းတည်းပါ။

*ယုန်ဖြူ…*

*ကျွန်တော့်ကို မေ့လိုက်ပါတော့။*

*ချိန်ခါမိုး*

ယုန်ဖြူ့လက်ထဲမှ စာရွက်ကလေးသည် ယုန်၏တုန်ယင်နေသောလက်ထဲမှ လွတ်ကျသွားသည်။ ရွှေရွှေက ထိုလွတ်ကျသွားသော စာရွက်ကလေးကို ယုန်မတားဆီးလိုက်နိုင်ခင်မှာပင် ဖတ်ပြီးနေပြီဖြစ်သည်။ ယုန်ကတော့ ရွှေရွှေ့ရှေ့တွင် ရှက်ရွံ့သိမ်

ယ်ခြင်းများ၊ ဝမ်းနည်းကြေကွဲခြင်းများ စသည့် ခံစားချက်ပေါင်းပေါင်းစုံတို့ကို ထိန်းချုပ်နေရသည်။

ကျလုဆဲဆဲမျက်ရည်တို့ကိုလည်း မကျအောင် နေနေရသည်။ အဲဒီလောက်တောင် ကံဆိုးရသလားကွယ်။ မေ့လိုက်ရမယ်တဲ့လား ကိုမိုးရယ်။ ဒါတွေဟာ မေ့လို့မရတဲ့အရာတွေပါ။ ကိုမိုးကို ယုန် ချစ်တယ်ဆိုတာတောင် ပြောခွင့်မရှိတော့ပါလား။

ယောကျ်ားတစ်ယောက်ရဲ့အချစ်ဆိုတာ ဘာလဲ။ ယုန် နားမလည်နိုင်တော့။ တကယ်တော့ ယုန်ဖြူဆိုတဲ့ကောင်မလေးဟာ ကိုမိုးဆိုတဲ့လူတစ်ယောက်ကိုပဲချစ်ဖို့ လူဖြစ်လာရတာပါ။ ကိုမိုးကတော့ ယုန့်ကို နာကျင်ခြင်းတွေ ပေးအပ်ဖို့လား။ ဒါမှမဟုတ် ယုန်ဟာ ကိုမိုးရဲ့ ကစားစရာအရုပ်ကလေးတစ်ရုပ်လား။

ယုန်ဖြူသည် ထိုနေရာမှ ထရပ်လိုက်သည်။ မတ်တတ်ရပ်နေသော ခြေထောက်အစုံဟာ ယိုင်လဲလုလုပါ။ စူးစမ်းသလိုကြည့်နေသော ရွှေရွှေ့ကိုပင် အားကိုးတကြီး အကူအညီတောင်းလိုက်သည်။

'ရွှေရွှေ… ယုန့်ကို တစ်ခုလောက် ကူညီပါလား'

'ပြောလေယုန်ဖြူ… ရွှေ ကူညီနိုင်တာဆို ကူညီမှာပါ'

'ယုန့်ကို အိမ်ပြန်ပို့ပေးပါ ရွှေရွှေရယ်၊ ယုန် အိမ်ကို အမြန်ဆုံးပြန်ချင်တယ်'



ရွှေရွှေက ခေါင်းညိတ်လိုက်သည်။

'ကဲ… သွားမယ်လေ'

ယုန်သည် ရွှေရွှေ့နောက်မှ လေးလံသောခြေလှမ်းများဖြင့် လိုက်လာခဲ့သည်။ ရင်မှာ နာကျင်ခြင်းဝေဒနာတွေက အပြည့်အသိပ်ပါ။

ရှင် နိုင်ပါတယ် ကိုမိုးရယ်။ ရှင် နိုင်ပြီးသားကို ယုန့်ကို ဘာလို့ အနိုင်ထပ်ယူနေချင်သေးတာလဲရှင်။ ယုန့်ဘာသာ မျှော်လင့်ရင်း ရူးသွပ်ခွင့်တောင် မရှိတော့ပါလား။ ယုန်က ထားရာနေစေရာသွားတဲ့ အရုပ်ကလေးပါ။

ယုန့်ရဲ့မျှော်လင့်တကြီး ဖြစ်ခဲ့ရသော နေ့ကလေးမှာ မလှပတော့ချေ။ ဒါဟာလည်း ယုန်ဖြူရဲ့ ကုသိုလ်ပဲပေါ့ဟု တွေးရင်း ဖြေသိမ့်ရတော့မှာပေါ့လေ။

* * *



ဖြိုးဝေက သူ့ကို ဆူလေတော့သည်။

'အဲဒါ မင်းမှားတဲ့ မိုးကြီး၊ ဟိုကောင်မလေးက သနားစရာ၊ ပြီးတော့ ငါတို့က သွားပြောထားတာ၊ အခု ကြားထဲက ငါတို့မကောင်းဖြစ်တာပေါ့၊ မင်း သေချာစဉ်းစားကြည့်ပါလား'

ဖြိုးဝေကို သူ ဘာမှမပြောတော့ဘဲ ဘီယာတစ်ဘူးကို ထပ်ဖောက်ပြီး ရေခဲထည့်ဖန်ခွက်ထဲသို့ လောင်းထည့်ကာ တစ်ရှိန်ထိုး မော့သောက်လိုက်သည်။

'ဒီမှာဖြိုးဝေ… ငါလည်း ယုန့်ကိုအရမ်းချစ်တယ်၊ ဘယ်သူနဲ့မှ နှိုင်းယှဉ်လို့မရအောင်ချစ်တယ်၊ ဒါပေမဲ့ မင်းပဲ စဉ်းစား





ကြည့်စမ်း၊ မာမီက အဲဒီနေ့ မိုးလင်းကတည်းက ငါ့နားက မခွာဘူး၊ ငါ မာမီ မကြိုက်တာ အတင်းမလုပ်ချင်ဘူး၊ ငါတို့က အမေတစ်ခု သားတစ်ခုဘဝနဲ့ နေလာရတာ ဘယ်လောက်ကြာပြီလဲ၊ ပြီးတော့ မာမီနဲ့ ဒယ်ဒီ ကွာရှင်းထားပေမယ့် မာမီ့စိတ်ထဲမှာ ဒယ်ဒီရှိနေတုန်းပဲ၊ ယုန်ဖြူ့အန်တီနဲ့ ဒယ်ဒီက ဘာတွေမှန်းမသိဘူး၊ ငါ ဘာလုပ်ရမှာလဲ၊ ငါ ဘာမှတွေးလို့မရတာနဲ့ ငါမလာဖြစ်ရင် သူစောင့်နေမှာပဲဆိုတာနဲ့ မင်းကို အဲဒီစာ ပေးခိုင်းလိုက်တာ၊ အခုလောက်ဆိုရင်တော့ ငါ့ကို ယုန်ဖြူ မုန်းသွားလောက်ပြီ၊ ဖြိုးဝေ… ချကွာ၊ ငါ သူ့အမုန်းကို မခံနိုင်မှန်း ခုမှသိတယ်'

ဖြိုးဝေမှာ မိုးကြီးကိုကြည့်ပြီး ခေါင်းခါလိုက်မိသည်။ ဒီကောင် အတော်မူးနေပြီပဲ။ ဒီကောင် ဒီလောက်ခံစားနေရလျှင် ယုန်ဖြူကလေးရော ဘယ်လောက်များခံစားနေရမလဲဟု ကရုဏာသက်စွာ တွေးမိသည်။

မိုးကြီးတို့ ဇာတ်လမ်းကလည်း မရှုသာမရှိုက်သာ။

'မိုးကြီး ဒါဆို မင်းနဲ့ ယုန်ဖြူက တကယ်ပြတ်ကြပြီပေါ့'

'ငါ ဘယ်လိုမေ့နိုင်မှာလဲကွာ၊ ငါ သူ့ကို သိပ်ချစ်တာ'

မိုးကြီးက ရှိုက်သံပါကြီးနှင့် ဖြိုးဝေကို လှမ်းပြောသည်။

'အေးပါကွာ၊ ဒီကိစ္စ မနက်မှ ဆက်ဆွေးနွေးမယ်၊ မင်း ဒီနေ့ည ငါ့အိမ်လိုက်အိပ်၊ ငါ မင်းမာမီဆီ ဖုန်းဆက်လိုက်မယ်'

'အေး… အေး… သွားဆက်၊ ငါအရမ်းသောက်ထားတာတော့ မပြောနဲ့၊ မာမီက စိတ်ဆင်းရဲလို့ အရက်သောက်တယ်ဆိုတာ ခပ်ညံ့ညံ့ယောကျ်ားတွေအလုပ်တဲ့၊ ငါလည်း တကယ်တော့ ခပ်ညံ့ညံ့ကောင်ပါကွာ'

မိုးကြီးက သူ့ကို အာလေးလျှာလေးဖြင့် ပြောတာကြောင့် ဖြိုးဝေ မိုးကြီးကိုကြည့်ပြီး ခေါင်းခါလိုက်သည်။ ဒီကောင်ကြီး ရောဂါကလည်း မသေး။

ဖြိုးဝေ ဝင်ပါရရင်လည်း အခက်ဖြစ်သည်။ လူငယ်တွေ ကိစ္စမဟုတ်ဘဲ လူကြီးတွေ ကိစ္စပါ ပါဝင်လာပြီမဟုတ်ပါလား။

မနက်ကိုးနာရီခွဲခန့်မှ ချိန်ခါမိုး နိုးလာသည်။ ဒီတော့မှ ဖြိုးဝေအိမ်မှာ ညအိပ်ခဲ့မှန်းသိရသည်။

'ငါ ညက တော်တော်များသွားလားကွ၊ မင်းကို အားနာပါတယ်ကွာ'

သူက ဖြိုးဝေကို အားနာစွာ ပြောလိုက်သည်။

'ရပါတယ်ကွာ အချင်းချင်းတွေပဲ၊ ငါနားလည်ပါတယ်၊ ကဲ… ကဲ… ဘလက်ခ်ကော်ဖီဖျော်ထားတယ် သောက်လိုက်ဦး'

သူသည် ခေါင်းထဲတွင် ရီဝေဝေဖြစ်နေသောကြောင့် ဖြိုးဝေ ချပေးသော ဘလက်ခ်ကော်ဖီကို မော့ချလိုက်သည်။





'အခုမှပဲ လန်းသွားတော့မယ်၊ ငါ့မာမီဆီ မနေ့က မင်းဖုန်းဆက်လိုက်သေးလား၊ တော်ကြာ မာမီစိတ်ပူနေဦးမယ်'

'ဆက်ပါ့ကွာ၊ ဒါတောင် မင်းမာမီက ရစ်နေသေးတယ်၊ ဘယ်မှာလဲ၊ အရက်တွေ အများကြီးသောက်နေလား ဘာညာနဲ့ ငါ့ကို ဟောက်နေသေးတယ်၊ ငါလည်း လိမ်မရတာနဲ့ နည်းနည်းပါးပါးလို့ ပြောလိုက်တယ်'

'အေးလေ… ဒါဆိုလည်း ပြီးတာပါပဲ'

ချိန်ခါမိုးသည် ဆိုဖာပေါ် ပြန်လှဲချလိုက်သည်။

'ဒီလောက်လည်း စိတ်မပျက်ပါနဲ့ကွာ'

ဖြိုးဝေက သူ့ကို နှစ်သိမ့်သလိုပြောသည်။

'ငါ ဘာလုပ်ရမလဲ ဖြိုးဝေရာ၊ ငါ ဒီနေ့ ရုံးတင်ရှိပေမယ့် မသွားချင်ဘူး၊ ငါ့စိတ်ထဲမှာ ယုန်ဖြူကပဲ တစ်ချိန်လုံးစိုးမိုးနေတယ်ကွာ၊ သူ သိပ်ခံစားရရှာမှာ'

ဖြိုးဝေ ခေတ္တငြိမ်သက်သွားပြီး…

'ငါသာ မင်းနေရာမှာဆိုရင် မနေ့ကကတည်းက ယုန်ဖြူကို နှစ်ယောက်ချင်းတွေ့ပြီးမေးလိုက်ပြီ၊ မင်းက ငါ့မှမတိုင်ပင်တာ'

'ဟာ… မင်းစဉ်းစားကြည့်လေ၊ ငါက သူ့ကို ငါ့ဒယ်ဒီနဲ့ မင်းအန်တီလေး ငြိနေလားလို့ ဘယ်လိုမေးရမှာလဲ၊ ပြီးတော့ မာမီက ဒီလောက် ခါးခါးသီးသီးဖြစ်နေတာ'

'ဒါက မင်းတို့အမြင်ပဲလေ၊ ယုန်ဖြူကို သေချာအောင်မေးကြည့်ရမှာပေါ့၊ ကိစ္စတစ်ခုကို အမြင်တွေ၊ အထင်တွေနဲ့ ဆုံးဖြတ်လို့မရဘူး၊ ကဲ… ဟုတ်ပြီပဲ ထားပါတော့၊ မင်းမာမီနဲ့ ဒယ်ဒီက တရားဝင်ကွာရှင်းပြီးသားလေ၊ ပြီးတော့ ယုန်ဖြူ့အန်တီလေးက မုဆိုးမလေ၊ သူတို့ လွတ်လပ်သူအချင်းချင်းပဲကွာ၊ အဲဒါတွေနဲ့ မင်း ယုန်ဖြူကိုချစ်တဲ့အချစ်နဲ့ ဘာမှမဆိုင်ဘူး၊ တစ်ကန့်စီပါကွာ'

'ဒါပေမဲ့…'

သူ ဆက်မပြောနိုင်တော့။

ဖြိုးဝေ ပြောနေတာလည်း ဟုတ်သလိုလိုပင်။

'အေးလေ… မင်းပြောတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ မာမီသိသွားရင် မကောင်းဘူး၊ ငါ မာမီ့ကိုသနားတယ်၊ ယောကျ်ားနဲ့လည်း ကွာရှင်းထားတာကြာပြီ၊ ငါက သူ့ဘက်မှာမရှိဘူးဆိုရင် သူဘယ်လောက်စိတ်ထိခိုက်လိုက်မလဲကွာ'

သူက မာမီ့ဘက်ကိုကြည့်ပြီးပြောတော့ ဖြိုးဝေက ရယ်မောတော့သည်။

'မိုးကြီး… မင်းဟာ လည်မလိုလိုနဲ့ တော်တော်တုံးတာပဲ၊ မင်း ယုန်ဖြူနဲ့ သွားတွေ့လိုက်ခြင်းဟာ မင်းပြဿနာကို ဖြေရှင်းရာရောက်သလို မင်းမာမီရဲ့ပြဿနာတွေကိုပါ ယုန်ဖြူကို





မေးပေါ့၊ ဒီတော့မှ မင်း ကြိုက်သလို ဆုံးဖြတ်လို့ရမှာပေါ့ ငတုံးရဲ့'

'အေးကွာ၊ ငါ ယုန်ဖြူနဲ့ သွားတွေ့မယ်၊ ဒါပေမဲ့ ခုတော့ မဟုတ်သေးဘူး၊ သူရော ငါပါ သွေးအေးသွားမှ'

'ဒါဆိုလည်း ငေါင်မနေနဲ့တော့၊ ရှူတင်သွားစရာရှိတာ သွား၊ လုပ်စရာရှိတာလုပ်'

ဖြိုးဝေ၏ သတိပေးစကားကြောင့် သူ လေးပင်စွာ ထလိုက်သည်။ စိတ်တော့ သိပ်မပါ။ ဒီနေ့လုပ်ရမည့်အလုပ်တွင် အမှားအယွင်း တတ်နိုင်သလောက်နည်းအောင် ကြိုးစားရမှာပဲဟု တွေးလိုက်သည်။

* * *



ယုန်ဖြူသည် မိမိ၏ဆုံးဖြတ်ချက်ကို အန်တီလေးကို ပြောပြလိုက်သည်။

'အန်တီလေး... ယုန် အဝေးသင်ပြောင်းတက်ချင်တယ်'

'ဘာ အရှုံးထရပြန်တာလဲ ယုန်ဖြူ'

အန်တီလေးက ယုန်ဖြူလေးကို မျက်မှောင်ကုတ်၍လှမ်းမေးလိုက်သည်။ ယုန်မှာ ဖြေရှင်းချက်က အသင့်။

'ဟုတ်တယ် အန်တီလေး... ယုန်အလုပ်တစ်ခုရှာပြီး





လုပ်တော့မယ်၊ ကျောင်းမှာကလည်း အပေါင်းအသင်းကလည်း မရှိ၊ စာကလည်းမတော်တော့ အချိန်ကုန်တာပဲ အဖတ်တင်တယ်'

ယုန်သည် ပြောသာပြောရသည် နောက်ဆုံးနှစ်ရောက်ခဲ့ရသော တက္ကသိုလ်ကြီးကို မခွဲချင်ပါ။ သို့သော် ကျောင်းသို့နေ့တိုင်းသွားတက်လျှင် ခံစားမှုတို့ ပိုမြင်းထန်လာမည်။ ယုန် မခံစားနိုင်တော့။ ဟုတ်တယ် အန်တီရွေးရယ်။ တကယ်တော့ ယုန် ယောကျ်ားတစ်ယောက်ကို ရင်မဆိုင်ရဲလို့ပါ။

'ဒီမှာယုန်ဖြူ နောက်ဆုံးနှစ်ရောက်နေမှ အပိုတွေ လုပ်မနေစမ်းပါနဲ့၊ ပြီးတော့ ကိုဝေမင်းရဲ့သားကိုရှာဖို့ ညည်းကို တာဝန်ပေးထားတယ်လေ'

'ဟာ... အန်တီလေးကလည်း ကျောင်းထဲမှာက လူတွေကအများကြီး၊ နာမည်မသိ၊ အတန်းမသိတဲ့လူတစ်ယောက်ကို လိုက်ပြီး ဦးဝေမင်း သားလားလို့ မေးရမှာလား'

အဲဒီကိစ္စကလည်းတစ်မျိုးမို့ ယုန်ဖြူ စိတ်ရှုပ်ထွေးရသည်။

'အဲဒီနာမည်တွေ၊ အတန်းတွေ စုံစမ်းမယ်လို့ ငါပြောပြီးသားပဲ၊ ညည်းအေ...ငါ့ကျေးဇူးရှင်က ညည်းကျေးဇူးရှင်ပဲလေ၊ ဒီလောက်လေးတောင် လုပ်မပေးနိုင်ဘူးလား'

အန်တီလေးမေးခွန်းကြောင့် ယုန်ဖြူသည် ဘာမှပြန်

မပြောနိုင်လောက်အောင် ဖြစ်သွားမိသည်။

'အေးလေ… ညည်းမတက်ချင်ရင်လည်း ငါတို့က အတင်းမတိုက်တွန်းပါဘူး၊ ဒါပေမဲ့ ကိုဝေမင်းသား ရှာဖို့ကိုတော့ ခေါင်းထဲထည့်ထားပါ'

အန်တီလေးက ယုန်ဖြူကို ခပ်မာမာပြောပြီး အခန်းထဲ ဝင်သွားသည်။ အန်တီလေးရယ် ကျောင်းသွားရင် ယုန့်ကိုလှည့်စား သွားတဲ့ ယောက်ျားတစ်ယောက်နဲ့ ဆုံနေဦးမှာပေါ့။

ယုန် သူ့ကို မတွေ့ချင်တော့ပါဘူး။ ပြီးတော့ ယုန်တို့ ထမင်းစားနေကျ ကန်တင်း၊ စောင့်နေကျသစ်ပင်ကြီး၊ ပြီးတော့ သူအမြဲလိုက်ပို့လေ့ရှိတဲ့ စာကြည့်တိုက်၊ အဲဒါတွေကို ယုန် တွေ့နေမိရင် ယုန် သူ့ကို သတိရနေမိဦးမှာပဲ။ အဲဒါတွေကို ယုန် ဘယ်လိုသတ္တိနဲ့ ရင်ဆိုင်ရမှာလဲ အန်တီလေးရယ်။ အဲဒီဒုက္ခတွေကို ယုန်မခံစားပါရစေနဲ့တော့။

ဘာပဲဖြစ်ဖြစ်ပါ ယုန့်အဖို့ကတော့ ကိုမိုးရဲ့ချစ်တယ်ဆိုတဲ့ စကားလေးတစ်ခွန်းနဲ့ပင် ကျေနပ်နေမိတော့မှာပါ။ လာပါလို့ မဖိတ်ခေါ်ဘဲ ရောက်လာတဲ့ချစ်သူ၊ ပြန်ပါလို့မနှင်ဘဲ ပြန်သွားတဲ့ချစ်သူကို ယုန်အပြစ်မတင်ရက်တော့ပါ။

ယုန့်ဘက်ကပဲ မေ့ပျောက်နိုင်အောင် ကြိုးစားရတော့မှာပေါ့ဟု တွေးလိုက်သည်။





ထိုစဉ်မှာပင် တယ်လီဖုန်းသံပျော့ပျော့ ဝင်လာသည်။ အိပ်ခန်းထဲမှ အန်တီလေးက 'လှမ်းကိုင်လိုက်'ဟု အော်တာကြောင့် ယုန် ဖုန်းကိုင်လိုက်သည်။

'ဟဲလို'

'ယုန်ဖြူလား… တို့ပါ ရွှေရွှေ'

'ဪ… ဘာကိစ္စရှိလို့လဲ'

'အမလေး… မေးမှမေးတတ်ပါ့၊ ယုန်ဖြူရယ်၊ ရှင် ကျောင်းမတက်တာ သုံးရက်ရှိပြီနော်၊ မနက်ဖြန်ကျ ကျူတိုရီယယ်ရှိလို့ ဖုန်းဆက်တာ'

'ကျေးဇူးပဲကွာ၊ အချိန်ကရော'

အတန်းတွင်းစာမေးပွဲကလည်း အရေးကြီးတာကြောင့် ရွှေရွှေကို ကျေးဇူးတင်မိသည်။ အဝေးသင်ပြောင်းတာက နောက်ကိစ္စ၊ စာမေးပွဲမကျဖို့က ပိုအရေးကြီးသည် မဟုတ်ပါလား။

'အခါတိုင်းလိုပဲ ကိုးနာရီခွဲမှာ စမှာလေ၊ ဒါနဲ့ ရှင်ဘာလို့ ကျောင်းမတက်တာလဲ၊ ယုန်ဖြူ ဘာလဲ အသည်းကွဲနေလို့လား'

ရွှေရွှေစကားကို ဟုတ်တယ်ဟု ဖြေလိုက်ချင်သော်လည်း သူများတွေ ဟားစရာဖြစ်မှာစိုး၍…

'မဟုတ်ပါဘူးရွှေရယ်၊ အိမ်စောင့်နေရလို့ပါ၊ အိမ်မှာ

အန်တီလေး မရှိလို့လေ၊ ကဲ… ကဲ… မနက်ဖြန်ကျောင်းရောက်မှ တွေ့ကြတာပေါ့'

ယုန် ဖုန်းကို အမြန်ချလိုက်သည်။

တော်ကြာ အန်တီလေးဆူမည်။ ရွှေရွှေ ထပ်မံစပ်စုနေလျှင် ကြာနေဦးမှာစိုး၍ဖြစ်သည်။

ဟူး… နေ့သစ်တစ်နေ့ကို ထပ်မံရင်ဆိုင်ရဦးမည်။ ယုန်ဖြူရဲ့ နေ့သစ်တွေထဲမှာ သူ ပါ၊ မပါဆိုတာတော့ မသေချာတော့ပါ။

နောက်တစ်နေ့သည် ယုန်ထံသို့ လျင်မြန်စွာ ရောက်ရှိလာလေသည်။ ထိုနေ့က မိုးတဖွဲဖွဲလေးရွာ နေပါသည်။

ထီးကိုင်ရမှာ ပျင်းရိသောယုန်ဖြူသည် မိုးရေတွေကို ယခင်ကလို နှစ်သက်ခံစားဆဲဖြစ်လေသည်။ ရင်ထဲမှာ မိုးကိုတော့ မေ့ပျောက်နိုင်အောင် ကြိုးစားရပါဦးမည်။ ယုန်သည် ဘတ်(စ်)ကားမှတ်တိုင်မှ အဆောင်သို့ သွားရာလမ်းက နီးနီးလေးမို့ ထီးထုတ်မဆောင်းတော့ပဲ ခက်သုတ်သုတ်လေး လျှောက်လာမိသည်။

ထိုအချိန်မျိုးတွင် ကိုယ်ကို ချစ်တယ်ဟု ဖွင့်ဟပြောဖူးသော ကိုယ်ကလည်း ချစ်မြတ်နိုးမိသော ယောကျာ်းတစ်ယောက်ကို လွမ်းဆွတ်မိပါသည်။ ရှင့်ကို သတိရခြင်းတွေ မဖြစ်သင့်ပါဘူးလေ။ ထိုစဉ်မှာပင် ယုန်ခေါင်းပေါ်သို့ ကျလာသော မိုးရေစက်





များ ရပ်တန့်သွားပါသည်။ ယုန်မော့ကြည့်လိုက်တော့ ယုန်ခေါင်းပေါ်သို့ ခပ်ကြီးကြီးထီးတစ်ချောင်း အုပ်မိုးထားပါသည်။ ထီးဆောင်းပေးသောသူကား…

'ဟင်… ကိုမိုး… ရှင်… ရှင်…'

ယုန်အလန့် တကြားဖြစ်သွားပြီး ရုတ်တရက် ဘာလုပ်ရမှန်း မသိတော့သော ဒီလိုအခြေအနေမျိုးမှာ သူရောက်လာလိမ့်မည်ဟု မထင်ထားမိပါ။

'ကျွန်တော့်ကို တွေ့လိုက်တာနဲ့ ဘာလို့ ဒီလောက်အလန့်တကြား ဖြစ်သွားရတာလဲ ယုန်ဖြူရယ်'

ယုန်ဖြူက ဘာမှပြန်မပြောဘဲနှင့် ဝေးရာသို့ ခပ်သွက်သွက် လျှောက်သွားမိသည်။ သူက ယုန်ဖြူနောက်သို့ ထက်ကြပ်မကွာလိုက်လာသည်။

'ဟော့… ယုန်လေး၊ ကျွန်တော့်ကိုစကားပြောဦးလေကွာ'

'ဟင့်အင်း… ယုန်သွားပါစေ'

'လာပါ ယုန်ဖြူရယ်၊ ကျွန်တော့်ကို အဲဒီနေ့က အကြောင်းကို ရှင်းပြခွင့်ပေးပါကွာ၊ ခဏပဲ'

ကိုမိုးက ယုန်နှင့်မျက်နှာချင်းဆိုင်တွင် ဝင်ရပ်၍ ယုန့်လက်ကို လှမ်းကိုင်သည်။

'ဟင့်အင်း… ရှင်ဖယ်ပါ'

ယုန်သည် ကြောက်လန့်တကြား သူ့လက်ထဲမှ ရုန်းဖယ်ရင်း နောက်သို့ လှမ်းဆုတ်လိုက်သောအခါ ရေညှိတွေနှင့် အရှိန်မထိန်းနိုင်ဘဲ ချော်သွားသည့်နောက်မှာ ရေမြောင်း။

'အမေ့…'

'ယုန်လေး'

သူကယုန့်လက်ကို လှမ်းဆွဲလိုက်သော်လည်း မမီတော့ဘဲ မြောင်းထဲသို့ ယုန့်ခြေထောက် ကျွံသွားလေသည်။ သူက ယုန့်ရဲ့ ဖယိုဖရဲဖြစ်နေသော ပုံစံကိုကြည့်ပြီး…

'ယုန်လေးရယ်… ဘယ်လိုဖြစ်ရတာလဲကွာ… ကဲ… ကဲ… ထ… ထ… ဟာ… အရေးထဲ ဒီထီးကလဲ'

ကိုမိုးက သူ့လက်ထဲမှ ထီးကိုလွှင့်ပစ်လိုက်ပြီး ယုန့်ကို ပြေးထူသည်။

ယုန်ရော သူပါ ရွှဲရွှဲစိုကုန်သည်။

'ဖယ်ပါ… ကိုယ့်ဘာသာ ထမယ်'

ယုန်သည် သူ့ကိုစိတ်တိုစွာ အော်လိုက်မိပေမယ့် ခြေထောက်တွေက နာလွန်းတာကြောင့် ရုတ်တရက်မထနိုင်တော့ချေ။

ရုပ်တီးရုပ်ပျာနိုင်လှသော ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲသည်။

'အား… ကျွတ်… ကျွတ်'





'လာပါကွာ၊ ကိုယ့်ကို နောက်မှစိတ်ဆိုးတော့၊ ကိုယ်ထူပေးမယ်၊ လာ'

မိုးက ပို၍သည်းထန်လာတာကြောင့် ယုန်လည်း အငြင်းပွားမရတော့ဘဲ သူ့ကိုအားပြုကာ ထလိုက်သည်။ ထိုအခိုက်မှာပင် သူသည် မထင်မှတ်သော အပြုအမူတစ်ခုကို လုပ်လိုက်သည်။ အဲဒါက ယုန့်ခန္ဓာကိုယ်ကို ဆွေ့ခနဲပွေ့ချီလိုက်သည်။

'ဟင်… ရှင် ယုန့်ကို အခု အောက်ချပေးပါ၊ မြန်မြန်'

သူက ယုန်ပြောတာကို ကြားဟန်မတူဘဲ မိုးရွာကြီးထဲမှာ လျှောက်အော်နေလေသည်။

'ဟေး…'

'ရှင် အရူးလား ကိုမိုး၊ ယုန့်ကို အောက်မြန်မြန်ချပေးပါ'

ယုန့်မှာ ရှက်လန့်တကြား သူ့ကို ထုရိုက်ကုတ်ခြစ်ပြီး ပြောနေသော်လည်း သူက ဂရုမစိုက်ဘဲ လျှောက်အော်နေလေသည်။ လူရှင်းနေသဖြင့်သာ တော်တော့သည်။

'ဟောဒီ မိုးကောင်းကင်ကြီးကို သက်သေထားပြီး ကျွန်တော် ချိန်ခါမိုး ယုန်လေးကိုချစ်ကြောင်း ကြေညာတယ်၊ ကဲ… ယုန်လေး၊ ကျွန်တော့်ကို အဖြေပေးတော့'

သူ့ရဲ့လှိုက်လှဲတုန်ယင်နေသော စကားတွေကြောင့် ယုန့်နှလုံးသားလေးကို ဆွဲယူလှုပ်ကိုင်လိုက်သလို ခံစားရသည်။ သို့

သော် ယုန့်ရင်မှာ နာကျင်မှုတွေက ရှိနေသေးတာမို့ နှုတ်ခမ်းကို တင်းတင်းစေ့ထားလိုက်သည်။

'ယုန်လေး… ပြောလေ၊ ယုန်လေး မပြောမချင်း ဟောဒီ အတိုင်း ကျွန်တော် လျှောက်ပြေးနေမှာ'

သူ့ရဲ့ အရူးအမူးပုံစံလေးကြောင့် ယုန့်ရဲ့နှလုံးသားဟာ အမှတ်မရှိစွာ သူ့ထံတွင် ကျဆုံးပျော်ဝင်သွားပြီး သူနှင့်အတူ ပျော်ရွှင်လိုက်ချင်သည်။ ယုန့်စိတ်ထဲမှာ အမုန်းတွေမရှိတော့။

'ကဲ… ပြောနော် ယုန်ဖေး၊ ကိုယ်ဖက်နမ်းလိုက်ရ မလား'

'ရှင်နော်'

'ဒါဖြင့် ကိုယ့်ကို လူရှင်းတုန်းလေး အဖြေပေးပါကွာ'

ကိုမိုး၏ပုံစံမှာ သူလိုချင်တာမရမချင်း ဂျစ်တိုက်နေမည့်ပုံ ပါ။

ထို့ကြောင့် ယုန်သည် ကျွန်တာမစဉ်းစားတော့ချေ။ ယုန် ခဏလေး ပျော်ခွင့်ရလည်း ပျော်ပါရစေ။

'ကဲ… ကဲ… ကိုမိုးအတိုင်းပဲ'

'မရဘူး၊ ချစ်တယ်လို့ပြော'

'ချစ်တယ်၊ ချစ်တယ်၊ ကို့ကို ယုန် အရမ်းချစ်ပါတယ်တဲ့ ရှင်၊ ကိုမိုး ယုန့်ကို ထပ်မလှည့်စားဘူးလို့ ကတိပေးရမယ်နော်'





ယုန်လည်း ဟန်မဆောင်နိုင်ဘဲ သူ့လည်ပင်းကို ခပ်ဖွဖွ ဖက်ရင်းပြောလိုက်သည်။

'ဟေး… ပျော်တာယ်ကွ'

ထိုအချိန်မှစ၍ သူသည် ယုန်လေးရဲ့ချစ်သူဖြစ်သွားလေ တော့သည်။

'အရမ်းချမ်းနေပြီလား ကောင်မလေး၊ ကဲ… ကော်ဖီ ပူပူလေး သွားသောက်ရအောင်'

ကိုက ကော်ဖီဆိုင်ခေါ်လာပြီး သူ့မျက်နှာသုတ်ပုဝါ အသေးလေးနှင့် ရွှဲရွှဲစိုနေသော ယုန့်ကို ခေါင်းသုတ်ပေးသည်။ ပြီးနောက် ကော်ဖီရောက်လာတော့ ကော်ဖီပူပူလေးကို တဖူးဖူး မှုတ်ပြီး ယုန့်ကိုတိုက်သည်။

'ကို… ယုန်လေးအရမ်းချမ်းနေပြီ၊ ပြန်ပို့ပေးပါလား'

'ပို့ပေးပါမယ်ကွာ၊ ခဏလေး ကိုယ်နဲ့ မျက်နှာချင်းဆိုင် လေး ထိုင်ပါဦး၊ ကိုယ့်ရဲ့ချစ်သူအသစ်စက်စက်ကလေးကို ကြည့် ပါရစေဦး၊ ကိုယ်တို့ ချစ်သူတွေဖြစ်သွားကြပြီနော်၊ ကိုယ်တော့ မယုံနိုင်လောက်အောင်ပါပဲကွာ'

သူက ယုန့်ကို မေးစေ့လက်ထောက်ပြီး သေချာကြည့် နေတော့ ယုန့်မှာ ရှက်ရွံ့ပူထူပြီး မနေတတ်တော့ချေ။ ယုန့်လက် ကို ခပ်ဖွဖွဆုပ်ကိုင်ပြီး…

'ယုန်က သိပ်ချစ်စရာကောင်းတာပဲကွာ၊ ဪ… ဒါနဲ့ မေးရဦးမယ် ယုန်လေး၊ ဦးဝေမင်းဆိုတဲ့လူကို သိလား၊ ယုန်နဲ့ ဘယ်လိုပတ်သက်လဲ'

'ဟင့်အင်း… ဘာမှမပတ်သက်ဘူး၊ အန်တီလေးနဲ့က ငယ်သူငယ်ချင်းတွေပါ၊ ဘာဖြစ်လို့လဲ ကို'

'ဘာမှမဖြစ်ပါဘူးကွာ၊ ယုန်လေးရဲ့အန်တီနဲ့ သူငယ်ချင်းဆိုတာ သေချာလို့လား'

ယုန်က သူ့ကို နားမလည်သလိုမော့ကြည့်သည်။

'သေချာပါတယ် ကိုရဲ့၊ အန်ကယ်ဦးဝေမင်းက ယုန့်ကို ကျောင်းထဲမှာ သူ့သားကိုရှာခိုင်းဖို့ အကူအညီတောင်းထားသေးတယ်၊ အန်တီလေးကလည်း သူ့ကျေးဇူးရှင် မိသားစုဆိုတော့ ပြန်ပေါင်းစေချင်တယ်လေ'

ယုန်လေးစကားကြောင့် သူ့မျက်နှာ ပြုံးဖြီးဖြီးဖြစ်သွားသည်။ ထိုအခါမှ သူသည် ယုန့်မျက်နှာကိုစိုက်ကြည့်ပြီး…

'အဲဒီ့ သားဆိုတာ ဘယ်သူလို့ထင်လဲဟင်'

'မသိပါဘူး ကိုရယ်၊ ရှာတုန်းပါပဲ၊ အမည်လည်းမသိတော့ အခက်သား'

'ဒီမှာကြည့်စမ်းယုန်၊ ကိုယ့်မျက်နှာကို သေချာကြည့်၊ ကိုယ်သိတယ် ပြောပြမယ်'





'တကယ်လား ကို'

ယုန်က ကို့ကို မယုံသလိုမေးလိုက်သည်။

'အဲဒါ ကိုယ်ပဲ ငနုံမလေးရဲ့၊ ကိုယ့်မာမီနာမည်က ဒေါ်ခင်လေးတဲ့'

'အို… ယုန် ဝမ်းသာလိုက်တာ၊ တကယ်ပဲလား၊ ယုန်က အဲဒီ့လူကို ဘယ်လိုရှာရမလဲလို့ တစ်နေ့တစ်နေ့စိတ်ပူလိုက်ရတာ'

ယုန်က ဝမ်းသာအားရပြောလိုက်မိသည်။ သို့သော် ယုန့်မှာ ရုတ်တရက် ကို ယုန့်ကို အဖြေပေးမည်ဆိုပြီး ချိန်းတဲ့နေ့က ဘာလို့ရောက်မလာတာလဲဟုတွေးမိကာ မျက်နှာလေးပျက်သွားသည်။

'ဟော့… ဘာလို့မျက်နှာပျက်သွားရတာလဲ၊ ယုန်လေး ရယ် ကိုယ်သိတယ်နော်၊ ကိုယ်တို့ချိန်းတဲ့နေ့တုန်းက ဖြစ်တဲ့ ပြဿနာက အဲဒီပြဿနာပဲ ယုန်လေး၊ ကိုယ်ပြောပြမယ် သေချာ နားထောင်၊ အဲဒီနေ့က…'

ကိုက ယုန့်ကို အကျိုးအကြောင်းရှင်းပြသည်။ ကိုယ်က ဒီလိုရှင်းပြတော့လည်း ယုန် ကျေနပ်ရတာပင်ဖြစ်သည်။ ယုန်က ချစ်ရသူကို။

'ဒါဆို ကို့ရဲ့မာမီက ယုန့်အန်တီလေးနဲ့ ကို့ဒယ်ဒီကို အထင်လွဲနေတာပေါ့ ဟုတ်လား'

ကိုက ခေါင်းညိတ်တော့ ယုန်က…

'ဒါဖြင့် ကို မြန်မြန်ရှင်းပြလိုက်လေ၊ ကြာရင်မကောင်းဘူး၊ အစကတည်းကမှ ကွာရှင်းထားတာ'

'အင်းပါကွာ၊ အဲဒါ ကိုယ့်တာဝန်ထား'

ကိုက သူ့လက်နွေးနွေးလေးဖြင့် ယုန့်လက်ကို ဆုပ်ကိုင်ထားတော့ ယုန် ကျေနပ်ကြည်နူးမိပါတော့သည်။ ယုန်သည် ချမ်းတာလည်းမေ့၊ ကျုတ်ကိုရီယယ်လည်းမေ့နှင့် ဒီကမ္ဘာပေါ်မှာ ချစ်သူနှင့်ယုန် နှစ်ယောက်တည်းလိုမင်။

ယုန့်မှာ 'ကို' ဆိုသော ချစ်သူတစ်ယောက်ရှိခဲ့သည်။

* * *

သိပ်မကြာခင်ရက်များမှာ အန်ကယ်ဦးဝေမင်း ယုန်တို့အိမ် ရောက်လာတာမို့ ယုန်ကပင် အကျိုးအကြောင်းပြောပြလိုက်သည်။

'ဟုတ်ပါတယ် အန်ကယ်၊ သမီးနဲ့ ကိုမိုး… အဲ… ကိုရှိန်ခါမိုးတို့က ရင်းနှီးပါတယ်၊ ဟိုတစ်နေ့ကမှ စကားစပ်မိရင်း အန်ကယ့်နာမည်ပြောပြတော့မှ အန်ကယ့်သားမှန်း တိုက်တိုက်ဆိုင်ဆိုင် သိရတာ'

ယုန်ဖြူက ဘာရယ်မဟုတ်ဘဲ ကိုယ့်ကိုယ်ကို မလုံမလဲဖြစ်နေမိသည်။ အန်ကယ်ဦးဝေမင်းကိုလည်း မျက်နှာချင်းမဆိုင်

ရဲပါ။ ကိုနဲ့ ယုန်က ချစ်သူတွေဖြစ်နေပြီဆိုတော့ စိတ်ထဲမှာ အန်ကယ့်ကို အားနာနေမိသည်။ မျက်နှာလည်း ပူမိသည်။

'ဟာ... ဒါဆိုကောင်းတာပေါ့ကွာ'

အန်ကယ်ဦးဝေမင်းအသံက အားတက်သရောမို့ ယုန် ပျော်သွားသည်။ နံဘေးတွင် ထိုင်နေသော အန်တီလေးက...

'ဒါဖြင့် ညည်း တကူးတက ရှာစရာမလိုတော့ဘူပေါ့ ယုန်ဖြူ ဟုတ်လား'

'ဟုတ်ကဲ့ပါ အန်တီလေး'

ဒါဖြင့် အန်ကယ်တို့သားအဖ ဆုံဖို့လုပ်ပေးဦးလေ သမီး'

အန်ကယ် ဦးဝေမင်း ဝမ်းသာအားရ ပြောတာကြောင့် ယုန်ခေါင်းညိတ်ပြပြီး...

'ဟုတ်ကဲ့ အန်ကယ်၊ သမီးအကျိုးအကြောင်း ပြောပြထားတော့ သူကလည်းတွေ့ချင်နေပါတယ်၊ အန်ကယ်အားတဲ့နေ့ ပြောလေ'

'သားကလည်း တွေ့ချင်နေတယ်၊ ဟုတ်လား'

အန်ကယ်ဦးဝေမင်းရဲ့အပျော်တွေက ယုန်ထံသို့ ကူးစက်လာပါသည်။

ထို့ကြောင့် ယုန်လည်းအလိုက်တသိနှင့် ဖုန်းကိုင်လိုက်လေသည်။





'သမီး ဖုန်းဆက်ပေးမယ် အန်ကယ်'

ယုန်က သူ့ဟမ်းဖုန်းနံပါတ်တွေကို နှိပ်လိုက်တော့ ဖုန်းက လူကြီးမင်းနှင့်ပင် တိုးနေသည်။

အန်ကယ်ဦးဝေမင်း၏ မျှော်လင့်တကြီးမျက်ဝန်းများကြောင့် အိမ်ဖုန်းနံပါတ်များကိုသာ ပြောင်းနှိပ်လိုက်သည်။

'ဟမ်းဖုန်းကတော့ ခေါ်လို့မရဘူး အန်ကယ်၊ အိမ်ဖုန်းပဲ ခေါ်လိုက်ရတော့မှာပဲ'

'ဟဲလို'

တစ်ဖက်မှ လာထူးတာက အမျိုးသမီးအသံမို့ ရင်တွေ ထိတ်သွားသည်။

ကို့မာမီများလား။

'ဟို... ကိုချိန်ခါမိုးနဲ့ စကားပြောချင်လို့ပါရှင်'

'မင်း ဘယ်သူလဲ'

တစ်ဖက်မှ အသံရှင်၏ အေးတိအေးစက်စိမ်းကားမှုတွေကို ယုန်ခံစားလိုက်ရသည်။ ဘုရားမလို့ ကို့မာမီမဟုတ်ပါစေနဲ့ ဟု ကျိတ်ဆုတောင်းလိုက်သည်။

'ကျွန်မ သူ့သူငယ်ချင်းပါ'

'ဒါတော့ မင်းပြောမှလား၊ အခု မင်းနာမည်ကို မေးနေတာ၊ ငါ သူ့အမေပဲ'

ယုန် ဆုတောင်းမပြည့်စွာပင် ကို့ရဲ့မာမီဖြစ်နေလေသည်။ ယုန့်မှာလည်း မညာတတ်သူပီပီ…

'ဟို… ယုန်ဖြူပါအန်တီ'

'ဩော်… ယုန်ဖြူဆိုတာလား၊ ထင်တော့ထင်သားပဲ၊ နာမည်က ယုန်ဖြူတဲ့၊ ဟင်း… ဟင်း… ဟင်း… နွဲ့ရီရဲ့တူမပီသပါပေတယ်၊ ငါ့သားဆီ အရှက်မရှိဆက်ရဲသေးတယ်၊ ဒီမှာ မိန်းကလေး ငါက သားသမီးကို ချုပ်ခြယ်တိုတောင်းနေတဲ့ အမေ မဟုတ်ဘူး၊ ဒါပေမဲ့ အခုကတည်းကပြောလိုက်ပါရဲ့၊ ငါ့သားကို မင်းကလွဲရင် ဒီလောကမှာရှိတဲ့ ကြိုက်တဲ့မိန်းကလေးခေါ်လာခဲ့ သဘောတူတယ်၊ မင်းနဲ့တော့ ဆောရီးပဲ၊ ငါ့သားကို လုံးဝ မပတ်သက်နဲ့'

'ရှင်… အန်တီ အထင်မှားနေပြီ'

ယုန်က ရှင်းပြဖို့ကြိုးစားပေမယ့် ယုန့်ကို စကားအပြော မခံပေ။

အန်တီကြီးက ဆက်ပြောသည်။

'ငါ့စကားကို ဆုံးအောင်နားထောင်စမ်း၊ မင်းအဒေါ်ကို ပြောလိုက်၊ ငါ့အလုပ်ထဲမှာ သူထည့်ထားတဲ့ပိုက်ဆံကို ဒီတစ်ပတ်အတွင်း လာထုတ်လို့၊ မင်းလည်း အရှက်ရှိရင် ငါ့သားဆီ ဖုန်းထပ်ဆက်ဖို့ မကြိုးစားပါနဲ့၊ ကင်းကင်းရှင်းရှင်းနေပါ'





'အန်တီ…'

ယုန့်စကားပင် မဆုံးလိုက် တစ်ဖက်မှ ဖုန်းချသွားသည်။ ကြည့်ရတာ ကိုလည်း သူ့မာမီကို မရှင်းပြရသေးဘူးနဲ့တူပါရဲ့။ ယုန့်ကို မျှော်လင့်တကြီးကြည့်နေသော အန်ကယ်ဦးဝေမင်းကို အားနာစွာပြုံးပြလိုက်သည်။

'ဘာတဲ့လဲ သမီး'

'ကိုမိုးအမေနဲ့ပဲ တွေ့တယ်'

'ဟုတ်လား၊ သူက ဘာပြောလဲဟင်'

အန်ကယ်ဦးဝေမင်းက ပျာပျာသလဲမေးလိုက်တာကြောင့် ကိုမိုးမိခင်ရဲ့ ဘုပြောသောစကားတွေကို ပြောပြမနေတော့ပါ။ အန်ကယ်ဦးဝေမင်းရော၊ အန်တီလေးပါ စိတ်မကောင်းဖြစ်သွားမှာစိုး၍ ယုန် ဖုံးကွယ်လိုက်သည်။

'သမီးက ကိုချိန်ခါမိုးရဲ့ သူငယ်ချင်းအနေနဲ့ ဆက်တာဆိုတော့ မရှိဘူးပဲပြောလိုက်ပါတယ်၊ ဒီလိုလုပ်ပါလား၊ အန်ကယ် အားတဲ့ရက်ပြော၊ သမီး ကိုမိုးကို ခေါ်လာခဲ့မယ်လေ၊ အဲဒါ ပို အဆင်ပြေမလားလို့'

'အိုကေ… ဒါဆို အန်ကယ် သန်ဘက်ခါ လာခဲ့လိုက်မယ်၊ သမီး သူ့ကို ခေါ်လာခဲ့ပေါ့၊ သမီးတို့ တူဝရီးကိုလည်း အန်ကယ် ဘယ်လိုကျေးဇူးတင်ရမှန်းတောင် မသိတော့ဘူး၊ သား

နဲ့ ဆုံစည်းခွင့်ရတာ သမီးတို့ကျေးဇူးပါပဲ၊ ကဲ… ကဲ… အန်ကယ် ပြန်မယ်၊ နွဲ့ရီရေ ကျွန်တော် ပြန်လိုက်ပါဦးမယ်'

အန်ကယ်ဦးဝေမင်းကို ပြန်လှန်နှုတ်ဆက်ရင်း ကျွန်ရစ်ခဲ့သည်။ သားဖြစ်သူနှင့်တွေ့ရန် အန်ကယ်ဦးဝေမင်းက အလွန်တက်ကြွနေပုံပင်။

အန်ကယ်ဦးဝေမင်းက ချစ်သူရဲ့ဖခင်ဖြစ်နေ တာကြောင့် ယုန် ရှက်စနိုးလေးဖြစ်မိသည်။

အန်ကယ်ဦးဝေမင်းနှင့် ကိုယ့်ရဲ့ကျေးဇူးရှင်လိုဖြစ်နေသော အန်တီခင်ကိုလည်း ပြန်ပေါင်းစေချင်ပါသည်။

အန်တီလေးကလည်း ယုန့်ကဲ့သို့ စိတ်ထားမျိုးရှိလိမ့်မည်ဟု ယုံကြည်သည်။

ခက်တာက ကို့မေမေက ယုန်တို့တူဝရီးကို အထင်လွဲနေခြင်းပင် ဖြစ်သည်။

ဒီအကြောင်းတွေ အန်တီလေးကို မသိစေချင်ပါ။ တော်ကြာ ယုန့်ကြောင့်ဆိုပြီး ပြောနေဦးမည်။

မနက်ဖြန်မှ ကို့ကို အကျိုးအကြောင်းပြောပြပြီး မြန်မြန်ဖြေရှင်းနိုင်းရမည်။

ယုန် စိတ်ထဲမှာ လေးလံစွာ ခံစားရသည်။

'ဟဲ့… ယုန်ဖြူ၊ မခင်က ဘာတွေပြောလိုက်သေးလဲ'





'ဘာမှမဟုတ်ပါဘူး အန်တီလေး၊ စောစောက အန်ကယ့်ကိုပြောလိုက်တဲ့အတိုင်းပါပဲ'

အန်တီလေးက ယုန့်ကို မယုံကြည်သလိုနှင့်…

'မဟုတ်ပါဘူး၊ နင်စောစောက မျက်နှာပျက်နေတာ ငါသိပါတယ်၊ ကိုဝေမင်းရှေ့မှာမို့ မမေးတာ'

'အန်တီလေးကလည်း ယုန့်ကို အန်တီလေးရဲ့တူမမှန်းတောင် အန်တီခင်က သိတာမဟုတ်ပါဘူး၊ ယုန် စာမေးပွဲရှိလို့ စာသွားလုပ်လိုက်ဦးမယ်၊ အန်တီလေး ခိုင်းစရာရှိရင် ခေါ်လိုက်'

ယုန်က အန်တီလေး၏မေးခွန်းတွေကို မဖြေလို၍ အခန်းထဲသို့ ရှောင်နေလိုက်သည်။

စာဖတ်ရန် စာအုပ်တွေ ဖွင့်လိုက်ပေမယ့် စာအုပ်ထဲမှာ မြင်ရတာ ချစ်သူရဲ့မျက်နှာပါ။ ယုန်သည် စာအုပ်ပိတ်၍ စိတ်ကူးယဉ်ကမ္ဘာလေးထဲသို့ ခေတ္တရောက်ရှိသွားတော့သည်။ နောက်တစ်နေ့ ကိုနဲ့တွေ့တော့ ယုန်က အကျိုးအကြောင်း ပြောပြလိုက်သည်။

'ယုန်ဖြင့်လေ ကို့အမေ အဲဒီလိုအော်လိုက်တော့ အရမ်းကြောက်သွားတာ၊ ကို့အမေက တော်တော်စိတ်ကြီးတာနော်၊ ကိုရယ် မြန်မြန်အကျိုးအကြောင်း ရှင်းပြလိုက်ပါ၊ ယုန် ရင်တွေ တုန်လွန်းလို့'

'ရှင်းပြမှာပါ ယုန်လေးရယ်၊ ဒါနဲ့ ကိုယ့်ဒယ်ဒီနဲ့ရော ဘယ်နေ့တွေ့ရမှာလဲ'

'မနက်ဖြန်လေ'

ယုန်တို့နှစ်ယောက်ကြားမှာ ခေတ္တတိတ်ဆိတ်သွားသည်။ ကိုက ယုန့်ကို ကြင်နာသောမျက်ဝန်းတွေနှင့် စိုက်ကြည့်တာကြောင့် ယုန် မနေတတ်မထိုင်တတ်ဖြစ်သွားသည်။

ယုန် ခေါင်းငုံ့ ပြီး ရေနွေးသောက်ရန် ခွက်ကိုလှမ်းယူလိုက်သည်။

'ဟိတ်ကောင်မလေး ရေနွေးကအပူကြီး၊ ကိုယ်အခုမှ ထည့်ထားတာ၊ ရှက်ရှက်နဲ့ မှောမသောက်လိုက်နဲ့ဦး၊ အပူလောင်နေဦးမယ်၊ ဟိုတစ်ခါ ရေတ်သီးစိမ်းတွေ စားမိတာ မမှတ်သေးဘူးလား'

သူက အဲဒီလိုပြောလိုက်တော့မှ ယုန် ပိုရှက်သွားခဲ့ပါသည်။ သူ့ကို ခပ်ဖွဖွထုလိုက်သည်။

'ယုန်လေး… ယုန်လေး'

'ဘာလို့ ဒီလောက်တောင်မှ ခေါ်နေရတာလဲ'

ယုန်က ခပ်တင်းတင်းမေးလိုက်တော့ ကိုက ပြုံးလျက် ယုန့်မေးစေ့လေးကို အသည်းယားသလို ကိုင်သည်။

'ချစ်လို့ပေါ့ ယုန်လေးရဲ့ ကိုယ့်ကို တကယ်ချစ်ရဲ့လား'





ယုန်က ကို့ကို မျက်နှာမကြည့်ဘဲ ခေါင်းလေးဆတ်ပြလိုက်သည်။

'မရဘူး၊ ပါးစပ်ကပြော'

'အင်းပါဆို၊ ကို့အတိုင်းပဲ'

ကိုက စိတ်မရှည်တော့ဟန်ဖြင့် ယုန့်လက်ချောင်းလေးတွေကို ခပ်ဖွဖွဆုပ်ကိုင်ပြီး…

'ချစ်တယ်လို့ပြောကွာ၊ ကြားချင်တယ်'

'ခွတ်ပဲ… ကဲ… ကဲ… ချစ်ပါတယ်၊ ချစ်ပါသတဲ့ရှင်၊ ကျေနပ်ပြီလား'

ယုန်က သူ့ကို မျက်စောင်းတစ်ချက်ထိုးပြီး ပြောလိုက်လေသည်။

'ယုန်လေးရယ်… ကိုယ် မင်းကို တကယ့်ကိုမြတ်မြတ်နိုးနိုးနဲ့ ချစ်မိတာပါ'

'အံမယ်… ဗိုက်ပြီ'

'မပိုဘူး တကယ်၊ မယုံရင် ကိုယ့်ရင်ဘတ်ကိုစမ်းကြည့်'

သူက ယုန့်လက်ကလေးကို ဆုပ်ကိုင်ထားရာမှ သူ့ရင်ဘတ်ကို ကပ်ပြလိုက်သည်။

'တွေ့လား၊ ကိုယ့်ရင်တွေ သိပ်ခုန်နေတာ'

'ဟွန်း… ဘာသံကြီးမှန်းလဲ မသိဘူး'

အမှန်တကယ်ပင် ကို့ရင်ဘတ်မှ ရင်ခုန်သံများကို ယုန် စမ်းသပ်မိပါသည်။ ကိုရယ် ယုန့်ကို အဲလောက်တောင်မှ ချစ် သလားကွယ်။ ယုန် သူ့အချစ်တွေကို အကြွင်းမဲ့ ယုံကြည်မိပါပြီ။

'ယုန်တစ်ခုပဲ စိတ်ပူတယ်'

'ဘာများလဲ ယုန်ရဲ့'

'ကို့မာမီ 'သဘောမတူမှာ စိုးလို့ပေါ့'

ယုန်က ပူပင်စွာပြောလိုက်ပေမယ့် သူက နောက်ပြောင် လိုသောမျက်နှာဖြင့်…

'အံမယ်… ယုန်က ကိုယ့်ကို တကယ်ယူမှာပေါ့'

'ရှင့်ကို ဘယ်သူက အပျော်ကြံမှာလဲ ကိုရဲ့၊ ရှင်ကသာ ယုန့်ကို အပျော်ကြံမှာ'

ယုန်က ကို့ကို ခါးထောက်ပြီးပြောလိုက်မိသည်။ ထို အခါ ကိုက ယုန့်ကို ချစ်ခင်မြတ်နိုးစွာကြည့်ပြီး…

'အဲဒီပုံလေးကိုပဲ ဒီကောင်က ချစ်နေရတာ'

ကို့ရဲ့ပုံမှာ အမှန်တကယ်ပင် သူမြတ်နိုးသော ပစ္စည်း လေး ကျပျောက်သွားမှာစိုးရိမ်သည့်ပုံပင်။ ဘာပဲဖြစ်ဖြစ် ကို့ရဲ့ အနှိုင်းမဲ့အချစ်တွေကို ရသည့်အတွက် ယုန် ကျေနပ်မိပါသည်။

'ကဲ… ကောင်မလေး အတန်းတက်ရတော့မယ် သွား ကြစို့'





ကိုကမ်းပေးသော လက်ကို ယုန်က ပိုင်ပိုင်နိုင်နိုင် ဆွဲ၍ ထလိုက်မိပါတော့သည်။ ကို့ရဲ့အချစ်တွေကြောင့် ယုန် သိပ်စိတ် ချမ်းသာရပါသည်။

အချစ်တွေအတွက် ကျေးဇူးပါပဲကိုရယ်ဟု ယုန် တီးတိုး ပြောလိုက်မိပါတော့သည်။

* * *



ညနေ အတန်းပြီးလို့ အိမ်ပြန်လာတော့ အန်တီလေးက မေးစရာရှိလို့ ခဏထိုင်ဦးဟုပြောသည်။

ယုန်က ဧည့်ခန်းထဲတွင် ထိုင်လိုက်တာနှင့် အန်တီလေး၏ စူးစမ်းသောမျက်ဝန်းများကို ယုန် ရင်ဆိုင်လိုက်ရသည်။

'နင်နဲ့ အဲဒီ့ချိန်ခါမိုးဆိုတဲ့ ကောင်လေးရဲ့အခြေအနေက ဘယ်လိုလဲ'

'ရိုးရိုးသူငယ်ချင်းတွေပါ အန်တီလေး'

ယုန်က အန်တီလေးကို လိမ်လိုက်သည်။





ခွင့်လွှတ်ပါ အန်တီလေးရယ်။

'အေးလေ… သူတို့က သူဌေးတွေ၊ ပြီးတော့ ဗီဒီယို မင်းသားလေး၊ ညည်းလို နုံနုံအအ သဘာမန်မိန်းကလေးမျိုးကို အတည်မကြိုက်ရင် ဘယ်လိုလုပ်မလဲ၊ ပြဿနာဖြစ်ရင် ငါပဲ ရှင်းရမှာ၊ ခင် စိတ်အငြိုအငြင်တော့ ငါ မခံနိုင်ဘူး'

'ဟာ… အန်တီလေးကလည်း ရိုးရိုးသူငယ်ချင်းတွေပါ ဆိုနေမှပဲ'

အန်တီလေးက မသိရင်ခက်မယ်ဆိုသည့်အကြည့်မျိုးဖြင့် ကြည့်သည်။

ယုန့်ကို ကိုက အဲဒီလိုမျိုး ဘယ်တော့မှ မလုပ်ပါဘူး နော်။

'ပြီးတော့ ခင်က မာနက ခပ်ကြီးကြီးရယ်၊ သူ့သား အတွက် အကောင်းဆုံးတွေကို မျှော်လင့်ထားမှာ'

'ဟာ… အန်တီလေးကလည်း ယုန်နဲ့သူနဲ့က ရိုးရိုးသူငယ်ချင်းတွေပါဆို၊ ယုန့်လိုအရုပ်ကြောင်ကြောင်ကောင်မလေးကို ဘယ်သူမှမကြိုက်ဘူး၊ စိတ်ချ'

ယုန်သည် အန်တီလေးကို ဆင်ခြေတွေ တစ်ခုပြီးတစ်ခု ပေးတော့ အန်တီလေးက ယုန့်ကို မျက်စောင်းခဲ၍…

'ဒါဖြင့်လည်း ပြီးတာပဲ'

အန်တီလေးက ယုန့်ကို မကြည်သလိုကြည့်သည်။ ယုန် ခပ်ကုပ်ကုပ် အိမ်ထဲဝင်လာခဲ့မိသည်။

ဘာကြောင့်မှန်းမသိ ယုန်နှင့်ကို ရှေ့ရေးကို စိတ်မောသလို ခံစားနေရသည်။

* * *



သူကျောင်းကပြန်လာတာနှင့် အိမ်ရှေ့တွင် အဆင်သင့်စောင့်နေသော မာမီ့ကို တွေ့ရသည်။

'လာပါဦး သားရဲ့၊ မာမီပြောစရာရှိလို့'

သူက မာမီ့နား ခပ်ကုပ်ကုပ်ထိုင်လိုက်သည်။

'ဒီမှာ ချိန်ခါမိုး၊ မင်းကို မာမီ ရည်းစားထားတာ ဆူခဲ့ပြောခဲ့ဖူးသလား၊ အေး…မာမီက သူများ သားသမီး မပျက်စီးရင်ပြီးတာပဲ၊ ကိုယ့်ကိုယ်ကို သား ထိန်းနိုင်မှာပဲဆိုပြီး မာမီမတားခဲ့ဘူး၊ အခု ဒီ ယုန်ဖြူဆိုတဲ့ ကောင်မလေးကိုတော့ သား မေ့လိုက်ပါ'

မာမှီစကားက ပြတ်သားပြင်းထန်နေလေသည်။ သူနှင့် ယုန်ဖြူ ချစ်သူတွေဖြစ်ကြတာ တစ်ပတ်ပင်မျှပင် မရှိသေး။

မာမှီနားသို့ ဘယ်လိုပေါက်ကြားသွားပြန်တာလဲ။ သူ မစဉ်းစားတတ်ချေ။

ယုန်ဖြူကိုခွဲဖို့ဆိုတာ မဖြစ်နိုင်ချေ။ မဖြစ်ဘူး။ မာမှီကို သေချာရှင်းပြရတော့မည်။

'ချိန့်ခါမိုး'

'ဗျာ… မာမီ'

'မင်း အူကြောင်ကြောင်လုပ်မနေနဲ့၊ အဒေါ်က အဖေကို ကြဲ၊ တူမက သားကိုကြဲဆိုရင်တော့ ငါသေလိမ့်မယ်၊ မင်းအဖေ က ငါနဲ့ ကွာရှင်းပြီးလို့ ဘာမှမဆိုင်ပေမယ့် ငါနဲ့ဆိုင်တဲ့ ငါ့သား မင်းကိုတော့ မာမီ တားရလိမ့်မယ်'

'မာမီ အထင်မှားနေပြီ၊ သား ရှင်းပြပါရစေ'

သူက မရှင်းပြလျှင် မဖြစ်တော့ဆိုသော အသိကြောင့် ဖြေရှင်းရန် အစပျိုးလိုက်စဉ်ပင် မာမီက…

'တိတ်စမ်း'

မာမှီအော်သံကြောင့် သူ ထပ်မပြောရဲတော့။ မာမီ ဒေါသကြီးနေပုံမျိုး သူ ဒီတစ်ခါပဲ မြင်ဖူးပါသည်။ မာမီစိတ်တို နေတုန်း ငြိမ်နေတာ အကောင်းဆုံးပါ။





'ဩော်… မင်းကပါ အဲဒီဘက်ကို ပါနေပြီပေါ့ ဟုတ်လား၊ ဒီမှာ မောင်မိုး၊ မာမီ တစ်ခါတည်း အပြတ်ပြောလိုက်မယ်၊ အဲဒီ ယုန်ဖြူကို ယူရင် မာမီနဲ့မင်း သေခန်းပြတ်ပဲ နားလည်လား'

'မဟုတ်ပါဘူး .မာမီရယ်၊ မာမီ ထင်သလို'

'အေး… ဒါဆို နောက် ငါ့အိမ်မှာနေသရွေ့ အဲဒီကောင် မလေးနာမည်ကို မကြားချင်ဘူး၊ ဒါပဲ'

မာမီက သူပြောချင်တာပြော၍ အခန်းထဲဝင်သွားကာ တံခါးကို အသံမြည်အောင် ပိတ်လိုက်သည်။

သူ့မှာသာ ငူငူငိုင်ငိုင်ကြီး ကျန်ရစ်ခဲ့သည်။

အမေတစ်ခု သားတစ်ခုဘဝမှာ မာမှီကို ဘယ်လို အကြောင်းနှင့်မှ သူ စိတ်မဆင်းရဲစေချင်ပါ။

သို့သော် သူနှစ်နှစ်ကာကာချစ်မြတ်နိုးရပါသော ယုန်ဖြူ ဆိုသည့် ကောင်မလေးကိုလည်း သူ မစွန့်လွှတ်နိုင်ပါ။ သူ့ ကြောင့် ယုန်ဖြူ မနာကျင်စေချင်။ သူ ယုန်ဖြူကိုလည်း မခွဲနိုင် ပါ။

ယုန့်မှာ အပြစ်မရှိ။

အေးလေ… မာမီသွေးအေးသွားတော့မှပဲ မာမှီကို အသေအချာ ရှင်းပြတာပေါ့ဟု တွေးလိုက်သည်။

မာမို့ကိုလည်း စိတ်မဆင်းရဲစေချင်ပါ။

အရာအားလုံးအတွက် အချိန်အနည်းငယ်တော့ လိုအပ်ပါသည်။

ဘာပဲဖြစ်ဖြစ် မနက်ဖြန်တွင် သူ သိပ်တွေ့ချင်နေသော ဒယ်ဒီနှင့် တွေ့ရတော့မည်။

* * *



ယုန်ဖြူသည် အလိုလိုနေရင်း စိတ်လှုပ်ရှားနေမိသည်။ အန်ကယ်ဦးဝေမင်းနှင့် ကိုတို့ ဆုံကြမည့်နေ့ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် ကိုယ့်ချစ်သူနှင့် နှစ်ပေါင်းများစွာ ကွဲကွာနေသော ဖခင်ကို ပြန်လည်ဆုံစည်းအောင် စီစဉ်ပေးသူမှာ ယုန်ကိုယ်တိုင်ဖြစ်နေခြင်းကြောင့် ဝမ်းသာကျေနပ်မိပါသည်။

အန်တီလေးက အန်ကယ်ဦးဝေမင်းနှင့် ကိုတို့ကို နံနက်စာ ထမင်းလက်ဆုံစားရန် စီစဉ်ထားသည်။ ထို့ကြောင့် ယုန်သည် တစ်မနက်လုံး အိမ်နောက်ဖေးမှ မထွက်ရဘဲ ချက်ပြုတ်နေရ

သည်။ ကိုးနာရီခွဲတော့ ယုန် အားလုံးကို အမှားအယွင်းမရှိ ချက်ပြုတ်ပြီးစီးသွားသည်။

'အန်တီလေး အားလုံးချက်ပြီးသွားပြီ၊ စားခါနီး နွှးရုံပါပဲ'

'အေး… ဒါဖြင့် ညည်း ရေမြန်မြန်သွားချိုး၊ တော်ကြာ ဧည့်သည်တွေလာတော့မှာ၊ ဒီပွဲကို ညည်းပဲ ဧည့်ခံရမှာ'

အန်တီလေးစကားကြောင့် ယုန် ပီတိဖြစ်သွားသည်။ ယုန်ဟာ ဒီပွဲမှာ အရေးပါသူပေါ့။

ယုန်က အတွေးတို့ဖြင့် အလျင်စလို ရေချိုးခန်းထဲဝင်လိုက်ရာ…

'ဒုန်း'

'ဟဲ့… ယုန်ဖြူ၊ ဘာဖြစ်တာလဲ'

ယုန့်မှာ နာသွားသော ဦးခေါင်းကို ပွတ်ရင်း…

'ရေချိုးခန်းတံခါးနဲ့ ခေါင်းနဲ့ ဆောင့်မိသွားတာပါ အန်တီလေး'

'နင့်ဟာတော့ ဖြစ်လိုက်ရင် ဒီအတိုင်းပဲ ရှုပ်တီးရှုပ်ပွနဲ့'

အန်တီလေး၏ နောက်ဆက်တွဲစကားများကို ယုန် မကြား ချင်ယောင်ဆောင်ကာ ရေကို တဝုန်းဝုန်းနှင့် လောင်းချိုးလိုက်သည်။ ယုန် ဖြီးလိမ်းပြင်ဆင်နေချိန်တွင်…





'ယုန်ဖြူရေ ကိုဝေမင်း လာပြီ၊ ညည်း ဧည့်ခံထားလိုက်'

'ဟုတ်ကဲ့ အန်တီလေး'

အန်ကယ်ဦးဝေမင်းတောင်လာပြီ၊ ကိုက ဘာလို့မလာသေးတာလဲဟု ယုန် စိတ်ပူစွာ တွေးလိုက်မိသည်။ သူ့မှာမီနှင့်များ ဘာပြဿနာဖြစ်နေလဲ။ ယုန့်မှာ ကို့ရဲ့အခက်အခဲကို သိနေသူပီပီ ရောက်မှရောက်လာပါ့မလားဟု စိုးရိမ်မိသည်။

'ဟော… အန်ကယ် ရောက်နေတာကြာပြီလား၊ ကိုမိုးကိုတော့ ချိန်းထားတာ ကိုးနာရီခွဲလောက်ပါပဲ၊ တော်ကြာ ရောက်လာမှာပါ'

'အေး… ရပါတယ် သမီး၊ အန်ကယ်က စိတ်စောနေလို့ ကြိုရောက်လာတာပါ'

အန်ကယ်ဦးဝေမင်းက စားပွဲပေါ်ရှိ မဂ္ဂဇင်းစာအုပ်ကို ထိုင်ဖတ်နေစဉ် နာရီကိုမော့ကြည့်တော့ ကိုးနာရီခွဲရန် ငါးမိနစ်။ ငါးမိနစ်မျှသော အချိန်သည် ကြာမြင့်လှပါသည်။ အချိန်တို့ကို မြန်မြန်ကုန်စေချင်လှသည်။

နာရီကို ဒုတိယအကြိမ် လှမ်းကြည့်မိတော့ ကိုးနာရီခွဲတိတိ။ ကိုများ ရောက်မလာရင်ဟူသောအတွေးဖြင့် ယုန်စိတ်မောစွာ ဧည့်ခန်းထဲတွင် ထိုင်နေမိသည်။ အန်ကယ်ဦးဝေမင်းကလည်း

နာရီတကြည့်ကြည့်ဖြစ်နေပြီ။ နောက်ထပ် ဆယ်မိနစ်လောက် ကြာမှ ကားဟွန်းသံ ကြားရသည်။

'တီ… တီ'

'ဟော ကားဟွန်းသံကြားတယ်၊ ကိုမိုးလာပြီထင်တယ်'

ယုန့်အသံကြောင့် အန်ကယ်ဦးဝေမင်းက စာအုပ်ချကာ လှုပ်လှုပ်ရှားရှားဖြစ်သွားလေသည်။ အင်းပေါ့လေ မတွေ့တာ နှစ်ပေါင်းများစွာ ကြာပြီပဲ။ ကို့ကားရပ်သံ၊ တံခါးတွန်းဖွင့်သံများက ကြာရှည်လွန်းလှပါသည်။

အန်ကယ်ဦးဝေမင်းက ထိုင်နေရင်းမှ အလိုလိုမတ်တတ် ရပ်ပြီးသား ဖြစ်သွားသည်။ ယုန်ကလည်း ထိုင်ရာမှ ထရပ်လိုက်မိသည်။ အန်တီလေးက ယခုမှ ရေချိုးပြီး၍ အခန်းထဲမှ ထွက်လာသည်။

လူသုံးယောက်မျှသာရှိသော ဧည့်ခန်းလေးမှာ ခေတ္တ တိတ်ဆိတ်သွားသည်။

ကိုက ဧည့်ခန်းတံခါးကို ဖြည်းညင်းစွာ တွန်းဖွင့်လိုက်သည်။

'သား'

'ဒယ်ဒီ'

သားအဖနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပွေ့





ဖက်လိုက်သော ထိုမြင်ကွင်းကို တွေ့လိုက်ရသောအခါ ယုန်သည် ကြက်သီးတောင် မြမြထသည်အထိ ပီတိဖြစ်ရသည်။ တစ်ယောက်နှင့်တစ်ယောက် စကားတွေပြောမဆုံးနိုင် ဖြစ်နေသော ချစ်သူနှင့်ဖခင်ကို ယုန်က ကျေနပ်ကြည်နူးစွာ ငေးကြည့်နေမိသည်။

ကိုရယ်…

ရှင်တို့မိသားစုလေး ပျော်မျှော်ရွှင်ရွှင် ဖြစ်နေရင် ယုန် ကျေနပ်ပါပြီ။

အန်တီလေးက စကားကောင်းနေသာ ကိုတို့သားအဖ ကို…

'ကဲ… ကဲ… နံနက်စာ စားလိုက်ရအောင်၊ ကိုဝေမင်း ရော၊ မောင်မိုးပါ ထမင်းစားခန်းထဲကြွပါ'

ထိုအခါ ကိုက ယုန့်ကိုလှမ်းကြည့် ပြုံးပြ၍ အန်တီလေး ကို…

'ကျွန်တော်တို့အတွက် တကူးတက မနက်စာချက်ထားတာထင်တယ်၊ အားနာလိုက်တာ'

'ရပါတယ်ကွယ်၊ အပန်းမကြီးပါဘူး'

အန်တီလေးနှင့်ကို စကားပြောနေတာကိုမြင်မှ အန်တီလေးနှင့်ကို့ကို မိတ်ဆက်ပေးရန် သတိရလေတော့သည်။

'အန်တီလေး… သူက ချိန်ခါမိုးလေ၊ ကိုမိုး… ဒါက ယုန့်အန်တီလေးပါ'

'အေးပါ… သားကိုမြင်ဖူးပါတယ် အောက်မေ့နေတာ၊ ဗီဒီယိုထဲမှာ ခဏခဏ တွေ့ဖူးတာပဲ၊ သားက မင်းသားလုပ်နေတာလား'

'အဲလိုကြီးတော့ မဟုတ်ပါဘူး၊ မာမီက ပရိုဂျူဆာလုပ်ငန်းလည်းလုပ်နေတော့ ကျွန်တော်က ဝင်ရိုက်ကြည့်တဲ့သဘောပါ'

ကိုက သူ့အလုပ်အကြောင်းလေးတွေ ရှင်းပြနေတော့ အန်ကယ်ဦးဝေမင်းက သူ့သားကို အထင်ကြီးဟန်ဖြင့်…

'ဪ… သားက ရုပ်ရှင်မင်းသားတောင် စလုပ်နေပြီကိုး၊ ဒယ်ဒီနဲ့ နိုင်ငံခြားမလိုက်ဘူးလား'

'အဟဲ လိုက်လို့မဖြစ်ဘူး၊ ဒီမှာက သံယောဇဉ်တွေရှိနေပြီလေ'

ကိုက ယုန့်ကိုလှမ်းကြည့်ရင်းပြောလိုက်တာကြောင့် ယုန့်မှာ မလုံမလဲဖြစ်သွားပြီး ကို့ကို အံကြိတ်ပြလိုက်သည်။ ယုန်တို့အသံတိတ်စစ်ပွဲကို အန်ကယ်ဦးဝေမင်းက မြင်သွားသဖြင့် ပြုံးနေလေသည်။ အန်ကယ်ဦးဝေမင်းကဲ့သို့ပင် အန်တီ့လေးသည်လည်း ပြုံးနိုင်ပါစေဟု ဆုတောင်းမိတော့သည်။





ထမင်းဝိုင်းတွင် အန်ကယ်က ကို့ကို ဂရုတစိုက် ဟင်းတွေထည့်ပေးသည်။ သားဖြစ်သူနှင့် ပြန်ဆုံရတာကိုပင် အန်ကယ်က အရမ်းဝမ်းသာနေပုံရသည်။

'ဒယ်ဒီလည်း ထည့်စားလေ၊ သားကို ကလေးကျနေတာပဲ'

'အေးပါ သားရယ်၊ ဒီလိုထမင်းဝိုင်းမျိုးမှာ သားမာမီပါရှိနေသင့်တာ'

အန်ကယ်ဦးဝေမင်းက တမ်းတသလိုပြောလိုက်တော့ အန်တီလေးက ဝင်ပြောသည်။

'ဖြစ်လာမှာပေါ့ ကိုဝေမင်းရယ်၊ သားကနေတစ်ဆင့်ရှင်းပြဖို့ ကြိုးစားပေါ့'

'မထင်ပါဘူး နွဲ့ရီရယ်၊ ခင်က အရမ်းမာနကြီးတယ်၊ ကျွန်တော်အသိဆုံးပါ၊ အခု ကျွန်တော့်ဘက်က လျှော့ရင်တောင် သူက ကျေနပ်ချင်မှ ကျေနပ်မှာ'

'မာမို့စိတ်ကို ဒယ်ဒီမသိနိုင်ပါဘူးဗျာ'

ကိုက ဝင်ပြောတော့ ကို့ကို အန်ကယ်ဦးဝေမင်းက နားလည်ဟန်ဖြင့် ခေါင်းဆတ်ပြကာ…

'သားသဘောကို ဒယ်ဒီနားလည်ပါတယ်၊ ဖြည်းဖြည်းချင်းမှ ရှင်းပြရမှာပေါ့၊ အခု သားကို တွေ့ရတာပဲ ကျေနပ်လှပါ

ပြီ၊ နောက်တစ်ပတ်လောက်ဆို ဒယ်ဒီ နိုင်ငံခြားသွားစရာရှိတယ်၊ အဲဒီမှာ တစ်လလောက်ကြာပြီးရင် ဒီမှာ အပြီးပြန်လာနေတော့မယ်လေ၊ အဲဒီကျမှပဲ အေးအေးဆေးဆေး ဖြေရှင်းတာပေါ့'

အန်ကယ်ဦးဝေမင်းက ခပ်အေးအေး ကို့ကို ရှင်းပြနေသည်။ ယုန့်ကို ဒေါသကြီးစွာ ဖုန်းထဲမှ ပြောလွှတ်သော အန်တီခင်၏အသံကို ကြားယောင်ရင်း စားလက်စထမင်းတောင် နင်သလို ခံစားမိသည်။

ဘာပဲဖြစ်ဖြစ်လေ ကိုတို့သားအဖနှစ်ယောက်ကို ပြန်လည်ဆုံစည်းပေးခွင့်ရတဲ့အတွက် ယုန်ကျေနပ်ဝမ်းသာမိပါသည်။

* * *



သူနှင့်ဒယ်ဒီ တွေ့ဆုံခွင့်ရသည့်အတွက် ချိန်ခါမိုးသည် ချစ်ရသူလေးကို အရမ်းကျေးဇူးတင်မိပါသည်။ ယခင်က ချစ်သူ့နှင့် သူမအန်တီလေးအပေါ် သံသယများလည်း လွင့်ပါးပျောက်ကွယ်လို့နေပါပြီ။

ယုန် ကျောင်းအလာကို စောင့်နေမိပါသည်။ ယုန်က သူ့ကိုတွေ့သည်နှင့် ခပ်ရှုရှုမျက်နှာလေးနှင့် အပြစ်တင်ပါသည်။

'ကိုက လုံးဝမကောင်းဘူးကွာ၊ ကို မင်းသားလုပ်နေတာ ယုန့်ကို ဘာလို့မပြောတာလဲ'

'ကိုယ်က မင်းသားဆိုရင်ရော ယုန်က အားပေးမှာမို့လို့လား၊ ကောင်မလေးတစ်ယောက် မနာလိုအူတိုမှာ မြင်ယောင်သေး'

'အို… မဖြစ်ပါဘူးနော်၊ ကို သရုပ်ဆောင်တာ ဘယ်လိုလဲဆိုပြီး အခွေငှားကြည့်မှာပေါ့'

'ကိုယ်က ရုပ်ရှင်မင်းသားဆိုရင် ကိုယ့်ကိုချစ်တာမဟုတ်ဘဲ မင်းသားကိုချစ်တာဖြစ်သွားမှာပေါ့'

သူ့စကားကြောင့် ယုန်ဖြူ ခါးလေးထောက်ကာ ရန်တွေ့တော့သည်။

'ကိုနော်… မဟုတ်တာတွေ ပြောမနေနဲ့၊ ကို့ဘာသာ ကကြီးပဲဖြစ်ဖြစ် ကျိုးကျိုးကန်းကန်း ကိုက ကိုပဲ၊ ဘာလဲ ကိုက ယုန့်အချစ်ကို မယုံလို့လား၊ ကို့ကိုချစ်တာ အကျိုးတစ်စုံတစ်ရာ လိုချင်တယ်လို့ ထင်လို့လား'

သူက စလိုက်တာပေမယ့် ယုန်က မျက်နှာလေးပျက်ပြီး သူ့ကိုပြန်ပြောတာမို့ အမြန်ချော့ရသည်။

'စိတ်မကောင်းမဖြစ်ပါနဲ့ ယုန်လေးရယ်၊ ကိုယ် မင်းရဲ့ အချစ်ကို ယုံပါတယ်ခင်ဗျာ၊ မယုံရင် အခု တရုတ်သိုင်းကားထဲကလို မိုးနဲ့မြေကြီးကို သစ္စာပြုပြီး လက်ထပ်ကြမလား'

'တော်ပါ'





သူ့စကားကြောင့် ယုန်က သွားဖွေးဖွေးလေးတွေ ပေါ်သည်အထိ ရယ်မောသည်။ အဲလို သိပ်အကြာကြီး စိတ်မဆိုး၊ စိတ်မကောက်တတ်တာကိုပင် သူ သဘောကျနှစ်ခြိုက်မိခြင်းဖြစ်သည်။ သူက လူအလစ်တွင် ယုန့်ရဲ့ပခုံးလေးကို ခပ်ဖွဖွလှမ်းဖက်လိုက်သည်။

'ဟိတ်… ကောင်မလေးကို လွှတ်လိုက်'

အသံကြောင့် အလန့်တကြား ယုန့်ကိုလွှတ်ပြီး လှမ်းကြည့်မိလိုက်တော့ စပ်ဖြဲဖြဲမျက်နှာတွေနှင့် ဖြိုးဝေနှင့် မေသရဖူကို တွေ့ရသည်။

'မင်းတို့နှစ်ယောက်လည်းနော် အဆင်ပြေပြီးကတည်းက ပျောက်ချက်သားကောင်းနေတာ၊ ယုန်ဖြူ ဒီကောင့်ကို မယုံနဲ့နော်'

မေသရဖူကပါ ဟုတ်တယ်ဟု ဝင်ပြောတော့ ယုန်က သူ့ဗိုက်ခေါက်ကို ခပ်နာနာလေး လိမ်ဆွဲသည်။ သူက တကယ်မနာဘဲနှင့် တအားအားအော်ရသည်။

'ဟေ့ကောင် မိုးကြီး၊ ဘယ်တော့ စားရမှာလဲကွ'

'ကိုဖြိုးဝေနော်… စားချင်ရင် အခုလည်းစားလို့ရပါတယ်၊ လိုက်ကျွေးမှာပေါ့'

'အေး… ဟုတ်သားပဲ၊ ငါတို့ ချစ်သူဖြစ်တဲ့အထိမ်း

အမှတ်နဲ့ မင်းတို့ကို လိုက်ကျွေးမယ်ကွာ၊ ကန်တင်းသွားစို့'

သူတို့ ကန်တင်းဘက်သို့ ထွက်ခဲ့ကြသည်။ ကန်တင်း ရောက်တော့ ကိုဖြိုးဝေက စကားဆက်သည်။

'မိုးကြီး ဟိုတစ်နေ့က မင်းမားသားကြီး ငါ့ဟမ်းဖုန်းကို လှမ်းဆက်တယ်၊ မင်းကို ချက်ခိုင်းတာကွ'

ဖြိုးဝေစကားကြောင့် သူ အလန့်တကြားဖြစ်သွားသည်။

'အဲဒါ မင်း ဘာပြန်ပြောလိုက်လဲ'

'ငါလား'

'အေး… မင်း ဘာတွေ ချွန်တွန်းလုပ်လိုက်သေးလဲ'

မာမီက သူ့ကိုလိုက်ကြပ်နေမှန်း သူသိလိုက်သည်။

နံဘေးမှ ယုန်ဖြူကလည်း စိုးရိမ်တကြီးမျက်နှာလေး နှင့်ပါ။

'ငါလည်း ဒီလိုပဲ လှည့်ပတ်ဖြေလိုက်တာပေါ့၊ မင်း မားသားကြီး ကြည့်ရတာ ယုန်ဖြူနဲ့မင်းကို မတွဲစေချင်ဘူးထင် တယ်'

ဖြိုးဝေစကားကြောင့် ယုန်ဖြူက သူ့လက်မောင်းကို လှုပ် ကာ…

'ဟင် … ကိုက အခုချိန်ထိ ဟိုကိစ္စကို မရှင်းပြသေး ဘူးလား'





'ရှင်းပြမှာပါကွာ၊ ကိုယ်က မာမီစိတ်လက်ကြည်သာတဲ့ အချိန်စောင့်နေတာ၊ အခုတစ်လော ရာသီဥတုကလည်း မကောင်း ဘူးလေ'

'ဟင်… ကိုက အဲလိုစောင့်နေလေ ကို့မာမီက ယုန်တို့ ကို အထင်လွဲလေဖြစ်မှာပေါ့'

'ကိုယ်သိပါတယ်ကွာ'

သူက ယုန့်ကို နှစ်သိမ့်လိုက်သည်။ တကယ်တော့ ထို ကိစ္စသည်လည်း သူ့အတွက် မလွယ်ပါ။ မာမီက သူ့ကို ထို အကြောင်း အစမခံချေ။ ယုန်ဖြူက ဆက်ပြောသည်။

'ပြီးတော့ ယုန့်ရဲ့အန်တီလေးကိုလည်း အထင်လွဲပြီး တစ်ပတ်အတွင်း ပိုက်ဆံတွေ ပြန်ယူခိုင်းတယ်၊ အဲဒါကြောင့်မို့ ကို့ကို အမြန်ဖြေရှင်းခိုင်းတာပေါ့၊ ဒီကိစ္စ အန်တီလေး ဘာမှမသိ သေးဘူး၊ သိရင် ဘာတွေဖြစ်လာဦးမလဲမသိဘူး၊ ယုန့်ကို အန်တီ လေးက သတ်မှာရှင့်'

ယုန်ကလည်း သူမအန်တီလေးကို ကြောက်ရသူမို့ သူ၏ လက်မောင်းကို ကိုင်လှုပ်ကာ သနားစဖွယ်ပြောသည်။

'အေးပါကွာ… ကိုယ်ပြောပါ့မယ်၊ ကိုယ်တစ်ယောက် တည်း ပြောရုံနဲ့ မလုံလောက်ဘူး၊ ဒယ်ဒီကိုပါ ခေါ်ပြီးရှင်းပြမှ ရမှာ၊ အဲလိုဆုံဖို့ကိုလည်း မာမီကို စည်းရုံးရဦးမှာ၊ မာမီက ခ

တောင် ကိုယ့်ကို စကားသိပ်ပြောချင်တာ မဟုတ်ဘူးကွ'

သူက သူ့ဘက်မှ အခက်အခဲအချို့ကို ယုန့်ကိုမပြောပြ ချင်ပေမယ့် ပြောပြလိုက်ရသည်။

ယုန်လေးက သူ့လက်ကို တင်းတင်းဆုပ်ကိုင်ရင်း…

'ယုန်တော့ ကိုနဲ့ခွဲရမှာ သိပ်ကြောက်တာပဲ ကိုရယ်၊ တကယ်တော့ ယုန်က ကို့ကို သိပ်ချစ်ရသူပါ၊ ယုန့်ရဲ့အချစ်က အခုချစ်၊ အခုမေ့အချစ်မျိုးမဟုတ်ပါဘူး၊ ယုန့်နှလုံးသားရဲ့ အနက် ရှိုင်းဆုံးနေရာမှာ ဖြစ်တည်နေတဲ့အရာပါ၊ ကိုနဲ့ခွဲရရင်တောင်မှ ယုန့်နှလုံးသားက ကို့အတွက် အမြဲရှိနေမှာပါ'

စကားတာတ်လိုက်တာ ယုန်လေးရယ်၊ ကိုယ်ကလည်း ယုန့်ကို ဘယ်လိုနည်းနဲ့မှ မခွဲနိုင်ဘူးဆိုတာ၊ ယုန့်ကို အဆုံးရှုံး မခံနိုင်ဘူးဆိုတာ ယုံကြည်ပေးနော်'

သူက ယုန့်ရဲ့ နှလုံးသားနုနုလေးကို သူ့ကြောင့်ဘာ ဒဏ်ရာဒဏ်ချက်မှ မရစေရဟု ဆုံးဖြတ်ထားလိုက်ပါသည်။ ယုန်က သူ့ကို မျက်ရည်ကြည်များဝေ့သီနေသော မျက်ဝန်းများဖြင့် အားကိုးတကြီး မော့ကြည့်သည်။

ထိုအချိန်မှစ၍ သူ့နှလုံးသားထဲတွင်လည်း ယုန်ဖြူဟာ နက်ရှိုင်းစွာ ပိုမိုတိုးဝင်လာခဲ့သည်။ သူ ယုန်ဖြူအတွက်ဆို အရာ ရာ ရင်ဆိုင်ရန် အဆင်သင့်ဖြစ်သည်။ မာမီ့ကိုလည်း အမြန်





ဆုံးရှင်းပြရတော့မည်။

နောက်ထပ် တစ်ရက်နှစ်ရက်ခန့်အကြာမှာ ပြဿနာ သည် ဆိုင်းမဆင့်ဗုံမဆင့်ဘဲ သူ့ထံသို့ ရောက်လာပါသည်။ သူ အပြင်ကပြန်လာခိုက် မာမီက သူ့ကို ခပ်စူးစူးကြည့်ပြီး ဧည့်ခန်း ထဲမှာ ထိုင်နိုင်းသည်။

'မင်း ငါ့ကို အမေမတော်ချင့်တော့ဘူးလား ချိန်ခါမီး မျှာ…'

ရုတ်တရက်မေးလိုက်သော မာမီ့မေးခွန်းကြောင့် သူ အူကြောင်ကြောင်နှင့် နားမလည်နိုင်စွာ ကြည့်လိုက်သည်။

'ဟုတ်တယ်လေ… မင်း ငါမကြိုက်တာတွေ လုပ်နေ တယ်မဟုတ်လား'

မာမီက ကော်ဖီကို ခပ်မြဲမြဲပြင်းလေး မော့သောက်ရင်း ပြောသည်။

'မင်းရဲ့အဓိပ္ပာယ်မရှိတဲ့ လုပ်ရပ်တွေအတွက် အခု ရပ် သင့်ပြီလို့ မထင်ဘူးလား၊ မာမီက တခြားအမေတွေလိုမဟုတ်တာ မင်း ကောင်းကောင်းသိပါတယ်နော်'

မာမီ့ရဲ့ ခပ်အေးအေးစကားသံကြောင့် သူ နည်းနည်း လန့်သွားသည်။

မာမီက သူ့မှ တစ်ခုခုဆုံးဖြတ်တော့မည်ဆို သေးအေး

တတ်တာ သူ့အသိဆုံးဖြစ်သည်။

'မာမီရာ အကြောင်းအရာတွေ သေချာမသိဘဲ မဆုံးဖြတ်သင့်ပါဘူး'

'သိစရာလိုသေးလား ချိန်ခါမိုး၊ မင်း အခုလုပ်နေသမျှကိစ္စတွေထဲမှာ မာမီဘာကို တအံ့မြစ်ထားသလဲ မင်း သိပါတယ်'

မာမီ့စကားကြောင့် သူနှင့်ယုန်ဖြူ့ကိစ္စကို ပြောနေခြင်းဆိုတာ ရိပ်မိလိုက်သည်။

'မာမီ ဒီကိစ္စမှာ လုံးဝအထင်လွဲနေတယ်၊ ကျွန်တော် သေချာရှင်းပြပါ့မယ်'

'ဘာမှ မရှင်းပြနဲ့သား၊ ဒီပြဿနာဖြစ်တာ မာမီနဲ့သားမဟုတ်ဘူး၊ မင်းရှင်းပြတာ မာမီဘာမှ မကြားချင်ဘူး၊ ကာယကံရှင် မင်းဒယ်ဒီကိုယ်တိုင် မာမီ့ဆီ ရှင်းပြချင်တယ်ဆိုရင် လာပါစေ၊ ဒါမင်းကို သနားလို့ နောက်ဆုံးအခွင့်အရေးပေးတာ၊ ဒီကိစ္စတွေ မရှင်းပြီးမချင်း မင်းယုန်ဖြူနဲ့ တွေ့ဖို့မကြိုးစားပါနဲ့၊ မာမီ ဒါပဲပြောချင်တယ်၊ ကိစ္စတွေကို မာမီကျေနပ်အောင် ဖြေရှင်းဖို့က မင်းတာဝန်'

မာမီက ကော်ဖီကို မော့သောက်ချရင်း ထထွက်သွားလေတော့သည်။ သူတစ်ယောက်တည်း ဧည့်ခန်းမှာ ငူငူငေါင်





ငေါင်နှင့် ကျန်ရစ်ခဲ့လေသည်။

ဩော်… ယုန်ရယ် နီးစပ်ဖို့အရေး လွယ်မယောင်နဲ့ ခက်နေပါလား။

ချိန်ခါမိုးသည် နောက်ဆုံးတော့ ဒယ်ဒီ့ကို အကူအညီတောင်းရန် ဆုံးဖြတ်လိုက်သည်။ သူ့အိပ်ခန်းထဲဝင်ကာ ဒယ်ဒီ့ကို ဖုန်းလှမ်းခေါ်လိုက်သည်။

မာမီက ဒယ်ဒီ့ကို လာရှင်းခိုင်းနေပြီပဲ။

'ဒယ်ဒီလား… ကျွန်တော်ပါ'

'အေး… သား ပြော၊ ဒယ်ဒီတောင် ခုလေးတင် သားဆီဖုန်းဆက်မလို့'

ဒယ်ဒီ့အသံက လိုက်လိုက်လှဲလှဲမို့ သူ အားတက်သွားရပါသည်။

'ဒယ်ဒီ့ဆီမှာ သားအကူအညီတောင်းစရာရှိလို့'

'သားအဖချင်းများ အကူအညီတောင်းတာတွေ၊ ဘာတွေမလိုပါဘူးကွာ၊ ကဲ… ကဲ… ပြော၊ ဘာကိစ္စလဲ'

သူက မာမီအထင်လွဲနေသော အဖြစ်အပျက် အစအဆုံးကို ရှင်းပြလိုက်သည်။

'ဟာ… အဲဒါမှ ဒုက္ခပဲ၊ ဒယ်ဒီက အခုပဲ လေဆိပ်သွားတော့မလို့၊ ဟိုမှာ ဒယ်ဒီ ကုမ္ပဏီကိစ္စတွေသွားစီစဉ်ရဦးမယ်လေ၊

တစ်လလောက်ကြာမှ ပြန်လာမှာ၊ ဘယ်လိုလုပ်ရမလဲ၊ ဒီလိုလုပ် သား မာမို့ကို ဖုန်းပေးလိုက်ပါလား'

သူ ခေါင်းကုတ်လိုက်မိသည်။

'မဖြစ်ဘူးထင်တယ် ဒယ်ဒီ၊ အခုလေးတင် မာမီက သားကို ပြဿနာရှာထားတာ၊ တော်ကြာ ဒယ်ဒီ့ကို အော်နေဦး မယ်၊ ဒယ်ဒီတို့ မျက်နှာချင်းဆိုင် ပြောတာပဲ ကောင်းမယ်ထင် တယ်၊ ဖုန်းထဲကနေ သူ့ကို မလေးမစားလုပ်တယ်ဆိုပြီး ပြောနေ ဦးမယ်'

'ဒါလည်း ဟုတ်တာပဲ၊ ကဲပါ ဒါဆိုရင်လည်း သား သည်းခံပြီး စောင့်ကွာ၊ ဒယ်ဒီပြန်လာမှပဲ ပြဿနာတွေကို သေချာ ရှင်းပြတော့မယ်'

'အချိန်နည်းနည်းလောက်တောင် မရတော့ဘူးလား ဒယ်ဒီရာ'

'အေးကွာ… ကဲ… ကဲ… ဒယ်ဒီ လေဆိပ်သွားတော့ မှာ၊ သားကို တစ်ခါတည်း နှုတ်ဆက်ခဲ့ပြီ၊ တစ်လလေး အောင့်အည်းနေကွာ၊ အချစ်စစ်အချစ်မှန်တို့မည်သည် ဖြောင့်ဖြူး ခြင်းမရှိတဲ့၊ ဟဲ… ဟဲ… ဒယ်ဒီပြန်လာမှ နှစ်မင်္ဂလာဆောင်ပေါ့ သားရာ၊ ဘိုင့်ဘိုင်'

ဒယ်ဒီက ဖုန်းချသွား၍ သူခေါင်းကုတ်ပြီး ကျန်ခဲ့သည်။





ယုန်ရယ်… ကိုယ်တို့ဘာလို့ ဒီလောက်ကံမကောင်းကြတာပါ လိမ့်။ ယုန်ရယ်… ကိုယ်တို့ ဒယ်ဒီရှင်းမပြခင် တစ်လအတွင်း မတွေ့ကြရင် ကောင်းမယ်ကွာ။ ကိုယ့်မာမီကိုလည်း စိတ်မဆင်းရဲ စေချင်ဘူး။ ကိုယ်တို့ သည်းခံကြရအောင်ကွာ။

ကိုယ်တို့တစ်လလေး မတွေ့တာနဲ့ ဘာမှမဖြစ်နိုင် လောက်ဘူး ထင်တာပါပဲ။ အချစ်ဆိုတာ အနေနီးခြင်းဝေးခြင်းနဲ့ သက်ဆိုင်ပါသလား။ သူ့ရင်ထဲမှာတော့ ယုန်ဖြူလေးဟာ အမြဲ ဖြစ်တည်နေမှာပါ။ ယုန်ဖြူကိုလည်း သူ ယုံသည်။

အေးလေ တစ်လဆိုတဲ့ ကာလတိုလေးဟာ တကယ်ချစ် ကြသော ချစ်သူတို့အဖို့ မကွဲကွာစေနိုင်ဟု သူ ယုံကြည်မိသည်။

ထို့ကြောင့် သူ ထိုတစ်လအတွင်း ယုန်ဖြူနှင့် မတွေ့ဘဲ နေရန် ဆုံးဖြတ်ချက်ချလိုက်သည်။

ဒါကလည်း ဒေါသတွေသိပ်ကြီးနေသော မာမို့ကို စိတ် ချမ်းသာစေချင်၍ဖြစ်သည်။

* * *



*ယုန်လေး...*

*ကိုယ့်မှာ ပြဿနာအနည်းနည်းရှိနေလို့ ကိုယ်တို့ တစ်လပြည့်မှ တွေ့ရအောင်နော်။ ဒီကြားထဲ ကိုယ့်ကို မဆက်သွယ်နဲ့။*

***ကို***

စာယူလာပေးသော ဖြိုးဝေကို ယုန်သည် မယုံကြည်နိုင်သလို မော့ကြည့်လိုက်မိသည်။ စာထဲမှာလည်း ဘာအကြောင်းအရာမှ မပါချေ။ နောက်ဆုံးတစ်ခါ ကိုနဲ့ ယုန် တွေ့တုန်းက





တောင် ယုန့်ကို ဘာအကြောင်းမှ မပြောသွား။ အခု ဘယ်လိုဖြစ်တာလဲ။ ကို့မာမီကြောင့်လား။

'ကိုဖြိုးဝေကို ဘာပြောသွားသေးလဲ'

'မပြောပါဘူး၊ ဒီစာလေး သွားပေးပေးဆိုလို့ လာပေးတာပါ၊ ဘာလဲ ဖြတ်စာမို့လို့လား'

'ဖြတ်စာတော့မဟုတ်ပါဘူး'

ဖြိုးဝေက စိတ်အေးသွားဟန်ဖြင့် ယုန့်ကို နှုတ်ဆက်၍ ထွက်သွားသည်။ ယုန်ကတော့ နားမလည်နိုင်ခြင်းများစွာဖြင့် ကျန်ခဲ့သည်။ ကို့မာမီ မကျေနပ်လျှင်လည်း ဖြေရှင်းလို့ရတာပဲ၊ တစ်လတဲ့။

ဘာတွေလဲ ကိုရယ်။ ယုန် ဘာကိုနားလည်ရတော့မှာလဲ။ ယုန်က အခြေအနေတွေကို နားမလည်နိုင်ဖြစ်မိသည်။ ယုန် သေချာစဉ်းစားကြည့်မိသည်။

ဩ ကို့မာမီကြောင့်လား။ ဒါဆိုလည်း ဖုန်းဆက်ပြီး အကျိုးအကြောင်းပြောပါတော့လား။ ယခု ကို့လုပ်ပုံတွေက မဟုတ်သေးပါဘူး။

ထိုနေ့က ယုန်သည် ကိုနှင့်ချိန်းထားရာ အပင်အောက်ရှိ ခုံတန်းလေးမှာ ကို့ကို သတိရတမ်းတစွာဖြင့် တစ်ယောက်တည်း အကြာကြီး ထိုင်ဖြစ်ခဲ့ပါသည်။

တကယ်တော့ ကိုရယ်… တစ်လဆိုတဲ့အချိန်အတွင်းမှာ ယုန်တို့ရဲ့ ကံကြမ္မာကို ဘယ်သူတွေ သိနိုင်မှာတဲ့လဲကွယ်။ ယုန်သည် စိတ်ပျက်အားငယ်စွာ အိမ်သို့ လေးလံသောခြေလှမ်းများဖြင့် ပြန်ခဲ့သည်။ အခါတိုင်းလို အိမ်တံခါးကို ခပ်ဖြည်းဖြည်းဖွင့်ပြီး ဝင်လိုက်စော့ အိမ်မှဧည့်ခန်းထဲတွင် အဆင်သင့်ထိုင်နေသော အန်တီလေးကို တွေ့လိုက်ရသည်။

ယုန် ရင်ထိတ်သွားရင်း ဘာများဆူမလို့လဲဟု တွေးမိသည်။ အခန်းထဲ ခပ်ကုပ်ကုပ်ဝင်မလို့လုပ်တုန်း အန်တီလေးရဲ့ အသံက ခက်ထန်စွာ ထွက်ပေါ်လာသည်။

'ယုန်ဖြူ'

'ရှင် အန်တီလေး'

'ဒီမှာ လာထိုင်စမ်းပါဦး၊ ညည်းကို ပြောစရာရှိလို့'

ကျွန်မ သက်ပြင်းလေးတစ်ချက် မသိမသာချ၍ အန်တီလေးရှေ့ရှိ ကုလားထိုင်တွင် ခပ်ယို့ယို့လေးဝင်ထိုင်လိုက်သည်။

'နင် သိပ်ကိုတော်နေပါလား ယုန်ဖြူ၊ နင် ဘာကြောင့်များ ငါ့ကို ဒုက္ခရောက်အောင် လုပ်နေတာလဲ'

'အန်တီလေး ဘာတွေပြောနေတာလဲ၊ ယုန်နားမလည်ဘူး'

'ကောင်းပြီလေ၊ နားမလည်ဘူးဆိုတော့လည်း နားလည်အောင်ပြောပြရသေးတာပေါ့၊ ငါ မနက်က မမခင်ဆီသွားတယ်၊





ငါ့ကို ဘာပြောလိုက်တယ်ထင်သလဲ၊ ငါ့ဘာသာ နေရင်းထိုင်ရင်း သူ့ယောကျ်ားကိုလုတဲ့သူဖြစ်နေပြီ၊ ငါနဲ့ခင့်ကို ညည်းဘာတွေ ရန်တိုက်ပေးတာလဲ၊ ဒီအရွယ်ထိ ကျွေးခဲ့မွေးခဲ့တဲ့ကျေးဇူးတွေကို ဆပ်လိုက်တာပေါ့လေ'

အန်တီလေးက ပြောရင်းမှ ရှိုက်သံပါလာသည်။ ပြီးသနာတော့ စပြီးမှ ယုန်ဖြူနားလည်လိုက်သည်။

'အန်တီလေး ထင်တာတွေ မှားနေပြီ၊ ယုန်ရှင်းပြပါရစေ၊ ယုန် ဘာမှလည်းမပြောပါဘူး၊ အန်တီခင်နဲ့လည်း မသိပါဘူး၊ သူ့ဘာသာ အထင်လွဲနေတာပါ'

'အေး… အထင်လွဲတာတွေဘာတွေ မသိဘူး၊ ဟုတ်တယ်၊ ငါ အပျိုတုန်းက ကိုဝေမင်းကိုစိတ်ဝင်စားခဲ့ဖူးတာ မှန်ပါတယ်၊ ဒါပေမဲ့ အခု ငါ စိတ်နဲ့တောင် မပြစ်မှားဘူး၊ ငါ့ကျေးဇူးရှင်မိသားစုလေး အဆင်ပြေပါစေဆိုတဲ့ စိတ်တစ်ခုပဲရှိတယ်'

အန်တီလေးက ငိုရှိုက်၍ပြောလိုက်သောကြောင့် ယုန်စိတ်မကောင်းဖြစ်စွာ ငေးကြည့်နေမိသည်။

'အခု ခင်က ငါ့ကို သူ့လုပ်ငန်းထဲမှာ ရင်းနှီးထားတဲ့ ပိုက်ဆံတွေ ပြန်ပေးရင် ငါတို့ ဘာလုပ်စားမလဲ၊ ငါ့ပွဲစားအလုပ်ကလည်း အဆင်ပြေချင်မှပြေမှာ၊ နင် သိပ်ရက်စက်တာပဲ ယုန်ဖြူ၊ ငါ နင့်ကို သတ်ချင်တယ်'

‘ဟင့်အင်း… ယုန်လုပ်တာမဟုတ်ဘူး၊ မဟုတ်ရပါဘူး အန်တီလေးရယ်’

ယုန့်မှာ ဝမ်းနည်းစွာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် စီးကျလာသည်။

‘တော်ပါတော့၊ ငါ့ရှေ့မှာ ဟန်လုပ်ပြီး ငိုပြမနေပါနဲ့တော့၊ ညည်းသွားပါတော့’

‘မဟုတ်ပါဘူး အန်တီလေးရယ်၊ အန်တီလေးထင်သလို မဟုတ်ရပါဘူး’

‘အေးလေ… ဒါဆိုရင်လည်း အဲလိုမဟုတ်ကြောင်း ခင်လေးကို ညည်းသွားရှင်းပြပေးလေ၊ ဒါမှမဟုတ် သူ့သားချိန်ခါ မိုးကနေတစ်ဆင့် ညည်းရှင်းပြဖို့ ကြိုးစားလေ’

အန်တီလေးစကားကြောင့် ယုန့်မှာ ဆွံ့အသွားသလို ခံစားလိုက်ရသည်။ ကိုကမှ ယုန့်ဘက်မှာမရှိတာ။ ယုန် ဒီပြဿနာကြီးကို ဘယ်လိုလုပ်ဖြေရှင်းရမှာလဲကွယ်။ ကိုရယ် ယုန်တို့ ဒီလိုပဲ ဝေးကြရတော့မှာလား။

နေ့ရက်တို့က တဖြည်းဖြည်း ကုန်လွန်လာခဲ့ပြီ။ တစ်ပတ်ကျော်ပြီ ကိုနဲ့အဆက်အသွယ် ပြတ်နေတာ။ ယုန့်ရင်မှာ နာကျင်စွာ ခံစားနေရသည်။ ကိုသည် တကယ်ပဲ သူ့စာထဲကလို ယုန့်ကို တစ်လတိတိ အဆက်အသွယ်ဖြတ်ပြီလား။





ယုန်မတွေးတတ်တော့။ တစ်နေ့ ယုန်ဟင်းချက်နေခိုက် အန်တီလေး မီးဖိုဆောင် နံဘေးတွင် လာရပ်သည်။

‘ယုန်ဖြူ’

‘ရှင်… အန်တီလေး’

‘ဟင်းအိုးပိတ်ပြီး ဒီစားပွဲမှာ ခဏလာထိုင်ဦး’

အန်တီလေးရဲ့ ညွှန်ပြချက်ကြောင့် ယုန် ထမင်းစားပွဲတွင် ဝင်ထိုင်လိုက်သည်။ ယခုတစ်လော ယုန့်အပေါ် တင်းတင်းမာမာ ဆက်ဆံနေတာ ယုန် စိတ်မကောင်းပါ။ သို့သော် မတတ်နိုင်။ ကိုယ်လည်း အပြစ်လုပ်တာမဟုတ်ဘဲ ကိုယ့်အပြစ်ဖြစ်ရသည့် ကိစ္စတစ်ခုပါ။

‘ရော့’

အန်တီလေးက ယုန့်ကို ဓာတ်ပုံတစ်ပုံ လှမ်းပေးသည်။ ယုန်က ဘာမှန်းမသိဘဲ လှမ်းယူကာ…

‘ဟို… ဘာလဲမသိဘူး အန်တီလေး’

ဓာတ်ပုံထဲမှ မျက်မှန်နှင့်လူကြီးတစ်ယောက်။ အသက်ကတော့ လေးဆယ်ပတ်ဝန်းကျင်ခန့် ရှိမည်။ အန်တီလေးက ယုန့်ကို စူးစိုက်ကြည့်၍ ယုန် တစ်ခါမှ မျှော်လင့်မထားသော စကားတို့ကို ပြောသည်။

‘ခင်လေးဆီမှာ ရှယ်ယာထည့်ထားတဲ့ ငါ့ပိုက်ဆံတွေ

ပြန်ပေးလိုက်ရလို့ ငါတို့မှာ လစဉ်ဝင်ငွေမရှိတာ ညည်းသိတယ်နော်၊ အဲဒါတွေအားလုံး ညည်းကြောင့်ပဲ ယုန်ဖြူ'

ယုန်သည် ခေါင်းငုံ့ရင်း ယုန့်အပြစ်မဟုတ်ဘူးဟု ပြောလိုက်သည်။

'အဲဒီ့အတွက် ညည်း ဒီလူကြီးကို ယူရမယ်'

'ရှင်… အန်တီလေး မဖြစ်နိုင်ပါဘူး'

ယုန် အလန့်တကြား ငြင်းဆန်လိုက်သည်။

'ဘာမှမဖြစ်နိုင်စရာ အကြောင်းမရှိဘူး ယုန်ဖြူ၊ သူက မုဆိုးဖို အသက်လေးဆယ်ကျော်လောက်ရှိပြီ။ ငါတို့ စားဝတ်နေရေးအားလုံးကို တာဝန်ယူမယ့်အပြင် ညည်းလည်း ချမ်းချမ်းသာသာနေရမှာပါအေ၊ သူက သိပ်ချမ်းသာတာ၊ ညည်းကို ယူတာကံကောင်း၊ ညည်း မနစ်နာစေရပါဘူး'

အန်တီလေးပုံစံက ဖွတ်စိစဉ်တော့မည့်ပုံမို့ ယုန် တအားလန့်သွားမိသည်။

'အန်တီလေးရယ် ယုန့်ကို သနားပါနော်၊ ယုန်…ယုန်စဉ်းစားပါရစေ'

ယုန်က မျက်ရည်ဖြိုင်ဖြိုင်ကျ၍ အန်တီလေးကို တားမြစ်ပေမယ့် မရပေ။ အန်တီလေးက ဆုံးဖြတ်ပြီးသည့်မုံဖြင့်…

'ဒီမှာယုန်ဖြူ ညည်း ဘာမှ စဉ်းစားစရာမလိုဘူး၊ ငါက





ကောင်းတယ်ထင်လို့၊ သင့်တော်တယ်ထင်လို့ စီစဉ်တာ၊ ဘာမှငြင်းဆန်ဖို့မကြိုးစားနဲ့ နားလည်လား၊ ငါညည်းကို မွေးခဲ့၊ ကျွေးခဲ့တဲ့ကျေးဇူးကို ဆပ်ချင်တယ်ဆိုရင် ငါပြောတာကို နားထောင်ပါ၊ ဒီကြားထဲ ညည်းဘယ်မှသွားဖို့ စိတ်မကူးနဲ့'

အန်တီလေးက စကားကို အပြတ်ပြောပြီး ထသွားတော့သည်။ ယုန့်မှာ ငိုရုံအပြင် ဘာမှမတတ်နိုင်။

ကျေးဇူးတရားတဲ့။

အန်တီလေးက ယုန့်ကို ကျေးဇူးတရားဆိုသောအရာနှင့် တုပ်နှောင်အမိန့်ပေးလိုက်တာပေါ့လေ။

ဘယ်သူကမှ မတွေ့ဖူးမမြင်ဖူးတဲ့လူတစ်ယောက်ကို ယုန် ဘယ်လိုအိမ်ထောင်အားနှင့် လက်ထပ်ရပါ့မလဲ။

ကိုရေ… ယုန့်အဖြစ်ကို လာကြည့်လှည့်ပါဦးကွယ်။

ယုန် ဆောက်တည်ရာမဲ့ ကိုကို့ကို တမ်းတလိုက်သည်။ ဒီအချိန်မှာ ကိုက ယုန့်ဘေးမှာ ရှိနေခြင်းက ယုန့်ကို ဝမ်းနည်းအားငယ်စေပါသည်။

ကိုရေ… ယုန်တို့ ဒီလိုပဲ ဝေးကြရတော့မှာလား။ ဟင့်အင်း… မဖြစ်ဘူး။ ယုန့်ဘဝရဲ့အလိုအစ်ဆုံး တစ်ဦးတည်းသောသူဟာ ကိုတစ်ယောက်တည်းပါကွယ်။ တွယ်တာစရာမိဘကလည်း မရှိ၊ အားကိုးမိတဲ့အန်တီလေးကလည်း ယုန့်

ကို ကျွေးပေမယ့် တန်အောင်ခိုင်းသည်။ အခုလည်း ယောက်ျား ပေးစားမယ်တဲ့။

ယုန့်ဘဝရဲ့တစ်ခုတည်းသော မျှော်လင့်ချက်က ချစ်သော သူနှင့် ပေါင်းရဖို့ပင်ဖြစ်သည်။

ယုန့်ချစ်သူနှင့်သာ မပေါင်းရလျှင်တော့ ယုန့်ဘဝကြီးက နေပျော်စရာမရှိတော့ဟု တွေးလိုက်သည်။

ရုတ်တရက်လက်ထပ် ရမည်ဆိုသောအဖြစ်ကို တုန်လှုပ် ချောက်ချားနေမိသည်။ ထို့ကြောင့် ယုန် ဆုံးဖြတ်လိုက်တော့ သည်။

ဧည့်ခန်းသို့သွား၍ ဖုန်းကို ကောက်ကိုင်လိုက်သည်။ ကို့ရဲ့ဟမ်းဖုန်းနံပါတ်များကို ယုန်နှိပ်လိုက်သည်။

'ဟဲလို'

ဒီတစ်ခါတော့ ကံကောင်းစွာနှင့် ကိုနှင့်တန်းတွေ့သည်။

'ကိုလား… ယုန်ပါ'

'ဘာကိစ္စလဲ၊ မင်းကို ကိုယ်ပြောထားတယ်လေ၊ ဒီ တစ်လအတွင်း ကိုယ့်ကို မဆက်သွယ်ပါနဲ့လို့'

ကို့ရဲ့အသံက ခပ်စိမ်းစိမ်းမို့ ယုန့်ရဲ့ရင်ထဲမှာ နာကျင် ကြေကွဲစွာ ခံစားလိုက်ရသည်။

'ကို… ကို ဘာဖြစ်နေတာလဲ'





'ဘာမှမဖြစ်ဘူးကွာ၊ မာမီကြည့်နေတယ် မြန်မြန်ပြော၊ ကိုယ် သွားစရာလည်း ရှိသေးတယ်'

'ကို… ကို ယုန့်ကို စကားမပြောချင်တော့ဘူးလားဟင်၊ ဒါဆိုလည်း ရပါတယ်နော်'

ယုန်သည် ဝမ်းနည်းကြေကွဲစွာ ပြောလိုက်မိသည်။ တစ် ဖက်မှ ငြိမ်သက်နေတာမို့ ယုန်လည်း ဆက်ပြောချင်စိတ်မရှိ တော့။ ကို… ယုန့်ကို တကယ်မချစ်ပါဘူး။

'ရပါတယ် ကိုရယ်၊ ဒါဆိုလည်း ယုန် ဖုန်းချလိုက်တော့ မယ်'

ယုန်သည် ငိုသံမပါအောင် ထိန်းပြောရင်း ဖုန်းကို အမြန် ချလိုက်သည်။ ယုန်အသည်းတွေ ကွဲကုန်ပါပြီ။

သွားပြီ။ ယုန့်ရဲ့မျှော်လင့်ချက်တွေ ပျက်သုဉ်းကုန်ပြီ။ ယုန့်ရဲ့ချစ်သူကပါ ယုန့်ဘက်မှာမရှိဘူး။ အခု အရေးကြုံတော့ ချစ်သူက ယုန့်ကို စကားမပြောချင်တဲ့။ ယုန်တို့မိန်းမသားတွေဟာ အရေးကြုံလာလျှင် ချစ်သူဘက်မှာ ရှိသေးတယ်။ ချစ်သူကတော့ ယုန့်ဘက်မှာ မရှိပါလား။ ယုန်သည် ဝမ်းနည်းနာကျင်ရုံမှအပ ဘာမှမတတ်နိုင်တော့ချေ။

ကိုယ် ရက်စက်လိုက်တာ။ ကို ယုန့်ကို တကယ်မချစ် ခဲ့ဘူးနော် ကိုရဲ့အချစ်တွေ၊ စကားတွေဟာ ပုံပြင်တွေဖြစ်သွား

ပြီလား။ ယုန် ရင်တွေကွဲထွက်မတတ် နာကျင်ရပါတယ် ကိုရယ်။

ဟင့်အင်း… ဘာမှမတွေးတော့ပါ။ ယုန့်မှာ ဘာမှတွေးခွင့်မရှိ၊ လုပ်ခွင့်မရှိ အန်တီလေးစီစဉ်သမျှ ခေါင်းငုံ့ငြိမ်ခံရုံသာရှိတော့သည်။ ယုန့်ဘဝက ကူရာကယ်ရာမဲ့နေသည်။

ယုန့်ဘဝက ဆိုးလိုက်တာ။

ယုန်သည် မိမိဘဝကို မကျေမနပ်ဖြစ်လျက် ကိုပေးထားသော ဓာတ်ပုံကို ခပ်ဝေးဝေးသို့ လွှင့်ပစ်လိုက်တော့သည်။ ယုန့်အတွက် ရှင်သန်ခြင်းဆိုတာ အဓိ[illegible]ယ်ကင်းမဲ့နေသည်။

* * *

တစ်ပတ်ဟူသော အချိန်သည် လျင်မြန်စွာ ကုန်ဆုံးသွားမည်ဖြစ်သည်။ အန်တီလေးသည် အမှန်တကယ်ပင် စေ့စပ်ပွဲကို စီစဉ်နေသော်လည်း ယုန့်မှာ ငြင်းဆိုခွင့်မရှိ၊ ဘာဆိုဘာမှ ပြောခွင့်မရှိ။ အန်တီလေးပြုမူသမျှ အရုပ်တစ်ရုပ်လို ငြိမ်ခံနေမိသည်။

အန်တီလေးက ကျေနပ်သည်တွေနှင့် ယုန့်ကို မိတ်ဆက်[illegible]က်သည်။ ယုန်ကတော့ ပြုံးပြရုံနှင့် ငြိမ်သက်ခြင်းမကငြိ[illegible]နေမိသည်။

ကျွန်မတူမလေး ယုန်ဖြူတဲ့

'တူမလေးက လိမ္မာပုံပါ၊ ဒါကြောင့် ဒေါ်နွဲ့ရီစကား နားထောင်တာပေါ့'

ပြောဆိုနေသော စကားများကို ယုန် ကြားနေရသည်။ စိတ်တော်တော် ပျက်မိသည်။ လူတစ်ယောက်ကို ကုန်ပစ္စည်း တစ်ခုလို သဘောထားပြီး အရောင်းအဝယ်များ လုပ်နေကြတာ လား။

အန်တီလေးရယ် ဒီခေတ်မှာ ဒါတွေမရှိတော့ဘူးဆိုပေမယ့် ယုန်ကတော့ ခံစားနေရပြီ။

'ကဲ… ယုန်ဖြူ ဒါ အန်တီလေး ဟိုတစ်ခေါက်က ပြောတဲ့ ဦးမောင်မောင်ဆိုတာလေ'

လူကြီးလူကောင်းပုံနှင့် စကားပြောနေသော ထိုလူကြီးကို အန်တီလေးက မိတ်ဆက်ပေးသည်။ ထိုလူကြီးက သန့်သန့်ပြန့် ပြန့်နှင့် အသားဖြူတာမှလွဲ၍ အသက်ခပ်ကြီးကြီးပုံ ပေါက်နေ သည်။

အန်တီလေးက သူမသုံးငယ်ချင်းပွဲစားမှတစ်ဆင့် သိသော ထိုလူကြီးကို ရွှန်းရွှန်းဝေဝေ စကားပြောနေသည်။

အဓိကက လူ့လောကကြီးမှာ ပိုက်ဆံရှိဖို့ပါပဲလားဟု ယုန်ဖြူတွေးမိသည်။ အန်တီလေး၏ စကားသံတွေ၊ ထိုလူကြီး၏ စကားသံတွေ ယုန်ဖြူ၏နားထဲ မကြားတစ်ချက်၊ ကြားတစ်ချက်





ပါ။ အားလုံးစကားပြောဆိုပြီးသောအခါ…

'ကဲ… ကိုမောင်မောင် ခင်ဗျားနေခဲ့ဦးမှာမဟုတ်လား၊ ကျုပ်တို့တော့ ပြန်တော့မယ်၊ ဟဲ… ဟဲ'

လူကြီးတစ်ယောက်က မချိုမချဉ်မျက်နှာနှင့် နောက် ပြောင်နေ၍ ယုန် အတော်စိတ်တိုသွားသည်။ ဒါ ယုန့်ရဲ့ငယ်ရွယ် နုပျိုမှုတွေကို စားသုံးဖို့ ကျေနပ်အားရနေကြတာပေါ့လေဟု တွေး ပြီး အတော်မုန်းတီးသွားမိသည်။

ကျန်သည့်လူများ ပြန်သွားကြသောအခါ ဦးမောင်မောင် ရယ်၊ အန်တီလေးရယ်၊ ယုန်ဖြူရယ်သာ ကျန်တော့သည်။ ဦး မောင်မောင်သည် အန်တီလေးဘက်သို့ လှည့်၍…

'ဘာတွေ လိုအပ်ပါသေးလဲ ဒေါ်နွဲ့ရီ၊ လိုအပ်တာရှိရင် ကျွန်တော့်ကို အားမနာတမ်းပြောနိုင်တယ်နော်'

'ပြည့်စုံပါတယ် ဦးမောင်မောင်ရယ်၊ အတိုင်းထက် အလွန်ပါပဲ'

'ဒီစကားကြားရတာ ကျွန်တော် ဝမ်းသာလှပါပြီ၊ ဒါနဲ့ ကျွန်တော်ကတိအတိုင်း ဒေါ်နွဲ့ရီရဲ့အကောင့်(Account)ထဲကို ငွေ ဆယ်သိန်း လှမ်းထည့်လိုက်ပြီ'

ဦးမောင်မောင်နှင့် အန်တီလေးတို့သည် ငွေရေး၊ ကြေး ရေး၊ စီးပွားရေးကိစ္စများကို တိုင်ပင်နေလေသည်။ ထိုအခါ ယုန်

သည် ကိုယ့်ကိုယ်ကို ရောင်းကုန်တစ်ခုအဖြစ် မြင်လာမိသည်။ ထို့ကြောင့် ယုန့်မှာ စိတ်ထိန်း၍မရဘဲ ငိုချင်လာမိသည်။ ယုန် အိပ်ခန်းထဲဝင်ရန် ထလိုက်စဉ်မှာပင်…

'ဩော်… ဒေါ်နွဲ့ရီရေ၊ ကျွန်တော် ယုန်ဖြူနဲ့ ဆွေးနွေးစရာလေးရှိလို့ ခဏလောက်အပြင်ခေါ်သွားလို့ ရမလား'

'အို… ရပါတယ်… ရပါတယ်၊ ယုန်ဖြူ…'

အန်တီလေးက ပျာပျာသလဲ သဘောတူလိုက်တာကြောင့် ယုန် စိတ်ညစ်သွားပါသည်။

ယုန်ဖြူ မလိုက်လိုသဖြင့်…

'အန်တီလေး…'

'လိုက်သွားလေ ယုန်ဖြူ ကိုမောင်မောင်နဲ့ စကားလေး ဘာလေးပြောပေါ့'

ယုန့်မှာ ငြင်းဆန်ရန် အခွင့်အရေးမရှိကြောင်း ယုန် သေချာသိသွားသည်။ ထို့ကြောင့်…

'ကောင်းပြီလေ… ယုန် လိုက်ခဲ့ပါ့မယ်၊ အင်္ကျီတော့ လဲခွင့်ပြုပါရှင်'

ယုန်သည် ဘယ်သူ့ခွင့်ပြုချက်မှ စောင့်မနေတော့ဘဲ အိပ်ခန်းထဲ ဝင်ခဲ့သည်။

အိပ်ခန်းထဲရောက်မှ လွတ်လပ်ပေါ့ပါးသွားသလို ခံစားရ





မယ်မှမကြဲသေး အန်တီလေးက ယုန့်နောက်မှ လိုက်ဝင်လာသည်။

'ယုန်ဖြူနော် ငါ့ကို မျက်နှာပျက်အောင် မလုပ်နဲ့၊ ဦးမောင်မောင်ကို ကောင်းကောင်းဆက်ဆံပါ၊ အခုပဲကြည့်လေ ငါ့အကောင့်ထဲ ပိုက်ဆံထည့်ပေးလိုက်ပြီ'

ယုန်သည် အန်တီလေးကို ဘာမှ ထပ်မပြောတော့ဘဲ အင်္ကျီကို အလျင်စလိုလဲလှယ်လိုက်ပြီး မျက်ရည်ရစ်ဝဲနေသော မျက်စိကို လက်ဖြင့် ခပ်ကြမ်းကြမ်းပွတ်သုတ်၍ အိမ်ရှေ့ပြန်ထွက်ခဲ့သည်။

ဖြစ်သမျှအကြောင်း အကောင်းပေါ့။

'ဦးမောင်မောင်… ယုန် အဆင်သင့်ဖြစ်ပါပြီ'

ယုန်က ဦးမောင်မောင်မျက်နှာကိုမကြည့်ဘဲ ခေါင်းငုံ့နေရာမှ ကြည့်လိုက်သည်။

'အိုကေ… ဒါဆို သွားစို့၊ ဒေါ်နွဲ့ရီ ကျွန်တော် ခဏခေါ်သွားမယ်နော်၊ အပြန်ကျရင်လည်း အိမ်တိုင်ရာရောက်ပြန်ပို့ပေးပါ့မယ်၊ စိတ်ချနော်'

'ကောင်းပါပြီ၊ ကျွန်မ စိတ်ချပါတယ်'

အန်တီလေးနှင့် အတိုင်အဖောက်ညီနေသော ဦးမောင်မောင်ကို ယုန် စိတ်ညစ်ညူးစွာ ကြည့်လိုက်မိသည်။ ယုန်ဟာ

လူမှ ဟုတ်သေးရဲ့လား။ ကျောင်းစရာအရုပ်တစ်ရုပ်လား။

ဦးမောင်မောင် အသင့်ဖွင့်ထားသော ကားရှေ့ခန်းမှာပဲ ဝင်ထိုင်လိုက်သည်။

'ဘယ်သွားသင့်လဲ ကလေးရဲ့'

ယုန် ခေါင်းခါပြလိုက်သည်။ ကိုယ်နဲ့ဒီလောက်ကွာနေသော လူကြီးကို ယုန် ဘယ်လိုလုပ် အိမ်ထောင်ဘက်အဖြစ် စဉ်းစားရမလဲ။

အခုတောင် စကားတစ်ခွန်းမှ ပြောချင်စိတ်မရှိတာ ကြာရင် ခက်ကုန်တော့မှာပဲ။

'ဒါဆို ကိုကြီးသွားချင်တဲ့ဆီ သွားလိုက်မယ်'

ဘုရားရေ… ကိုကြီးတဲ့။

သူ့ကိုယ်သူ ရုပ်နှင့် အသက်အဲတူတူများ အောက်မေ့နေသလား။

ဓိကွာဘူးဆိုလျှင်တောင် နှစ်ဆလောက်ကွာပေမည်။ ယုန် စိတ်ရှုပ်သလို၊ ရယ်ချင်သလို ဖြစ်သွားသည်။

'ကဲ… ကဲ… ဆင်း'

ဦးမောင်မောင်က ကော်ဖီဆိုင်ရှေ့တစ်ခုတွင် ကားကို ရပ်လိုက်သည်။ ကိုကော်ဖီဆိုင်ကလေးက တိုက်ဆိုင်စွာပင် ကိုနှင့် ယုန်တို့ ထိုင်ခဲ့ဖူးသော ဆိုင်ကလေးဖြစ်၍ ကို့ကို ပိုသတိရသွား





သည်။ ကိုရယ် ယုန်တို့ရဲ့ နောက်ဆုံးမျှော်လင့်ချက်ကလေးကို တောင် ရှင်သန်ခွင့်မပေးဘူးနော်။

'တဲ… ကလေးကြိုက်တာမှာ၊ ပြီးရင် ကလေး ဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်လဲ ကိုကြီးကိုပြော၊ အဲ… ကိုကြီးနဲ့ လက်မထပ်ချင်ဘူးဆိုတဲ့စကားကလွဲရင်ပေါ့၊ ဟုတ်ပြီလား'

'ယုန့်မှာ ချစ်သူရှိတယ် ဦးမောင်မောင်'

'တက္ကသိုလ်ကျောင်းသူတစ်ယောက်မှာ ချစ်သူရှိတယ်ဆိုတာ မထူးဆန်းတဲ့အဖြစ်ပါ'

ဦးမောင်မောင်က ခပ်အေးအေးပင် ပြောလိုက်တာကြောင့် ယုန် ပို၍စိတ်တိုသွားသည်။

ထို့ကြောင့် ယုန် အရွဲ့တိုက်၍…

'ယုန့်ချစ်သူနဲ့ မခွဲနိုင်ဘူး'

'အိုကေ… ကောင်းပြီလေ၊ ဒါဖြင့် မင်းချစ်သူကို ကိုယ့်ရှေ့ကို ခုချက်ချင်းခေါ်ပေး၊ ကိုယ် သူ့လက်ထဲ မင်းကို ခုချက်ချင်း ကြည်ဖြူစွာ ထည့်ပေးလိုက်မယ်၊ သူဟာ လူကောင်းလေးဆိုရင်ပေါ့၊ ဘယ်လိုလဲ'

ဦးမောင်မောင်က ယုန့်ကို စိန်ခေါ်သလိုကြည့်ပြီး မေးလိုက်သည်။ ယုန် သေချာစွာ စဉ်းစားလိုက်သည်။ ဒီအချိန်မှာ ကို့ကို ခေါ်လိုက်လျှင် ဦးမောင်မောင်နှင့် ဇာတ်လမ်းပြတ်ပြီ။

ဦးမောင်မောင်ဘက်က ငြင်းပယ်လိုက်ပြီဆိုလျှင် အန်တီလေးလည်း ဘာမှပြောမှာမဟုတ်တော့။

'ကဲ... ဘယ်လိုလဲ ယုန်ဖြူ ကိုယ်ကတော့ စီးပွားရေးသမားပီပီစွန့်စားရဲတယ်၊ အဲ... တစ်ခုတော့ရှိတယ်၊ မင်းရဲ့ချစ်သူအခုမလာဘူးဆိုရင်တော့ ကိုယ်တို့လက်ထပ်ဖို့ကိစ္စကို ကြည်ဖြူစွာလက်ခံပါမယ်လို့ ကိုယ့်ကို ကတိပေးရလိမ့်မယ်၊ ဘယ်လိုလဲ'

ဦးမောင်မောင်က သူပိုင်ဆိုင်ရမှာသေချာနေသော ပစ္စည်းတစ်ခုကဲ့သို့ သေချာစွာပြောဆိုနေတာကြောင့် ယုန် ပို၍ မခံချိမခံသာဖြစ်ရသည်။

'ကောင်းပြီလေ... ယုန် ဖုန်းဆက်မယ်'

'ဒီမှာ ကိုယ့်ဖုန်းရှိတယ်'

ဦးမောင်မောင်က သူ့ဟမ်းဖုန်းကို ယုန့်အား လှမ်းပေးလိုက်သည်။ ယုန်ကလည်း ဖုန်းယူပြီး ဟိုတစ်နေ့က ကို့ဆီဖုန်းဆက်လို့မရသည့်အဖြစ်ကို တွေးပြီး ခဏငိုင်သွားသည်။ ထိုစဉ်မှာပင် ဦးမောင်မောင်က ထပ်ပြောသည်။

'မင်း သဘောမတူဘူးဆိုရင်လည်း ရတယ်နော်၊ ကိုကြီးက အတင်းအကျပ် မင်းကိုမလုပ်ချင်လို့အခွင့်အရေးပေးတာကလေးရဲ့'

ဒါဟာ ယုန်နှင့်ကို့အတွက် နောက်ဆုံးမျှော်လင့်ချက်။





ယုန့်မှာ ရွေးချယ်စရာလမ်းမရှိတော့ပြီမို့ ကို့ရဲ့ဟမ်းဖုန်းနံပါတ်ကို နှိပ်လိုက်သည်။ တစ်ဖက်မှ ချက်ချင်းဖုန်းလာကိုင်သည်။

'ဟဲလို'

ကို့ရဲ့ထူးသံကို ကြားလိုက်ရသောအခါ ယုန့်လောက်ပျော်တဲ့သူမရှိတော့ချေ။

'ကိုလား'

'ပြောလေ ယုန်ဖြူ ဘာကိစ္စလဲ'

ကို့အသံကို ယုန်နားမလည်နိုင်ပါ။ ယုန် လိုရင်းကိုပဲ ပြောလိုက်သည်။

'ကို အခုလာနိုင်မလားဟင်၊ အရေးကြီးလို့'

'ဘယ်ကိုလဲ'

'ယုန်တို့ ထိုင်နေကျ ကော်ဖီဆိုင်လေးကိုလေ၊ အရမ်းအရေးကြီးလို့ပါ ကိုရယ်'

တစ်ဖက်မှ ငြိမ်သက်သွားသည်။ အသက်ရှူသံကလွဲ၍ ဘာမှမကြားတော့။

'ကို...'

'ကိုယ်လည်းချစ်ပါတယ်ကွာ၊ ဒါပေမဲ့ မာမီက...'

'သား ခဏလာစမ်း'

ဖုန်းထဲမှ အသံသဲ့သဲ့ကို ကြားလိုက်သည်။

'ဒါပဲနော် ယုန်ဖြူ၊ မာမီခေါ်နေလို့၊ နောက် ကိုယ့်ဆီ ဖုန်းမဆက်နဲ့နော်၊ တစ်လလောက်တော့ သည်းခံ'

'ကို… ကိုရေ… ကို'

ယုန်က စကားဆက်ပြောရန် ကြိုးစားပေမယ့် ဖုန်းလိုင်း မဝင်တော့။ တစ်ဖက်မှ ဖုန်းပိတ်သွားလေပြီ။

ယုန်၏ ဖုန်းကိုကိုင်ထားသော လက်တို့မှာ တဆတ်ဆတ် တုန်ယင်လာသည်။

ယုန် ချုပ်ထိန်းထားသည့်ကြားမှ မျက်ရည်တို့က ပိုးပိုး ပေါက်ပေါက် ကျလာသည်။

ဦးမောင်မောင်သည် ကရုဏာသက်သော မျက်ဝန်းဖြင့် စိုက်ကြည့်၍…

'ကဲ… မငိုပါနဲ့ ကလေးရယ်၊ ဖုန်းထပ်ဆက်ချင်လည်း ဆက်ပါ၊ ကိုကြီးခွင့်ပြုပါတယ်'

ယုန် ခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်သည်။ ယုန့် စိတ်ထဲမှာ ကြေကွဲဝမ်းနည်းခြင်းများသာရှိသည်။ ဘဝကို ဖြစ်လာ သည့်အတိုင်း ရေစုန်မျှောပစ်ဖို့ ဝန်မလေးချင်တော့။ ယုန့်ကံကိုက မကောင်းတာပါ။

'ကောင်းပါပြီ ဦးမောင်မောင်ရယ်၊ ဦးစိတ်တိုင်းကျသာ စီစဉ်ပါတော့၊ ယုန် လက်ခံပါတယ်'





ဦးမောင်မောင်ရဲ့ မျက်နှာတွင် အပြုံးရိပ်တွေ ထင်ဟပ် သွားလေတော့သည်။

ဦးမောင်မောင်က ယုန့်လက်ကလေးကို ခပ်ဖွဖွဆုပ်ကိုင် လိုက်တော့လည်း ယုန် မငြင်းဆန်မိတော့ချေ။

နောက်ဆို ဒီ့ထက်မကတော်င် ရင်းနှီးကြရတော့မယ့်လူ တွေ မဟုတ်ပါလား။ ယုန့်ရဲ့ဘဝကို ယုန်မပိုင်တော့ပြီ။

* * *

'သား ညနေကျရင် ဧည့်ခံပွဲတစ်ခုရှိတယ်နော်'

'သား မသွားချင်ဘူး မာမီ'

သားအမိနှစ်ယောက်သာရှိသော သူတို့အိမ်မှာ ခေတ္တ တိတ်ဆိတ်သွားသည်။ မာမီက သူ့ကို စိုက်ကြည့်၍…

'သား ဘာတွေဖြစ်နေတယ်၊ ဘာတွေခံစားနေရတယ်ဆိုတာ မာမီရိပ်မိပါတယ်၊ ဒါပေမဲ့ သားက အခုမှ တက်သစ်စ မဟုတ်လား၊ ဒီလိုပွဲတွေမှာ သား ခဏဖြစ်ဖြစ် မျက်နှာသွားပြသင့်တယ်၊ သားပဲ အရင်တုန်းကတော့ ရုပ်ရှင်မင်းသားဖြစ်ချင်လှချည်ရဲ့ဆို'





'ဒါပေမဲ့ ကျွန်တော်မှ စိတ်မပါတာ မာမီရာ'

သူက ခေါင်းငုံ့၍ မာမီ့ကို တီးတိုးပြောလိုက်သည်။ အခုရက်ပိုင်းအတွင်း မာမီနှင့် သူ့ရဲ့ဆက်ဆံရေးမှာ အေးစက်နေသည်။ မာမီကလည်း သူ့ကို မျက်စိဒေါက်ထောက်၍ ကြည့်နေသည်။ ယုန်နှင့်ဖုန်းပြောတာတောင် မာမီက မကျေနပ်သည့်ပုံစံမျိုး။ ထို့ကြောင့်သူ ဖုန်းလည်းမဆက်ရဲ။ တစ်လတည်းပဲ အောင့်အည်းသည်းခံနေရမည်။

'သား ဒီလိုကိုယ်ရေးကိုယ်တာနဲ့ အလုပ်နဲ့ ရောထွေးပစ်လိမ့်မယ်လို့ မာမီဘယ်တုန်းကမှ မထင်မိဘူး'

မာမီက စိတ်မကောင်းသလိုလေသံမျိုးနှင့် ပြောသည်။ သူက ဒယ်ဒီ့အကြောင်း စကားစရန် စဉ်းစားလိုက်သည်။

'မာမီ… ဒယ်ဒီနဲ့ကျွန်တော် ဆွေးနွေးပြီးပြီ'

'မာမီ သိပါတယ်၊ မင်းအဖေနဲ့ မင်းတွေ့တာ မာမီ မတားပါဘူး'

မာမီ့စကားကြောင့် သူ သက်ပြင်းကြီးကျိတ်ချလိုက်သည်။

'ဒယ်ဒီက အခု နိုင်ငံခြားခဏပြန်သွားတယ်၊ သားကုမ္ပဏီက ကိစ္စတွေရှင်းလင်းပြီးရင် ဒီမှာပဲအပြီးနေတော့မယ်'

'အဲဒီတော့ ဘာဖြစ်လဲ၊ ဟင်း… ဟင်း… ဟင်း'

မာမီက မရယ်ချင်ရယ်ချင်ဖြင့် ခနဲ့တဲ့တဲ့ ရယ်လိုက်

သည်။ မာမီကလည်း တစ်ယူသန်ဆန်သူပင် ဖြစ်သည်။

'မာမီ… ဒယ်ဒီ့ကို မယုံရင်တောင်မှ သားကို ယုံသင့်ပါတယ်ဗျာ'

'ဒါနဲ့ မာမီက မင်းကို ယုံကြည်ပြီး ယုန်ဖြူ့ဆီသွားတော့လို့ ပြောရမှာလား၊ မာမီက စကားတစ်ခွန်းကို နှစ်ခါမပြောဘူးနော်'

'ဒါကတော့ မာမီရယ်…'

မာမီက စကားကို ပိတ်ပြောလိုက်တာကြောင့် သူ မာမီ့ကို ထပ်မပြောနိုင်ချေ။ ယုန်ဖြူရယ်… ကိုယ့်ဘက်ကလည်း မာမီနဲ့ အတတ်နိုင်ဆုံး ပြေလည်အောင်တော့ ကြိုးစားထားတာပဲလေ။ မာမီမယုံကြည်တာတော့ ကိုယ်လည်း မတတ်နိုင်ဘူး။ ဒယ်ဒီအမြန်ဆုံး ပြန်ရောက်လာပါစေဟု သား ဆုတောင်းမိသည်။

* * *



ထိုအချိန်၌ ယုန်ဖြူသည် စိတ်လိုက်မာန်ပါ ဆုံးဖြတ်ချက်ကို ချလိုက်ပြီဖြစ်သည်။ အပြင်က ပြန်လာလာချင်းပင် အန်တီလေးကို ပြောလိုက်သည်။

'အန်တီလေး မင်္ဂလာကိစ္စကို အမြန်ဆုံးစီစဉ်ပါတော့'

'ဟဲကယ်လား ယုန်ဖြူ၊ အမလေး… အန်တီလေး ဝမ်းသာလိုက်တာကွယ်'

ရရှိထားသော ငွေတွေကြောင့် အန်တီလေးမျက်နှာ ရွှန်းရွှန်းဝေနေသည်။ ပြီးတော့လည်း သူ၏အလိုဆန္ဒကို ယုန်ဖြူခေါင်းညိတ်ခဲ့ရသောကြောင့်ဖြစ်သည်။

လူတွေ ဘာကြောင့် ရှင်သန်နေရပါသနည်း။ လူတိုင်း မျှော်လင့်ချက်ကိုယ်စီဖြင့် ရှင်သန်နေရခြင်းဖြစ်သည်။ ယုန်သည် လည်း ပထမတော့ အချစ်ဟူသော မျှော်လင့်ချက်ကလေးနှင့်ပါ။ ခုတော့ ယုန့်မှာ မျှော်လင့်ချက်လည်းမရှိတော့။ ကျေးဇူးတရား ဟူသော အရာအောက်မှာ မျှော်လင့်ချက်ကို ငွေကြေးနှင့်အတူ မြှုပ်နှံလိုက်သည်။ ယုန့်ကို စေလိုရာစေပါတော့ လောကကြီး ရယ်။ နောက်ရက်တွေမှာ ဦးမောင်မောင် နေ့တိုင်းလိုလို ရောက် လာသည်။

'ဦးမောင်မောင်ကရော ဘယ်လိုစီစဉ်ချင်လဲ'

'ကျွန်တော်က မုဆိုးဖိုဆိုပေမယ့် ပြီးလွယ်စီးလွယ် မစီစဉ်ချင်ပါဘူး၊ မိန်းကလေးဆိုတာက တစ်သက်မှာ တစ်မင်္ဂလာ ပဲမဟုတ်လား၊ ဒါကြောင့် ကောင်းကောင်းလေးစီစဉ်ချင်ပါတယ်'

ဦးမောင်မောင်က အလေးအနက်ဖြစ်တန်ဖြင့် ပြောလိုက် သည်။ ယုန်ကတော့ တာဝန်တစ်ခု ထမ်းဆောင်နေရသည်။ ကာဝန်အရ ထိုင်နေရသည့်ပုံပဲ သဘောထားလိုက်သည်။

'ကဲ... ကဲ... စကားပြောကြဦး၊ အန်တီလေး ကော်ဖီ သွားဖျော်လိုက်ဦးမယ်'

အန်တီလေး ထသွားသည်နှင့် ဦးမောင်မောင်က စကား စလိုက်သည်။





'ကလေး... ကိုကြီးကို စိတ်ဆိုးနေတာမဟုတ်ပါဘူးနော်'

'အို... ဘာကိစ္စ စိတ်ဆိုးရမှာလဲ၊ အဲဒီနေ့က ဦးရော၊ ယုန်ဖြူရော သဘောတူတဲ့ကိစ္စပဲ၊ ဘာလဲ ယုန်က ကတိဖျက်တဲ့ လူမျိုးလို့ ထင်နေလို့လား'

'ဒါဆို ကိုကြီး အမြန်ဆုံး စီစဉ်လိုက်တော့မယ်နော်'

ယုန်က ငြိမ်သက်နေလိုက်သည်။ ယုန့်မှာ မျှော်လင့်ချက် တွေ ကုန်ဆုံးနေပြီမဟုတ်ပါလား။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံ ခြင်းဝင်ဖြစ်သည်။

'ကဲ... ဦးမောင်မောင်ရေ၊ သုံးဆောင်လိုက်ပါဦးကွယ်'

'ဟုတ်ကဲ့'

ဦးမောင်မောင်က ပိုဍ်တက်ကြွနေသလောက် ယုန်ဖြူ သည် တိတ်တဆိတ် သက်ပြင်းခိုးချနေလိုက်သည်။ ခဏနေတော့ စကားပြောဆိုပြီး ဦးမောင်မောင်ပြန်သွားသည်။ မင်္ဂလာပွဲကိစ္စ အတွက် အစီအစဉ်တွေက စနေပြီဖြစ်သည်။

နောက်တစ်ပတ်အကြာတွင် ယုန်နှင့်ဦးမောင်မောင်တို့၏ မင်္ဂလာပွဲအတွက် ဖိတ်စာတွေရသည်။ ယုန်သည် ဖိတ်စာတွေ ကြည့်ပြီး ဝမ်းနည်းကြေကွဲရပြန်သည်။

ကိုရယ်... ယုန့်ရင်တွေ ကွဲမတတ်ပါပဲ။ ကို့ကို နောက် ဆုံးအနေနဲ့ တွေ့ချင်လိုက်တာ။

ကိုကိုယ်တိုင် ဆုံးဖြတ်ခဲ့တဲ့ မင်္ဂလာပွဲကို ကိုလာဖြစ်အောင် လာစေချင်တယ်။

နောက်ဆုံးအနေနဲ့ ဖြစ်ဖြစ်ပေါ့။

ယုန်သည် မင်္ဂလာပွဲကို ကိုကိုဖိတ်မည်ဟု ဆုံးဖြတ်လျက် မေသရဖူကို အကူအညီတောင်းရသည်။

'မေ… ယုန့်ကို ဒီတစ်ခုတော့ ကူညီပေးပါရှင်၊ ဖိတ်စာကို ကို… အဲ… ကိုချိန်ခါမိုးလက်ထဲ ထည့်ပေးလိုက်ပါနော်၊ ဆက်ဆက်လာဖြစ်အောင်လာပါလို့၊ နောက်ဆုံးအနေနဲ့ပဲဖြစ်ဖြစ်၊ ဒါက ကိုဖြိုးဝေအတွက်၊ ဒါက မေ့အတွက်'

ယုန်က ဖိတ်စာသုံးစောင်ကို မေသရဖူလက်ထဲ ထည့်လိုက်သည်။

'မေကတော့ တကယ်စိတ်မကောင်းဘူး၊ ဒီလိုကြေကွဲစရာဖိတ်စာမျိုးကို မိုးလက်ထဲ မထည့်ချင်တာတော့ အမှန်ပဲ၊ ဘယ်လိုဖြစ်ကြတာလဲ ချက်ချင်းကြီး'

မေသရဖူက ဖိတ်စာကိုကြည့်ရင်း ခပ်လေးလေးပြောလိုက်သည်။

'ဒါ သူဆုံးဖြတ်တဲ့ ကိစ္စပါပဲ၊ ဒါကြောင့် သူ့ဆီပါပေးချင်တာပါ၊ ယုန် သူ့ဆီကို ဖုန်းနှစ်ခါတောင် ဆက်ပါတယ်၊ ဒါပေမဲ့… ဒါပေမဲ့…'





ယုန် ငိုချင်စိတ်ကို ထိန်းထားရင်း မျက်ရည်တို့ကို မကျအောင် ကြိုးစားလိုက်သည်။

'ယုန့်ကို ကူညီပါနော်၊ သူ့လက်ထဲအရောက် ပို့ပေးပါ၊ သူ့ကို ယုန်နောက်ဆုံးအကြိမ်လေးပဲဖြစ်ဖြစ် တွေ့ချင်တယ်'

'ကောင်းပါပြီ၊ တို့ရောက်အောင် ပို့ပေးပါ့မယ်၊ ဖြိုးဝေကတစ်ဆင့်ဖြစ်ဖြစ်ပေါ့'

မေသရဖူက ကတိပေးပြီး ပြန်သွားလေတော့သည်။

ကိုရယ်… ယုန်က နှလုံးသားမဲ့သူတစ်ယောက်တော့ ဖြစ်နေပါပြီ။

ကိုကို နောက်ဆုံးအကြိမ်ဖြစ်ဖြစ် တွေ့ပါရစေတော့။

* * *

ချိန်ခါမိုးအိမ်ရှေ့တွင် တက္ကစီတစ်စီး လာရပ်တာကြောင့် ဘယ်သူများလဲဆိုပြီး ကြည့်လိုက်သည်။ ကားပေါ်မှာ အထုပ်တွေ အပိုးတွေနှင့် ဆင်းလာတာကြောင့် သူ ဝမ်းသာအားရဖြစ်သွားကာ အိမ်တံခါးဖွင့်၍ ပြေးဆင်းသွားလိုက်သည်။

'ဒယ်ဒီ တစ်လဆို၊ ပြန်လာတာမြန်လိုက်တာ၊ ကျွန်တော် ပျော်လိုက်တာ'

'အေးကွာ… နှစ်ပတ်တည်းနဲ့ ကိစ္စပြီးခဲ့လို့ အမြန်ပြန်လာတာ'

'ဝမ်းသာလိုက်တာ ဒယ်ဒီရယ်'





အဲဒီအထုပ်အပိုးတွေကို သူ ကူသယ်ပေးသွားရင်း အိမ်ထဲသို့ ဝင်သွားသည်။ အိမ်မှာ မာမီမရှိတာမို့ တော်သေးသည်။ ရှိရင် အပြစ်တင်စကားတွေ အရင်ပြောဦးမည် ထင်ပါရဲ့။

'ဒယ်ဒီ ကျွန်တော် အအေးသွားဖျော်လိုက်ဦးမယ်'

သူက ဒယ်ဒီ့ပစ္စည်းတွေကို အိမ်မှာအလုပ်လုပ်သော ကောင်မလေးကို အောက်ထပ်အခန်းထဲသို့ ထည့်ခိုင်းလိုက်သည်။

'သောက်ဦး ဒယ်ဒီ'

'အေးကွာ၊ အခုမှပဲ အမောပြေသွားတော့တယ်၊ မင်း မာမီရော မရှိဘူးလား'

'မရှိဘူး ဒယ်ဒီရဲ့၊ ကျွန်တော် ဖုန်းဆက်ခေါ်ပေးမယ်၊ ဒယ်ဒီတို့ ရှင်းစရာရှိတာ မြန်မြန်ရှင်းကြဗျာ၊ မာမီက အခုထိ အထင်လွဲနေတယ်၊ ဘယ်လိုမှ ရှင်းပြလို့မရဘူး၊ ဒယ်ဒီရှင်းမှ ရမှာ၊ ဒီကြားထဲက သားနဲ့ယုန်ဖြူလည်း အဆက်အသွယ်ပြတ်နေကြတာ၊ လွမ်းလှပြီဗျာ၊ ယုန်ဖြူလည်း အခုလောက်ဆို တော်တော်စိတ်ဆိုးနေလောက်ပြီ'

ဒယ်ဒီ့ကို သူက ရင်ဖွင့်သလိုပြောလိုက်တော့ ဒယ်ဒီက ရယ်မောလေသည်။

'အေးပါကွာ၊ ဒယ်ဒီ သေချာရှင်းပြပါ့မယ်၊ မင်းမာမီက ဒယ်ဒီရှင်းပြတာ လက်ခံပါစေဦး'

'ဒါဖြင့် မာမီ့ဆီ ဖုန်းဆက်လိုက်မယ်'

သူက ပြောလည်းပြော၊ ဖုန်းခလုတ်တွေကို မြန်မြန်နှိပ်လိုက်သည်။

မာမီနှင့်ဒယ်ဒီ မြန်မြန်ပြေလည်မှ သူနှင့်ယုန်လည်း မြန်မြန်တွေ့ရမည် မဟုတ်ပါလော-

ယုန်ရယ်… တစ်ယောက်တည်း တအားခံစားနေရပြီလား၊ ကျိတ်ငိုနေပြီလား။

'မာမီရေ… အရေးကြီးကိစ္စရှိလို့၊ မြန်မြန်လာနော်'

သူက တမင်မာမီမြန်မြန်လာအောင် ပြောလိုက်တော့ မာမီ ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။ မာမီက သူ့ကိုတော့ ချစ်သားပင်။

'သား ဘာမှမဖြစ်ပါဘူး၊ အရေးတကြီး တွေ့ပေးစရာရှိလို့ အိမ်ကိုပဲ မြန်မြန်လာနော်'

မာမီ့ကို ခေါ်လိုက်သည်။ နောက်တော့ မာမီရောက်လာပြီး ဒယ်ဒီက အကြောင်းစုံ အကျိုးအကြောင်းပြောပြသည်။ မာမီနှင့်ဒယ်ဒီ ပြေလည်မှု ရသွားကြသည်။ သူက မာမီနှင့်ဒယ်ဒီ ပြုံးစိစိဖြင့်ကြည့်၍…

'ဘယ်လိုလဲ မာမီ၊ စစ်ပြေငြိမ်းသွားပြီလား'

'ဒီကလေး လူကြီးတွေကို နောက်မနေနဲ့'





'ကောင်းပါပြီဗျာ၊ မနောက်တော့ပါဘူး၊ ဒါဖြင့် ကျွန်တော်နဲ့ ယုန်ဖြူ့ကို သဘောတူနိုင်ပြီလား'

မာမီက ဘာမှမပြော တိတ်ဆိတ်နေတာကြောင့် မာမီလက်ခံလိုက်ပြီဟု ယုံကြည်လိုက်သည်။ ထို့ကြောင့် ကားသော့ယူကာ ပြေးထွက်လာခဲ့သည်။

သူ လမ်းမှာ ယုန်တို့အိမ်သို့ ဟမ်းဖုန်းဖြင့်ခေါ်တော့မရ။ 'အိမ်သို့သွားကြည့်တော့လည်း အိမ်တံခါးပိတ်ထားသောကြောင့် ဖြိုးဝေတိုက်ခန်းသို့ ထွက်ခဲ့သည်။ ဖြိုးဝေက သူ့ကိုမြင်သည်နှင့် မျက်နှာတစ်မျိုးဖြစ်သွားသည်။

'ပေါ်တော်မူကြီး ပေါ်လာသေးတယ်နော်၊ မနက်ဖြန်ပဲ ငါ မင်းအိမ်လာတော့မလို့'

ဖြိုးဝေက ဆီးပြောသည်။ သူက ယုန်ဖြူ့ဆီသွားတာ မတွေ့ခဲ့ကြောင်းပြောလိုက်သည်။ ဖြိုးဝေက ပြုံးရင်း…

'ဘယ်တွေ့ပါ့မလဲ၊ သူတို့တစ်အိမ်လုံး အားမှမအားတာပဲ၊ မင်းကလည်း ပစ်ထားတုန်းက ပစ်ထားပြီး ခုမှ…'

'ပစ်ထားတာ မဟုတ်ပါဘူးကွာ၊ ငါ့မှာလည်း ငါ့ပြဿနာနဲ့ကွ၊ မာမီက အရမ်းကျပ်နေလို့'

သူက မာမီနှင့်သူ ပြဿနာဖြစ်ရသည့်အကြောင်းတွေကို ပြောပြတော့ ဖြိုးဝေက ဘာမှမပြောဘဲ အိပ်ခန်းထဲ ဝင်သွား

သည်။ ပြီးနောက် ဖိတ်စာတစ်စောင် သူ့လက်ထဲထည့်သည်

'ဒါဘာလဲ'

'ဖွင့်ကြည့်ပေါ့ကွာ'

ဖြိုးဝေက စီးကရက်တစ်လိပ်မီးညှိပြီး ဟိုဘက်လှည့်နေ သည်။ သူက ဘာမှန်းမသိတဲ့ဖိတ်စာကို ဖွင့်ကြည့်လိုက်သည်၊ သူမျှော်လင့်မထားသော အကြောင်းအရာ။

ဦးမောင်မောင် + မယုန်ဖြူ

တို့၏

မင်္ဂလာဦး ခွေမ်းကျွေးကို . . .

'ဟင်… ဟင်… ဒါဘယ်လိုဖြစ်တာလဲ'

သူကိုင်ထားသော ဖိတ်စာ လွတ်ကျသွားသည်။ ဖိတ်စာကို ဆက်မဖတ်ရဲတော့။ စားပွဲပေါ်တင်လိုက်သည်။

လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ။

'ဖြိုးဝေ… ဒါ တကယ်ပဲလား၊ ပြောစမ်းပါ'

သူ ဆောက်တည်ရာမဲ့စွာ ပြောလိုက်သည်။

'မဖြစ်နိုင်ဘူးကွာ၊ လုံးဝမဖြစ်နိုင်ဘူး'

'ဒုန်း…'

သူသည် စိတ်လိုက်မာန်ပါနှင့် ရှေ့မှ စားပွဲခုံကို ဒုန်းခနဲ ထုလိုက်မိသည်။ သူလုံးဝ လက်မခံနိုင်။





'ဟူး… ဖြည်းဖြည်းလုပ်ပါကွာ၊ ငါ့ခုံ ကျိုးသွားပါဦးမယ်'

'ဖြိုးဝေ… ငါ… ငါ ဘာလုပ်ရမလဲ'

ယုန့်ကို တကယ်ဆုံးရှုံးရတော့မည်ဆိုတော့ သူ့ရင်မှာ မခံနိုင်ပါ။

မူလောင်ပြင်းရှနေသော မီးတောင်တစ်ခုပမာ။ ဖြိုးဝေက သူ့ကိုစိုက်ကြည့်ရင်း…

'မင်းဆီကို သူ နှစ်ခါတောင် ဖုန်းဆက်တယ်တဲ့၊ ဒါပေမဲ့ မင်းက သူ့ကို ကောင်းကောင်းစကားပြန်မပြောဘူးတဲ့၊ အဲဒါ ယုန်ဖြူက မင်းကို အကျိုးအကြောင်း ပြောပြမလို့ ဆက်တာတဲ့'

'ဟာ… အဲဒီတုန်းက ငါ့ဘေးမှာ မာမီရှိတယ်၊ ပြီးတော့ ယုန့်ကို ဒီလောက်မြန်မြန်ဆန်ဆန် အိမ်ထောင်ချပေးမယ်လို့ ငါ မထင်ထားမိဘူးလေကွာ၊ နှစ်ပတ်တည်းဆိုတော့'

သူက ယူကျုံးမရဖြစ်သွားပြီး ဖြိုးဝေကို ပြောလိုက်သည်။

'ဖြိုးဝေ လုပ်ပါဦးကွာ၊ ငါ အရမ်းတုပ္ပနေပြီ၊ လုပ်ပါဦး၊ ငါ့ကို အကြံပေးပါဦး'

ဖြိုးဝေက သူ့ကို အခုမှ အဖြစ်သည်းနေ၏ဆိုသော အကြည့်မျိုးနှင့်ကြည့်ကာ…

'မင်္ဂလာဆောင်က ဘယ်နေ့တဲ့လဲ'

'လာမယ့် တနင်္ဂနွေနေ့'

'အခုမှ အင်္ဂါရှိသေးတာ လိုပါသေးတယ်၊ ငါတို့ ခေါင်း အေးအေးထားပြီး စဉ်းစားကြတာပေါ့'

'ငါ မအေးနိုင်ဘူးကွာ'

သူက ဆို့နင့်နင့် ပြောလိုက်လေသည်။ ဒါတွေဟာ တကယ်တော့ ကိုယ့်အမှားတွေပါပဲ ယုန်လေးရယ်။ မာမီ့မျက်နှာ တစ်ခုတည်း ကြည့်လိုက်တော့ အခုလိုတွေဖြစ်ကုန်တာ။ ကိုယ့်ကို ခွင့်လွှတ်ပါကွာ။

သူသည် မျိုသိပ်မရ၊ ထွေးအန်မရသော ခံစားချက်ပေါင်းစုံတို့ဖြင့် ဆို့နင့်ကွဲကြေနေလေသည်။ သူ့ရဲ့မျှော်လင့်ချက်က ဘာလဲ။

ယုန်ဖြူဆိုသော ကောင်မလေးနှင့် ပေါင်းဆုံခွင့်ပင်။ ယုန်ဖြူက သူ့ဘေးနားမှာ မရှိတော့လျှင် သူ့ရဲ့မျှော်လင့်ချက်တွေ အဓိပ္ပာယ်မဲ့သွားသည်ဟု ထင်ပါသည်။

'မိုးကြိုးရာ… ဒီလောက်လည်း စိတ်ညစ်မနေပါနဲ့ကွာ'

ပျက်ယွင်းနေသော သူ့မျက်နှာကိုကြည့်ပြီး ဖြိုးဝေက အားပေးသလို ပခုံးကို ပုတ်ခတ်နှစ်သိမ့်လိုက်သည်။

နေ့ရက်တို့က လျင်မြန်စွာ ကုန်လွန်လာသည်။ ဒီနေ့ဆို





ကြာသပတေးနေ့ ရှိပြီ။ သူလည်း စိတ်လေလေဖြင့် ဖြိုးဝေနှင့်ပင် အချိန်ဖြုန်းနေသည်။ အရက်တွေလည်း သောက်၊ အလဲအကွဲပေါ့။

ဖြိုးဝေက သူ့ကို စိတ်မကောင်းသလိုကြည့်ပြီး အကြံ တစ်ခုပြီးတစ်ခုပေးသည်။

ဒီနေ့လည်း…

'ငါ အကြံရပြီကွ'

သူက အားကိုးတကြီး ဖြိုးဝေကိုကြည့်လိုက်ပြီး…

'အခု မင်းမာမီနဲ့ဒယ်ဒီ ပြေလည်သွားပြီ မဟုတ်လား၊ အဲဒါ ယုန်ဖြူ့အန်တီလေးကို မင်းတို့ ချစ်သူတွေဖြစ်နေကြတဲ့ အကြောင်း သွားပြီး မင်းမာမီနဲ့ ဒယ်ဒီ့ကို ရှင်းပြခိုင်းလိုက်ပေါ့'

'အေး… မင်းပြောတာ နောက်ကျနေပြီကွာ၊ မာမီနဲ့ ဒယ်ဒီ သွားရှင်းပြပြီးပြီ၊ မနေ့က ငါမှိုင်နေတာကို မာမီမြင်တော့ မေးတယ်၊ အဲဒါနဲ့ ငါ အကျိုးအကြောင်းပြောပြလိုက်တော့ မာမီ နဲ့ ဒယ်ဒီ ချက်ချင်းပဲ ယုန့်အိမ်ကို သွားရှင်းပြတယ်'

'အဲဒီတော့ …'

ဖြိုးဝေက သိချင်နေဟန်ဖြင့် မေးသည်။ သူက ရှေ့တွင် ရှိသော ဘီယာကို မော့လိုက်သည်။

'အဟား… ယုန်ဖြူနဲ့တောင် မတွေ့ပါဘူးကွာ၊ သူ့ အန်တီလေးနဲ့ပဲ တွေ့ခဲ့တယ်၊ အားလုံး လွန်ကုန်ပြီတဲ့၊ ငါတို့ကို

ဆက်ဆံတာလည်း ဝတ်ကျေတန်းကျေပဲ၊ သိပ်ပြီးကြည်လင်ပုံ မရဘူး၊ ပြီးတော့ ဖိတ်စာထုတ်ပေးပြီး ဖိတ်လိုက်တယ်'

'ဟာ… မလွယ်ပါလားကွာ၊ မိုးကြီး… အဲဒီတော့ မင်းမှာ နောက်ဆုံးတစ်နည်းပဲ ရှိတော့တယ်၊ အဲဒါ ယုန်ဖြူကို မင်း ခိုးဖို့ပဲ'

ဖြိုးဝေစကားကို နားထောင်ရင်း သူက ဘာဆက်လုပ်ရင် ကောင်းမလဲ စဉ်းစားလိုက်သည်။ ချစ်သူကို ခိုးပြေးသင့်မသင့်။ ခိုးပြေးလျှင်ရော ယုန်လေး လိုက်ပါ့မလား။ ဘာပဲဖြစ်ဖြစ် သူ တစ်ခုခုတော့ လုပ်မှဖြစ်ပါမည်။

* * *

မှန်ရှေ့တွင် သတို့သမီးလေးအဖြစ် လှပစွာတည်ရှိနေသော ယုန့်ကိုယ်ယုန် အံ့သြစွာ ကြည့်မိပါသည်။

တော်လိုက်တဲ့ မိတ်ကပ်ဆရာ။ ယုန့်လို ရုပ်ဆိုးမ၊ မှန်ကြောင်မလေးကို လှအောင်ပြင်ပေးနိုင်သတဲ့။ အေးလေ… ဒါကြောင့်လည်း ယုန် တစ်ကြိမ်မှမကြားဖူးတဲ့ဈေး ပေးရတာပေါ့။

ဦးမောင်မောင်ဆိုသော လူတစ်ယောက်အတွက် ယုန်ဖြူက ဒီလောက်တောင် တန်ဖိုးရှိသတဲ့လား။ ဒါဆို ကို့အတွက်ရော။ ယုန်ဆက်၍မတွေးရဲစွာ ခေါင်းကိုခါယမ်းပြီး မှန်ကို ပြန်ကြည့်လိုက်မိသည်။

ရှည်လျားသော ယုန့်ရဲ့ ဆံနွယ်ရှည်တို့ကို ဆံပင်တုမလို ဘဲ ဆံထုံးပုံ့ပုံ့အဖြစ် ထုံးထားပါသည်။

ယုန် အမြဲဝတ်လေ့ရှိသော မျက်မှန်ကိုချွတ်၍ မျက်ကပ်မှန်ကလေးက မျက်ဝန်းထဲတွင် တောက်ပစွာ တည်ရှိနေသည်။ ဒါ ကိုဒယ်ဒီဝယ်ပေးထားတာလေ။

ပြီးတော့ ယခင်က သနပ်ခါးရေကျဲလေးသာ လိမ်းလေ့ရှိသောမျက်နှာမှာ တန်ဖိုးကြီးမိတ်ကပ်တို့က နေရာယူထားပြန်သည်။

သတို့သမီးဝတ်စုံလှလှလေးက ယုန့်ခန္ဓာကိုယ်မှာ အတိအကျ ကပ်လျက်ရှိသည်။

'ဟိတ်… သတို့သမီးလေး၊ ကိုယ့်မျက်နှာကိုယ် ကြည့်မဝဖြစ်နေလား ဟင်း၊ တို့က နာမည်ကြီးပဲ၊ ဒီလောက်တော့ ရှိမှာပေါ့'

'ဟုတ်ပါတယ် မာမီရယ်၊ တော်ပါတယ်'

အလှပြင်ပေးသော ထိုခပ်ခြောက်ခြောက်ပုဂ္ဂိုလ်ကို ချီးမွမ်းလိုက်တော့ မိန်းမတွေအရှုံးပေးရလောက်အောင် လှုပ်လီလှုပ်လဲ့ဖြင့် တခစ်ခစ်ရယ်နေသည်။

ယုန်ကတော့ စိတ်မပါဘဲ ငြိမ်သက်စွာ ထိုင်နေပါသည်။ ထိုအချိန်မှာပင် အပြင်မှ တံခါးလာခေါက်သံ ကြားရလေသည်။





ဦးမောင်မောင် လာပြီအထင်နှင့် ယုန် ရင်ထိတ်သွားရသည်။ သို့သော် မဟုတ်။

'မာမီရေ… အပြင်မှာ မာမီစိန်အသိရောက်နေလို့ ခေါ်ခိုင်းလိုက်တယ်'

အပြင်မှ ခေါ်သံကြောင့် မာမီစိန်က ယုန့်ကို အလှပြင်တာ လက်စသတ်ရင်း…

'ကဲ… သတို့သမီးလေးရေ… ဧည့်သည်ရောက်နေလို့ မာမီ ခဏသွားလိုက်ဦးမယ်၊ အားလုံးပြင်ပြီးနေပါပြီ၊ ခဏပဲ'

ယုန်က မာမီကို ခေါင်းညိတ်ပြလိုက်သည်။

မာမီထွက် သွားတော့မှ အသက်ရှူဝသလို ခံစားရသည်။

ယုန်သည် မှန်ဘက်လှည့်၍ ကိုယ့်မျက်နှာကိုယ် ကြည့်လိုက်စဉ်မှာပင် မှန်ထဲ၌ ပုံရိပ်တစ်ခု ပေါ်လာသည်။

ယုန်လုံးဝမျှော်လင့်မထားသူ။

'ဟင်… ကို'

'ဟုတ်တယ် ယုန်၊ ယုန်က သိပ်လှတာပဲကွာ၊ ကိုယ် ယုန့်ကို အဆုံးရှုံးမခံနိုင်ဘူး၊ သွားကြစို့ ယုန်'

'ဟင့်အင်း… ကို၊ ယုန်မလိုက်ဘူး၊ မလိုက်ပါရစေနဲ့'

ယုန့်ရဲ့ လက်တစ်ဖက်ကို ဆွဲထားသော ကို့လက်ကို

ဆောင့်ရှန်းလိုက်သည်။ ကိုက နားမလည်သလို ယုန့်ကိုကြည့်သည်။

'ဟာ… ယုန်၊ ဘယ်လိုဖြစ်နေတာလဲ'

'ဟင့်အင်း… မလိုက်ဘူး ကို၊ ယုန် ဦးမောင်မောင်ကို လက်ထပ်ပါ့မယ်လို့ ကတိပေးထားပြီးပြီ၊ ကတိမဖျက်နိုင်ဘူး၊ အားလုံး မျက်နှာပျက်ရမယ့်အလုပ် မလုပ်နိုင်ဘူး'

ယုန်က ငိုသံနှင့်ကို့ကိုပြောလိုက်သည်။

'ဟာ… ဘာတွေလဲကွာ၊ နောက်မှဒါတွေပြော၊ မင်္ဂလာပွဲ စတော့မယ်၊ မင်း ကိုယ့်ကိုမချစ်ဘူးဆိုရင်လည်း ရှင်းရှင်းပြော၊ ကောင်းပြီ၊ အခု ကိုယ်တစ်ခွန်းပဲမေးမယ်၊ မင်း ကိုယ့်ကို မချစ်ဘူးလား၊ ချစ်လား တစ်ခွန်းပဲဖြေ'

ယုန်၏ ပခုံးနှစ်ဖက်ကို ကိုက ကိုင်လှုပ်၍မေးသည်။ ယုန်က ခေါင်းကို တွင်တွင်ခါယမ်းပြီး…

'ဟင့်အင်း အဲဒီမေးခွန်းကို ယုန် မဖြေပါရစေနဲ့၊ ယုန် အခု မလိုက်နိုင်ဘူး၊ ကိုကရော ယုန့်ကို ချစ်လို့လား၊ ပြောစမ်းပါ ကိုရယ်၊ ဒီအကြောင်းတွေပြောပြဖို့ ဖုန်းဆက်တော့ ကိုက ယုန့်ကို ဘယ်လိုဆက်ဆံလဲ၊ ဖုန်းချပစ်ခဲ့တာချည်းပဲလေ'

'ဟာ… ဒါတွေရှင်းပြဖို့ ကိုယ့်မှာ အချိန်မရှိဘူး၊ ယုန်သာ အခုလိုက်ခဲ့ကွာ'





ကို့ပုံစံက တကယ့်ကို သွေးရူးသွေးတန်းဖြစ်နေသည်။ ထိုစဉ်မှာပင် အပြင်က တံခါးထုသံ ကြားရသည်။

'ဒုန်း… ဒုန်း'

'သမီး ယုန်ဖြူ'

တံခါးထုသံနှင့်အတူ အန်တီလေး၏ အသံကိုပါ ကြားရသည်။

ယုန်က ကို့ကို အလန့်တကြားကြည့်လိုက်သည်။

'ကို ရေချိုးခန်းထဲ ခဏဝင်ပုန်းနေပါ၊ ယုန် တံခါးသွားဖွင့်လိုက်ဦးမယ်'

ကိုက မသွားသေးဘဲ ယုန့်မျက်နှာကို စိုက်ကြည့်၍…

'မင်း ညွှန်ပွဲထဲကို တစ်ခါတည်း လိုက်မသွားပါဘူးလို့ ကိုယ့်ကိုကတိပေးမှ သွားပုန်းမယ်၊ ကတိမပေးရင်တော့ ကိုယ် ဒီမှာပဲ ရပ်နေပြီး 'ဖြစ်သမျှ ရင်ဆိုင်မယ်'

'ယုန်ဖြူ မပြီးသေးဘူးလား၊ တံခါး ခဏဖွင့်ဦး၊ ကျွတ်'

ယုန့်မှာ ဘာလုပ်ရမှန်းမသိအောင် စိတ်ရှုပ်သွားပြီး ယခုဖြစ်နေသော ပြဿနာကို အရင်ရှင်းရန် ဆုံးဖြတ်လိုက်သည်။ အပြင်ဘက်မှ အန်တီလေးကလည်း အော်လှပြီ။

'ကောင်းပြီ၊ ယုန် ကတိပေးတယ်'

'အထဲမှာ ဘာဖြစ်နေတာလဲ၊ ဒုန်း…

ဆောင့်ရှန်းလိုက်သည်။ ကိုက နားမလည်သလို ယုန့်ကိုကြည့်သည်။

'ဟာ… ယုန်၊ ဘယ်လိုဖြစ်နေတာလဲ'

'ဟင့်အင်း… မလိုက်ဘူး ကို၊ ယုန် ဦးမောင်မောင်ကို လက်ထပ်ပါ့မယ်လို့ ကတိပေးထားပြီးပြီ၊ ကတိမဖျက်နိုင်ဘူး၊ အားလုံး မျက်နှာပျက်ရမယ့်အလုပ် မလုပ်နိုင်ဘူး'

ယုန်က ငိုသံနှင့်ကို့ကိုပြောလိုက်သည်။

'ဟာ… ဘာတွေလဲကွာ၊ နောက်မှဒါတွေပြော၊ မင်္ဂလာပွဲ စတော့မယ်၊ မင်း ကိုယ့်ကိုမချစ်ဘူးဆိုရင်လည်း ရှင်းရှင်းပြော၊ ကောင်းပြီ၊ အခု ကိုယ်တစ်ခွန်းပဲမေးမယ်၊ မင်း ကိုယ့်ကို မချစ်ဘူးလား ချစ်လား တစ်ခွန်းပဲဖြေ'

ယုန်၏ ပခုံးနှစ်ဖက်ကို ကိုက ကိုင်လှုပ်၍မေးသည်။ ယုန်က ခေါင်းကို တွင်တွင်ခါယမ်းပြီး…

'ဟင့်အင်း အဲဒီမေးခွန်းကို ယုန် မဖြေပါရစေနဲ့၊ ယုန် အခု မလိုက်နိုင်ဘူး၊ ကိုကရော ယုန့်ကို ချစ်လို့လား၊ ပြောစမ်းပါကိုရယ်၊ ဒီအကြောင်းတွေပြောပြဖို့ ဖုန်းဆက်တော့ ကိုက ယုန့်ကို ဘယ်လိုဆက်ဆံလဲ၊ ဖုန်းချပစ်ခဲ့တာချည်းပဲလေ'

'ဟာ… ဒါတွေရှင်းပြဖို့ ကိုယ့်မှာ အချိန်မရှိဘူး၊ ယုန်သာ အခုလိုက်ခဲ့ကွာ'





ကို့ပုံစံက တကယ့်ကို သွေးရူးသွေးတန်းဖြစ်နေသည်။ ထိုစဉ်မှာပင် အပြင်က တံခါးထုသံ ကြားရသည်။

'ဒုန်း… ဒုန်း'

'သမီး ယုန်ဖြူ'

တံခါးထုသံနှင့်အတူ အန်တီလေး၏ အသံကိုပါ ကြားရသည်။

ယုန်က ကို့ကို အလန့်တကြားကြည့်လိုက်သည်။

'ကို ရေချိုးခန်းထဲ ခဏဝင်ပုန်းနေပါ၊ ယုန် တံခါးသွားဖွင့်လိုက်ဦးမယ်'

ကိုက မသွားသေးဘဲ ယုန့်မျက်နှာကို စိုက်ကြည့်၍…

'မင်း ညှော်ခံပွဲထဲကို တစ်ခါတည်း လိုက်မသွားပါဘူးလို့ ကိုယ့်ကိုကတိပေးမှ သွားပုန်းမယ်၊ ကတိမပေးရင်တော့ ကိုယ် ဒီမှာပဲ ရပ်နေပြီး 'ဖြစ်သမျှ ရင်ဆိုင်မယ်'

'ယုန်ဖြူ မပြီးသေးဘူးလား၊ တံခါး ခဏဖွင့်ဦး၊ ကျွတ်'

ယုန့်မှာ ဘာလုပ်ရမှန်းမသိအောင် စိတ်ရှုပ်သွားပြီး ယခုဖြစ်နေသော ပြဿနာကို အရင်ရှင်းရန် ဆုံးဖြတ်လိုက်သည်။ အပြင်ဘက်မှ အန်တီလေးကလည်း အော်လှပြီ။

'ကောင်းပြီ၊ ယုန် ကတိပေးတယ်'

'အထဲမှာ ဘာဖြစ်နေတာလဲ၊ ဒုန်း…

ယုန့်မှာ ကို သွားပုန်းတော့မှပဲ တံခါးကို ကမန်းကတန်း ဖွင့်ရသည်။

'ဘာလုပ်နေတာလဲ တစ်ယောက်တည်း၊ အခုထိ မပြီး သေးဘူးလား၊ အချိန်နီးနေပြီ'

'ပြီးပါပြီ အန်တီလေး၊ မာမီစိန်က အချောသပ်လေး ပြင်ပေးမယ် ခဏစောင့်ဆိုပြီး အပြင်ထွက်သွားတာ၊ ဒါကြောင့် စောင့်နေတာပါ'

'အေး… အေး… ဒါဆိုရင် အန်တီလေး မာမီစိန်ကို ရှာပြီးလွှတ်လိုက်မယ်၊ ပြီးတာနဲ့ ဦးမောင်မောင်ကို လွှတ်လိုက် မယ်'

ယုန်ဖြူက အန်တီလေး အခန်းထဲသို့ ဝင်လာတာကြောင့် ရင်ဖာထိတ်ထိတ်ဖြစ်နေသည်။

ဘုရားမလို့ ရေချိုးခန်းထဲ ဝင်မကြည့်ပါစေနဲ့။

အန်တီလေးက မှန်ကြည့်ပြီး ပြန်ထွက်သွားသည်။ မာမီ စိန်ကို သွားရှာခြင်းပင် ဖြစ်ရမည်။

ယုန့်လည်း အန်တီလေးထွက်သွားသည်နှင့် အခန်းတံခါး ကို အမြန်ပိတ်၍ ရေချိုးခန်းတံခါးကို သွားဖွင့်လိုက်သည်။

'ကိုရေ… ထွက်တော့'

ကိုက ရေချိုးခန်းထဲမှ ခပ်သွက်သွက်ထွက်လာပြီ။





ယုန်က ကို့ကို ကြေကွဲစွာကြည့်ရင်း…

'ကိုပြန်တော့၊ အခန်းပြင်မှာ ဘယ်သူမှမရှိတုန်း မြန်မြန် ပြန်ပါ'

'ကိုယ်မပြန်နိုင်ဘူး၊ အဓိပ္ပာယ်မရှိတာတွေ ပြောမနေနဲ့ ယုန်ဖြူ၊ မင်း ကိုယ်နဲ့လိုက်မှာလား၊ ဒီမှာနေခဲ့မှာလား တစ်ခွန်းပဲ ပြော၊ မင်းမပါဘဲ လုံးဝမပြန်ဘူး၊ ပြောလေ၊ မင်း မပြောနိုင် တော့ဘူး မဟုတ်လား'

ကို့အသံ တင်းမာနေသည်။

'အခုအချိန်ကျမှ အားလုံးလွန်ကုန်ပြီ ကို၊ အန်တီလေး က ဦးမောင်မောင်ဆီက ပိုက်ဆံဆယ်သိန်း ယူထားပြီးပြီ၊ ကိုနဲ့ ယုန်လိုက်ရင် အန်တီလေးပဲ ဒီပြဿနာတွေ ရှင်းရမှာ'

'ဟာ… ဒီပိုက်ဆံဆယ်သိန်းကို စကားထဲထည့်မပြောနဲ့၊ ဆယ်သိန်းမကဘူး၊ အိုကွာ… သိန်းနှစ်ဆယ် ကိုယ် အခုထားခဲ့ မယ်၊ အဓိကက မင်းပဲ၊ မင်း အဲ့ဒီအဘိုးကြီးကိုယူရင် စိတ်ချမ်း သာမှာလား၊ ပြောစမ်းပါ၊ ငါ့ကိုရော ခွဲနိုင်လို့လား၊ တစ်ခွန်းပဲ ပြောစမ်း'

ကို့ရဲ့မျက်နှာကြီးမှာ နီရဲလာသည်အထိ ဒေါသဖြစ်နေပုံ ရသည်။

ယုန့်မှာ ဝေ့သီလာသော မျက်ရည်စများကို ခပ်ကြမ်း

ကြမ်းသုတ်ရင်း ပြောလိုက်သည်။

'ယုန် ညာတော့ မညာချင်ပါဘူး၊ ကိုနဲ့တော့ ဘယ်ခွဲချင်ပါ့မလဲ'

'ဒါဖြင့် ကိုယ်နဲ့ လိုက်ခဲ့တော့'

ကိုသည် ယုန်ရဲ့လက်ကိုဆွဲပြီး တံခါးကို တွန်းဖွင့်လိုက်သည်။

ပြီးနောက် မရပ်မနားပြေးသည်။ ယုန့်မှာ ထူပူကြောက်ရွံ့ပြီး…

'ကို… ကို… ညှော်ခံပွဲကို ဒီအတိုင်းထားခဲ့လို့ ဘယ်ဖြစ်မလဲ၊ ယုန့်ကို လွှတ်ပါ'

ကိုက ယုန့်ကို ဘာမျှမပြော။ ကို့ရဲ့ခိုင်မာမြဲမြံလှသည့် လက်များက ယုန့်လက်ကို တင်းတင်းဆုပ်ကိုင်လျက် ဟိုတယ် အနောက်ဘက်ရှိ အပေါက်သို့ တစ်ဟုန်ထိုးပြေးလေသည်။ လမ်းတစ်လျှောက် မြင်သောသူများကလည်း ကြောင်၍ကြည့်နေသူကြည့်၊ ယုန့်ကို သတို့သမီးမှန်းသိ၍ ပြေးလိုက်သူလိုက်နှင့် ဝရုန်းသုန်းကားဖြစ်ကုန်သည်။

ယုန့်လက်ကို တင်းတင်းဆုပ်ကိုင်လျက် ဟိုတယ်အပြင်ဘက်သို့သာ ရောက်အောင်ပြေးလေသည်။

'ကို…'





ဟိုတယ်အပြင်ဘက်တွင် ရပ်ထားသော အငှားကားတစ်စီးပေါ်သို့ ခပ်သွက်သွက်တက်၍…

'မောင်း မောင်းဆရာ၊ ဒီဟိုတယ်နဲ့ အဝေးဆုံးနေရာကို သာမောင်းတော့'

'ကို…'

ကိုက ယုန့်နှုတ်ခမ်းပေါ် လက်ညှိုးတစ်ချောင်းတင်၍ ယုန့်ကို နူးနူးညံ့ညံ့စိုက်ကြည့်သည်။

'အခုလို ယုန့်ကို ခိုးခဲ့ရတာ ကိုယ့်အပြစ်တွေလည်းပါတယ်, ယုန်ရဲ့၊ ကိုယ့်ကို ခွင့်လွှတ်ရဲ့လား၊ ချစ်ရော ချစ်သေးရဲ့လားဟင်'

ယုန်က သူ့ကို ခပ်ဖွဖွချစ်မျက်စောင်းလေးထိုးကာ…

'လူတစ်ယောက်လုံး ကားပေါ်မှာ ပါလာပြီပဲ၊ မေးနေစရာလိုသေးလို့လား'

'လိုတယ် ခင်ဗျ… တော်ကြာ ခင်ဗျားလေးက ကျုပ်ကို စိတ်ဆိုးနေမှဖြင့် ကျုပ်အရှုံးဖြစ်မယ်'

'ဟုတ်တယ် သူပဲပြော၊ တစ်လတိတိမတွေ့ဘဲ နေမယ်ပြောတာ ဘယ်သူလဲ'

ယုန်က သူ့ကို ခပ်ဖွဖွထုပြီးပြောလိုက်တော့…

'မှတ်ပါတယ် ခင်ဗျာ၊ ကျွန်တော်ပါ၊ ကျွန်တော်မှား

သွားပါတယ်၊ ဒါကြောင့် လူရှင်းတုန်းလေး အဖြေပေးပါလို့ ထပ်ပြောရဦးမယ်၊ မင်း ကိုယ့်ကို ချစ်သေးရဲ့လားဟင်'

'ချစ်ပါသတဲ့ရှင်၊ ချစ်ပါသတဲ့'

ချစ်သူတို့ရဲ့ ရယ်မောသံက ကားလေးထဲမှာ ဆူညံသွားလေတော့သည်။ ချစ်သူတို့ရဲ့ လမ်းခရီးက အနှောင့်အယှက်မရှိ သာယာချမ်းမြေ့သွားတော့မည်ဟု အကြွင်းမဲ့ ယုံကြည်လျက်ပါ။

* * *

*စာချစ်ပရိသတ်များကို လေးစားခင်မင်လျက်*

လမင်းငယ်

စောဦး
စာပေ

စောဦးစာပေ ■ အမှတ် ၁၆၉၊ ၃၁ လမ်း(အထက်)၊
(ပင်ရင်း) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၃၈၈၀၂၄၊ ၀၉ ၅၁၅၆၀၁၇

ရန်ကုန်ဆိုင်ခွဲ (၁) ■ အမှတ် ၅/၆၊ ၂ (ခ) ရပ်ကွက်၊
ဗိုလ်ချုပ်လမ်း၊ ထန်းခြောက်ပင်လမ်းဆုံ။
ရွှေပြည်သာ။ ဖုန်း ၀၁-၆၁၁၄၃၈

ရန်ကုန်ဆိုင်ခွဲ (၂) ■ အမှတ် (၁)၊ လေးထောင့်ကန်လမ်းမကြီး၊
စံပြဈေးအနီး၊ သင်္ကန်းကျွန်း။ ဖုန်း ၀၁-၅၇၃၀၂၅

နယ်ဆိုင်ခွဲ ■ ၈/၉၊ ဗိုလ်ချုပ်လမ်း အာရှညှော်ရိပ်သာဘေး၊
(ပျဉ်းမနား) ပျဉ်းမနားမြို့။ ဖုန်း ၀၆၇-၂၁၂၇၆

စောဦးစာပေနှင့် ဆက်သွယ်၍
မိသားစု စားဝတ်နေရေး အစဉ်ပြေစေရန်အတွက်
ရုပ်ပြ၊ ဝတ္ထု၊ ကာတွန်း၊ မဂ္ဂဇင်း၊
သိုင်း၊ ပုံပြင် ရသစုံလင်သော
စာအုပ်များကို ဝယ်ယူ၍
အငှားဆိုင် ဖွင့်လိုပါသလား
တစ်ဆင့်ဝယ်ရောင်းပြုလုပ်လိုပါသလား
စောဦးစာပေနှင့် ဆက်သွယ်၍
အဖိုးဈေးနှုန်းချိုသာစွာ
ဝယ်ယူအားပေးနိုင်ကြပါသည်။

စောဦး
စာပေ
မိသား